www.burmeseclassic.com

# လရောင်ကျူးရင့်

# ရှိခဲ့သည် ဖြစ်ခဲ့သည်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဒေါ်နိုင်ယုလင်း (၀၁၆၆၀)
ရွှေငွေလှိုင်စာပေ၊ အမှတ်(၃၉)၊ ၄၄-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊
လေးထောင့်ကန်ရပ်ကွက်၊ သယ်န်းကျွန်း၊
ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်
၂၀၁၇ ခုနှစ်၊ မေလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/-

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

လရောင်ကျူးရှင် ၈၉၅.၈၃
ရှိခဲ့သည် ဖြစ်ခဲ့သည်/ လရောင်ကျူးရှင်၊
ရန်ကုန်၊ ရွှေငွေလှိုင်စာပေ၊ ၂၀၁၇။
၂၇၂ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ရှိခဲ့သည် ဖြစ်ခဲ့သည်



## အခန်း(၁)

"ဟုတ်လား .. နင် ဘယ်နေ့လောက်ရောက်မှာလဲ ချိုချစ် .."

"...... ...... ......"

"အေးပါ .. နင် အဆင်ပြေရင်ပြီးတာပဲ၊ အဲ့ဒီအချိန်လောက်ဆို ကိုကို အမေရိကရောက်နေပြီထင်တယ်၊ အိမ်မှာ ငါတစ်ယောက်တည်း ဆို နင့်ကိုလာကြိုနိုင်မှာမဟုတ်ဘူး .."

"...... ...... ......"

"အိုခေ ..."

ဖုန်းပြောပြီး ဒီဘက်လှည့်လိုက်တာနှင့် ဂုဏ်သတင်း ရင်ခွင်နဲ့ ချက်နှာ ကပ်မိသွားကာ ...၊

"ကိုကို ..."

"ဘာလဲ ခင်ချိုချိုချစ် လား .."

"ဟုတ်တယ် .."

ဂုဏ်သတင်း မျက်နှာက ကြေည် ...။ ပြီးတော့ ကင်း ရဲ့ မျက်နှာလေး ကို စိုက်ကြည့်ရင်း ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး ...၊

"ကိုကို သူများအကြောင်းတော့ မကောင်းမပြောချင်ဘူး၊ အဲ့တစ်

www.burmeseclassic.com



ယောက်ကို ကိုကို သိပ်မကြိုက်ဘူးကွာ ..”

“ချိုချစ် က သဘောကောင်းပါတယ် ကိုကိုရယ်၊ ကျောင်းမှာ တည်းကလည်း သူ့ကို မခင်တဲ့လူကိုမရှိဘူး ..”

“သဘောကောင်းလွန်းလို့ ခက်နေတာ .. ပြီးတော့ သူ့ရဲ့ လိုက်(စ်) စတိုင်လ်တိုက ..”

ဒီ့ထက်လည်းမပြောချင်၊ ပြောလည်း မပြောသင့်တော့ဘူးထင်သည်။ တက္ကသိုလ်မှာတည်းက ချိုချစ် ဆိုတဲ့ မိန်းကလေးနဲ့ ကင်းတို့ က ရိုးယား တူကြတာမဟုတ်ပေ ..။

နစ်ကြီးသမားဖြစ်ပြီး အငယ်တန်းတွေနဲ့လည်း မသိတာ မရှင်းနိုး တာ ဘာမှမရှိ ..။ အထူးသဖြင့် ယောကျ်ားလေးတွေနဲ့ ပုတ်လားခတ် လား နေလွန်းလို့ သူမ ရောက်လေရာမှာ ပေါ်လွင်လွန်းတာဖြစ်သည်။

ကောင်းသော ပေါ်လွင်ခြင်းတော့မဟုတ် ..။

“ကိုကို ဘာဖြစ်သွားတာလဲဟင် ..”

မျက်နှာမသာမယာနှင့် လှည့်ထွက်သွားတော့ ကင်း က လက်ကို ဆွဲဖက်ထားလိုက်ပြီး မျက်နှာကိုမော့ကြည့်ကာ ..။

“သူ့ယောင်းမတွေ မြန်မာပြည်လာတုန်း အလည်ခဏလာတာပါ ကိုကိုရဲ့ သူ ဒီမှာလာနေလည်း တစ်ညပေါ့ ..”

“တစ်ညလည်း စိတ်ချချင်စရာမရှိဘူး ကင်း .. ဒီကောင်မလေး က မသိတာဘာမှမရှိဘူး၊ မိန်းကလေးကိစ္စတွေထက် ယောကျ်ားလေး တွေ ဘာညာသရကာတောင် သူ မသိတာရှိလို့လား .. အဲ့လောက် စပ်စု တာ စိတ်ပျက်ဖို့ကောင်းတယ် ..”

စကားပြောနေရင်း ဂုဏ်သတင်း က အိုဗာတင်းဖျော်နေသည်။ အနံ့ထွက်လာသည်နှင့် အိုဗာတင်း မကြိုက်သည့် ကင်း မျက်နှာလေး မသိမသာ မဲ့သွား၏။ ဒါပေမယ့် စကားပြောနေတုန်းမို့ ဂုဏ်သတင်း ရဲ့ လက်ကို ဖက်ထားခြင်းက မလွှတ်ဘဲနေကာ ..၊

“ကိုကို မှန်မှန်ပြောနော် .. ချိုချစ် နဲ့ ကင်း နဲ့ တွဲတာမကြိုက်တာ



လား .. ချိုချစ် ကို မြင်ရင် ကိုကို စိတ်မခိုင်မှာစိုးလို့လား ..”

“ကြည့် ...”

ကိုကို မျက်နှာညိုသွားတာကို သေချာမော့ကြည့်ပြီး ရယ်လိုက်မိ သည်။

ကိုကိုက အရပ်ပိုမြင့်ကာ ကင်းက ကိုကို့ပခုံးလောက်ပဲရှိသည်။ ဒီလိုအနေအထားမျိုးမှာ ကိုကို မျက်တောင်ဖျားတွေ စင်းပြီး ငုံကြည့် လိုက်တိုင်း ကင်း ရင်ခုန်ခဲ့ရတာ ဟိုတုန်းတည်းက ..။

ကိုကို့ မျက်ခုံးရင်းက အနည်းငယ်ထူကာ အဖျားသွယ်သည်။ ဒါပေမယ့် မျက်ခုံးတန်းကျတော့ ခပ်တိုတိုပဲဖြစ်ကာ မျက်လုံးနဲ့ မျက်ခုံး နီးသော မျက်နှာမျိုးဖြစ်သည်။

ပြီးတော့ နှာတံက လိုတာထက်ပိုထင်းနေသည်။ အထူအပါး ညီသည့် နှုတ်ခမ်းတွေက အညိုရောင်သမ်းချင်သည်။ အရပ်မြင့်၍ အဆီပိုမထင် သော ကိုကို့ပုံစံက မြန်မာဆန်ဆန်ဖြစ်ဖြစ် အနောက်တိုင်းပုံစံဖြစ်ဖြစ် ဘယ်လိုစတိုင်လ်မျိုးဝတ်ထားထား ဆွဲဆောင်မှုရှိလေသည်။

ဂုဏ်သတင်း ဆိုတဲ့အတိုင်း ကိုကိုနဲ့အတူ ကျောင်းကိုရောက်သွား တိုင်း ကိုကို့ ဂုဏ်သတင်းကြောင့် ကင်း မျက်နှာပွင့်ရလေသည်။

မောင်နှမအရင်းမဟုတ်ကြတာ သိကြပေမယ့် ကိုကိုက အနေတည် သည်။

ကျောင်းသူတွေ ရှေ့မှာလည်း တစ်ခါတစ်လေ ဆူတတ် အမိန့်ပေး တတ်၏။ တစ်ခါတစ်လေ ဖုန်းတစ်လုံးနဲ့ ပတ်ရှာရင်း တွေ့သည့်နေရာ ကနေ လက်ဆွဲခေါ်ထုတ်သွားတတ်သေးသည်။

အားလုံး၏အမြင်မှာတော့ ကိုကို အနေတည်လွန်းတာကြောင့် တစ်နေ့နေ့ ကင်း နဲ့ ကိုကို ညားသွားကြမလားလို့တောင် တွေးမိကြပုံ မပေါ်ပေ။ ယောင်းမလို့သာ အားလုံးဝိုင်းခေါ်ကြကာ ကင်း ရှေ့မှာပဲ ကိုကို့ကို ခွဲတမ်းချလုနေကြတာတွေလည်း ရယ်ရတာ အမော ..။

ထိုအထဲမှာ အကဲဆုံးက ခင်ချိုချိုချစ် ပဲ ဖြစ်ကာ၊ သူမက အသတ်

www.burmeseclassic.com



အကြီးဆုံးလည်းဖြစ်သည်။

ထို့ကြောင့် ကိုကိုနဲ့ သူမနဲ့သာ သက်တူရွယ်တူမို့ ထိုက်တန်ဆုံးဟု ကြေညာနေခဲ့တာလည်း သူငယ်ချင်းတွေ မကြားချင်မှ အဆုံး ..။

ချိုချစ် တို့က ဆွေစဉ်မျိုးဆက် နိုင်ငံခြားမှာ အခြေချခဲ့ကြသည့် လူတွေဖြစ်သည်။ အကြောင်းရင်းသည် မြန်မာပြည်မှာ ဆင်းရဲကြလွန်း လို့ နိုင်ငံခြားမှာ စီးပွားရှာဖို့ သွားခဲ့ကြရင်း တစ်ယောက်အဆင်ပြေတာ နှင့် နောက်တစ်ယောက်က လိုက်ကာ ဤသို့ရှိခဲ့ခြင်းဖြစ်လေသည်။

ထိုစဉ်ကတည်းက ချိုချစ် နဲ့ သိပ်မတွဲဖို့ ကိုကိုက သတိပေးသည်။ ဖေဖေတို့က ဆူ၏။

"ကျွန်တော် စုံစမ်းပြီးပြီ ဖေဖေ .. အဲဒီကောင်မလေးရဲ့ မိသားစုက တာရိုက်တာကိုက ဆိုးတာ၊ သူတို့အားလုံး လက်လုပ်လက်စားဘဝတွေ ကနေ ရုန်းထွက်ဖို့ နိုင်ငံခြားရောက်ကုန်ကြတာ၊ အဲဒါကြောင့် သူတို့ဆီ တို မောင်နှမတွေရှိသမျှ ဒီလိုပုံစံတွေချည်းပဲ .."

"ကိုကိုကလည်း ချိုချစ် က ပွင့်လင်းတာပါ .."

"နင် မသိပါဘူး ကင်း ရာ .. လူကြီးပြောနေရင် ဝင်မပါနဲ့ .."

"ဟုတ်တယ် သမီး .. သမီး မေမေ ဆုံးပြီးတည်းက ဖေဖေ့မှာ အဖေလည်းကိုယ်၊ အမေလည်း ကိုယ်ပဲ၊ သမီးအတွက် ကြိုးစားခဲ့ရတာ၊ သားကြီး အလုပ်နဲ့အကိုင်နဲ့ ဖြစ်သွားမှာပဲ သက်သာရရတယ်၊ သမီး ကိုကို စကားကို နားထောင်၊ ဖေဖေ့ကို ရှိသေသလိုပဲ ရှိသေရမယ် .."

စသဖြင့်သော ဆုံးမစကားတွေနှင့် ကင်း တတိယနှစ်ရောက်တော့ ဖေဖေ ကျန်းမာရေးဆိုးရွားလာပြီး ကျောင်းမပြီးခင်မှာ ဆုံးသွားခဲ့သည်။

ဖေဖေ့ သေတမ်းစာအတိုင်း ကင်း ကျောင်းပြီးတာနှင့် ကိုကိုနဲ့ လက်ထပ်ပေးဖို့ အဒေါ်ဝမ်းကွဲတွေက စီစဉ်ပေးခဲ့ကြ၏။

"သားမှာ ချစ်သူရှိနေခဲ့သလား .. သေတမ်းစာက ဒီလိုရှိပေမယ့် သားတို့ အိမ်ထောင်ရေး အဆင်မပြေကြရင်း မိဘစကားနားထောင်ကြ ပေမယ့် စိတ်ချမ်းသာရမှာမဟုတ်ဘူးလေ .."



အဒေါ်တွေက တရားသဖြင့် ဖြစ်စေချင်ခဲ့သည်။ ကိုကိုက နာခံသည်။

"ဖေဖေ မဆုံးခင်တည်းက ကျွန်တော့်ကို ဖွင့်ပြောထားခဲ့တာပါ၊ ကျွန်တော့်မှာ ချစ်စရာဆိုလို့ ဒီညီမတစ်ယောက်ပဲရှိတာပါ၊ ကျွန်တော် မချစ်နိုင်ရင်တောင် ကင်း ကို ထားခဲ့ပြီး ဘယ်တော့မှ ထွက်သွားမှာ မဟုတ်ဘူး .."

လို့ ကိုကို အမိုင်အမာခေါင်းညိတ်မှ လက်ထပ်ပွဲ ပြီးမြောက်ခဲ့တာ ဖြစ်သည်။ ကိုကိုနဲ့ ကင်း လက်ထပ်ခဲ့တာ ဒီနေ့နဲ့ဆို ခြောက်လပြည့်ဖို့ ခြောက်ရက်ပဲလိုတော့သည်။

"ရှေ့ ..."

"ဟင် .. အဲဒါ ကင်း အတွက် ဖျော်နေတာလား .."

ကိုကို့ လက်မောင်းကိုဖက်၍ တွေးချင်ရာတွေးပြီး ငေးနေခဲ့တာ မျက်နှာရှေ့ကို အိုဗာတင်းခွက်ကြီး နီးကပ်လာမှ သတိရ၏။

"ဟုတ်တယ်လေ .. ညလယ်စာ .."

"ကိုကိုရယ် .."

"ဟော့ .. မရဘူး .."

ဖက်ထားသည့် လက်နှစ်ဖက်ကို ဖျတ်ခနဲဖြုတ်ချကာ ခေါင်းလေး ဖွရင်းလှည့်ထွက်သွား၏။ သတင်းက နောက်ကနေ လက်ကိုအမိအရ ပြန်ဆွဲထားလိုက်ပြီး ...၊

"ရော့ .. သောက်ဆိုသောက် .."

"နို့ပဲသောက်မယ် ကိုကိုရာ .. အဲဒါကြီး .."

"ညနေက ဗိုက်နာထားလို့ ညဘက် နို့မသောက်နဲ့တော့ .."

"ဘာမှမသောက်ရင် မရဘူးလား .. ညလယ်လည်း မဟုတ်ဘူး၊ ခုမှ ရှစ်နာရီခွဲပဲရှိသေးတယ် .."

"ကင်း .. မင်းကို ကိုကိုပြောနေတယ် .."

လက်ထပ်ပြီးကာမှ ကိုကို စိတ်ဆိုးရင် 'မင်းတွေ' 'ငါတွေ' ဖြစ်လာ

www.burmeseclassic.com

www.burmeseclassic.com



ပတ်တာလည်း ကင်း သတိထားမိလာသည်။ ဂုဏ်သတင်း ရဲ့ မျက်နှာကို ခပ်စူးစူးကြည့်လိုက်ပြီးမှ အိုဗာတင်းကိုယူကာ ...၊

"ကိုကို့ကို မေးစရာရှိတယ် ..."

"နောက်မှမေး .. အဲဒါသောက် .."

"နောက်မှသောက်ပြီး အခုမေးမယ် .."

"မရဘူးဆိုကွာ .. ပေး .."

ကင်း လက်ထဲကပြန်ဆွဲယူပြီး အိုဗာတင်းကို သတင်း က အေးအောင် မှုတ်နေသည်။ ထိုမျက်နှာကို ကင်း က စူးစိုက်ကြည့်ကာ ...

"ကိုကို .. ကင်းကို မကျေနပ်ဘူးမလား .."

"မင်းကို တစ်နေ့ ခေါင်းဆယ်ခါလောက် ခေါက်နေမိလို့လား .."

"ခေါက်ချင်နေတဲ့ပုံပဲ .."

သူ့မျက်နှာကိုပဲ မလွှတ်တမ်းကြည့်ပြီး ပြန်မေးတော့ သတင်း က ယ်သည်။ ပြီးတော့ အိုဗာတင်းကို ကမ်းပေး၏။

ကင်း က ယူပြီး ပါးလေးတွေဖောင်းတက်သွားတဲ့အထိ တစ်ဝက်ျအောင်သောက်ချပစ်၏။ ပြီးမှ ...၊

"အား .. အာပူလျှာပူတွေလောင်ကုန်ပြီ .."

ဆိုပြီး ခွက်ကို စားပွဲပေါ်သွားချထားလိုက်သည်။ မီးရောင်အောက်၁ အသားလေးဖြူဖြူ နှုတ်ခမ်းလေးရဲရဲနှင့် အပူလောင်သွားလို့ ရှုံ့မဲ့နေဘ သတင်း က ကြည့်ကောင်းကောင်းနှင့် ထိုင်ကြည့်နေလိုက်၏။

"တွေးကြည့်ရင် ကိုကို ကင်း ကို ဘာတွေပဲလုပ်ပေးပေး အပြီးပတ်ကျ ကင်း တစ်ခုခုဖြစ်ကျန်ခဲ့တာချည်းပဲ .."

"ဘာ ..."

ဒါကျတော့ တည့်တည့်ထိသွားပြီမှန်းသိလိုက်သည်။

"ဟုတ်တယ် .. ခုပဲကြည့်ပါလား .. ကိုကို အိုဗာတင်းဖျော်တိုက်ယ်၊ မှုတ်တောင်ပေးလိုက်သေးတယ်၊ ဒါပေမယ့် ကင်း သောက်တော့နေတာပဲဟာ .."



"ပူပူကြီးကို ကိုယ်က ဘယ်လောက်ထိ အေးအောင် မှုတ်ထားတာမို့လို့လဲ .."

"မသိဘူးလေ .. သောက်လို့ရလို့ လာပေးတယ်မှတ်တာပေါ့ .."

"သောက်လို့မရအောင် ပူနေသေးလည်း မသောက်နဲ့ပေါ့ကွ .."

"ကြည့်ပါလား .."

ကင်း က အမှုးသမားရစ်သလို ဒါပဲ မကျေမနပ်ပြန်ကျေညာနေကာ...

"ကိုကို့ကို ကင်း အဲဒါပြောတာ ကိုကို ကင်းကို ရှော့ပင်လိုက်ပို့တယ်၊ ရောက်တာနဲ့ မြန်မြန်မြန်မြန်နဲ့ ဖွတ်တွန်းနေတော့ ပြေးလွှားဝယ်ခြမ်းရတယ်၊ သူများညှော်ခံပွဲသွားခါနီးမှ လည်ဆွဲမရှိ နားကပ်မပါနဲ့ ဒုက္ခရောက်ရတာပဲ .."

"ရှိသေးရင် ထပ်စဉ်းစားဦး .."

"ရှိတာပေါ့ .. သူငယ်ချင်းအိမ်ရေသွားကူးတယ် လိုက်လာပြီး အတင်းပြန်ဆွဲတင်တယ်၊ ရေလေးမစွတ်မပွတ်စိုလာပြီး ညကျတော့ ကင်း အအေးပတ်တယ်လေ .."

"ဟုတ်တယ် .. ရေအစိမ်လွန်ပြီး ကိုယ့်အပြစ်နဲ့ကိုယ် အအေးပတ်တဲ့အထိ စောင့်နေရမှာ .."

"နောက်ပြီး .."

"မင်းကို ညီမလေးလို စောင့်ရှောက်နေရင်းနဲ့ လက်ထပ်ယူလိုက်တယ် .."

"ဟင် ..."

ကင်း တစ်ခုခုရှာကြံပြောဖို့ စဉ်းစားနေရင်း ဖျတ်ခနဲ လှည့်ကြည့်သည်။

"မမှတ်မိမှာစိုးလို့ပြောပြတာ .."

"ဒါ မမှတ်မိစရာလား ကိုကိုရဲ့ .."

"ပြီးရော ..."

"ကိုကို ..."

www.burmeseclassic.com

www.burmeseclassic.com



သတင်းက နေရာမှထဖို့ ပြင်လိုက်တော့ ကင်း က လက်ကိုဆွဲထားလိုက်တာ ...၊

"မှတ်မိသေမယ် ကင်း ပြောမှာတွေထဲမှာ အဲဒါ မပါပါဘူး .."

"မသိဘူးလေ .. မင်းခေါင်းထဲမှာ အဲဒါက အကြီးကြီးရှိနေသလားလို့ .."

"ကိုကို ..."

"ဘာလဲ ..."

"ကင်း ကို လက်ထပ်လိုက်ရတာ ဖေဖေ့ဆန္ဒနဲ့ မဟုတ်ဘူးလား .."

"ခင်ဗျားဆန္ဒမဟုတ်တာလည်း သိတယ်လေ .."

"ကိုကို့ကို ခုန မေးစရာရှိတယ်ဆိုတာ အဲဒါပဲ .."

သူ ပြန်မထဖြစ်အောင် လက်မောင်းကနေ ဆွဲလှဲဖိချုပ်ပြီးမှ ကင်း က မျက်နှာကိုမော့ကြည့်ရင်း ...၊

"ကိုကို့ စိတ်ထဲမှာ ကင်း ကို လက်ထပ်လိုက်ရလို့ မကျေမနပ်ဖြစ်နေတာမှတ်လား .."

"နည်းနည်းပါးပါးပါ .."

ကင်း အသံလေးတိတ်သွားသည်။ ပြီးတော့မှ ...

"ကိုကို ..."

"ပြော ..."

"ခုန ကင်း ပြောခဲ့တာတွေက ကိုကို့ကို စတာ .."

"အဲဒီတော့ ဘာဖြစ်လဲ .."

"ကိုကိုက တကယ်ကြီးလား .."

"ဘာကိုလဲ ..."

"ကင်းကို မကျေနပ်လို့ တမင်တကာ .."

"နားငြီးလိုက်တာကွာ .."

နဖူးကဆံပင်တွေကို သပ်တင်ရင်း ဆိုဖာမှာ မှီချလိုက်တော့ ကင်း ဝမ်းနည်းသွားသည်။ ပြီးတော့ ဘာမှဆက်မပြောတော့ဘဲ နေရာမှ ထရပ်



လိုက်လျှင် ...၊

"အဲ့လိုလေးတော့လည်း ချစ်ဖို့ကောင်းသားပဲ .."

ကင်း ကို သူ့ရင်ခွင်ထဲ တမင်ပုံကျသွားအောင် ဆွဲယူပစ်လိုက်တာ...၊

"မကျေနပ်ဖြစ်နေတယ်လို့ ထင်စရာ ကိုကို့ မျက်နှာမှာ ဘာတွေ့သလဲပြော .."

"ကိုကိုကလည်း .."

အတင်းသိမ်းဖက်ထားပြီး ပါးပြင်လေးကို ဖိနစ်နမ်းလိုက်တော့ ကင်း ရင်တွေခုန်ကာ ...၊

"ဟင့်အင်း .. ကိုကိုနော် .."

"မရဘူး .. ဒီနေ့ပဲ မင်းကို ရည်းစားစကားပြောတော့မယ် .."

"ကင်း ကို ..."

"ဟုတ်တယ် .. ကိုကို့ကိုကြည့် .."

ကိုကို့ ရင်ခွင်ထဲ မကြာခဏဝင်ခဲ့ဖူးပေမယ့် ဒီလိုမျိုးတော့ မဖြစ်ခဲ့ဘူးပေ ...။

ပြီးတော့ ပေါင်ပေါ်တင်ပြီး ခါးကိုဖက်ထားသဖြင့် ကိုကို့ မျက်နှာက ကင်း ရဲ့ ရင်ညွန့်လေးမှာ မထိတထိရှိလျက် ...၊

"မင်း သိလား .."

"မသိဘူး .."

ရှက်ပေမယ့် နောက်ဖို့တော့ သတိရသေးသည်။ သတင်း က ရယ်လိုက်ပြီး ကင်း လက်မောင်းသားလေးကို မနာအောင် ကိုက်ပစ်လိုက်တာ ...၊

"မနောက်နဲ့ .. ဒီတစ်ခါ နာအောင်ကိုက်ပစ်မှာ .."

ပြီးတော့ ကင်း မျက်နှာလေးကို ရီဝေသောရယ်မြူးရိပ်တို့ဖြင့် ငေးကြည့်ရင်း ...၊

"မင်းကို အရမ်းချစ်တယ် .."

သူ့စကားသံတွေမှာ ကင်း ရဲ့ ရင်ခုန်သံတွေဟာ အတိုင်းအဆမရှိ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ထွန်းနေခဲ့လျက် …၊

"ဒီနေ့ဆို ကိုယ်တို့လက်ထပ်ခဲ့တာ ခြောက်လပြည့်ဖို့ ခြောက်ရက် လိုသေးတယ် .. အဲဒါရောသိလား .."

"သိသားပဲ .."

"ဟုတ်လား .. မှတ်ထားတယ်ပေါ့ .."

ပျော်သွားသည့် သတင်း မျက်နှာက ပို၍နုသစ်ရွှေ့ချောမွေ့နေခဲ့၏၊ ပြီးတော့ ကင်း ကို ဖက်ထားရင်း ဆိုဖာမှာ မှီလိုက်တော့ ကင်း သူ့ရင်ဘတ်ပေါ်မှာ ကပ်လျက်ပါသွားခဲ့ပြီး …၊

"ခြောက်လပြည့်ရင် မင်းကို ရည်းစားစကားပြောမယ်လို့ ဆုံးဖြတ်ထားတာ .. ဒါပေမယ့် ပြောချင်လာအောင် မင်း ကျီကျနေလို့ .."

"မဟုတ်ဘဲနဲ့ .."

"ဘာလို့မဟုတ်ရမှာလဲ .. ဒီလောက် အရိပ်ကြည့်ပြီး ချစ်နေတာတောင် .."

"ကိုကို့ မျက်နှာကြီးကိုလည်း မှန်ထောင်ကြည့်ကြည့်ဦး .."

"မှန်ကြည့်နေရင် ကြာတာပေါ့ကွ .. ဘယ်လိုနေလဲပြော .."

"တင်းမာနေတာလေ .. တစ်ခုခုတားဆီးပြီလားဆို ဆွဲလွဲခုတ်ထစ်ပစ်မယ့်အတိုင်းပဲ .."

"အဲဒါ မင်းကို ပိုင်ပိုင်နိုင်နိုင်ပြောဆိုမရလို့ တင်းနေတာ .."

"ဘာကိုပြောမရလို့လဲ .. ကိုကို့ကိုပဲ ကင်း က ကြောက်နေရတာ .."

"ကြောက်တာကိုပဲ မကြိုက်တာ၊ မင်းစိတ်ထဲမှာ ဂုဏ်သတင်းဆိုတဲ့ကောင်က ခုထိ အစ်ကိုပဲဖြစ်နေတုန်း .."

သူပဲပြောပြီး မကျေမနပ်သံတွေ ဖြစ်လာပြန်ကာ …၊

"ခုဖြေကွာ .. ကိုကို့ကိုချစ်လား .."

"ချစ်တယ် .."

"ဟား …"

မျက်နှာသည် စိတ်ပျက်ခြင်းတွေ စိုးမိုးသွားခဲ့လျက် …၊



"ဖြေပုံကြီးကကွာ .."

"ချစ်လို့ ချစ်တယ်ပြောတာပဲ .. ကိုကို့ကို ကင်း ငယ်ငယ်လေးတည်းက ချစ်တာ .."

"ခုထိ ဘာမှမပြောင်းလဲဘူးပေါ့ .."

"ကိုကိုက ခုမှပြောင်းလဲတာလား .."

"ဟင် …"

ကင်း က ရှက်ပြုံးလေးနှင့် မျက်လွှာချသည်။

သတင်း အံ့သြသွား၏။ သူ နားကြားမှားသွားတာလား၊ ဒါမှမဟု

ကင်း က ရိုးရိုးပဲပြောနေတာလား …။

"ဘယ်လိုပြောလိုက်တယ် ကင်း .. ကိုကို့ကို .."

"ဟုတ်တယ် ကိုကို နိုင်ငံခြားမှာ ဗိသုကာတွဲ့သွားယူဖို့ လေဆိ ကို လိုက်ပို့တုန်းက .."

ကင်း က ပြောနေရင်း ပါးပြင်လေးတွေ ပန်းရင့်ရောင်သမ်းလသည်။ သတင်း နှုတ်ခမ်းတွေက ပြုံးနေခဲ့လျက် …၊

"ဆက်ပြောလေ …"

"ကိုကို့ သူငယ်ချင်း မိန်းကလေးနှစ်ယောက်နဲ့ အတူတူသွားပြမှာလေ .."

"ဟုတ်တယ် …"

"အဲဒီညတည်းက ကင်း ငိုနေရတာ .."

ပြန်သတိရလာပြီး အဲ့ဒီညက ခံစားချက်တွေနဲ့ အသစ်ဖြစ်လာသလို ကင်း က သူ့မျက်နှာကိုငေးသည်။

"ကိုကို အဲ့ဒီအစ်မတွေနဲ့ ချစ်နေကြတာလားဆိုပြီး ကင်း … ကင ကိုကို့ကို မပေးနိုင်တာတွေ သိလာတာ .."

"မဟုတ်သေးပါဘူးကွာ .. ဒါမျိုးက မောင်နှမရင်းတွေလည်းဖြစ်ကြတာပဲ၊ ကိုယ် ဝမ်းသာနေတာ အဖျားရှူးသွားပြန်ပြီ .."

သတင်းက ရွှံ့မှဲ့မဲ့ပြောလိုက်ပြီး ကင်း မျက်နှာလေးကို မျက်နှာချ

www.burmeseclassic.com

www.burmeseclassic.com



ထိမတတ် ဖိနှိပ်ယူကာ ...။

"ကိုကိုတို့က ဓနီးမောင်နှံလေ ... မင်း မုန်းသွားမှာစိုးလို့ ခုချိန်ထိ ကိုကို မပြောင်းလဲမိအောင် ကြိုးစားနေခဲ့ရတာ ..."

"ကိုကိုကလည်း ..."

"ခြောက်လပြည့်တော့မယ် ကင်း ရယ်၊ ကိုကို့ကို ခုထိ မပြောင်းလဲနိုင်ဘူးလား ..."

"ကင်း ပြောတာဖြင့် မဆုံးသေးဘဲနဲ့ ကိုကိုချည်းပဲ ..."

"ဟင် ..."

"ကိုကိုက ကင်းကို ညီမလေးလိုပဲ သဘောထားနေတာဆိုတော့ အဲဒီအစ်မတစ်ယောက်ယောက်နဲ့ ချစ်သွားရင် လက်ထပ်သွားမှာလား လို့ ဖေဖေ့ကို မေးကြည့်မိသေးတယ် ..."

"ဖေဖေက ဘာပြောလဲ ..."

"ဒါ သူ့အခွင့်အရေးပဲတဲ့၊ သူ့မိဘတွေက ယုံယုံကြည်ကြည်အပ်ခဲ့တာကို အမှားအယွင်းမဖြစ်ရအောင် ဖေဖေတို့က စောင့်ရှောက်ရုံပဲ တတ်နိုင်မှာတဲ့၊ အဲဒါကြောင့် ကင်း ငိုရတာလေ ... ကိုကိုက ငါ့ကိုတော့ အဲလိုအချစ်မျိုးနဲ့ ဘယ်တော့မှ ချစ်နိုင်မှာမဟုတ်ဘူးဆိုပြီး ..."

သတင်း မျက်နှာမှာ ရယ်မြူးရိပ်တွေဖြစ်လာခဲ့သည်။ ပြီးတော့ ကင်း မျက်နှာပေါ်က ဆံစလေးတွေကို သိမ်းဖယ်လိုက်ပြီး ငေးကြည့်ကာ ...။

"ဒါဆို ကိုကို့ကို လက်ခံနိုင်လို့ လက်ထပ်ခဲ့တာပေါ့ ..."

"အင်း ... ကိုကိုကရော ..."

"ကိုယ်ဘွဲ့ယူပြီး ပြန်လာတဲ့ညက မိသားစုဒင်နာမှာလေ ... မင်း အဲဒီညက ဂါဝန်အဖြူလေးနဲ့ အရမ်းလှတယ် ..."

သတင်း နဲ့ မျက်နှာချင်းနီးကပ်သွားတော့ ကင်း မျက်လုံးတွေကို မှိတ်ပစ်လိုက်မိသည်။ အနမ်းတွေနဲ့အတူ ကိုကို့စကားသံတွေက ချိုမြိန်နေခဲ့လျက်...။



"အဲဒီညတုန်းက မင်း ရေချိုးခန်းထဲမှာ လန့်ပြီး အော်တာမှတ်မိလား ..."

"မှတ်မိတယ် ..."

"မင်းဆီကို ဘယ်သူအရင်ဆုံးရောက်လာခဲ့တာလဲ ..."

"ကိုကို ..."

"ကိုယ်ရောက်တော့ မင်း ဘာလုပ်ခဲ့သေးလဲ ..."

"ကိုကို့ရင်ခွင်ထဲ ပြေးဝင်တယ်လေ ... ကင်း တအားကြောက်နေတာကို ..."

"အဲ့ဒီ ခဏလေးမှာပဲ မင်းကို ကိုယ်မရှိးသားနိုင်တော့ဘူးဆိုတာ သိသွားတာ၊ အချစ်မှာ အကြောင်းပြချက်တော့မရှိဘူး၊ ဒါပေမယ့် မင်းနဲ့ အကြာကြီးခွဲနေလိုက်ရလို့ ချစ်နေခဲ့မှန်းသိလိုက်ရတာ သေချာတယ်၊ ကိုယ် အဲဒီအချိန်ကစပြီး မင်း ဘယ်သူတွေနဲ့ ပေါင်းသင်းနေသလဲ၊ အဲဒီလူတွေက ဘယ်လိုလူတွေလဲ ... ဘယ်ချာတိတ်တွေနဲ့ နီးစပ်သွားနိုင်လဲ ခေါင်းထဲမှာ ရှုပ်ယှက်ခတ်သွားတာပဲ၊ လူမသိသူမသိ စုံစမ်းရတာလည်း ပေါ်တော်မောသွားတယ် ..."

စကားတွေပြောနေရင်း ကင်း ရဲ့ တစ်ကိုယ်လုံးကို ကလေးလေးလို အားမလိုအားမရ ပွေ့ပိုက်ဖက်ထားလျက် ...။

"ကိုကိုလေ ... ကိုယ်ချစ်တဲ့ ဓနီးလေးက မာယာကင်း ဆိုတဲ့ ကောင်မလေးဖြစ်လာခဲ့ပြီး ... အဲဒီကောင်မလေးကလည်း ကိုကို့ကို ပြန်ချစ်ပြီးတော့ ခုလို ပြည့်စုံသာယာတဲ့ အိမ်ထောင်ရေးမျိုးကို ပိုင်ဆိုင်နိုင်မယ့်သူလို့ ကိုယ့်ကိုယ်ကိုယ် မထင်ခဲ့ဘူး ..."

"ကင်း လည်း ကိုကိုက ကင်း လိုချင်တဲ့အချစ်မျိုးနဲ့ ပြန်ချစ်လိမ့်မယ်လို့ မထင်ခဲ့ပါဘူး ..."

"ဒါဆို ကိုယ်တို့ လက်တွေ့သိရဖို့ လိုတာပေါ့ ..."

သတင်း ရဲ့ မျက်နှာကိုကြည့်ပြီး ကင်း က ရယ်ကာ ...။

"ကိုကိုနော် ... ဒီလောက်နဲ့ မရပါဘူး ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. ဘယ်လောက်ပေးရမှာလဲ .. ဈေးကြီးလိုက်တာကွာ .."

"ကိုကိုနော် .."

"ဟုတ်ပါပြီ .. ဘယ်လောက်ဖြစ်ဖြစ်ပေးမယ်၊ ပြော .. ခဏလေး မဟုတ်ဘူးနော် .. ကိုကိုနဲ့ တစ်ညလုံး .."

"ဟာ .. ကြည့်ပါဦး .. ကိုကို ဘာတွေပြောနေတာလဲ .."

"ဟား .. ဟား .. ဟား .."

သတင်း က အကျယ်ကြီးထရယ်တော့ သူ့ရင်ဘတ်ပေါ်မှာ ကင်း က ပါးလေးကပ်လိုက်ပြီး ဖက်ထားလျက် ..၊

"ကိုကို နိုင်ငံခြားမသွားခင် ပန်းပွင့်နိုင် ဆိုတဲ့ အစ်မနဲ့ လူပြောများခဲ့တာ .."

"များတော့ .."

"ကိုကိုကလည်း .. သူ့အတွက်ဆို ပျာနေတာပဲ .."

"ပျာမယ်ဆိုလည်း ပျာချင်စရာကိုးကွ .. ယောကျ်ားဆိုတာကလည်း ဘယ်လိုပြောရမလဲ .."

"သိပြီ .. ဘယ်လိုမှ မပြောနဲ့တော့ .."

"ဟာ .. ဟေ့ .. ဘာလဲ .. ပြောတာမဆုံးသေးဘူးလေ .."

"ဆုံးစရာမလိုဘူး သိတယ် .."

သူ့ရင်ခွင်ထဲက အတင်းဖယ်ချရုန်းထွက်ကာ ကင်း က ဘေးမှာ ဆောင့်ခနဲ ရှေ့ထိုင်သည်။ ပြီးတော့ ..၊

"သိသားပဲ .. ကိုကိုတို့နှစ်ယောက် မရိုးဘူးဆိုတာ .."

"မရိုးရင် ကြိုက်သွားမှာပေါ့ ကင်း ရာ .. အလကား နောက်နေတာကို .."

"မဟုတ်ဘူး .. ကိုကို မညာတတ်ဘူးဆိုတာ ကင်း သိတယ် .."

"မညာတတ်လည်း ဒီလိုကိစ္စကိုတော့ ညာလိုက်မှာပဲ .. ကိုကိုက ချစ်လို့စတာ .."

"မယုံဘူး .."



သူ အတင်းလိုက်ဖက်နေသဖြင့် ကင်း ထထွက်သွားသည်။ မျက်ဝန်းမှာ မျက်ရည်တွေလည်း ဝဲနေတာမြင်လိုက်သဖြင့် သတင်း က နောက်က လိုက်သွားကာ ..၊

"ကင်း ..."

"ကိုကိုနော် .. ကင်း က ကိုကို ချော့အောင် စိတ်ကောက်နေတာ မဟုတ်ဘူး .."

အခန်းရှေ့ရောက်တော့မှ သူ လိုက်ဝင်မှာစိုးကာ ကင်း က နောက်ပြန်လှည့်၍ ..၊

"အဲဒီနှစ်ယောက်က ကင်း ကို ဘာပြောကြလဲ ကိုကို သိလား .."

ဟင်!...၊

သူ မသိခဲ့သည့် တစ်စုံတစ်ရာရှိနေမှန်း ကြားလိုက်ရကာ သတင်း အံ့သြသွားခဲ့သည်။

"အလုပ်ကိစ္စနဲ့ ကိုကိုတို့ ဖားကန့်သွားကြဖို့ပြင်တုန်းက ကင်း ကြောင့် မသွားဖြစ်ခဲ့တာလေ .."

"ကင်း ကြောင့် မဟုတ်ပါဘူးကွာ .. ကိုကို့ဘာသာ မလိုက်တော့ဘူးလို့ ဆုံးဖြတ်တာပါ၊ ဖေဖေလည်း ခရီးတိုကပြန်လာကာစ ညီမလေးလည်း နေမကောင်းတော့ .."

"နေမကောင်းတာမှမဟုတ်တာ .. ကင်း တမင်နှောင့်ယှက်တာ .."

"ဟင်!..."

"အဲဒါ သူတို့သိတယ် .."

"သူတို့က ဘာလို့သိတာလဲ .."

"ကင်း ကို လူနာမေးသလိုလို နှုတ်ဆက်သလိုလိုနဲ့ လာရိုလို့ တမင် ပြောပစ်လိုက်တာ .."

ဖာတ်ရည်လည်လာတော့ သူ ပြုံးလိုက်မိသည်။ ထိုအခါတုန်းက တော့ ကင်းကို သူ စိတ်ပူတာတွေ မျက်နှာညှိနေရင် မနေတတ်တာတွေ က ညီမလေးတစ်ယောက်လို အလိုလိုက်ချင်စိတ်ရှိခဲ့တာပဲ ထင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုက ဘာပြုံးတာလဲ .."

"ပြောလေ .. မင်းကို ဘာပြောသွားကြလဲ .."

"မပြောဘူး .."

"ဟော့ ..."

"ကိုကိုနော် .. ကင်း ငိုချင်လာပြီ .."

"ပြီးမှ ငိုကွာ .. ဒါတော့ပြောခဲ့ .."

"မပြောဘူးဆိုမှ .."

"မပြောရင် ကိုကို ဖုန်းဆက်မေးမှာ .."

"ဘာ ...."

ကင်း မျက်လုံးလေး အပြူးသားနှင့် တအံ့တသြကြည့်၏။ ပြီးတော့ ခါးလေးထောက်လိုက်ရင်း ...၊

"ဖုန်းဆက်ချင်နေတာနဲ့ အတော်ဖြစ်သွားတာလား .."

"ဘာပဲဖြစ်ဖြစ် မင်း မပြောချင်ဘူးမို့လား .."

"ဟုတ်တယ် .. မပြောဘူး .."

ကင်း ချာခနဲလှည့်ကာ အခန်းတံခါးဖွင့်လိုက်လျှင် သတင်း က သူမကိုယ်လေးကို ပွေ့ယူလိုက်ပြီး ...၊

"ဘာလုပ်တာလဲ .. ကိုကိုနော် .. အဲ့လိုမရဘူးလို့ပြောပြီးသား .. လွှတ် .."

အခန်းတံခါးပိတ်သွားသည့်အသံနှင့်အတူ ကင်း ရဲ့ အသံလေးပါ တိတ်ကျသွားလေသည်။

အချစ်သည် လေပြည်ညှင်းကဲ့သို့ နူးညံ့ခွတ်ပျံ့ဖွာလာတတ်သော်ငြား .. အချစ်ကြောင့် ပြုံကျပျက်စီးခဲ့ဖူးသော အသည်းနှလုံးအစုံစုံ ဘဝ အဖုံဖုံတို့နှင့် ပတ်သက်၍ ...၊



## အခန်း (၂)

"ငါက ပျက်စီးနေပါတယ်လို့ပြောတာမဟုတ်ဘူး .. ပျက်စီးနေတဲ့ မိန်းကလေးတစ်ယောက်ကို ကယ်တင်ပြုပြင်ပေးလိုက်ရင်တောင် မသကာ ကိုယ့်ဂုဏ်သိက္ခာထိခိုက်သွားရုံပဲ၊ လူတွေပါးစပ်က ချိုးမွမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက် .."

"ညို ရယ် .. ငါပြောတာလေးလည်း စောင့်ပါဦးတော့ .."

"မစောင့်လို့ ညို က ဘယ်ထွက်ပြေးနေလို့လဲ .."

ပြောပြီး ခုံတန်းမှာဆောင့်ခနဲထိုင်သည်။ ညိုညို နဲ့ ဖျိုဖျို ဆိုသည့် အဖျိုကြီးနှစ်ယောက်ကို မန္တလေးမြို့က လူချမ်းသာရပ်ကွက်တိုင်းမှာ မသိတဲ့လူမရှိပေ ..။

ဘာဖြစ်လို့လဲဆိုလျှင် ကောင်းမေ့ညွှန့်မေ့ဆိုသည့် တိုက်ကြီးတွေကို အဖျိုကြီးနှစ်ယောက်ပိုင်တွေချည်းဖြစ်နေတတ်ကာ ဝယ်ရောင်းတော့ မဟုတ်ပေမယ့် ဈေးကောင်းရရင်တော့ ပြန်ရောင်းတတ်ကာ မရောင်း ရလည်း အိမ်ငှားတွေတင်ပြီး ရသည့်လခတွေနဲ့ တိုက်တွေတစ်လုံးပြီး တစ်လုံး တိုးနေကြတာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူမတို့က ဂုဏ်သတင်း ရဲ့ အဒေါ်ဝမ်းကွဲတွေဖြစ်ကြပေမယ့် သူမတို့မှာလည်း ကျောထောက်နောက်ခံ အရင်းအချာမရှိကြသလို သတင်း ရဲ့ အဖေကလည်း အနီးအနားမှာ ဆွေမျိုးရင်းချာဆိုတာ မရှိခဲ့ပေ ..။

ဟိုအရင်တုန်းကတော့ သတင်း ရဲ့ အမေကို သဘောမကျကြသဖြင့် ဆွေမျိုးချင်း ကင်းကင်းနေခဲ့ကြသည်။ ထိုစဉ်တည်းက ကင်း ရဲ့ မိဘတွေနဲ့ သတင်းတို့အိမ် နှစ်အိမ့်တစ်အိမ်ဖြစ်နေကြတာ သိသော်လည်း တစ်နေ့နေ့ဆိုတာကို သတိတရကြိုမတွေးမိခဲ့ပေ ..။

ကင်း ရဲ့ မေမေ ဒေါ်မာလာဝင်း ကို သတင်း ရဲ့ အမေက ဘယ်လောက်ခင်သလဲဆိုလျှင် သူမမှာ သားသမီးမရှိလို့ ကလေးထိန်းပေးပါရစေလို့ တောင်းဆိုလိုက်တာနှင့် ကလေးကို နို့မတိုက်တော့ဘဲ နို့ဘူးကိုက်ခွင့်နှင့်တကွ ကလေးကိုပေးအပ်ခဲ့တဲ့အထိ ..။

ဒေါ်မာလာ ရှိနေလို့ပဲ အလုပ်ကောင်းကောင်းလုပ်ရသလိုလိုပြောပြီး ယောက်ျားနဲ့ တကောက်ကောက်လိုက်တော့သည်။ ယောက်ျားက ကုန်သည်ပီပီ နိုင်ငံတကာရောက်သလို မိန်းမက လိုက်သည်။

ကလေးကိုတော့ ဒေါ်မာလာ တို့ လက်ထဲမှာ စိတ်ချစွာထားခဲ့ကြ၏။ ကလေးနဲ့ ဒေါ်မာလာ တို့က ရေစက်ပါခဲ့တာလား သူတို့ကံတရားပဲ ဘုန်းကြီးပြီး အသက်မရှည်တာလားမသိ ..။

စီးပွားရေးတွေ လှိုင်လှိုင်ကောင်းနေကာမှ လင်ရောမယားရော ရုတ်တရက် ဆုံးပါးခဲ့ကြတာ အားလုံး မယုံနိုင်အောင်ဖြစ်ခဲ့ကြ၏။

ဆွေမျိုးတော်ကြမှန်းတောင် လူသိပ်မသိခဲ့သဖြင့် ဒေါ်ညိုညို တို့ ထိုအချိန်မှာ ကြားဝင်ရခက်နေခဲ့သည်။

"ငါတို့ကလေးက မိဘမဲ့ပေမယ့် ရွှေငွေစည်းစိမ်အပြည့်နဲ့ရယ် .."

"ခုကျမှ ဘာတွေပြန်တွေးမိပြီး အစက ပြန်ကောက်နေတာလဲ ညို .. လောလောဆယ် ရန်ကုန်ကို နင်သွားမလား ငါသွားရမလား .. အဲ့ဒါ စဉ်းစား .."



"သွားတာက ဘယ်သူသွားသွား ရပါတယ်အေ .. ငါတို့ သွားပေးစားမိတာကိုက မှားတာ .."

"ပေးစားချင်လွန်းလို့ သွားတာမှမဟုတ်ဘဲ သတင်း ကိုယ်တိုင်လူကြီးသူမအရာထားပြီး သေတမ်းစာလာဖတ်ပေးဖို့ ရှေ့နေတွေနဲ့ခေါ်တဲ့ ကိစ္စ .."

အဒေါ်တွေရှိသေးတယ်ဆိုတာ ကလေးက သိနေတာတောင် သတင်းငယ်ငယ်က နှစ်ဖက်လူကြီးတွေလည်းစုံတုန်း ဘာပွဲညာပွဲတွေကျင်းပတိုင်းတွေ့ဖြစ်ကြလို့ရယ် ..။

မဟုတ်ရင် ဒီကောင်လေး အဒေါ်နှစ်ယောက်ရှိနေသေးတယ်ဆိုတာတောင် သိတော့မည်မထင် ..။

"အဲ့ဒီ အိမ်တောင်ရေးကို ခေါင်းထဲထည့်ပြီး အကုသိုလ်များခံမနေပါနဲ့ ညို ရယ် .. အခု ခင်ချိုချိုချစ် ဆိုတဲ့ မိန်းကလေး ပြန်လာတော့မယ့် ကိစ္စကိုပဲတွေး .."

အပျိုကြီးနှစ်ယောက် သုံးထပ်တိုက်အပေါ်ဆုံးထပ် အမိုးဖွင့်ထပ်ခိုးကနေ အောက်ကိုငုံ့ကြည့်ရင်း စိတ်ပျက်ဖွယ်တွေပဲတွေးမိနေစဉ် ပိုးလ်ချဲနှင့် အဘွားအိုတစ်ယောက် အပေါ်ရောက်လာ၏။

"ဟော .. တွေ့လား .. အမေကလုပ်ပြီ .."

"မိသဲ ရယ် .. အမေ့ကို အပေါ်ထိ ဘာလို့ခေါ်လာရတာလဲ .."

"မိသဲ ကို ပြောမနေပါနဲ့၊ ညည်းတို့က ငါ့ကိုကျိုးနေပြီ မှတ်နေလို့လား .."

ဒေါ်မြနှစ် က အသက်သာ ခုနစ်ဆယ်ကျော်နေသည် ဖျတ်လတ်သန်မာမနေသော်လည်း ကျန်းမာရေးကတော့ ကောင်းနေဆဲပင် ..။ ပိုးလ်ချဲပေါ်ရောက်ရတာကလည်း လေ့ကားတစ်ထစ်ခြေချော်သွားပြီး ခြေကျင်းဝတ် ဒဏ်ဖြစ်သွားတာကြောင့်၊ အသက်ကလည်းကြီးတော့ ဒဏ်ရာက မပျောက်နိုင်ဘဲ ပိုးလ်ချဲနဲ့ နေရသည့်အဖြစ်ကို ရောက်သွား

www.burmeseclassic.com

www.burmeseclassic.com



တာဖြစ်၏။

ထို့ကြောင့် ယမ်းမလျှောက်နိုင်ပေမယ့် ထိုင်တာ ထတာလောက်တော့ ကိုယ့်ဘာသာရတာမို့ ...။

"ငါ ဘယ်သွားသွား .. မိသဲ က ကုန်းပိုးနိုင်တယ် .."

"အောင်မလေး .. အထပ်တိုင်းမှာ ဗိုးလ်ချဲတွေထားပေးတာကို ကျေးဇူးတန်းခြန်ပြီ .."

"ညည်းတို့ ဗိုးလ်ချဲ ဘယ်လောက်တန်သလဲ .. ညည်းတို့ ငယ်ငယ်တုန်းက ဒီအခြေပဲ .."

"ဟုတ်ပါတယ် အမေရယ် .. အမေ ပြောမယ့်စကားတွေကို 'အမေ များနေကျရင် FMကနေ သွားလွှင့်ပေးပါ့မယ်၊ အခု သမီးတို့က ကိုဘုန်းမြတ်တို့အကြောင်း ပြောနေကြတာ .. ပြဿနာပေါ်လာလို့ .."

"ဘုန်းမြတ်တို့ လင်မယားက သေကုန်ပြီ မဟုတ်ဘူးလား .."

"ဟုတ်တယ် အမေရေ .. သူသား ကျန်ခဲ့လို့ အဲဒါပြောရင်း ဟိုတုန်းက စိတ်ပျက်စရာတွေ ပါပါလာတာ၊ အခု အမေ့ မြေးချွေးမ ဆတ်စလူးလေးက သူ့ရဲ့ ရဲဆော်ရဲဘက်တွေကို အိမ်ကိုခေါ်မလို့ .."

"ဘယ်လို ..."

"အဲ့ဒါတွေ အမေ မသိပါဘူး .."

"အို .. ဘာလို့ ငါမသိရမှာတုံး .. ဆံပင်ရှည်ရှည်အကားဖြူဖြူလေးနဲ့ ဘာတဲ့ .. မာမာမင်း ဆိုလား .."

"မာယာကင်း .."

"မာယာကင်း တဲ့ .. အင်း .. အဲ့ဒီကောင်မလေးက ဘာလုပ်လို့တုန်း .."

ဒေါ်မြနှစ် က ပိန်သေးသေးခပ်ချိုချိုပေမယ့် သတိကလည်း ကောင်းနေသေးသည်။ ဖွေးဖွေးလှုပ်နေသော ဆံပင်ကျိုးတိုးကျဲတဲကို ထိပ်မှာ စုစည်းထားတာ လောက်စာလုံးလောက်အလုံးကလေး ဖြစ်နေပေမယ့်



ထိုဆံထုံးပိစိလေးနားမှာ ရွှေဘီးကြီးထိုးစိုက်ထားသည်။

လည်ပင်းမှာရော လက်နှစ်ဖက်မှာပါ ရွှေတွေတဝင်းဝင်းနှင့် ...။

"ငါ့ကိုယ်ပေါ်ကဟာကို မထိကြနဲ့၊ ဒါက ငါ့ရဲ့ တုံးလုံးစာ စတ်တတ်စာပဲ၊ ညည်းတို့ ရှာဖွေထားတာတွေ စိန်တောင်ကြီးတွေဖြစ်နေလည်း ငါ မဓတ်ဘူး၊ ငါ့ချွေးနည်းစာနဲ့ ငါ့အတွက် စရိတ်ထားတာ .." တဲ့ ...။

သူ့ရဲ့ လက်ဝတ်လက်စားတွေ ဝတ်ထားရတဲ့အကြောင်းကလည်း အခိုင်အမာဖြစ်၏။

"စည်းစိမ်ဥစ္စာဆိုတာ အနိစ္စသဘောပဲ၊ ကြိုပြောထားမယ်နော် .. ငါ့ပစ္စည်းတွေကိုမထိနဲ့ .." ဆိုတာက တစ်မျိုး ...။

"အမေရယ် .. ဒီသားအမိသုံးယောက်ပဲရှိတာ၊ သမီးတို့ ပိုင်တာတွေက အမေ ပိုင်တာတွေပါပဲ .." ပြောလည်းမရ ...။

ရှေးလူကြီးဗီဗီ အယူသည်းတဲ့ဘဝမှာ ရွှေတွေက လေးဝါတယ်၊ စိန်လေးဝတ်ပါပြောလည်း နားမထောင် ...။

"စိန်က စိန်အကြောင်းသိတဲ့လူမဟုတ်ရင် ပုလင်းကွဲပဲ၊ လူဆိုတာ ကိုယ်ခေါင်းချရမယ့်နေရာ ဘယ်မှာမှန်းသိကြတာမဟုတ်ဘူး၊ တော်ကြာ စိန်မှန်း ကျောက်မှန်းမသိတဲ့နေရာ သွားသေမှဖြင့် ဒုက္ခ .."

လို့လည်း ခါးခါးသီးသီး ငြင်းတတ်သေးသည်။ အမေ့ကိုကြည့်၍ သူမတို့ တိုင်ပင်နေကြသည့်ကိစ္စကို ပြောပြရကောင်းမလား မပြောဘဲ ထားရမလား စဉ်းစားရင်း ညီအစ်မနှစ်ယောက် မျက်လုံးချင်းဆုံကြ၏။ သို့သော် ...။

နောက်မှ သိသွားရင် ယမ်းပုံမီးကျဖြစ်မှာယ်ရှိတာကို တွေးမိပြီး ပြောပြလိုက်ရတာ ...။

"သူတို့ဘာသာ ဘယ်လိုအကျင့်ရှိနေနေ သူ့အိုးသူ့အိမ်နဲ့ဖြစ်နေကြပြီပဲ .. ညည်းတို့ မနေနိုင်ရင် အဲဒီမှာသွားနေကြပေါ့ .."

"အောင်မလေး .. လူကြီးတွေတွေးရင် ပြောကြည့်တာထက် ရှုပ်ထယ်

www.burmeseclassic.com



ဆိုတာ အဟုတ်ပါပဲနော် .. အမေ့သမီးတွေလည်း အဲဒါကိုပဲ ပြောနေကြတာပါ ..''

''ဒါဆို ဘာတွေအပွနာပွားနေကြတာတုန်း၊ အလုပ်တွေလည်း မထားခဲ့နိုင်၊ ဟိုလည်းသွားချင်ဖြစ်နေကြတာလား .. ညည်းတို့ကို အဲဒါ ပြောတာပေါ့၊ အသက်တွေလည်း ကြီးပြီ ကိုယ်ရှာတာ ဆက်ခံစားသောက်မယ့် သားထောက်သမီးခံလည်းရှိတာမဟုတ်ဘူး .. ဘာဖြစ်လို့ ဒီလောက်တောင် ဇလောဘတွေတက်နေရတာတုန်း .. မယ်ပျို့မ ညည်း သတိထားနော် .. ဟိုတယ်လ်လုပ်ငန်းလုပ်ဦးမယ်ဆိုတာ ငါ ကြားတယ်၊ လုံးဝ မလုပ်ရဘူး ..''

''အမေကလည်းလေ ..''

''အမေက 'လေ' ပဲ ဟုတ်တယ် .. ဒီအဘွားကြီး 'လေ' ပဲ စိုက်ရလို့ ပိုက်ဆံမပေးရတိုင်း မြည်တွန်တောက်တီးနေတယ်ထင်နေရင် ကြိုက်တာလုပ်ကြ .. ငါ့ကို ရိပ်သာပို့ ..''

''အမေကတော့ လုပ်ပြီ ညို ..''

''ဟုတ်ပ .. ပြောလိုက်ရင်လည်း စိတ်ချည်းပဲ ..''

''လူပဲအေ့ .. စိတ်ရှိတာပေါ့၊ အသက်ကြီးလေ စိတ်တိုလေပဲ၊ သားသမီးက လူမထင်၊ ကိုယ့်ကိုယ်တိုင်လည်း စိတ်သွားတိုင်း ကိုယ်မပါနိုင်..''

''အဲဒါတွေကို တရားနဲ့ ဖြေသင့်တာပေါ့ အမေရဲ့၊ အသက်ကြီးလေ 'စိတ်' လျှော့လေပဲ ဖြစ်သင့်တာကို ..''

''မိညိုမ ..''

''ရှင် ..''

''ညည်းလည်း တစ်နေ့ အိုရမှာနော် ..''

''သိပါတယ် .. အမေကလည်း ..''

''အေး .. မိဘကို များများကဲ့ရဲ့တဲ့လူ များများထိတယ်တဲ့ ..''

''သမီး ဘယ်မှာ ကဲ့ရဲ့လို့လဲ ..''



''အဲဒါ အမေပဲ သားသမီးတွေကို အပြစ်ပေးနေတာ ..''

''ဘာ .. ဘာပြောတယ် .. မိပျို့မ ..''

''အမေ့ကို ဒီလောက်လိုလေသေးမရှိထားပြီး ပြုစုယုယပေးနေတဲ့ သမီးတွေကို 'ထိတော့မယ် .. နာတော့မယ်' နဲ့ ..''

''အေးလေ .. ငါတို့မှာ အဲ့ဒီသံသယစိတ်တွေနဲ့ သေခါနီးမှ အစွဲမချွတ်နိုင်ဘဲ အဝီစိကို ဒိုင်းခနဲရောက်မှာ ..''

''ဒါတော့ သိသား ..''

ဒေါ်မြနှစ် က မျက်စောင်းကြီးရွယ်လျက် ..၊

''မသေခင် ကိုယ့်ဖို့ပါအောင်လုပ်ကြ၊ ငါ့ကို လိုလေသေးမရှိ ထားတာထက် ညည်းတို့လေးတွေ ပူပင်သောကငြိမ်းနေတာမြင်ရရင် ငါ့ကို ပြုစုနေတာထက် ငါ စိတ်ချမ်းသာတယ်၊ ငါ့စိတ်ချမ်းသာအောင် ထားတာနဲ့တင် ညည်းတို့ နတ်ပြည်က အမြင့်ဆုံးအဆင့်ကို ခုန်တက်လို့ရပြီ ..''

''အမေပဲ နိဗ္ဗာန်ကိုပဲ ရည်စူးဆို၊ သံသရာခရီးမှာ ဂိတ်ဆုံးထိ တစ်ခါတည်းသွားရမယ် .. လမ်းမှာ မဆင်းရဘူးဆို ..''

ဒေါ်မြနှစ် အကြည့်တွေ ပြန်ရောက်လာပြန်သည်။

''နိဗ္ဗာန်ကို ကူးလောက်တာကိုး ..''

ဟု ပြောပြီး ကိုင်ထားသည့် ရှုဆေးဘူးကြီး နှာခေါင်းမှာကပ်၏။

''အဲ့ဒါပြောတာပေါ့ အမေရယ် .. ကောင်းတဲ့နေရာရောက်ဖို့ဆိုတာ မသေမီ အသိတစ်ချက်ပဲလိုတာပါ ..''

''အံမယ် .. အံမယ် .. မတတ်ပကြီး ..''

''အဟွန်း .. ဟွန်း ..''

ညီအစ်မနှစ်ယောက် ပခုံးချင်းတိုက်ပြီး ရယ်မိကြ၏။ အသက်လေးဆယ်ကျော်တွေဖြစ်နေကြကာ ခပ်ဖိုင့်ဖိုင့် ရွက်ကြမ်းရေကျိုပုံစံမျိုးပဲမို့ မသိရင် အသက်ငါးဆယ်ကျော်လောက်ထင်ရလေသည်။

ဒါပေမယ့် သူမတို့ကလည်း ချစ်သူကြင်သူ ရှာဖွေစုံဖက်ဖို့တွေမှာ

www.burmeseclassic.com

www.burmeseclassic.com



အာရုံမထားကြသလို ကိုယ့်လောဘနဲ့ကိုယ် လုံးထွေးလည်ပတ်ရင်း အချိန်ကုန်နေကြတာဖြစ်သည်။

"အဲဒီ ခင်ချိုချိုချစ် ဆိုတဲ့ ကောင်မလေးကြောင့် မပြောချင်ဘဲ ပြောနေရတာပါ အမေရယ်၊ အလိုလိုကာမှ ကင်း က ခပ်ဆတ်ဆတ် လေးရယ် .. ရောက်လာမယ့် တစ်ယောက်က အကျင့်မကောင်းတာနဲ့ တော့ .."

"တွေ့လား ပြောရင်းနဲ့ သူများကို မှိုချိုးမျှစ်ချိုးပြောနေပြန်ပြီ .."

ဒေါ်ဖျိုဖျို ကိုယ့်ပါးစပ်ကို အချိန်မီ ဘရိတ်အုပ်ဖို့ကြိုးစားလိုက်ပေမယ့် အမှဲ့ဒေါ်သတ ပိုမြန်နေကာ ...

"ခုဘဝမှာတောင် ရတာမလို လိုတာမရလို့ အပျိုကြီးတွေဖြစ်နေကြရတာယ်၊ ဒီလိုအဖြစ်မျိုး သံသရာမပါအောင် မကြိုးစားဘူး၊ ထပ်ထပ် ကျူးလွန်ချင်တယ် ဟုတ်လား .."

"အမေရယ် .. ယောက်ျားတွေမှ ပေါလွန်းလို့ မလိုချင်လို့ မယူတာ များ .."

ပြောပြီးတော့ ဒေါ်ညို က အမေဖြစ်သူနဲ့ မျက်လုံးမဆုံအောင် မျက်လုံးတွေ ဟိုပို့ဒီပို့ ...။

"ဟွန်း ..."

ဒေါ်မြနှစ် ကလည်း 'ငါသိတယ်နော်' ဆိုသည့်အကြည့်တို့နှင့် ...။

"သားအမိချင်းတောင် အငိုတွေပြောနေသေးတယ်၊ ဟွန်း .. ဒီလို ဘဝမျိုးနဲ့ ပျော်မွေ့နေကြတယ်ဆိုတာ လောကုတ္တရာပါရမီအရှိန်နဲ့ လူဖြစ် လာကြတဲ့ သူတော်စင်တွေပဲရှိတယ်၊ ဘုရားရှင်တွေမှာတောင် လူပျို ဘုရားမရှိကြဘူးတဲ့ .. လောကီရဲ့ ကောင်းပြစ်ဆိုးပြစ်တွေကို သိမြင်ခံစားနိုင် ဖို့ လောကီအကြောင်းကို ကုန်စင်အောင် သိမြင်ရတယ် .."

"ဒါဆို ငယ်ဖြူသံဃာတွေကျတော့ရော .."

"ငါပြောနေတာ ဘုရားရှင်တွေနဲ့ လောကီလူသားတွေအကြောင်း



ပါအေ .. သံဃာ့ကိစ္စတွေမပါပါဘူး .. တကယ်ဆို ဒီလိုမမွကိစ္စ သံဃာ့ ကိစ္စတွေပြောရတာ အမှားမကင်းတဲ့အတွက် သိပ်အပြစ်ကြီးတာ၊ ညည်း တို့ မိုက်မဲနေလို့ ငါက အပြစ်ဖြစ်ခံပြီးပြောနေရတာ .."

"ဒါဆိုလည်း သမီးတို့လိမ္မာပါ့မယ် .. အမေလည်း မပြောပါနဲ့တော့"

"ဒါပေမယ့် အခုပဲ ဂုဏ်သတင်း အကြောင်း ဆက်ပြောကြဦးမှာ မို့လား .."

"မပြောလို့တော့ မရဘူး အမေ .. သမီးတို့မှာလည်း သားထောက် သမီးခံမရှိ ဆွေမျိုးမရှိရယ် .. သမီးတို့ ပိုင်ဆိုင်သမျှ အမေ ကြိုက်သလောက် လှူ .. သမီးတို့ သဘောကျပေးကမ်းလှူဒါန်းမယ်၊ ဒါပေမယ့် ဆွေမျိုး ညာတိကို ထောက်ပံ့တာလည်း မင်္ဂလာတစ်ပါးပဲမို့လား .."

"မှန်တာပေါ့အေ .."

"ဒါကြောင့် သတင်းတို့ လင်မယားကို လွှဲပြောင်းပေးခဲ့မှာတွေ လည်းရှိတော့ .."

"လွှဲချင်သလောက် လွှဲလိုက်ပေါ့အေ .. သူတို့လက်ထဲရောက်တဲ့ ပစ္စည်း သွန်သွန်ကျဲကျဲ သိတတ်ရင်လည်း အကျိုးရှိရှိသုံးကြမှေ့၊ ပေးဖို့ ကိစ္စ ဘာတွေလိုက်ပူပန်နေတာတုံး .."

"အမေရယ် ..."

"အောင်မယ်လေး .. အမေရယ်လို့ အစချီပြီး အငိုတွေပြောနေ စမ်းပါနဲ့၊ ညည်းမပြောခင်တည်းက ငါကြိုသိနေပါတယ်၊ ဘယ်လိုပဲ သုံးပစ်ပစ်လို့ ငါပြောနေတာ ကမ်းကုန်နေပြီလေ .. ညည်းတို့ကိုယ့်ပစ္စည်း ကို စိတ်မပြတ်ရင် မပေးကြနဲ့ .. ဒါပဲ .."

"အမေ့ ..."

"ဘာတုံး .."

ဒေါ်ညိုညို က ပြောမည်ပြင်ပြီးမှ မိသဲ ကို ကြည့်ကာ ...

"အမေ့အတွက် ခြည်ပါးတဘက်နဲ့ ကွေကာအုပ်သွားမျော်ခဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



"မဖျော်နဲ့ .. တဘက်ပဲယူခဲ့၊ ငါ ကိတ်ခြောက်တစ်ခုစားထားတယ်၊ တော်ကြာ အစာမကြေဖြစ်မှာစိုးလို့ .."

ပြောပြီး မေးဆက်ပြုကာ ..၊

"ဆက်ပြော ..."

"အမေ့ မြေးချွေးမလေးက အသက်သာသိပ်မငယ်ပေမယ့် စိတ်က ကလေးသာသာရယ် .."

"ကလေးဆန်တဲ့ ကောင်မလေးက အသိရှိတဲ့ပုံလေးပါ .."

"အမေဖြင့် မမြင်ဘူးဘဲနဲ့ အမေရယ် .."

"ဓာတ်ပုံတွေ ငါကြည့်ဖူးတယ်လေ .. ဖြူဖြူသွယ်သွယ် ချစ်စရာလေးပဲ၊ ပြီးတော့ အဲဒီလိုကလေးဆန်တဲ့ မျက်နှာမျိုးလေးတွေက .."

ဒေါ်မြနှစ် အသံ နည်းနည်းတိမ်သွားသည်။ ပြီးတော့ ဒီမှာတင်ရပ်သွားခဲ့ပြီး ..၊

"ဟိုအရင် ပြဿနာတွေက ပြီးသွားပြီမို့လား .."

"ပြီးပေမယ့် ပြဿနာကပဲပြီးတာ၊ သူ့စိတ်ထဲမှာ ပြီးချင်မှ ပြီးမှာလေ .."

"ဟုတ်တယ် .. အဲ့ဒီလိုကလေးဆန်တဲ့ အသံဟန်ပန်တွေနဲ့ မိန်းကလေးနှစ်ယောက်သုံးယောက် ငါတွေ့ဖူးတယ်၊ အသက်နဲ့ လိုက်ပြီး မပြောင်းလဲတဲ့ စကားသံနဲ့ မျက်နှာနုနုလေးတွေက သူတို့ရဲ့ စိတ်ခံစားမှု လွယ်တာကို ဖော်ပြနေတာပဲ၊ ဒီလိုလူတွေက အစွဲလမ်းကြီးတယ်၊ အပြောင်းအလဲမြန်တယ်၊ ခံစားရတဲ့တစ်ခုခုမှာ အစွန်းရောက်သွားတတ်ကြတယ် .."

ဒေါ်မြနှစ် က ဟိုအရင်တုန်းက စိတ်ကျန်းမာရေးဆေးရုံကြီးက သူနာပြုဆရာမကြီးဖြစ်သည်။ အကြောင်းတစ်ခုခုကြောင့် တာဝန်ပြီးဆုံးအောင် မထမ်းဆောင်နိုင်ခဲ့ပေမယ့် ဝါသနာကြီးခဲ့သူလည်းဖြစ်သည်။

"ပြောစမ်းပါဦး .. အခု အဲဒီပြဿနာအတွက် ဘာပူပန်စရာတွေ



ဖြစ်လာလို့လဲ .."

"ဟိုကောင်လေးနဲ့ ပြဿနာတက်အောင်မွှေခဲ့တာ အဲဒီ ခင်ချိုချိုချစ် ဆိုတဲ့ကောင်မလေးပဲလေ .."

"ဒါနဲ့ နိုင်ငံခြားပါသွားပြီဆို သူ့ယောကျ်ားက နိုင်ငံခြားကပြား ဆိုလား .."

"ဟုတ်တယ် အမေ .. ချမ်းသာလိုက်တာလည်းမပြောနဲ့၊ အဲ့ဒါပြီး သွားကြပြီမှတ်တာ၊ ကိုယ့်အိမ်ထောင်နဲ့ ကိုယ့်ဘာသာမနေဘူး၊ ကင်း ဆီလာပြီး ဘာဇယားလာရှုပ်ဦးမလဲ မသိပါဘူး .."

"သူငယ်ချင်းတွေပဲအေ .. အလည်ရိုးရိုးပဲလာတာဖြစ်မှာပေါ့ .."

မိသဲ တဘက်ယူလာတော့ ဒေါ်ပျိုပျို က ယူလိုက်ပြီး အမေကို သေချာခြုံပေးရင်း ..၊

"တဘက်က အမြဲပတ်ထားပါ အမေရယ် .. အအေးကလည်းကြိုက် ပါ့ .."

ဒေါ်မြနှစ် က သူမ ပြောတာကို စိတ်မဝင်စားပေ ..။

"အဲဒါတွေက ညည်းတို့အတွက် ဘာတွေပူပန်စရာဖြစ်လို့ သွားကြ လာကြဖို့ထိ စိတ်ကူးနေကြတာတုန်း .."

"ချိုချစ်က ကင်း ဆီမှာ ဘယ်နှစ်ရက်နေမယ်မသိဘူးလေ .. အဲဒါ အမေ့မြေးက ဖုန်းလှမ်းဆက်တာပဲ၊ သူ့မိန်းမနဲ့ လာနေပေးပါတဲ့၊ သူက စင်ကာပူကိုအလုပ်ကိစ္စသွားရမှာတဲ့ .."

"ဘာအလုပ်လဲ .. သူက အင်ဂျင်နီယာမလုပ်ဘူးမို့လား .. ကိုယ့် စီးပွားနဲ့ကိုယ် နောက်ကြောင်းမအေးရရင် မသွားနဲ့ပေါ့၊ ခိုင်းစရာ လူယုံ တွေ ရှိတာပဲ .."

"ဒါပေမယ့် ကိုယ်တိုင်သွားမှဖြစ်တဲ့ကိစ္စတွေရှိတာကိုး အမေရဲ့၊ သမီးတို့က ငယ်သူငယ်ချင်းနှစ်ယောက်ပေါင်းမိပြီး ဟိုတုန်းကလို ရှုပ်ရှုပ် ပွေပွေတွေလုပ်ကြမှာစိုးရိမ်တာ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပနော် .. ဒီကောင်မလေးကလည်း သတင်း ခရီးသွားရမှာ သိလို့များ မရှိတဲ့အချိန် တမင်လာတာလားမသိဘူး .."

"ဘာပဲဖြစ်ဖြစ် ငါတို့က မီအောင်သွားနိုင်ရင်တော့ ကိစ္စမရှိဘူး.."

"မသွားနိုင်ရအောင် ညည်းတို့ကရော ဘယ်နိုင်ငံအစည်းအဝေး တက်ရမှာမို့လို့တုန်း .."

"သမီးက ဈေးချိုထဲက ရွှေဆိုင်နှစ်ခန်းတွဲကို လွှဲပြောင်းယူဖို့ လာမယ့် အပတ်ထဲမှာ စာချုပ်ချုပ်ရမှာ .."

"ဘာ .."

"သမီးကလည်း ဟိုတယ်ကိစ္စ .."

"တော်ကြ .. တိတ်ကြစမ်း .."

ဒေါ်မြနှစ် ဒေါသတကြီးထဖြစ်တော့ ညီအစ်မနှစ်ယောက်စလုံး မျက်လုံးပြူးကုန်၏။

"ငါ ဒီလောက်ပြောနေတာတောင် ဘာလို့ ဒီလောက်ဥစ္စာခြောက် နေကြတာလဲ .. ငါ့မှာ ညည်းတို့အေးအေးစားသုံးသွားနိုင်အောင်တော့ ရှိပါသေးတယ် .."

"သိပါတယ် အမေရယ် .."

"မသိလို့ပဲ အိမ်တွေခြံတွေ လျှောက်ဝယ်ပြီး ပိုက်ဆံတွေ ဖုံးကြနေ တာ၊ အခု ရွှေဆိုင်တွေ ဟိုတယ်လ်တွေပါလာပြီ .."

"အမေကလည်း အမေရယ် .. ကိုယ့်မှာ ဆက်ခံမယ့်သူမရှိတာနဲ့ပဲ စီးပွားမရှာရတော့ဘူးလား .. သူများတွေဆို စီးပွားရှာရင်း ရှုံးကြကုန်ကြ နဲ့ .. သမီးတို့က တိုးချဲ့သလောက် အဆင်ပြေနေတာလေ .."

"ဟုတ်ပါတယ် အမေရယ် .. သမီးတို့မှာလည်း အလုပ်တွေနဲ့ပဲ အချိန်ဖြုန်းစရာရှိတာလေ .."

ဒီလိုပြောတော့ ဒေါ်မြနှစ် သမီးတွေအတွက် ရင်နင့်ရပြန်သည်။ ကိုယ့်ဘာသာ အိမ်ထောင်မပြုကြဘဲ အစ်ကိုဖြစ်သူ မွေးခဲ့သည့်သားကိုပဲ



မျှော်လင့်ခဲ့ကြ၏။

ဒါပေမယ့် ဆွေမျိုးချင်းထက် သူစိမ်းတွေကို ပိုယုံကြည်ခဲ့သော အစ်ကို့ကို မာနစိတ်နဲ့ ကင်းအောင် နေခဲ့သေးသည်။ ခုထပ်ပြီး ဒီကလေး အိမ်ထောင်ကျပြန်တော့ ကလေးရလာရင် သူမတို့အတွက်လို့ မျှော်လင့် လာကြပြန်၏။

ဖြစ်လာတာ မလာတာထက် တစ်ခုတော့သတိထား အမြင်မတော် တိုင်းဝင်မပြောနဲ့၊ မာယာတင်း က ဘယ်လိုမိန်းကလေးပဲဖြစ်နေနေ သတင်း က သူ့ဇနီးမယားကို အလိုလိုက်နေရင် ဆုံးမစကားဆိုပြီးလည်း နေရာတကာ မပြောရဘူး .."

"ဟုတ်ကဲ့ပါ .."

"အေး .. အပျိုကြီးတွေ ပစ်ပစ်နိုင်တယ်ဆိုပြီး နောက်တစ်ခါ ကိုယ့်ကို အိမ်ဝမှာ လှမ်းမြင်လိုက်တာနဲ့ တံခါးပြေးပိတ်ချင်အောင် လုပ် မလာပါနဲ့ .."

"အံမယ် .. အမေကလည်း .."

"အမေက မလည်းနဲ့ ညည်းတို့ချမ်းသာသလို ဟိုကလည်းဆင်းရဲ နေတာမဟုတ်ဘူး၊ သတင်းရဲ့ မိဘတွေက အမွေတွေလုပ်ငန်းတွေ ပြည့် ပြည့်စုံစုံ ကျန်ခဲ့သလို ကင်း ကလည်း သူဌေးသမီးပဲ၊ ညည်းတို့ရဲ့ ဝစ္စည်း ကို မက်မောပြီး စိတ်ကပါဝါ မပါဝါ ပြုံးရယ်လက်ခံနေမယ့် လူတွေ မဟုတ်ဘူး .."

ဒီတစ်ခါ ဘယ်သူ့ဆီကမှ အသံထွက်မလာတော့ဘဲ တိတ်နေကာ မှ ..၊

"ကလေးတွေက ခေါ်နေတာဆိုရင်တော့ အချိန်မီအောင်သွားလိုက် ပါ .."

"ကလေးတွေ မဟုတ်ဘူး အမေ၊ သတင်း က ဖုန်းဆက်တာ၊ သူ့မိန်းမကိုလည်း မပြောချင်တဲ့ပုံပဲ .. ဒါပေမယ့် ဟိုကောင်မလေး လာ

www.burmeseclassic.com

www.burmeseclassic.com



နေမှာကိုလည်း မကြိုက်တာသိသာတယ်၊ ကင်း က သွေးအားနည်းတဲ့ ရောဂါအခံရှိတယ်လေ .. ပြီးတော့ ရုတ်တရက်ရှော့ခ်ရခဲ့တုန်းက ကယောင်ခြောက်ချားဖြစ်သွားခဲ့ဖူးတာလည်းရှိတော့ ချို့ချစ် နဲ့ ပြန်တွေ့ရင် အဲ့ဒီကိစ္စတွေကြောင့် ပြဿနာရှိလာနိုင်တာကိုး .."

"သူလည်း အိမ်ထောင်သည်ဖြစ်နေပြီပဲအေ .. ဟိုတုန်းကလို ရှုပ်ရှုပ်ပွေပွေလုပ်မှာမဟုတ်တော့ပါဘူး၊ ဘာပဲဖြစ်ဖြစ် အချိန်မီသွားလိုက်ပေါ့ .."

အမေ့ကို ခေါင်းညိတ်လိုက်ပေမယ့် အလုပ်ကိစ္စတွေကို တွေးကြည့်တော့ အဲ့ဒီရက်ပိုင်းမှာပဲ ရှုပ်ယှက်ခတ်နေတာ ဘယ်လိုလုပ်ရမှန်းမသိ..။

ဘယ်သူကျန်ခဲ့ပြီး ဘယ်သူသွားမလဲဆိုတာ ညီအစ်မနှစ်ယောက် မျက်လုံးချင်းတိုင်ပင်ရင်း ...၊



## အခန်း (၃)

အိပ်ရာကနိုးတာနှင့် မျက်လုံးမပွင့်သေးခင် လက်က ကိုကို့ဘက်ကို ရောက်သွားခဲ့ပြီး ...၊

"ကိုကို ..."

ကိုကို ထသွားပြီမှန်းသိလိုက်တော့ နာရီကိုလှမ်းကြည့်မိသည်။ မနက်ခြောက်နာရီတောင်မထိုးသေး ...။ ထိုစဉ် တံခါးဖွင့်သံကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်မိလျှင် သတင်းက ရုပ်လက်ရှည်အဖြူကို လက်ဖျားလေးလှန်ရုံ ခေါက်တင်ထားကာ ချည်ပုဆိုးရေညှိစိမ်းရောင်ကွက်စိပ်လေးနှင့် ...။

ကင်း သိလိုက်သည်။ ကိုကို ကုမ္ပဏီသွားဖို့အတွက်ပါ အဆင်သင့်ဖြစ်နေပြီပဲ ...။

"ညီမလေး မထသေးဘူးလား .."

သတင်း က အဲ်ရကွန်းအရှိန်လျှော့နေရင်း လှည့်မကြည့်ဘဲမေးကာ..၊

"ဟိုတ် ..."

ကိုယ်ပေါ်က စောင်ကို လည်ပင်းထိဆွဲခြုံလိုက်ရင်း ပြန်အိပ်မလို့

www.burmeseclassic.com



မျက်လုံးမှိတ်လိုက်တော့ သတင်း က အနားရောက်လာပြီး စောင်ကို ပြန်ဆွဲချ၏။

"မိုးလင်းနေပြီ ထတော့ .."

"ဟင့်အင်း .. ကိုကိုက နေ့တိုင်းပဲ .. မထချင်ဘူး .."

"ဘာလဲ .. သူများကြားရင် ကိုကို့ကို တစ်မျိုးထင်ကုန်တော့မှာပဲ.."

ကင်း မျက်လုံးလေးတွေ ပွင့်လာကာ ..၊

"ကိုကိုနဲ့ လက်ထပ်ပြီးတည်းက ကင်း ဘယ်မှာနေမြင့်အောင် အိပ်ရလို့လဲ .."

"ခြောက်နာရီထိုးမှ နိုးတာ စောနေသေးလို့လား .."

"ဖယ်ပါ ကိုကိုရာ .. ကင်း အမြဲတမ်းရှစ်နာရီထိ အိပ်နေကျ .."

"ကိုကိုနဲ့ လက်ထပ်ပြီးတည်းက ဒီလိုစောစောထနေကျပဲလေ၊ ဘာလို့ ဒီနေ့မှ .."

"ဒီနေ့မနက်မိုးလင်းကစပြီး မထတော့ဘူး .."

ပြောပြီး စောင်ကို အတင်းပြန်ဆွဲသည်။ သတင်း က သူ့မလက်လေးတွေကိုပါ ဖမ်းကိုင်ထားလိုက်ပြီး ..၊

"မရဘူး ထ .. ကိုကို ဘရေ့ဖက်(စ်)လုပ်ပြီးပြီ .."

"အဲဒီ ဘရေ့ဖက်(စ်)ကြီးလည်း စောစောစီးစီးမစားတတ်ဘဲ စားနေရတာ စိတ်ညစ်လှပြီ .."

"ပြောပါဦး .. ဒီမနက်မှ ဘာဖြစ်လို့ စုပြုံပြီး စိတ်ညစ်နေတာလဲ ဆိုတာ .."

မေးပြီး မွေ့ရာပေါ်မှာ တင်ပါးလွှဲဝင်ထိုင်လိုက်သည်။ ပြီးတော့ စောင်ကို ထပ်ဆွဲယူလိုက်ပြီး ခြေရင်းရောက်အောင်ပစ်လိုက်၏။

စကားရောဖောရောနှင့် ဆက်အိပ်လို့မရအောင်လုပ်တာမှန်း သိသောကြောင့် ကင်း က ခေါင်းအုံးပေါ်တိုးတက်လိုက်ပြီး ..၊

"ကင်း က ကိုကို့မိန်းမ မဟုတ်ဘူးလား .."



"ဟုတ်တယ်လေ .."

"လက်ထပ်ခဲ့တုန်းကရော မနေ့ကထိ ကိုကို အဲ့ပိုသဘောထားခဲ့လား .."

သတင်း မျက်မှောင်ကုတ်သွားသည်။ ကင်း က သူ့မျက်နှာကို စိုက်ကြည့်နေပြီး မကျေနပ်ချက်တွေ တရစ်ရစ်တက်လာနေသည့် မျက်ဝန်းလေးတွေက လက်တောက်နေ၏။

ခဏကြာတဲ့အထိ သတင်း က ပြန်မဖြေလျှင် ဆောင့်ခနဲထထိုင်လိုက်ကာ မွေ့ရာကဆင်းသည်။

"ဟိတ် ..."

"မသိဘူး .. ဘာမှမဟုတ်တော့ဘူး .. လွှတ် .."

"ကိုကို သိပြီ .."

"သိသိ မသိသိ .."

သတင်း က ရယ်ပြီး ကင်း ကိုယ်လေးကို ဖက်ထားလိုက်ကာ ..၊

"ကိုကိုတို့ ညကမှ အကြင်လင်မယားဖြစ်ခဲ့ကြတာ၊ ဟုတ်တယ်.. အဲဒါနဲ့ပတ်သက်ပြီး မိုးလင်းအောင် အိပ်ချင်တာ ဘာဖြစ်စီလို့လဲ .."

"ကိုကို ..."

ကင်း က ဆံပင်တွေ နွံ့ခနဲခါသွားတဲ့အထိ သူ့ကိုလှည့်ကြည့်၏။ ပြီးတော့ နောက်ကနေ သိမ်းဖက်ထားသည့် သတင်း ရဲ့ လက်တွေကို အတင်းဖယ်ချရှန်းကာ ..၊

"အဲဒီလိုပြောတာတောင်မှ အခွင့်အရေးပေးရမှန်းမသိဘူးဆိုရင် ကိုကို ကင်း ကို တကယ်ချစ်တာမဟုတ်လို့ .."

"ဘယ်လို .. ဘယ်လို .."

"ဟုတ်တယ် .. ပြောတော့ ကိုကို့အချစ်တွေပြောင်းလဲနေပြီတဲ့ .."

"ဟုတ်တယ်လေ .. မင်းကို ရင်ခုန်နေလို့ .."

"မဟုတ်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. ကိုကို နားလည်အောင်ပြောပါ ညီမလေးရာ .."

"ဟင့်အင်း .. ညီမလေး ခေါ်နေတာလည်း မကြိုက်ဘူး .."

"အဲ့ဒါ မကြိုက်ဘူးဆိုရင် ခုကစပြီး မခေါ်တော့ဘူး .."

"အကြီးမားဆုံးက ကိုကို ဂင်း ကို အလိုမလိုက်နိုင်တာပဲ .."

"အလိုလိုက်လွန်းလို့ ခက်နေတာ မင်းသိလား .. မင်းကို မခိုင်းရက် မပြောရက်လို့ ဒီနေ့ထိ ကိုကိုပဲ မီးဖိုထဲဝင်ခဲ့တာ၊ ကိုယ့်စိတ်နဲ့ ဘယ်လိုမှ အဆင်မပြေနိုင်တာတွေလည်း မင်းအတွက် ကိုကို လိုက်လျောခဲ့တာပဲ.."

ဂင်း ငိုင်သွားမိသည်။ ဖြူဖြူ ရှိပေမယ့် မနက်ရှစ်နာရီထိုးမှလာသည်။ ညနေလေးနာရီခွဲတာနဲ့ ပြန်သွားတတ်၏။ ကိုကိုပဲ မနက်စောစောထ ဘုရားဆွမ်းတော်ကပ်ပြီး ဘရေ့ဖက်(စ်)အတွက် ပြင်ဆင်ရသည်။

ညနေ ပြန်လာတော့ ဟင်းတွေပြန်နွှေး ထမင်းပိုင်းအတွက် ပြင်ဆင်တာလည်း ကိုကို ..။

"ပြောလေ .. ကိုကို ဂရုမစိုက်တာ ဘာရှိခဲ့သလဲ .."

"ကိုကို့ .."

"အင်း .. ပြော .. မကျေနပ်ချက်ဆိုတာ မျိုသိပ်မထားရဘူး၊ တစ်ယောက်အပေါ်တစ်ယောက် မရိုးသားခြင်းဆိုတာ အဲဒီက စတာပဲ၊ ပြောရရင် အဲဒါကို သံသယလို့လည်းခေါ်တယ် .."

"မဖြူ က ပြောတယ် .."

"မဖြူ ..."

နာမည်လိုက်ခေါ်ရင်း သတင်း မျက်မှောင်ကုတ်သွားတော့ မဖြူ အတွက် ကာကွယ်ဖို့ လိုသလားလို့တွေးမိသေးသည်။ ဒါပေမယ့် မပြောဘဲလည်း မနေနိုင် ..။

"မဖြူ ကလေ .. သူ့မှာ အိမ်ထောင်ရှိဖူးတယ်၊ ကလေးလည်းရှိဖူးတယ်တဲ့ .."

"ကိုယ် သိပါတယ် .."



"သူက ယောကျ်ားနှစ်ယောက်တောင် ကိုကိုရဲ့ .."

"ဟင်!..."

နောက်တစ်ခါ သတင်း မျက်နှာတင်သွားတာ သိသာစွာဖြစ်၏။

"သူက ဘာတွေပြောသွားတာလဲ .."

"သူက သူ့အကြောင်းပဲပြောပြတာပါ၊ ဂင်း က ပျင်းလို့ စကားပြောဖြစ်ရင်းနဲ့ သူ့ရဲ့ အရင်အိမ်ထောင်က သိပ်အလိုလိုက်တာတဲ့၊ မင်္ဂလာဦးညမှာဆို အရမ်းရင်ခုန်စရာကောင်းတာပဲတဲ့၊ မိုးလင်းတော့လည်း အပြင်မထွက်နဲ့ဦးဆိုပြီး သူ့ယောကျ်ားက သူ့ရင်ခွင်ထဲထည့်ထားပြီး စကားတွေပြောနေကြတာ နေမြင့်လို့ သူများတွေ တံခါးလာထုမှ ထွက်ဖြစ်တယ်တဲ့ .."

ဂင်း က မျက်နှာလေးငုံ့သွားကာ ..၊

"ကိုကို့ကျတော့ ဂင်း ကို အပြင်မထွက်နဲ့ဦးလို့ မပြောတဲ့အပြင်၊ ဘယ်တုန်းက ထထွက်သွားမှန်းလည်းမသိဘူး၊ ပြီးတော့လည်း အတင်း လာနှိုးထုတ်တယ် .."

"ဂင်း ..."

သတင်း က ဂင်း ရဲ့ ကိုယ်လေးကို ခါးလေးကနေ တင်းခနဲ ဖက်ထားလိုက်ကာ ဆံပင်တွေ ဖြန့်ခင်းနေသည့် လည်တိုင်ကြားမှာ မျက်နှာ တိုးဝှေ့ရင်း ..၊

"သူတို့အိမ်ထောင်ရေး ဘယ်လောက်ကြာအောင် မြဲခဲ့သလဲ မေးမကြည့်ဘူးလား .."

"သုံးလပဲကြာတယ်တဲ့ .. လူကြီးချင်း မသင့်မြတ်ကြလို့ ကွဲခဲ့ကြတာတဲ့ .."

"ကိုကိုဆို မင်းကို ဘာကြောင့်မှ အကွဲခံမှာမဟုတ်ဘူး .."

ဂင်း ဖျတ်ခနဲလှည့်လိုက်တော့ သူမ နှုတ်ခမ်းထောင့်စွန်းလေးကို သတင်း က နမ်းလိုက်သလို ထိကပ်သွားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ ကင်း က ပခုံးလေးကျုံ့သွားရင်း ...

"ကင်း မယုံပါဘူး .."

"ဘာဖြစ်လို့ မယုံတာလဲ .."

"မင်းကို အရမ်းချစ်လို့ပေါ့ ညီမလေးရာ .. ညီမလေးလိုရော ချစ်သူလိုရော ကိုကို့ဘဝအတွက် ရိုးမြေကျလက်တွဲသွားမယ့် ဇနီးလေးလိုရော .."

"ဒါဖြင့် ဖေဖေက လက်ထပ်မပေးခဲ့ရင်ရော .. ကင်း ကို ဖေဖေ စကားကြောင့် လက်ထပ်ခဲ့တာမဟုတ်ဘူးလား .."

"ကိုယ့်ညီမလေးလို ရုပ်တည်ကြီးနဲ့ ဖိုက်ထိန်းလာပြီး လက်ထပ်ပါရစေလို့ ကိုကိုက ဘယ်လိုစပြောရမလဲ .."

"ဖေဖေက တခြားလူနဲ့ လက်ထပ်ပေးခဲ့ရင်ရော .."

"ဘယ်သူ့ကိုလဲ .."

"ဘယ်သူ့ကိုဖြစ်ဖြစ် .."

"ကိုကို့ကို လက်ထပ်ပေးရင်တော့ ကိုကိုက ငြင်းဖို့ပြင်ဆင်ပြီးသားပါ .."

ဒါကိုလည်း ကင်း ရဲ့မျက်ဝန်းမှာ သံသယတွေဝေ့လည်နေဆဲ ...။

"ပြောပါဦး .. မင်းကို တခြားတစ်ယောက်နဲ့ လက်ထပ်ပေးရင်ရော .."

"ကင်း က ကိုကို့ကို မေးနေတာလေ .."

"ဒါပေမယ့် ကိုယ့်အပိုင်းကိုယ်ဖြေသင့်တာ မဟုတ်ဘူးလား .. ကိုကိုက အစ်ကိုလိုနေခဲ့ရတယ်၊ မင်းကလည်း အစ်ကိုလိုပဲ သဘောထားပါတယ်ဆိုရင် ချစ်နေမိပါပြီလို့ ပြောမိတဲ့ကိုယ့်ကို ဖေဖေက ဘယ်လိုမြင်သွားမလဲ .. ကိုကိုတို့ အခြေအနေကြီးက လူကြီးအားကိုးနဲ့မှ အဆင်ပြေမှာမို့လို့ ချစ်နေမိတာ ကိုယ့်ကိုယ်ကိုယ် သိနေပေမယ့် ရှေ့နှုတ်ပိတ်ပြီး 'ဘုရား' 'တ' နေရတာလေ .."



"ဒါပေမယ့် ချစ်နေမှန်းသိအောင် ကိုကို့ဘက်က တစ်နည်းနည်းနဲ့ ပြလို့ရတာပဲ .."

"နည်းမျိုးစုံနဲ့ ပြနေတာတောင် ခင်ဗျားက မသိကျိုးကျွံပြုခဲ့တာလေ၊ သေချာစဉ်းစားပါဦး .. ကျောင်းထဲထိလာလာရှုံးနေတဲ့ ဆေးကျောင်းသား .."

"မိုး ကို ပြောတာလား .."

"ဟာ .. မဟုတ်ပါဘူး၊ မြတ်ကောင်းစံ ဆိုတဲ့တစ်ယောက်၊ အဲ့ဒီ ချာတိတ်ချောချောလေးနဲ့ ပါတော့မလို ဒီကောင်က လူကြမ်းကြီးဝင်လုပ်ခဲ့ရတာ .."

ဒါကျတော့ ကင်း မလုံမလဲလေးရယ်သည်။ မြတ်ကောင်းစံ က တော်တော်ချောသည်မို့ ချိုချစ် ကလည်း လည်သည်။ စကားအပြော ကောင်းကောင်းနှင့် သူမတို့ကြိုက်နေကြပြီလို့တောင် သူငယ်ချင်းတွေက ထင်ခဲ့ကြ၏။

"ကင်း က သဘောကျလို့ပါ .."

"ဘာ ..."

"မဟုတ်ဘူး .. ကြိုက်တာပြောတာမဟုတ်ပါဘူး၊ သူက အရင်း အလိုက်သိပြီး မိန်းကလေးတွေ စိတ်ဝင်စားအောင်လည်း ကျပြာခန် တယ် .."

"တော်ပြီ .. တော်ပြီ မပြောနဲ့တော့ .."

ဟင်!...

ကင်း က သူ့မျက်နှာကိုမြင်ရအောင် မျက်နှာလေးတိမ်းမော့ကြည့်သည်။ သတင်း က စိတ်မရှည်တော့ဘဲ ထိုမျက်နှာလေးကို အငမ်းမရ နမ်းပစ်လိုက်ကာ ...၊

"မျက်နှာလည်း မသစ်ရသေးဘူးကွာ .. ညစ်ပတ် .."

"ကိုကိုက ရွံလို့လား .."

www.burmeseclassic.com

www.burmeseclassic.com



"အင်း ..."

"ဘာ ...."

"အဲ့လိုဘယ်ပြောမလဲကွ .. ရှိတယ်ဆို မနမ်းရဘဲနေမှာပေါ့ .."

ကင်း က ကိုကို့ ရင်ခွင်ထဲ မှီထားလိုက်ရင်း ရယ်ကာ ...။

"ကင်း ကိုကို့ကိုပဲ ချစ်ခဲ့တာ .."

"တော်သေးတာပေါ့ .. စောစောရှိုးမိတဲ့ပုဒ်မကို လျှောက်လဲချက်ကောင်းကောင်းပေးနိုင်လို့ .."

"ဟင့်အင်း .. အဲဒါကိုတော့ မကျေနပ်သေးပါဘူး .."

"ကဲ ..."

"ကင်း က အိပ်ရာနိုးလာရင် ကိုကို့ ရင်ခွင်ထဲမှာပဲ ရှိနေဦးမယ် မှတ်နေတာ .."

"အိပ်ရာနိုးတင် ဘယ်ကမလဲ .. ကိုကို ဘယ်သွားသွား ဘာလုပ်နေနေ ကိုကို့ ညီမလေးရဲ့ စိတ်နဲ့ချည်းပဲ .."

"ကိုကို ..."

"ဟင် ..."

"အခု ရိုးသွားပြီလားဟင် .."

"ဘယ်လို .."

"မဖြူ က ပြောတယ်သိလား .."

မဖြူ နာမည်ပါလာတာနှင့် သတင်း မျက်နှာပျက်လေသည်။ ကင်း က မသိ ...။

"သူ့ရဲ့ နောက်ထပ်အိမ်ထောင်ကျတော့ မညားခင်တုန်းက အရမ်းချစ်ကြတာပဲတဲ့၊ ညားလည်းပြီးရော သူတို့လိုချင်တာရသွားတာနဲ့ လှည့်တောင်မကြည့်ချင်တော့ဘူးတဲ့ .."

"တော်ပါကွာ .. ကျွတ် .. ဒီအမျိုးသမီးကတော့ .."

"မဖြူ နဲ့ စကားပြောရတာ အပျင်းပြေပါတယ် ကိုကိုရယ်၊ သူက



သိတာတွေအများကြီးပဲ၊ ကင်း လည်း သူပြောပြလို့သိရတာ၊ နောက်ပြီး ကင်း နဲ့ ကိုကို မင်္ဂလာဦးည .."

"ကင်း ..."

ဆက်ပြီး နားမထောင်နိုင်တော့သဖြင့် ကင်း ရဲ့ ပခုံးလေးနှစ်ဖက်ကို ဆွဲလှည့်ယူလိုက်ပြီး ...။

"အဲ့လို အယုတ္တအနတ္တတွေ နောက်ထပ် ဘယ်တော့မှ နားမထောင်နဲ့ .."

သူ့ဒေါသကြောင့် ကင်း မျက်နှာလေး အံ့သြသင့်သလို ငေးသွားခဲ့လျှင် ...။

"ဟင်း ..."

သူပဲ သက်ပြင်းချလိုက်မိကာ ...။

"ကိုကိုတို့က သွေးဆူတုန်း ခဏသာယာခဲ့တာမဟုတ်ဘူး၊ တကယ်ချစ်ခင်မြတ်နိုးကြလို့ ပေါင်းဖက်လက်ထပ်ခဲ့တာ .. ဟိုအရင်တုန်းကရော ခုရော နောက်ဘယ်အချိန်ဖြစ်ဖြစ် ဘာမှပြောင်းလဲယုတ်လျော့သွားဖို့ မရှိဘူး .."

"အဟွန်း .."

ကင်း မျက်နှာလေးကြည်သွားသည်။ ပြီးတော့ သူ့ရင်ခွင်ထဲတိုးဝင်လာကာ ခါးကို ဖက်ထားလိုက်ပြီး ...။

"ကိုကို့ကို ချစ်တယ် .."

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

"အစ်ကိုလေး .. ထမင်းစားပြန်လာတာလားဟင် .. ကျွန်မ ထမင်းပွဲ ပြင်ပေးရမလား .."

သူ ကားရပ်လိုက်တည်းက ဧည့်ခန်းကနေ လှမ်းမြင်ကာ ဖြူဖြူ က အပြေးတစ်ပိုင်းထွက်လာပြီးမေးသည်။

သတင်း က ခေါင်းခါလိုက်ပြီး ဆိုဖာမှာ ဝင်ထိုင်လိုက်သည်။

ပြီးတော့ ကားသော့ကို ရှေ့မှာချထားလိုက်ပြီး ..၊

"ကင်း အိပ်နေပြီလား .."

"အိပ်ပြီထင်တယ် .. အစ်ကိုလေးနဲ့ ဖုန်းပြောပြီး အခန်းထဲတန်း ဝင်သွားတာ .."

ဖြူဖြူ က နာမည်နဲ့လိုက်အောင် အသားက ဖြူဖွေးနေကာ ခပ်ပုပု ကိုယ်လုံးလှလှဖြစ်သည်။ သူနဲ့ဆိုလည်း အသက်ချင်း မတိမ်းမယိမ်း လောက်ရှိကာ မျက်လုံးမျက်ဖန်ကောင်းသမယ့် ဝက်ခြံဖုတွေပေါ်လွင် နေခြင်းကြောင့် ရင့်ရော်ပုံပေါက်နေ၏။

ရှေ့သွားတွေ အနည်းငယ်ကြီးကာ ရယ်နေလျှင် သဘောကောင်း



မည့်ပုံလည်းရှိ၏။ သို့သော် စကားအလွန်များသူဖြစ်နေခဲ့လျက် ..၊

"ကင်းလေး မအိပ်ခင်ကပဲ အစ်ကိုလေး အကြောင်းပြောနေသေး တယ် .."

"ဒီမှာ မဖြူ .."

"ရှင် ..."

"အခု .. ဘာလုပ်စရာရှိသေးလဲ .."

"မ .. မရှိပါဘူး .. လျှော်စရာအဝတ်လည်း နည်းနည်းပဲရှိတယ်၊ ဘာဖြစ်လို့လဲဟင် .. ကျွန်မ ဘာလုပ်ပေးရမလဲ .."

"ခင်ဗျား အခု ဘယ်သူနဲ့နေသလဲ .."

"အစ်ကိုကြီးနဲ့ နေတာပါ .."

"သူက ဘာလုပ်တာလဲ .."

"ဒီလိုပဲ ကြုံရာကျပန်း .."

"ခင်ဗျားကရော ဒီအလုပ်အပြင် ဘာလုပ်တတ်သေးလဲ .."

"အဟွန်း .. ကျွန်မက အိမ်ဖော်မျိုးရိုးမဟုတ်ပါဘူး၊ မိဘတွေက လည်း ကျွန်မ အပျိုပေါက်လောက်မှာဆုံး .."

"ကျွန်တော်မေးတာကိုပဲဖြေပါ .. ခင်ဗျား ဒီအလုပ်မရှိရင် အဲ .. ဆောရီး .."

သူ တောင်းပန်သလို လက်ကာလိုက်မိရင်း ..၊

"တခြား ဘယ်အိမ်မှာ လုပ်ဖူးခဲ့လဲလို့ .."

"မလုပ်ဘူးခဲ့ပါဘူး အစ်ကိုလေးရယ် .. ဒီမှာ ပထမဆုံးပါပဲ .."

"အစက ဘာလုပ်နဲ့လဲ .."

ဖြူဖြူ က တစ်ခုမေးလိုက်တိုင်း သတင်း ဘာသိချင်လို့မေးနေတာ လဲဆိုတာကို စဉ်းစားနေပုံရှိကာ မေးခွန်းတွေဘိုးလာလေ ဝိုင်ကြောင်တော်ဖင် စားလေဖြစ်နေခဲ့လျက် ..၊

"ဈေးရောင်းပါတယ် .. ကျွန်မ ရန်ကုန် တောပိုင်းမှာနေတာလေ ရွာမှာတော့ လုပ်စားတတ်တယ် .. ဒီရောက် ကာမှ .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မလုပ်တတ်တော့ဘူးပေါ့ .."

"ဈေးရောင်းတတ်ပါတယ် .. ဒါပေမယ့် အရင်းအနှီးလိုတယ်လေ .. ကျွန်မမှာ .."

"ခင်ဗျားကို သုံးလစာထုတ်ပေးလိုက်မယ် .."

"ရှင် ..."

"ခင်ဗျား ဒီမှာ အလုပ်လာတောင်းတာနော် .."

"ဟုတ်ပါတယ် .. ဒီလမ်းထိပ် ဖုန်းဆိုင်က ကြီးကြီးဒေါ်သောင်းက ပြောပေးမယ်ဆိုပြီး ခေါ်လာတာပါ .."

"ပြောချင်တာက ကျွန်တော်တို့ စာချုပ်စာတမ်းလည်းမရှိဘူး၊ ဘာကတိမှလည်းမရှိခဲ့ဘူး .. နောက်ပြီး လစာနဲ့ပေမယ့် ခင်ဗျားက ဒေးလီးလုပ်တဲ့သူ .."

ဖြူဖြူ က သွက်သွက်လက်လက် ခေါင်းညိတ်၏။ လစာသုံးလစာ ဆိုတည်းက လိုရင်းကို အမြန်သိချင်နေသည့်စိတ်ကို ထိန်းရခက်နေသည့်ပုံ ..။

"အဲ့ဒီတော့ သုံးလစာပေးမယ်ဆိုတာက ဒီမှာ အလုပ်လုပ်နေတဲ့သူမို့ ကရုဏာကြေးလို့ သဘောထားလိုက်၊ ခင်ဗျား ရောင်းဝယ်စားဖို့ နောက်ထပ် တစ်သိန်းထပ်ပေးမယ် .."

"အဲဒါ .. အဲဒါအတွက် ကျွန်မ ဘာလုပ်ပေးရမှာလဲဟင် .. ဘာပဲဖြစ်ဖြစ်လုပ်ပါ့မယ် .. ကျေးဇူးတင်လိုက်တာ အစ်ကိုလေးရယ်၊ အစ်ကိုလေး ကျေးဇူးကို .."

"ရပြီ ခင်ဗျားလုပ်ရမှာက ဒီကို နောက်ထပ်ဘယ်တော့မှ ပြန်လှည့်မလာဖို့ပဲ .. ကျွန်တော်တို့လင်မယားကို လမ်းမှာတွေ့ရင်တောင် နှုတ်မဆက်နဲ့ .."

"ဟင် ..."

ဒါကျတော့ မျက်နှာပျက်သွားခဲ့လျှင် ..။

"ကျ .. ကျွန်မ ဘာများလုပ်မိလို့ .."



သတင်း နေရာမှထရင်း လက်ကာလိုက်သောကြောင့် ဖြူဖြူ စကားသံတိတ်သွားသည်။ အထပ်စင်အပေါ်က ပစ္စည်းတစ်ခုကို ဆွဲယူလာပြီး ပြန်ကိုင်ကာ ..။

"ဒီမှာ ပိုက်ဆံ .. ခင်ဗျား ဒီမှာလက်မှတ်ထိုး .."

ဟင် ..။

"ပူမနေနဲ့ .. ခင်ဗျား စာဖတ်တတ်တယ်မို့လား .. ဒါက ငွေချေးတဲ့စာချုပ်ပဲ ဘာချည်နှောင်မှုမှမပါဘူး .."

ပိုက်ဆံတွေ အုပ်လိုက်အထပ်လိုက်နှင့် စာချုပ်ကို သူမရှေ့တိုးပေးလိုက်လျှင် ..။

"ကျွန်မက ဒါတွေကိုပြန်ဆပ် .."

"ခင်ဗျား ကျွန်တော်တို့ရှေ့ မျက်နှာ လာမပြမချင်း ပြန်ဆပ်ဖို့ မလိုဘူး.."

"ဟင် ..."

"ဆိုလိုတာက ဒါက ငွေရှင်၊ ပိုက်ဆံပြန်မဆပ်ချင်ရင် ဒီအိမ်ရှေ့တောင် ဖြတ်မလျှောက်နဲ့ .. ခင်ဗျား ငွေရှင်ဖြစ်နေအောင် လုပ်မလား၊ ငွေသေ ဖြစ်စေချင်သလား .. ဒါမှမဟုတ် လက်မှတ်ထိုးဖို့လည်း မလိုဘူး၊ ငွေလည်း မယူဘဲ ဒီတိုင်းအလုပ်ထွက်သွားချင်သလား .."

ဖြူဖြူ ကမန်းကတန်းခေါင်းခါ၏။ ဘာကြောင့် မောင်းထုတ်တာဖြစ်ဖြစ် ငွေကိုမြင်နေရကာမှ လက်လွှတ်မခံနိုင်ပေ ..။

"စိတ်ချပါ အစ်ကိုလေးရယ် .. နောက် ဒီရှေ့ကဖြတ်လျှောက်မိရင် သတ် .."

လို့ တွင်တွင် ကတိပေး၍ လက်မှတ်ထိုးတာ မြန်မြန်ဆန်ဆန် ..။

ဖြူဖြူ ပြန်သွားတဲ့အထိ ထိုင်နေမိရင်း မျက်နှာကို လက်ဖဝါးနဲ့ ဖိပွတ်ပစ်မိသည်။

ဒီလိုမှမဟုတ်ရင် ဒါမျိုး နောက်တစ်ခါထပ်ရှို့ အနားမှာ ကုတ်ချောင်းကုတ်ချောင်းရစ်ဝဲမနေဘူးလို့မပြောနိုင် ..။

ထိုစဉ် ..။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. ကိုကို ပြန်ရောက်နေတယ် .."

လက်တစ်လုံးကြိုးဆွယ်စာပွပွလေးနှင့် အောင်းဘီရှည်ဝတ်ထား သော ကင်း က ဆံပင်တွေကို အေးတစ်ဖက်တည်းမှာ ခပ်မြင့်မြင့်တင် စည်းထား၏။

ဆံပင်ရှင်းနေသည့်ဘက်က နားတစ်ဖက်မှာပဲ နားဆွဲရှည်ကြီးတစ် ဖက်ကိုဆွဲထားကာ ဆံပင်က အနည်းငယ်ပွသလိုဖြစ်နေ၏။

မသေမသပ်ပုံရှိသော်လည်း လှနေခဲ့လျက် အိမ်ထဲကိုလှည့်ပတ်ကြည့် ၏။ ပြီးတော့ ..၊

"မဖြူရော ကိုကို .."

"ဘာလုပ်မလို့လဲ .."

"အင်း .. သူနဲ့ စကားပြောမလို့ထွက်လာတာ အိပ်တာအိပ်လို့မရ လို့ .. ဒါပေမယ့် ကိုကိုရှိနေရင် ပြီးတာပဲ၊ ကိုကို ပြန်မသွားတော့ဘူး မလားဟင် .."

"သွားရမှာ .. ဒါပေမယ့် ဖြည်းဖြည်းမှပါ၊ လာ ကိုကို့နားမှာထိုင်.."

ကင်း က ထိုင်လိုက်တော့ သူက ကင်း ရဲ့ နားကိုရှေ့ထိုင်ပြီး ပခုံးလေးကို ဖက်ထားလိုက်ကာ ..၊

"ဒါ ကိုကို အိပ်နိုင်းလို့ အိပ်ရာဝင်တဲ့ပုံစံလား .."

"ကိုကိုကလည်း ကင်း မှ နေခင်းမအိပ်ချင်တာ .."

"စာဖတ်ပါ .. တီဗီကြည့်ပါ ဆိုတော့လည်း .."

"အဲဒါတွေလည်း တစ်ယောက်တည်းလုပ်ရရင် ပျင်းစရာကြီးပဲ၊ ကိုကိုနဲ့ လိုက်ခဲ့မယ် .."

"မလိုက်ပါနဲ့ဦး ကင်း ရယ်၊ ကိုကိုက တစ်နေရာတည်းမှာ ထိုင် နေရတာမဟုတ်ဘူး၊ မိသားစုနှစ်ခုက ကျန်ခဲ့တဲ့ အလုပ်တွေက ကိုယ်တိုင် မပါလို့ ရကိုမရတာတွေရှိတယ်၊ ကိုယ် ဝါသနာပါတဲ့ အင်ဂျင်နီယာ အလုပ်ကိုတောင် စွန့်လွှတ်ခဲ့ရတာ ညီမလေး သိသားနဲ့ .."

"အဲဒါ ကင်း ပိုင်းကူရင် ကိုကို သက်သာတာပေါ့၊ ကိုကိုပဲ ကင်း



ကို မြန်မာပြည်မှာ ရုံးထိုင်ရမယ်ဆို .."

"ဟင် .."

သူ သက်ပြင်းချမိကာ ..၊

"ဟုတ်တယ် .. ဒါပေမယ့် အခု မင်းက ဘာမှသေချာမကျွမ်းကျင် သေးဘူး၊ ကိုကိုနဲ့ တကောက်ကောက်လိုက်နေရင် ပင်ပန်းတာပဲရှိမှာ.."

"အဲ့လိုမသင်ဘဲနဲ့ရော ကင်း ဘယ်လိုလုပ်ကျွမ်းကျင်မှာလဲလို့ .. ကင်း ကတော့ ကိုကို စင်ကာပူသွားရင် စင်ကာပူမှာ လိုက်နေမှာပဲနော်.. တစ်ယောက်တစ်နေရာစီ အလုပ်ခွဲလုပ်မယ်မထင်နဲ့ လုံးဝပဲ .."

နှုတ်ခမ်းလေးစူထွက်လာအောင် ပြောနေသဖြင့် သတင်း ရယ်မိ သည်။ ပြီးတော့ အဲဒီ နှုတ်ခမ်းလေးကို ခပ်ဖွဖွလိမ်ပစ်မိရင်း ..၊

"နောက်ကို အိပ်ရာဝင်ရင် ဆံပင်စည်းထားတာတွေဖြည်ပြီးမှဝင် နော် .. ခေါင်းကိုက်တတ်တယ် .."

ပြောရင်း ခေါင်းစည်းထားတာကို သေချာဖြည်ပေးနေကာ ..၊

"ချိုချစ် က ဘယ်တော့ လာမှာတဲ့လဲ .."

"သေချာမပြောဘူး .."

"ကိုကို ခရီးသွားမယ့်အချိန်ကို သူ သိသလား .."

"အင်း .. သိတယ် .. ကင်း ပြောလိုက်တာ .."

သိပြီးသားမို့ သူ ခေါင်းညိတ်လိုက်မိလျက် ..။

"ကိုကို သွားရင် ကြီးကြီးညိုတို့ တစ်ယောက်ယောက် ဒီမှာ လာ နေမှာ .."

"ဟင်!..."

"ချိုချစ် က အရမ်းသွက်လွန်းတော့ ကြီးကြီးတို့နဲ့ အဆင်ပြေပါ့ မလားလို့ .. သူက ဒီမှာပဲတည်းမှာတဲ့လား .."

"သူ့ယောက်မတွေဆီမှာ တည်းမယ်ထင်တယ်၊ ဒါပေမဲ့ ကင်း က ဒီမှာ တစ်ရက်နှစ်ရက်နေရမယ်လို့ ပြောထားတာ ကိုကို့၊ စိတ်ညစ် ပါတယ် .. ကြီးကြီးညို က အရမ်းစည်းကမ်းကြီးတာ .."

www.burmeseclassic.com

www.burmeseclassic.com



"မညစ်ပါနဲ့ .. ကိုကို သေချာပြောထားပါတယ် .."

ကင်း ရဲ့ ဆံပင်တွေကို ဖြန့်ချ၍ တယုတယသပ်ပေးရင်း နဖူးလေးကို နမ်းသည်။ သူမလေးကို ချစ်လိုက်ရတာ ဒီတိုင်းအလှကြည့်နေခဲ့မိရင် ကောင်းသားလို့တောင် တွေးမိရပါ၏။

အစ်ကိုလိုနေတာက ကိုယ့်ကို ငြိငြင်တာ စိတ်ကောက်တာတွေအတွက် ဖြေဆေးရှိသေးသည်။ လင်ယောကျ်ားအဖြစ်ရှိနေကာမှ ကိုယ့်ဘက်က လိုအပ်နေတာလည်း မရှိချင်။ ထိန်းချုပ်တားဆီးလွန်းသည်လို့ ထင်ဖွယ်တွေ ဖြစ်သွားမှာလည်းစိုး၏။

သူ့အဖြစ်က ကြမ်းကြမ်းကိုင်လိုက်လျှင် ကြေကျလွင့်ပြယ်သွားမည့် လှပနူးညံ့သော ပန်းဝတ်မှုံလေးတစ်စကို လက်ဖြန့်ခံယူထားမိသည့်နှယ် ..။

ကင်း မုန်းသွားမှာစိုးမိသည်။ မုန်းသည့် ချစ်သည်မဟုတ်ဘဲ တိတ်တဆိတ်ကြိတ်ပြီးကြေကွဲစရာတွေဖြစ်သွားမှာလည်း ကြောက်နေမိ၏။ သူမကို အဲဒီလောက်ထိ ချစ်နေမိတာဖြစ်သည်။

ပိုပြီး ပူပန်ဖွယ်ရှိနေတာက နှစ်ယောက်စလုံးမှာ မိဘမရှိတော့သည့်ပြင် ကိုယ်ကပဲ သူမရဲ့ ခင်ပွန်းဖြစ်လာခဲ့သော အခြေအနေအတွက် အစစအရာရာဟာ သူ့မှာပဲ တာဝန်ရှိနေသည်ဖြစ်ရာ ..။

"မင်းချစ်နေတာပဲ သတင်းရာ .. သူ့ကို မုန်းလို့လုပ်တာမှမဟုတ်ဘဲ၊ သူ တလွဲထင်လာတယ်ထင်ရင် ရှင်းပြပေါ့ကွ .. မင်း ရပ်တည်နေရတာ မိဘလိုလည်းဟုတ်တယ်၊ ခင်ပွန်းလည်း ဟုတ်တယ်၊ ချစ်နေရုံနဲ့တော့ မပြီးဘူးလေ ဆုံးမတာ ဆူရပြောရတာတွေလည်း ရှိလာမှာပဲ .." တဲ့ ..။

သူငယ်ချင်းကတော့ ဒါ ဖြစ်သင့်သည်။ လုပ်သင့်သည်လို့ အကြံဉာဏ်ပေးသည်။ ဒါပေမယ့် ခုတောင် ကင်း ဘက်က အိမ်ထောင်သည် ဘဝနဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းတွေပြောလာခဲ့ပြီ ဘယ်လိုလုပ်မလဲ ..။



## အခန်း(၅)

"ပြော .. နေရဲ .."

"မင်းအိမ်ကို ပို့ဖို့အလုပ်သမား ငါ ပြောထားတယ်၊ အသက်ကတော့ မင်းပြောတဲ့အရွယ်ပဲ၊ ဒါပေမယ့် ရုပ်ဆိုးဆိုး အပျိုကြီးတော့ မရဘူး .."

"ဘာရယ်လဲ .."

"ရွက်ကြမ်းရေကျို အသက်က .."

"နေရဲ ငါက အပျိုကြီးဖြစ်မဖြစ် အဓိက သိချင်တာ .."

"အပျိုကြီး ဖြစ်ပေမယ့် ခေတ်အရဆို သိပ်အပျိုမကြီးတဲ့အရွယ်ကွ .. အရမ်းအပျိုကြီးတွေ့တော့လည်း အသက်ငါးဆယ်နီးပါး .."

"ဟာ .. အဲဒါ မဖြစ်ဘူး .."

"ဘာလဲ .. မင်း ယူမှာမို့လား .."

"ဟော့ကောင် .."

"မသိဘူးကွာ .. မင်း ရှာခိုင်းနေတာ အပျိုကြီးထဲကမှ မတွေ့ဘဲ .."

"အပျိုရွယ်လေးတွေဆို နောက်ဆက်တွဲယောက်တွေပါမယ်ကွ ..

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလပ် တစ်လင်ကွာတွေကျတော့လည်း ..”

မဖြူ လို ဖြစ်နေမှာစိုးလို့လို့ ဆက်မပြောဖြစ်တော့ဘဲ ..။

“နောက်ထပ် ရှာကြည့်ဦးကွာ အသက်ကြီးလာတော့ အိမ်မှာ ဗာဟီရ အကုန်နိုင်းလို့မရဘူး၊ လုပ်နိုင်ပါတယ်ဆိုလည်း ပိုက်ဆံပေးပြီး ငရဲကြီး ခံသလိုဖြစ်မှာ .. ကင်း နဲ့ မတိမ်းမယိမ်းလည်းမဖြစ်ဘူး ..”

“သတင်းရှာ .. မင်းလိုချင်တာတွေ ပါဖက်ဖြစ်ဖို့က မလွယ်ဘူး ကွ .. ငါမိန်းမလည်း မင်းအတွက် ဖုန်းကို လက်ကမချရဘူး .. တော်ကြာ လာပြတာထိုင်စောင့်ကြည့်ရ လာပါဆိုလို့ သွားကြည့်ရ ..”

“ကျွတ် ...”

“စိတ်မာတ်မကျပါနဲ့ .. မင်း ခရီးမသွားခင် စိတ်ချရတဲ့လူရအောင် ရှာပေးပါ့မယ် .. ကေသီ လည်းအဲဒါကို အမီရှာပေးဖို့အတွက် စိတ်ပူ နေတာ ..”

“အေးကွာ .. မတော် ကိုလည်း အားနာပါတယ်၊ ပွဲစားတွေခေါ်လာ တာကျတော့ အဲ့ဒီအပိုင်းတွေ ငါ မကျွမ်းကျင်ဘူး၊ ပြီးတော့ ငါမရှိကာမှ အလုပ်သမားပြဿနာတွေတက်ရင် ကင်း ဒုက္ခရောက်မှာ ..”

“ငါတို့လည်းရှိတာပဲကွာ .. ဒါနဲ့ မင်း အဒေါ်တွေလာမှာဆို ..”

“အေး .. ဒါပေမယ့် ကြီးကြီးတို့က ..”

သူ ပြောနေတုန်း စင်ပေါ်က ဖုန်းမြည်လာသဖြင့် လှမ်းကြည့်ရင်း နေရာမှ ထကာ ..၊

“ပြီးမှ ပြန်ပြောမယ်ကွာ .. ဖုန်းလာနေလို့ ..”

သူ ဖုန်းသွားကိုင်လိုက်တော့ ပြောနေတုန်း တိုက်တိုက်ဆိုက်ဆိုက်..။

“သားရေ .. ကြီးကြီးပါ ..”

“ဟုတ်ကဲ့ .. ကြီး အလုပ်ရှုပ်နေတယ် ဘာတွေညာတွေပြောမလို့ တော့ မဟုတ်ဘူးမို့လား ..”

“မဟုတ်ပါဘူးကွယ် .. ဒါပေမယ့် သားကအတွက် ကြီးကြီးတို့က အင်္ဂလောက်တော့ ကာမယ်ထင်တယ်၊ ကြီးကြီးလည်း သားနဲ့ စကား



ပြောချင်လို့ လာဖို့ကြိုးစားတာပဲ ..”

“ရပါတယ် .. ကျွန်တော်လည်း စိတ်ချရမယ့်လူ ရှာနေပါတယ်..”

“ဘာအတွက်လဲ သား .. ကြီးကြီးတို့ မရောက်ခင် စောင့်ရှောက် ပေးဖို့ မိတ်ဆွေအကြီးအကဲထဲကလား ..”

“မဟုတ်ဘူး ကြီးကြီး .. အိမ်အကူပါ၊ ကြီးကြီးနဲ့ ကင်း အတွက် လက်တိုလက်တောင်းခိုင်းလို့ရအောင် ..”

“လစာနဲ့ စရိတ်ငြိမ်းလား ..”

“ဟုတ်ကဲ့ ..”

“မခေါ်ပါနဲ့ကွယ် .. ကြီးကြီး ရောက်လာရင် အိမ်မှုကိစ္စဗာဟီရ တွေကို ကင်း ကို သင်ပေးရင်း ကိုယ့်ဘာသာ ချက်ပြုတ်လုပ်ကိုင်သွား လို့ရတာပဲ .. ကိုယ့်ရဲ့ တစ်ကိုယ်ရေသန့်ရှင်းရေးဆိုတာလည်း ကိုယ်တိုင် လုပ်တတ်မှ၊ သူများကို ခိုင်းတဲ့အခါ ကိုယ်မလုပ်ချင်လို့ ခိုင်းရာ ရောက် တာ ..”

ကြီးကြီးရဲ့ စည်းကမ်းတွေ လူထက်အရင်စောစီးစွာ ရောက်လာပါ ပြီ ..။ နားထောင်ရင်း နှုတ်ခမ်းပွတ်မိသည်။

“ဒီအထည်မျိုးတွေကို ဒီလိုမကိုင်ရဘူး .. ဒီလိုမလျှော်ရဘူး၊ ဘယ် ဆပ်ပြာဆီသုံးရင် ဘယ်လိုသုံးရတယ်၊ ဘယ်ဆပ်ပြာကတော့ ဘယ် လောက်ထည့်ရင်ရတယ်၊ ဘယ်အထည်ကို စက်နဲ့မလျှော်နဲ့ ဘယ်အထည် ကို မညှစ်ရဘူး မခါရဘူး .. စသဖြင့်ကွယ် ..”

“ဟုတ်ကဲ့ .. အဲဒါက ..”

“ကြီးကြီးက ကင်း ကို အိမ်ရှင်မကောင်းတစ်ယောက်ဖြစ်စေချင် တာ၊ ဖြစ်အောင်လည်း သင်ပေးချင်သေးတယ် ..”

“ဟုတ်ပါတယ် .. ဒါပေမယ့် ကြီးကြီး .. ကင်း က ..”

“ဘယ်သူမှ မွေးတည်းက တတ်သိနားလည်လာတာ မရှိပါဘူး ကွယ် .. ကင်း ပုံစံလေးကလည်း သင်ယူလွယ်မယ့်ပုံလေးပဲ၊ သူ့လို ဘာတစ်ခုမှ မလုပ်တတ်မကိုင်တတ်တဲ့သူက ကလေးတွေကို စာသင်

www.burmeseclassic.com

www.burmeseclassic.com



ပေးရသလိုပဲ၊ မှတ်မိလွယ်တယ် .. အတတ်မြန်တယ်၊ အိမ်ဖော်ဆိုတာ ကိုယ်တိုင်တတ်ကျွမ်းပြီး ခိုင်းတတ်မှ .. မဟုတ်ရင် နေရာတကာ သူတို့ပဲ မပါမပြီးဖြစ်လာတာနဲ့ အမွေခွဲပေးပါတောင် ဖြစ်လာဦးမယ် ..”

ကြီးကြီးညို စကားကြောင့် သတင်း ပြုံးလိုက်မိသည်။

“သားတို့က ကြီးကြီးတို့လောက် အတွေ့အကြုံရှိဦးမှာမဟုတ်ဘူး၊ အင်တာနက်ခေတ်ရောက်မှ ဆင်းရဲတဲ့လူတိုင်း သနားစဖွယ်ဖြစ်နေတာကွယ် .. ပိုက်ဆံရှိတဲ့လူမှန်သမျှ မကောင်းတော့တဲ့အတိုင်းပဲ၊ လူတိုင်းကို ပြောတာမဟုတ်ပါဘူး .. အထူး သဖြင့် အိမ်အကူတွေပေါ့၊ ဖုန်းတွေ လူတိုင်းကိုင်နိုင်နေတော့ ပိုဆိုးတယ်. ဘယ်မှမသွားလာခိုင်းလည်း အိမ်ခေါင်းထဲကနေ ရည်းစားထားလို့ရနေတာပဲ၊ နောက်ပြီး .. အပြင်နဲ့ အဆက်အသွယ်တွေဖြစ်နေကြတာ ..”

“ကျွန်တော်လည်း ကြားပါတယ်၊ အားကိုးမဲ့ပြီး နှိပ်စက်ခံနေရတဲ့ မိန်းကလေးတွေရှိသလို အိမ်ရှင်ကို ပြန်ခြိမ်းခြောက်ပြီး မဟုတ်ကဟုတ်က လီဆယ်ပြောတဲ့ မိန်းကလေးတွေလည်း ..”

“အများကြီးမှ အများကြီးပါကွယ် .. တစ်ချို့အိမ်ရှင်တွေဆို ကိုယ့်အိမ်က အိမ်ဖော်ကို ပြန်ကြောက်နေရတာရှိသေးတယ်၊ ခိုင်းလည်း လုပ်ချင်မှ လုပ်တယ်၊ ပြန်အော်ပြီးခံတန်တန်ကြည့်သေးတယ်၊ ကိုယ့်လက်ကောက်ဝတ်ကို ဓားနဲ့ခြစ်ပြီး ပြဿနာရှာလို့ရှာ .. အိမ်မှာရှိတဲ့ ယောကျ်ားသားတွေနဲ့ မကောင်းသလိုလို ကိုယ်ဝန်ရှိဟန်ဆောင်ပြီး ငွေညှစ်သေးတယ်..”

“ဟုတ်ကဲ့ ...”

“သူတို့ချည်းပဲ သနားစရာကောင်းနေတာ မဟုတ်ဘူးဆိုတာ ပြောပြတာပါ၊ နေရာတိုင်းမှာ အဆိုးနဲ့ အကောင်းဆိုတာ အမြဲရှိတယ်မို့လား၊ ပြောရင်းနဲ့ စကားတွေလည်း ဘယ်ရောက်ကုန်ပြီလဲ မသိတော့ဘူး .. အဲ .. ဪ ကြီးကြီး ပြောချင်တာက အိမ်အကူမငှားနဲ့နော် .. ကြီးကြီးတို့နောက်ကျဖို့ရှိရင်တောင် .. ကြီးကြီးတို့ပဲ လူတစ်ယောက် ကြိုလွှတ်ပေးလိုက်မယ် .. သား သွားမယ့်ရက်ကိုသာ အတိအကျဖုန်းဆက်လိုက် ..”



“ဟုတ်ကဲ့ ကြီးကြီး .. ဒါဆို ကျွန်တော် လူမရှာရတော့ဘူးလား.. ကျွန်တော် ပြန်မလာမချင်း ..”

“အေးပါ .. ကင်း ကို ကြီးကြီးတို့စောင့်ရှောက်ပေးမှာပါ .. ဒါနဲ့”

ရှေ့ဆက်ဖို့စကားစပြီးမှ ခဏတိတ်သွားသည်။ ပြီးတော့မှ ..၊

“သားတို့ အိမ်ထောင်ကျတာ သိပ်တော့မကြာသေးပေမယ့်လေ ဟိုကွယ် .. ကြီးကြီးတော့ယူသင့်ပြီလို့ထင်တာပဲ ..”

သူ ဘာမှပြန်မပြောဖြစ်ပေမယ့် ပြုံးလိုက်မိ၏။

“ကိုယ့်ဘဝက ရှေ့ရေးနောက်ရေး ပူပန်နေဖို့မှမလိုတာ၊ သားသမီးယူဖို့ စောသေးတယ်လို့ စဉ်းစားနေစရာမလိုပါဘူး .. နောက်ပြီး ကြီးကြီးတို့က ဆွေမျိုးဆက်လည်းမရှိတော့ သားတို့က မွေးလာမယ့် မြေးလေးကိုပဲ မျှော်လင့်နေရတာ သားရဲ့ ..”

ဖေဖေတို့ ဆုံးသွားကြကာမှ ကြီးကြီးတို့ ဂရုတစိုက်ရှိလာကြတာကိုသိသည်။ ကျေးဇူးလည်းတင်ပါသည်။ ဒါပေမယ့် ကင်း နဲ့ ကြီးကြီးတို့ နီးကပ်လာတဲ့အချိန်မှာ အဆင်မပြေမှုတွေရှိလာတော့ စိုးရိမ်မိ၏။

ဖေကြီးတို့ ရှိစဉ်တည်းက တစ်မိသားစုနဲ့ တစ်မိသားစု မာနတွေ ပြိုင်ပြီး မခေါ်ကြတာလည်း မဟုတ်၊ ဘာပြဿနာမှလည်း မရှိခဲ့ကြဘဲ ကင်းကင်းပြတ်ပြတ်နေလာခဲ့ကြတာဖြစ်သည်။

သူတို့က မာနမင်းသမီးတွေလို့ လူကြီးတွေပြောကြတာလည်း ကြားဖူး၏။ သူ့အတွက်တော့ ကြီးကြီးညို တို့ရှိနေတာ မိဘအုပ်ထိန်းသူသဖွယ် အားထားစရာပါ။

ဒါပေမယ့် ကင်း နဲ့သာ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

"ဆရာ .. ဒီညနေ ဒင်နာရှိတယ်လေ .. မပြန်သေးဘူးလား .."

"အင်း ပြန်မှာ .."

နာရီကြည့်ရင်း ဖုန်းလှမ်းယူလိုက်ကာ တစ်ယောက်ကိုခေါ်၍ ...

"ဦးရန်နိုင် လား .. ဟုတ်တယ် .. ကျွန်တော် ဂုဏ်သတင်း ပါ .."

".... .... ...."

"ဟုတ်တယ် ဦးရန်နိုင် .. သုံးရက်ထပ်ဆုတ်လိုက်တာ ခင်ဗျား အဆင်ပြေပါ့မလား .."

".... .... ...."

"ဆောရီးပါဗျာ .. ဒီမှာ ကိစ္စလေးတွေမပြတ်ဖြစ်နေလို့ .."

".... .... ...."

"အင်း .. မန်နေဂျင်းနဲ့ ဖုန်းပြောဖြစ်ရင် အဲဒါပါ ထည့်ပြောလိုက်ပါ၊ ခရီးသွားဖို့ကိစ္စနဲ့ ဟိုကအစည်းအဝေးကိစ္စ အမ်ဂေ့(ရှ်)ဒ် ဖြစ်သွားလိမ့်မယ် .."

".... .... ...."



"အိုခေ .."

ဖုန်းတစ်လုံးပြောပြီး နောက်ဖုန်းက မြည်လာတော့ အတွင်းရေးမှူးက ကိုင်ဖို့ ထလာသဖြင့် လက်ကာလိုက်ပြီး ...၊

"ဟလို .. အမိန့်ရှိပါ .."

".... .... ...."

တစ်ဖက်က ပြောသံကြောင့် သူ ပြုံးလိုက်မိကာ ...၊

"နေရဲ .. မင်း ဘယ်က ဖုန်းနဲ့ဆက်နေတာလဲ .."

".... .... ...."

"အင်း .. ခုပဲ ပြန်တော့မလို့ .."

".... .... ...."

"ငါ မက်ဆေ့ချ်ပို့ထားတယ်လေ .."

".... .... ...."

"ခေါ်မှာပါ .. ကြီးကြီးညိုတို့ မလာခင် လိုချင်တာကွာ .. အစတည်းက လုပ်ဖူးတဲ့ ရင်းနှီးပြီးသားလူပုံစံမျိုးနဲ့ .."

".... .... ...."

"ဟုတ်တယ် .. ကင်း စိတ်ညစ်မှာစိုးလို့ .."

".... .... ...."

"ကောင်းတတ်တာ မကောင်းတတ်တာတွေကို သိပ်ထည့်တွေးနေရင် ထည့်မတွေးဖြစ်တဲ့ ငါ့အိမ်ထောင်ရေးပဲ ထိခိုက်သွားမှာ၊ ကင်း လိမ္မာတာဆိုးတာကလည်း ငါ့ရဲ့ သည်းခံနားလည်မှုပေါ်မှာပဲ မူတည်တာပါ၊ ခုမှ ရွေးချယ်ပြီး ကောက်လက်ထပ်လိုက်တာလည်း မဟုတ်ဘူး၊ ငါတို့ချင်းက ဘဝချင်းရင်းနှီးပြီးသား .. နှလုံးချင်းနားလည်ရင်ပြီးပြီ .."

".... .... ...."

"ဟား .. ဟား .. ဟား .. ဟုတ်တယ် ထားစရာမရှိအောင်ကို ချစ်တာ .."

"ဒုန်း .. ခွမ်း .."

www.burmeseclassic.com

www.burmeseclassic.com



သူ နေရာမှထကာ ကုတ်အင်္ကျီကိုဆွဲယူလိုက်လျှင် ဘာတွေနဲ့ ဘယ်လိုငြိသွားခဲ့သည်မသိ .. အပြာရောင်စားပွဲတင်ပန်းအိုးလေးနဲ့ မန္တလေးမဟာမြတ်မုနိဘုရားကြီးပုံတော်က တစ်ခုကိုတစ်ခု ထိခတ်မိပြီး တမင်တိုက်ချပစ်လိုက်သည့်နှယ် ..။

"ဆရာ ..."

ကွဲရှသံများကြောင့် သူ့ဖုန်းပြောကာမှ ထွက်သွားသည့် အတွင်းရေးမှူးဟေမာ ကမန်းကတန်းပြေးဝင်လာပြီး ..၊

"ဟင် .. ဘာတွေဖြစ် .."

"မသိဘူး .. အင်္ကျီဆွဲလိုက်တာ ဘယ်လိုထိမိသွားလဲမသိဘူး .. သန့်ရှင်းရေးခေါ်လိုက်တော့ .."

စိတ်ထဲမှာတော့ သိပ်မကောင်းလှဘဲရှိကာ မှန်ကွဲသွားသည့် ဘုရားပုံတော်နှင့် အပြာရောင်ဖန်ကွဲစတွေ နှင်းဆီပန်းတွေကိုပဲ မြင်ယောင်နေမိသည်။

အရေးထဲ အိမ်အပြန်လမ်းမှာ ကားအက်ဆီးဒင့် ဖြစ်နေတာနှင့် တိုးကာ ကားတွေပိတ်နေသဖြင့် နာရီကြည့်မိ၏။ ထို့ပြင် ကိုယ် ဘယ်က ဘယ်လို လမ်းတောင်းပြီး ထွက်ရမလဲ စဉ်းစားနေတုန်း နောက်က ကျော်တက်လာသည့်ကားတစ်စီးက ကိုယ့်ရှေ့က ဝင်ဖို့လမ်းတောင်းနေသည်။

သူ့ကိုပေးရလောက်သည့် အနေအထားလည်း မဟုတ်သည်မို့ ကိုယ့်ရှေ့ကကား စရွေ့တာနှင့် သူလည်း လိုက်ကပ်ထွက်လျှင် ..၊

"ဂျိမ်း .. ဂျိုး ..."

"ဟာ!..."

လမ်းတောင်းသည့် ဆလွန်းကား ဖြူဖတ်ဖတ်သည် သူ့ရှေ့က ဇွတ်ဝင်ဖို့လုပ်သဖြင့် ခေါင်းချင်းကပ်ငြိသွားလေသည်။ သူ့ကားမှန် လျှောခနဲကျသွားကာ ..၊

"ဟေ့လူ ခင်ဗျား ဘယ်လိုလုပ်တာလဲ .."

သူ့ဒေါသက လူဆီရောက်သွားစဉ် ထိုလူက ရှေ့ကိုခေါင်းသွင်းပစ်လိုက်၏။

"တောက် ..."

သူ ကားပေါ်ကဆင်းမိတော့မတတ် ဒေါသက ဆူပွက်လာစဉ် ဆလွန်းကားလေးရဲ့ နောက်တံခါးမှန်ကျသွားကာ ..၊

"ဘယ်လိုဖြစ်နေတာလဲ ဂုဏ်သတင်း .. ဒေါသကြီးလှချေလား .."

ဟင်!...

ထိုတံခါးနှင့် သူ့နေရာဘေးချင်းယှဉ်လျက်ဖြစ်သွားသဖြင့် နီးနီးကပ်ကပ်မြင်နေရသည့်မျက်နှာကို စူးစိုက်ကြည့်နေဖို့တောင်မလို ..။ ဒါပေမယ့် ထိုအမျိုးသမီးကြီးကို သူ မသိ ..။

မျက်ခုံးမရှိသလို ပြောင်နေသည်။ မျက်လုံးမှေးပြီး အနည်းငယ်ရှည်သည်။ အသားဖြူဖြူ မျက်နှာပြားပြား မေးရိုးထွက်၏။ စကားပြောသောပုံစံအရလည်း တိုင်းရင်းသားလူမျိုးတစ်ယောက်ယောက် ဖြစ်မည်ကို ခန့်မှန်းနိုင်ပေမယ့် သူ မသိခဲ့တာသေချာသည်။

ကားချင်းငြိခဲ့သည့်အကြောင်းအရာထက် ကိုယ်ကမသိဘဲ ကိုယ့်ကို သိနေသည့် လူတစ်ယောက်မျက်ဝန်းထဲက အမုန်းတရားတို့ကို စိတ်ဝင်တစားဖြစ်သွားခဲ့ပြီး ..၊

"အန်တီက ကျွန်တော့်ကို သိနေတာလား .."

"ဘယ်မေ့ပါ့မလဲ .. နင့်မိန်းမကြောင့် ငါ့သားတစ်ယောက်လုံး သေခဲ့ရတာ .."

သူမပြောပြီးတာနှင့် ကားက သူ့ရှေ့ကို တစ်စီးလုံးနေရာရသွားသည်။

"တီ ..."

"တီ .. တီ .."

သူ့နောက်က ဟွန်းသံတွေထွက်လာမှ ကားတွေထွက်လို့ရနေပြီကို သတိရသည်။ သူ့ရှေ့က ဝင်သွားသော ဟိုအမျိုးသမီးကြီးရဲ့ကားတလည်း ရှေ့ကိုတော်တော်ရောက်သွားပြီဖြစ်ကာ သူ မောင်းထွက်ခဲ့စဉ်



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ ဘယ်ကြားထဲဘယ်လိုထိုးဝင်သွားသည် မသိလိုက် ..။

'နင့်မိန်းမကြောင့် ငါ့သားတစ်ယောက်လုံး သေခဲ့ရတာ' လို့ ပြောသွားသည့်စကားသံက ရေခဲငွေ့တွေထွက်နေသလို သွားကြားနေသံနှင့်ဖြစ်ကာ .. မျက်လုံးတွေက မီးဝင်းဝင်းတောက်နေသည်။

ဒီမျက်နှာမျိုး သူ မြင်ဖူးခဲ့သလား ..၊ ရင်းနှီးနေတာမဟုတ်ပေမယ့် သူ သိနေသလို စဉ်းစားနေလေ နီးစပ်လာလေ ..။

ဒါပေမယ့် အဖြေကိုမရောက်ဘဲ ပျောက်ကွယ်သွားခဲ့သည်။

ကင်း ကြောင့် ဘယ်သူဘာဖြစ်ခဲ့သလဲ ..။

ယောကျ်ားလေးတစ်ယောက် သေကြေပျက်စီးလောက်တဲ့အထိ ကင်း က လွတ်လပ်ပေါ့ပျက်တတ်သည့် မိန်းကလေးမဟုတ်ပေ ..။ သူသိတာ ကင်း ကို ချစ်ရေးဆိုခဲ့ဖူးလျက် ချစ်နေကြသလိုလို လူပြောများခဲ့တာ မြတ်ကောင်းစံ ..။

ကင်း က ပြောမပြရင်တောင် ကင်း နဲ့ ပတ်သက်တာ သူ မသိခဲ့တာမရှိလောက်ဘူးထင်ခဲ့မိသည်။ ဒါပေမယ့် ရှိနေသေးတာလား ..။

ရှိရင်ရော .. သေရေးရှင်ရေးတွေထိ ဖြစ်ပျက်ခဲ့တာကို သူ ဘာဖြစ်လို့ မသိခဲ့တာလဲ ..။

"ဘယ်လိုဖြစ်တာလဲ ဂုဏ်သတင်း .."

နာမည်ခေါ်ပြီး ကြည့်သွားသည့် မျက်လုံး ..။

ဒါ လူမှားပြီးပြောသွား မဖြစ်နိုင် ..။ နောက်ထပ် ဘယ်သူရှိသေးသလဲ ..။

ကားမောင်းနေရင်း ဒါကိုပဲ အထပ်ထပ်တွေးနေမိလျှင် မျက်နှာတစ်ခု ဖျတ်ခနဲပေါ်လာသည်။

ဖိုး ..၊

"ဖိုး မဟုတ်ပါဘူး .. အဲ့ဒီကောင်က နတ်ဆိုးပဲ .." လို့ ကင်း ရွံ့ရွံ့မုန်းမုန်းလေးပြောဖူးသည်။

ဒါပေမယ့် ဖိုး က ဘာဖြစ်ခဲ့လို့လဲ .. ခုထိ အသက်ရှင်နေသေးတာပဲ ..။



စဉ်းစားရင် ခေါင်းတွေပါ ပူထူလာခဲ့သည်။ ဖိုး ကလည်း တိုင်းရင်းသားပဲဖြစ်ကာ အသားဖြူဖြူ အရပ်ရှည်ရှည် ခပ်ပိန်ပိန်ပုံစံကို မြင်ယောင်မိသည်။

ကင်း ကို မေးကြည့်ရင် ကောင်းမလားလို့ တွေးမိပေမယ့် ဒါတွေကို အစမဖော်တာပဲကောင်းသည်။ ကိုယ့်ဘာသာ သိသင့်သည်ထင်လျှင် ကိုယ့်နည်းကိုယ့်ဟန်နဲ့ စုံစမ်းကြည့်ရုံသာ ...။

သူ လမ်းဆောင်မှာ ချရပ်လိုက်ကာ ကျောင်းတည်းက ခုချိန်ထိ အဆက်အသွယ်မပြတ် ချစ်ခင်ဆဲရှိသော နေရဲ ကို ဖုန်းခေါ်၍ ..၊

"မင်းကို ပြောစရာရှိလို့ .."

သူ ဘာမှမမေးရသေးခင် သတင်းက အခြေအနေကိုပြောပြလိုက်ကာ ..၊

"နေရဲ ငါ သိသလောက် မင်းလည်း သိခဲ့တာပဲ .."

"အေးလေ .."

"မင်း ဘယ်လိုထင်လဲ .. ငါ ခရီးသွားခါနီးမှ စိတ်အနှောင့်အယှက်ဖြစ်လိုက်တာကွာ .. ဘုရားကြီးပုံတော်ကျကွဲတယ်၊ ခုလည်း ကိုယ်ဘာမှမသိတာတွေကို ပြောသွားတာကြည့် .."

"မင်းကိုက နဂိုတည်းက ကင်း အတွက် စိတ်မဖြောင့်ဖြစ်နေတာပါ၊ ခေတ်လူငယ်ဖြစ်ပြီး ဒါတွေ အစွဲအလမ်းထားမနေပါနဲ့ကွာ .. ဘုရားကြီးပုံတော် ကျကွဲတာက တစ်ခုခုနဲ့ တိုက်မိလို့ဖြစ်မှာပါ၊ ပြောသွားတာကတော့ .."

နေရဲ ဆက်မပြောဘဲနေလျှင် ..၊

"ပြောလေ .."

"ငါတို့က သူတို့ကျောင်းကိုလိုက်သွားတုန်းပဲ မြင်ရတာ၊ မင်းလည်း ကင်း ပြောပြသလောက်ပဲသိရတာလေ .. အဲ့ဒီတော့ သေချာသိချင်ရင် စုံစမ်းရမှာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ငါ စုံစမ်းရင် ကင်း ရဲ့ ဂုဏ်သိက္ခာကရှိသေးတယ်၊ ပြီးတော့ ကျောင်းပြီးသွားကြတဲ့အထိ မိုး က အကောင်းကြီးဉစ္စာ .."

"ကျောင်းပြီးတဲ့အထိ ကောင်းနေပေမယ့် ကျောင်းပြီးတဲ့နောက်ပိုင်း သေတာလည်းဖြစ်နိုင်တာပဲ၊ ကိုယ်နဲ့ ဘယ်လိုသက်ဆိုင်နေသလဲပဲ သိဖို့လိုတာ .."

"ကင်း သိသွားရင်တော့ ငါက စိုးရိမ်တာကို သူ အကြီးကြီး အထင်လွဲတော့မှာ .."

"ကင်း က သဘောထားနူးညံ့ပါတယ်ကွာ .. မင်းက ချောလိုက်ပေါ့.."

"ငါ စုံစမ်းမနေဘဲ အဲ့ဒီအခေါ်ကို တည့်တည့်သွားမေးချင်တယ် .."

"ကားနံပါတ်မှတ်ထားလိုက်လား .."

"အေး .. ဒါပေမယ့် ရန်ကုန်က ကားမဟုတ်ဘူး .."

"ဘယ်ကကားလဲ .. မိုး က ဘယ်နယ်သားလဲ .. မင်းသိလား .."

ဖုန်းကိုင်ရင်း နေရဲ မမြင်ဘဲ ခေါင်းခါနေမိကာ ..၊

"မိုး ကို ငါမသိဘူး၊ သတိထားရလောက်အောင်လည်း မဟုတ်ခဲ့ဘူးလေ .."

"မဟုတ်ဘူးတော့ မပြောနဲ့နော် .. အဲ့ဒီချာတိတ်က မိုက်ရူးရဲလေးရယ် .."

ဝိန်သောကြောင့် လက်ပြင်ကိုင်းသလိုထင်ရကာ ဆံပင်ထူထူဘုတ်သိုက်ကြောင့် အသားဖြူပေမယ့် ဆေးသမားလေးနဲ့ တူနေသည်။ ရှေ့သွားကြီးသလိုရှိလျက် အပေါ်နှုတ်ခမ်းလန်တာ သိသာသည်။

မျက်ခုံးရိုးကြီးသလောက် မျက်ခုံးတွေကလည်း ထူထဲမည်းနက်နေ၏။ ထို့ပြင် မျက်တွင်းခွက်နေတာကလည်း မျက်လုံးတွေပဲ အထဲဝင်နေသလိုလို ..။

ဒါပေမယ့် စူးရဲနေတတ်သည့် မျက်လုံးတွေက အကြောက်တရားမရှိသလိုပင် ..။



ဖြူပေမယ့် အသားအရေက မွဲခြောက်ခြောက်ရှိနေလျက် ဝက်ခြံဖုတွေက ပါးပြင်နှစ်ဖက်မှာ ကြည့်မကောင်းအောင်များပြားနေ၏။

ဝတ်သမျှ အဝတ်အစား အသုံးအဆောင်ပစ္စည်းတွေကအစ သိပ်ပြောင်ပြောင်ရောင်ရောင်မရှိသည်မို့ မိန်းကလေးတွေကလည်း စိတ်ဝင်တစားမရှိကြ ..။

"ကင်း မှားတာပါ ကိုကိုရယ်၊ ဘုရားတောင်မှ ကျွတ်ထိုက်သူကိုပဲ ချွတ်တာ .. သူ့လိုလူကို ကင်း က သွားသနားလိုက်မိတယ်၊ အဲဒါ ကင်းကြောင့် .. ကင်း က သွားပတ်သက်လိုက်တာ .." တဲ့ ..။

ထိုစဉ်က သေချာမမေးဖြစ်ခဲ့ပေ။ ကင်း ရဲ့ ကျောင်းသွားချိန်တွေကို သူ ဂရုစိုက်သည်။ သူငယ်ချင်းအပေါင်းအသင်းတွေကိုလည်း သူ အားလုံးသိသည်။

ထို့ကြောင့် နေရာတကာအတွက်တော့ စိတ်မပူမိခဲ့ပေ ..။

ခုမှ ဒီအကြောင်းတွေကို ဘယ်သူ့ဆီက မေးရမလဲ ..။ ကားပေါ်က အမျိုးသမီးကြီးနဲ့ ဘယ်လိုဆက်သွယ်ရမလဲ၊ ကင်း ကို အထင်လွဲနေတာ ဆိုရင် ဒါကို သူ ဖြေရှင်းခဲ့မှဖြစ်မည်။

ဟိုမှာ အမြန်ဆုံးသုံးလ ကြာရင် ခြောက်လလောက်ဖြစ်သွားနိုင်၏။ ထို့ကြောင့် သူ ပူလောင်နေရတာ ကင်း အတွက်ပဲဖြစ်လေသည်။

အဲဒီတော့ မင်း စကားပရိယာယ်ကြွယ်ရမယ် ဂုဏ်သတင်း ..။

ကိုယ့်ကိုယ်ကိုယ်ပဲ အစနေ့ပေးဖို့ ဆုံးဖြတ်၍ အားတင်းလိုက်သည်။

မင်းက လူကြီး၊ သူက လူငယ်၊ မင်း ပါးပါးနပ်နပ်ဖြေရှင်းရမယ်။ တခြားမှာစုံစမ်းလို့ ကင်း သိသွားတာထက် သူမကို မြေမသေ တုတ်မကျိုး အနေအထားနဲ့ မင်းကိုယ်တိုင် မေးလိုက်တော့ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

"ဆင်းရဲတယ်လို့ပြောတာပဲ ကင်း သေချာမသိပါဘူး၊ ဒါပေမယ့် သူ့အမေက စုန်းတတ်သလိုလို သူ့ကို ရိုးမတောထဲက တွေ့လာသလိုလို တချို့ကလည်း သစ်ခေါင်းကွဲနေတဲ့ထဲက တွေ့လာတာတဲ့ .."

"အဲ့လောက်အများကြီး ဘယ်သူတွေကပြောနေတာလဲ .."

"သူ ကင်း ကို ခွတ်လိုက်နေတော့မှ ဟိုကပြော ဒီကပြောနဲ့ .."

သတင်း သက်ပြင်းချလိုက်မိသည်။

"ဘာဖြစ်လို့လဲဟင် .. သူ့ကို အမှတ်တမဲ့တွေ့လိုက်တာနဲ့ ကိုကိုက ဘာကိုစိုးရိမ်နေတာလဲ၊ ကင်း နဲ့ သူ့ကို .."

"မဟုတ်တာကွာ .. ကိုကိုက ဟိုလိုဒီလိုတွေးပါ့မလား .. မင်းအတွက် အန္တရာယ်ရှိမှာစိုးလို့ .."

စိုး ရဲ့ အမေက ဒီလိုပြောပါတယ်လို့တော့ ပြန်မပြောခဲ့ဘဲထား ကာ ..။

"ပေး .. လက်သည်းနီ ကိုကို ဆိုးပေးမယ် .."

"ဆိုးပေးမှာလား .. ခဏလေး .."



ကင်း က ကလေးလေးလို ပျော်ရွှင်သွားကာ နေရာရွှေ့ထိုင်လိုက်သည်။ ဒန်းပေါ်မှာမို့ သူမ လှုပ်သမျှ ဒန်းကလွှဲနေသဖြင့် သတင်းက ကျောမှီကို ဖိဆွဲထားလိုက်သည်။

ပြီးမှ ကင်း ရဲ့ ဘေးမှာ ဝင်ထိုင်လိုက်ပြီး လက်သည်းနီဘူးလေးကို လက်ပြောင်းယူလိုက်သည်။ ကင်း က လက်လေးဖြန့်ပေးထားရင်း ..။

"ပြီးရင် လက်သည်းပေါ်မှာ ပန်းလေးထပ်ရေးပေးရမှာ .. ကိုကို လုပ်တတ်လို့လား .."

"ဘာလို့မတတ်ရမှာလဲကွ .. အေးဆေး .."

"မလှရင် ကင်း က ကဲ့ရဲ့မှာနော် .."

"ကဲ့ရဲ့ခံရတာ ပွဲပါသွားတာမှ မဟုတ်ဘဲ .."

"ဟင် ..."

"အဟွန်း .. ကိုကို့ကို မယုံဘူးလား .."

ကင်း က ချက်ချင်းပြုံးကြည်သွားကာ သတင်း ရဲ့ လက်တစ်ဖက်ကို မြှောက်၍ ခေါင်းလေးတိုးဝင်လိုက်သည်။

ရင်ခွင်ထဲကို သေချာဝင်ကာ အကျအနမှီ၍ နေရာကျမှ လက်လေး ပြန်ဖြန့်ပေး၍ ..။

"ကိုကို့ .."

"ဟင် .."

"ကိုကို ကင်း ကို အရမ်းချစ်လားဟင် .."

"ချစ်တာပေါ့ .. မင်း မေးပုံက ကိုယ့်ကို သနားနေသလိုပဲ .. ဘာလဲ ကိုကို ချစ်သလို ပြန်မချစ်နိုင်လို့ စိတ်မကောင်းဖြစ်နေတာလား .."

"ကိုကိုနော် .."

"ဟော့ .. ငြိမ်ငြိမ်နေလေ .. ဘေးတွေထိကုန်လိမ့်မယ် .."

"ကိုကို လူကဲခတ်ကောင်းလွန်းလို့ .."

"ဟော့ .."

www.burmeseclassic.com

www.burmeseclassic.com



"မရဘူး .."

ကင်း က လည်ပင်းလေးရှည်ပြီး သတင်း ရဲ့ မေးဖျားကို အတင်း လိုက်ကိုက်သည်။ သတင်း ရှောင်လိုက်ပြီးမှ ရယ်သည်။ ပြီးတော့ မရ မက လိုက်ကိုက်နေသည့် ကင်း ရဲ့ ကိုယ်လေးကို ဖက်ထားလိုက်ကာ...

"ဟာ .. မရပါဘူး .."

"မင်း ကိုက်ပြီးပြီလေ .. ကိုယ့်အလှည့်ပေးရမှာပေါ့ .."

"လက်သည်းနီဘူးရော .."

"တော်ရာမှာပေါ့ .."

"ကိုကိုနော် .. ကင်း က ကိုကို့ကို လူကဲခတ်ကောင်းလွန်းလို့ ဒဏ်ခတ်တာ .."

"ကိုကိုက အကြောင်းပြချက်မရှိဘူး .. နမ်းချင်လာရင် နမ်းရဖို့ပဲ .."

"ကြည့်ပါလား .."

အနမ်းတို့နှင့် ပန်းရနံ့တွေက ရင်ထဲထိ နုသစ်လတ်ဆတ်နေစေကာ ကိုကို ခရီးသွားတော့မည့်အဖြစ်ကို တွေးလိုက်မိတော့ ကင်း ရင်ထဲမှာ ပူလောင်သွားသည်။

"ကိုကို့ .."

"ဟင် ..."

"ကိုကို ခရီးသွားတော့မှာမို့လို့ ကင်း ကို လွမ်းအောင်လာလုပ်နေတာ .."

"ဒါဆို လွမ်းစရာမလိုအောင် ရက်နဲ့တွက်ပြီး အတိုးချနမ်းပေးမယ် .. ငြိမ်ငြိမ်လေးနေ .."

ကင်း အသံတိတ်သွားတော့ သတင်း က မျက်နှာလေးကို မော့ယူကြည့်လိုက်ရင်း ...၊

"အဲဒါကြောင့် ကိုကိုက စိုးရိမ်တာ၊ ခရီးကလည်း မသွားလို့မဖြစ်တာ ညီမလေး သိရဲ့သားနဲ့ .. ဖေဖေ လုပ်သွားခဲ့တဲ့အတိုင်း ကိုကို့ လက်



ထဲမှာ တစ်ဖြောင့်တည်း ဆက်သွားနိုင်ဖို့ဆိုတာ ခုလို အစမှာတည်းက ချောက်ချော်တိမ်းစောင်းမှုမရှိဖို့ လိုတယ် .. ကိုကိုလည်း ချစ်စခင်စအချိန်မျိုးမှာ ဘယ်ခွဲချင်ပါ့မလဲ .."

"ကင်း သိပါတယ် .. ဒါပေမယ့် ကင်း မှာ ကိုကို့တစ်မျက်နှာပဲ ရှိတော့တာ .."

"ကိုကိုနဲ့ ညီမလေးက နှစ်ယောက်မှ တစ်ဘဝပါ၊ နှစ်ယောက်အတူရှိနေမှ ပြည့်စုံမယ့်သူတွေပေါ့၊ မင်းလိုပဲ ကိုကိုလည်း .."

"ကိုကို့မှာ ကြီးညို တို့ ရှိတယ်လေ .."

"ကင်း ရယ် .."

"ဖေဖေသာ ကင်း ကို ကိုကိုနဲ့ လက်ထပ်မပေးခဲ့ရင် ကြီးကြီးညို တို့ကလည်း ကိုကို့ကို တခြားမိန်းမတစ်ယောက်နဲ့ လက်ထပ်ပေးလိုက်ရင်လေ .."

"လက်ထပ်ပေးတိုင်း ယူရအောင် ကိုကိုက ချာတိတ်လေးမှ မဟုတ်တာ .."

"ဒါပေမယ့် ကိုကိုက သားလိမ္မာပါ .."

"သားလိမ္မာ သမီးလိမ္မာတွေလည်း ကိုယ်ချစ်တာလေးနဲ့ပဲ လက်ထပ်ချင်လာရင်တော့ သားမိုက်သမီးမိုက်တွေ ဖြစ်သွားတတ်တာပဲ .."

"ကိုကို .."

"ဟင် ..."

"ကြီးကြီးက ကင်း ကို သိပ်ကြည့်ရပုံမပေါ်ဘူး .."

"မဟုတ်ပါဘူးကွာ .. သူတို့က အပျိုကြီးတွေလည်းဖြစ်တယ်၊ အသက်ကြီးပိုင်းရောက်ကုန်ကြပြီလေ၊ အဲဒီလိုဖြစ်လာကြရင် တစ်ယူသန်အယူသည်းတာတွေ ပါလာကြတာပဲကွ .. အဲဒါကို မင်းလည်း နားလည်ပေးဖို့ကြိုးစားနော် .. ကိုကိုက သူတို့ ဘက်ကပြောနေတာမဟုတ်ဘူး၊ မင်းကို သူတို့မှ စိတ်ချရမှာမို့လို့ .."

www.burmeseclassic.com

www.burmeseclassic.com



ကင်း က လွယ်လွယ်ကူကူပဲ ခေါင်းညိတ်လိုက်သဖြင့် ကျေနပ်သွားမိသည်။

"ကျေနပ်တာ မကျေနပ်တာ ကိုကို ပြန်လာရင် အကုန်ပြော၊ ရှင်းစရာရှိရင် ကိုကို ရှင်းပေးမယ်၊ ဘယ်အချိန် ဘယ်လိုအခြေအနေဖြစ်ဖြစ် ကိုကိုက ကိုကို့ ညီမလေးဘက်ကပဲ .. အဲ့ဒီကောင်မလေး မှားမှားမှန်မှန် .."

"တကယ်လား .."

"တကယ်ပြောတာ .. ညီမလေးလည်း .."

"ညီမလေးလို့ မပြောပါနဲ့တော့ဆိုမှ .."

နှုတ်ခမ်းလေးစူသွားသဖြင့် သူမ နဖူးလေးကို နမ်းလိုက်မိကာ..၊

"အိုခေ .. မင်းလည်း ကိုကို့ အပေါ် အထင်လွဲစရာ စိတ်ဆိုးစရာရှိရင် မျိုသိပ်မထားရဘူး၊ ကိုကို ရှင်းပြရင်လည်း နားလည်လက်ခံပေးရမယ်.."

"ဟင် .. ဒါတော့ လက်ခံသင့်မှ ခံမှာပေါ့ .."

"ကိုကိုကတော့ မင်း မှားမှားမှန်မှန် မင်းဘက်က ရပ်တည်မယ်လို့ ပြောပြီးပြီလေ .."

"ကင်း က မှားဖို့မှမရှိတာ .."

"လာသေးတယ်ကွာ .."

နဖူးလေးကို မနာအောင်ထုလိုက်ရင်း သူ ရယ်မိသည်။

"ဟုတ်တယ်လေ .. ကိုကိုက ကမ္ဘာပတ်နေမယ့်သူ၊ ကင်း က ဘယ်မှလည်း မသွားရဘူး .. ကျောင်းတုန်းကလို သူငယ်ချင်းတွေမရှိတော့ ဘယ်သူနဲ့မှလည်း ငြိဖို့မရှိဘူး .."

ဒီစကားပြန်ရောက်အောင် ဘယ်လိုဆွဲယူရမှန်းမသိဖြစ်နေစဉ် သတင်း အတွက် ပြောဖို့ရသွား၏။

"တကယ်လို့များ ကြီးကြီးတို့နဲ့ ကျန်ခဲ့တဲ့အခါ စကားစမြည် ပြောဖြစ်ကြရင်း ကျောင်းတုန်းက မိန်းကလေးသူငယ်ချင်းတွေ ယောကျ်ားလေး



သူငယ်ချင်းတွေအကြောင်း ဟိုမေးဒီမေး မေးလာခဲ့ရင်လည်း စပ်စုတယ်လို့ မထင်ဘဲ ကောင်းကောင်းမွန်မွန်ပဲပြောပြနော် .. အပျိုကြီးတွေဆိုတော့ နည်းနည်း ဂျီဂျိုဂွမ်ဂျီ နိုင်တယ်လေ .."

"သူငယ်ချင်းတွေအကြောင်း ပြောပြရရင် အပျင်းတောင်ပြေသေးတယ် ကိုကိုရယ်၊ ကင်း က တစ်ခုပဲစိုးရိမ်တာ ချိုချစ် နဲ့ ကြီးကြီးတို့ ဆုံမိရင် ရှော့ခ်ရှိတယ်၊ ချိုချစ် ကလည်း ပျော်တတ်ပေမယ့် ဆတ်ဆတ်ထိမခံစိတ်ရှိတယ်၊ သူ့ပုံစံကိုလည်း ကြီးကြီးတို့ ကြိုက်မှာမဟုတ်ဘူး .."

သူမကပြောရင်း မှီနေသည့် ရင်ခွင်ထဲက ရုန်းထွက်ကာ သတင်း မျက်နှာကိုကြည့်လိုက်ပြီး ..၊

"ကင်း အဖော်ရှိအောင်လို့ဆိုရင် ချိုချစ် ကို ဒီမှာပဲအကြာကြီး နေခိုင်းမယ်လေ ကိုကို .. ချိုချစ် ပြန်မှ ကြီးကြီးတို့ကို ဖုန်းဆက်မယ်လို့ .. နော် .."

အဲ့ဒီကောင်မလေး တစ်ရက်နှစ်ရက်လေး လာနေမယ်ကြားတာနဲ့တင် ဒီမှာ ကမ္ဘာပြိုမလိုဖြစ်နေတာ ရင်ဘတ်ကြီး ဖွင့်ပြလိုက်ချင်သည်။

ဒါပေမယ့် သူမ ခင်တွယ်နေတာလေးကို ရိုးမယ်ဖွဲ့ မပြောရက်ဘဲ အဆင်ပြေမယ့်စကား ရွေးချယ်နေရသည်။

ကင်း နဲ့ ပတ်သက်လာတိုင်း သူ့ရင်ထဲက ဓေတနာတို့သည် ဒီကောင်မလေး မိုက်မဲလို့ နက်ရှိုင်းတဲ့ ချောက်ကမ်းပါးကြီးထဲ ခုန်ချကြည့်ချင်ပါတယ်လို့ ပူဆာရင်တောင် ချောက်ကမ်းပါးကိုသာ ပြောင်းရွှေ့ထားနိုင်ရင် ထားလိုက်မည်။

မိုက်မဲလှချေလားလို့ ပြစ်တင်ဆူပူရက်မှာမဟုတ်ပေ ..။ ခုလိုမျိုး သူမကိုယ်သူမ တစ်ကောင်ကြွက်လို့ထင်နေတော့ ပို၍ပြောဖို့ခက်နေသော..

"ကိုကိုက ဒီဘက်မှာ လာနေပေးဖို့ အစောကြီးတည်းက ကြိုပြောထားရတာ ကင်း ရဲ့၊ ကြီးကြီးတို့ကလည်း လူမမာတစ်ယောက်နဲ့ အလုပ်တွေနဲ့ မအားတဲ့ကြားက စီစဉ်ထားကြရတာ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် .. ကင်း က ပြောကြည့်တာပါ .."

သူ ကင်း ရဲ့ ပါးလေးတစ်ဖက်ကို ခပ်ဖွဖွလိမ်လိုက်ရင်း ဒီဘက်မှာ ချထားလိုက်သည့် လက်သည်းနီဘူးလေးကို ပြန်ယူလိုက်သည်။

"လာ .. ခုနလို ကိုကို့ရင်ခွင်ထဲ ပြန်မှီလိုက် .. လက်သည်းနီ ဆိုးရအောင် .."

ပြောလိုက်တာနှင့် ကလေးလေးလို သူ့ရင်ခွင်ထဲ တိုးဝင်နွဲ့မှီလျက်..၊

"ဒါဆိုလည်း ချို့ချစ် ကို စိတ်ထဲရှိသလိုမပြောဖို့ ကိုကို မှာထားခဲ့နော် .. ကြီးကြီးညို က မျက်နှာကြီးကတင်းတင်းနဲ့ ကောင်းကောင်းပြောလည်း ခံရတဲ့လူ မသက်သာဘူး .."

"ချို့ချစ် က ယောကျ်ားလေးတွေ သူငယ်ချင်းလုပ်ထားတာများတော့ မင်းနဲ့ ကျောင်းမှာ တွဲနေတုန်းက ကိုကိုလည်း စိုးရိမ်မိတာပဲ.."

ယင်!...

ဒါကို ခုမှသိလိုက်ရသလို ကင်း က မျက်နှာလေးမော့လာကာ..၊

"ချို့ချစ် ကို ခင်ပေမယ့် သူနဲ့ ခင်တဲ့ ယောကျ်ားလေးတွေအားလုံးနဲ့တော့ ကင်း က မရင်းနှီးပါဘူး ကိုကိုကလည်း .."

"ကိုကို သိတယ်လေ .. ဒါပေမယ့် သူငယ်ချင်းဆိုတာ မင်းရဲ့ဘေးမှာ အချိန်ပြည့်ရှိနေတာကိုး .. ကိုကိုက လာပို့တာ ပြန်ခေါ်တာလောက်ပဲ မင်းနဲ့ စကားပြောရတာ၊ အိမ်ရောက်တော့ ကိုယ့်အလုပ်ကတစ်ဖက်၊ ဖေဖေ့အလုပ်ကို ကူရတာတစ်ဖက်နဲ့ ဒါကြောင့် ဖိုး နဲ့ ပတ်သက်တာတွေ ကိုကို သိပ်မသိခဲ့ရတာ .."

"ကိုကို ..."

"ဟင် ..."

"ကိုကိုက ဖိုး ကို ဘာဖြစ်လို့ထည့်ထည့်ပြောနေတာလဲ၊ ကိုကိုက တစ်ခုခု စိုးရိမ်နေတာ ကင်း ခံစားမိနေသလိုပဲ၊ ဒါမှမဟုတ် ကင်း ကိုတော့ သံသယဝင်တာမဟုတ်ဘဲ ကိုကို့စိတ်ထဲမှာ ရှိနေတာမျိုးလား .."



မေးတတ်လိုက်တဲ့ ကောင်မလေး၊ ကင်း ဆိုတဲ့ကောင်မလေး အဲ့ဒီလို ဖြူဖြူစင်စင်သွက်သွက်လက်လက်လေးမို့ သူအချစ်ပိုခဲ့ရတာပါ။

"အဲဒီလိုမဟုတ်ပါဘူး .. ဒါပေမယ့် အစက အမှတ်တမဲ့နေခဲ့ပြီးမှ ခုမှ သိချင်လာတယ် .."

"ဘာကိုလဲဟင် .."

"သူ့ကို မင်း ဘယ်လောက်ထိ ရင်းနှီးခဲ့လို့ တစ်ကျောင်းလုံးသိကြတဲ့အထိ ဖြစ်သွားတာလဲဆိုတာ .."

ကင်း က ငြိမ်ငြိမ်သက်သက်လေး နားထောင်နေသည်။

"သူ့ဘက်က တမင်လိုက်ဖွတာတွေဆိုရင် နောက်ဆက်တွဲတွေမှာ အန္တရာယ်ရှိနိုင်တယ် .."

"အားလုံးပြီးသွားပြီပဲ ကိုကိုရယ် .. နောက်ပြီး ကျောင်းမှာတည်းက သူ့ကိုပြောင်လှောင်ပြီး စနောက်ကြရင်းနဲ့ ကင်း နဲ့ တွဲပြီး လူသိများသွားခဲ့တာ၊ သူ့ကို ပြန်ချစ်မယ်လို့လည်း ဘယ်သူကမှ မထင်ဘူး၊ အတွဲဖြစ်သွားပြီလိုလို ပြောကြတာလည်း နောက်ပြောင်နေကြတာပါ .."

"စင်ပေါ်တက်လာတဲ့လူတိုင်း လက်ခုပ်သံတွေအကြောင်းသိကြတာမဟုတ်ဘူး ကင်း .. ကိုယ်တင်ဆက်တဲ့ အနုပညာကို နှစ်ထောင်းအားရ စိတ်ကျေနပ်လို့ တစ်ခဲနက် အားပေးကြတဲ့ လက်ခုပ်သံရှိတယ်၊ ဘာမှ မစရသေးဘဲ ဒါမှမဟုတ် မပြီးဆုံးသေးဘဲ လက်ခုပ်သံထွက်လာရင် အဲဒါ တော်ပါတော့လို့အော်တဲ့ လက်ခုပ်သံပဲ .. ကိုယ် အခုကြားခဲ့ရတာ ဒီကောင်လေးက ခပ်ရွတ်ရွတ် ဂျစ်ကန်ကန် .."

"ဟုတ်တယ် .. သူ ဘယ်သူ့ကိုမှ မကြောက်ဘူး၊ ပြောချင်လာရင် ဖွင့်ပြောတယ်၊ မပြောချင်ရင် တစ်ခွန်းမှ မဟတော့ဘူး .. တစ်ခါတစ်ခါ ပြောတဲ့စကားတွေက အရူးလိုပဲ၊ ဘယ်သူ့ကိုပြောချင်မှန်းမသိ၊ မေးနေလား .. ဒီတိုင်းပဲ ပြောနေတာလားဆိုတာလည်း မသိဘူး၊ အဲ့ဒါကြောင့် သူတို့မိသားစုကို စုန်းတတ်သလိုလို ဂေါက်ကြောင်တွေလိုလို ပြောကြ

www.burmeseclassic.com

www.burmeseclassic.com



တာထင်တယ် ..."

"မင်းရော .. ဘယ်လိုထင်ဖူးလဲ .."

"မသိပါဘူး .. သူနဲ့ စကားပြောရတာ စိတ်ညစ်တယ်၊ သူ့ကို မြင်လိုက်ရရင် တစ်ခါတစ်ခါ ကြောက်မိသလိုပဲ .."

"ကျောင်းပြီးတော့မယ်ဆိုတော့ နောက်မတွေ့ရတော့ဘူးလေ .. သူ မင်းကို တစ်ခုခုပြောဖူးလား .."

လက်သည်းလေးတွေကို ဖြည်းဖြည်းလေးမှုတ်နေရင်း မေးတော့ ကင်း တလည်း လက်တွေကိုပဲ အဓိပ္ပာယ်မဲ့ငေးကြည့်နေမိကာ ..၊

"သူ ပျောက်သွားတယ် .."

"ဘယ်လို ..."

သတင်း ရင်ထဲမှာ ဒိန်းခနဲမြည်သွားသည်။ ဒီလို အစွန်းရောက်သမား တွေက သူတို့ခံစားရတဲ့အတိုင်း လက်လွှတ်စပယ်လုပ်သွားတတ်ကြသည်။ ဖြစ်သွားပြီဆိုရင်တော့ ကိုယ်နဲ့ ဆိုင်ဆိုင်မဆိုင်ဆိုင် ကိုယ့်ကြောင့် ဆိုတဲ့ ပုဒ်မတစ်ပြီးဖြစ်နေတတ်ကာ ..၊

"သူ ဘယ်လိုပျောက်သွားတာလဲ .. စာမေးပွဲမဖြေဘဲ ပျောက်သွား တာလား .. ပျောက်သွားပြီး ပေါ်ကိုမလာတော့တာလား .."

"ဘယ်လိုပျောက်နေမှန်း ကင်း ဘယ်လိုလုပ်သိမလဲ၊ စာမေးပွဲ ဖြေသလား မဖြေဘူးလားလည်း မသိပါဘူး။ စာမေးပွဲဖြေပြီးတဲ့နောက်နေ့ နယ်ပြန်မယ့် သူငယ်ချင်းအတွက် JS မှာ နှုတ်ဆက်ပွဲလုပ်ဖို့ သူငယ်ချင်း တွေစုမိကြတော့ .."

"ဟုတ်တယ် အဲဒီနေ့က ကိုကိုနဲ့ မေမေမရှိဘူး၊ ပဲခူးမှာ တစ်နေ ကုန်သွားပြီး ရန်ကုန်ကို ကိုးနာရီလောက်မှ ပြန်ရောက်ကြတာ .."

သူ စကားပြောနေရင်း အရောင်မတူတာလေးတွေနဲ့ ဒီဇိုင်းလှလှ လေးလုပ်ပေးလိုက်တာကို ကင်း က သဘောကျသွားပြီး လက်ချောင်း လေးတွေကို ပြန်ကြည့်နေ၏။



"ဆက်ပြောလေ ကင်း .. အဲဒီနေ့က သူလည်းပါတာလား .."

"မပါပါဘူး .. ဒါပေမယ့် ချိုချစ် ကတော့ သူပေးတဲ့စာယူလာ တယ် .."

ချိုချစ် ဆိုတဲ့နာမည်ချည်းပဲ ဟိုပါဒီပါနဲ့ပါလား ..။

ပြဿနာမလေးလို့ စိတ်ပျက်စွာတွေးလိုက်မိသည်။

"ဘာစာတွေယူလာတာလဲ .. ကိုကို့ကို ပြောပြနိုင်လား .."

"ဘာလို့မပြောနိုင်ရမှာလဲ .. သူ နှုတ်ဆက်ချင်လို့တဲ့ စကားပြော ပါရစေတဲ့ .."

"အဲဒီတော့ .."

မေးမိပြီးမှ တရားလွန်စပ်စုရာကျနေပြီမှန်း တွေးမိပြီး ခပ်အမ်းအမ်း ဖြစ်သွားသည်။

"သူက နေရာတွေဘာတွေနဲ့ ချိန်းတာ ကိုကိုရဲ့ .. စကားပြောချင် ရင် တခြားသူငယ်ချင်းတွေလိုပဲ သူ ဝင်ထိုင်စားသောက်လို့ရတာပဲ၊ ဘာမှ လည်း မဆိုင်ဘဲနဲ့ သူ မရိုးမသားတွေပြောမှာလည်း သိသိကြီးနဲ့ ကင်း က ဘာလို့သွားရမှာလဲ .. အလကား အရှုး .."

"အဲ့ဒါက ဒီတိုင်းပြီးသွားရောလား .."

"မပြီးဘူး .. ကင်း ပြန်လာတော့ သူ လမ်းကနေစောင့်ပြီး ကားရှေ့ ကနေ တားတယ် .."

ဖြစ်ရလေ ..၊

ထိုနေ့ကမှ ဒရိုင်ဘာတွေလည်းမရှိ .. သူတို့လည်း မရှိသဖြင့် ကင်း တစ်ယောက်တည်း ..။

"ကားမောင်းနေတုန်း တားတာလား .. မင်း ဘယ်ရောင်သေး လို့လဲ၊ သူ တားတော့ မင်း တစ်ယောက်တည်းလား .."

"ဟာ .. အရမ်းမေးတာပဲ ကိုကိုကလည်း .."

"ကိုကို စိုးရိမ်လို့ပါ ကင်း ရယ် .. နောက်ဆုံးတွေကြတဲ့အချိန်

www.burmeseclassic.com

www.burmeseclassic.com



မှာ သူ့ရင်ထဲမှာ ဘာရှိခဲ့သလဲဆိုတာ သိချင်နေတာ ..."

"သူက ဘာဖြစ်ဖြစ် စိတ်လွှဖဆန်ဆန်လုပ်တာပဲ ကိုကိုရဲ့ .. လမ်းအကွေ့ကြီးမှာ ရှေ့ကတားတာလေ၊ မီးပွိုင့်နဲ့လည်း နီးနေတော့ ကားတွေကရှုပ်နေတာပဲ၊ အဲဒီတုန်းက ကင်း စိတ်အရမ်းတိုသွားတာ၊ ဝင်တိုက်ပစ်ဖို့တောင် စိတ်ကူးမိသေးတယ် ..."

"မင်း .. ဘာမှတော့ မလုပ်ခဲ့ဘူးမို့လား .."

စိုးရိမ်တကြီးမေးတော့ ကင်း က အံ့ဩသွားသလိုလှည့်ကြည့်သည်။

"ကိုကိုပဲ မနေ့ကတွေ့ခဲ့တယ်ဆို .."

မေးလိုက်ပြီး သွားတန်းလေးတွေပေါ်အောင်ရယ်ကာ ..၊

"အဲဒီတုန်းက ကားနဲ့တိုက်သတ်ခဲ့ရင် ကိုကို့ရှေ့မှာ ဖြတ်လျှောက်နေပါ့မလား .."

"ဟွန်း ..."

ချော်လဲရောထိုင်ရယ်လိုက်ရပေမယ့် မပီပြင်ခဲ့ဘဲ ..။

"မဟုတ်ပါဘူးကွာ .. ဒေါသဆိုတာ အမှောင်ပဲလေ၊ မလွတ်မကင်းတစ်ခုခုများ ရွဲ့ချိုက်လုပ်ပစ်ခဲ့သေးလားလို့ .."

ကင်း က ရယ်နေဆဲဖြစ်ကာ လက်ကိုလည်း ဖြန့်ကြည့်နေဆဲရှိလျက် ..၊

"ကင်းက အဲ့လောက်လုပ်ရဲပါ့မလား ကိုကိုရဲ့ .."

ထိုနေ့က မိုးဖွဲလေးတွေကျနေသည်။ လမ်းကွေ့နားမှာဖြစ်ကာ မီးပွိုင့်နဲ့လည်း နီးနေသဖြင့် ကားတွေက ရှုပ်နေ၏။ တစ်ဖက်ခြမ်းလမ်းအစပ်မှာလည်း ဈေးရောင်းပွဲတော်လားဘာလား ခင်းကျင်းနေသောကြောင့် လူတွေစည်နေသည်။

သူမကိုက ထိုနေရာရောက်တော့ မိုးချုပ်စအချိန်ဖြစ်နေခဲ့၏။ လမ်းပေါ်မှာ ရှုပ်လို့ကောင်းနေသဖြင့် ကားကိုတုံ့သွားလိုက် ဆက်တိုးလိုက်နှင့် မြန်မြန်မောင်းလို့မရ ..။



ထိုစဉ် ဖုန်းထဲမှာ မက်ဆေ့ချ်ဝင်လာခဲ့သည်။

"ကချင်ရိုးရာ စားသောက်ဆိုင်မှာ ခဏဆင်းပါလား မာယာ .. ကျွန်တော် စကားပြောချင်လို့ .." တဲ့ ..။

မိုးချုပ်နေလို့ စိတ်လောနေရတဲ့ထဲ သူမ စိတ်တိုသွားသည်။

ဖုန်းကို ပြန်မကိုင်မိအောင် နောက်ခန်းထိလှမ်းပစ်လိုက်ပြီး ရှေ့ကားကို ကျော်တက်ပြီး စိတ်မြန်လက်မြန် မောင်းထွက်လိုက်၏။

ထိုစဉ် သူမလှမ်းမြင်လိုက်ရတာက လမ်းမဘေးကနေ သူမ ကားဆီအပြေးတစ်ပိုင်းလာနေသော ဖိုး ကို ဖြစ်၏။

"ကျွတ် .."

စိတ်ပျက်သွားမိတာ ဘယ်လိုပြောရမှန်းတောင်မသိ၊ သူ့ကို ဘယ်လိုမှ မချစ်နိုင်မှန်းသိလျက်နှင့် ဘာဖြစ်လို့ ဖွတ်ရှေ့တိုးချင်တာလဲ ..။ သူ ဖွဲမလျှော့ဘဲ ဖွတ်လိုက်နေတော့ သူမအတွက် နေရခက်တာတွေဖြစ်လာခဲ့သည်။

"သူက ဂုဏ်နေမရှိလို့လား .."

"ဇာတ်လမ်းတွေထဲကလို ဆင်းရဲဟန်ဆောင်နေတဲ့ သူဌေးလည်းဖြစ်နိုင်ပါတယ်ဟ .. သူ့စိတ်က အဲဒီလို ထူးထူးဆန်းဆန်းကာရိုက်တာတွေ ဖန်တီးရတာ ဝါသနာပါတဲ့ပုံမျိုးပါ .."

"သူကပြောတယ် နင်က သူ့အတွက် ဘုရားပေးတဲ့ဆုတဲ့၊ သူ့အတွက် ပထမဆုံး နောက်ဆုံး တစ်ယောက်တည်းသော မိန်းကလေးအဖြစ် ဘုရားသခင်က ဖန်ဆင်းပေးခဲ့တာတဲ့ .."

သူပေးတဲ့စာတွေဖတ်ပြီး ချိုချစ် တို့က ဖိုး ကို တကယ်သနားနေကြသလိုလို စနောက်ကြတာလိုလို .. ဘာပဲဖြစ်ဖြစ် သူ့ရဲ့ထူးဆန်းမှုတွေက ကြောက်စရာဖြစ်လာခဲ့သည်။ ကိုယ်ကပဲ ဆင်းရဲတဲ့သူမို့လို့ သူ့ကိုဖယ်ကျဉ်ထားခဲ့သလိုလို ..။

အရေးထဲကျမှ .. ကျွတ် ..။

www.burmeseclassic.com

www.burmeseclassic.com



ကျော်တက်လိုက်ကာမှပဲ ရှေ့မှာ လမ်းကြောင်းမရှင်းတော့ သူ့ကို ရပ်စောင့်နေသလိုဖြစ်ခဲ့ရကာ ...။

"ဘုတ် .. ဘုတ် .."

"မာယာ ..."

ကားမှန်ကိုလာပုတ်ပြီး ရယ်ပြနေတာ ရှိသမျှသွားတန်းတွေ အခွေလိုက် တစ်ဆုံးထိမြင်နေရ၏။

"နင်ကသာ နတ်ဆိုးလို့ပြောနေတာ ဖိုး က နင်နဲ့တွေ့ရင်သာ ပြုံးရယ်ချိုသာနေတာနော် .. ဘယ်သူ့မှ ပြုံးရယ်ပြောနေတာမရှိခဲ့ဘူး .." တဲ့ ...။

ပြောခဲ့ကြတာတွေကို သတိရကာ ရယ်နေသည့် မျက်နှာကြီးကို မျက်မှောင်ကုတ်ကြည့်မိ၏။ ထိုပြင်မှန်ထဲကို သူ မြင်ရမှာမဟုတ်မှန်း သိသောကြောင့် မှန်ကိုပါ တစ်ဝက်လောက်ချပစ်မိကာ ...။

"ဘာကိစ္စလဲ ဖိုး .. လမ်းပေါ်မှာ နောက်ကားတွေနဲ့ .."

"ကျွန်တော် မက်ဆေ့ချ်ပို့လိုက်တာ တွေ့တယ်မို့လား .. ဆိုင်က ဒီအကွေ့နားလေးတင်ပဲ .."

သေလိုက်ပါလား ...။

ပါးစပ်ကမပြောဖြစ်ပေမယ့် ကင်း ရဲ့ မျက်နှာ စူးရဲတင်းမာသွားခဲ့သည်။ သူငယ်ချင်းတွေ ဆုံနေတုန်းက ရိုးရိုးသားသား လာစကားမပြောဘဲ ဒီနားမှာ သူနဲ့ သီးသန့်လာတွေ့ရင် ဒီထက် ရှေ့ဆက်ဖို့မျှော်လင့်ချက်တွေနဲ့ ဘယ်လောက်ထိများ ရဲတင်းလာလိုက်မလဲ ...။

"ဖယ် .. ဖယ် .. မိုးချုပ်နေပြီ ရှင့်ကို တကူးတက ဆင်းတွေ့နေဖို့ အချိန်မရှိဘူး .."

မျှော်လင့်တကြီးပြုံးနေသည့် မျက်နှာ ကွက်ခနဲပျက်သွားသည်။ ဒါပေမယ့် အရှိန်မတင်သေးသည့် ကားရဲ့ဘေးကနေ သူလိုက်နေဆဲဖြစ်ကာ ...။

"မာယာ ရယ် .. ကျွန်တော် မာယာ နဲ့ အမြဲတမ်းချစ်ခင်နေချင်တာပါ၊ အမုန်းဆိုတာ ဘယ်နေရာမှာမှ မကောင်းပါဘူး၊ ကျွန်တော် မာယာ



ကို မမုန်းနိုင်လို့ပါ .."

"ရှင့်ဟာရှင် မုန်းမုန်းချစ်ချစ် ကင်း နဲ့ ဘာဆိုင်လို့လဲ .."

"ကျွန်တော်နဲ့ မာယာ .."

"ကဲ .. ဖယ်ပေးဆိုမှ .."

ကားလွတ်နေပြီမို့ အရှိန်တင်တော့မယ့်အကြောင်း မှန်ကိုအရင်တင်ပစ်လိုက်သည်။ သူ တစ်ချက်တော့ တွန့်သွားခဲ့၏။ ဒါပေမယ့် မှန်ကို လက်တင်ပြီး 'မာယာ' လို့ အတင်းလိုက်ခေါ်နေတာကို မြင်နေရသည်။

"တောက် ..."

ဒီလူတော်တော်လွန်နေပြီ ...။

ကင်း လီဗာဖိနင်းလိုက်ပြီး မီးပွိုင့်ထိတက်ပစ်လိုက်သည်။

တွေ့ကြောထဲရောက်သွားလည်း ကြုံသလို တွေ့ပစ်လိုက်တော့သည်။ ဒီနေရာကလွတ်ရင် ပြီးရော ဘယ်ရောက်သွားသွား ...။

ဘေးမှာပါမလာတော့မှ ပြုံးလိုက်မိသည်။ မီးပွိုင့်မှာတော့ သူ ကပ်လာရဲတော့မှာ မဟုတ်ပေ ...။ စိတ်အေးသွားပြီး မီးစိမ်းတာကို စောင့်နေမိစဉ် ...။

ဟင်!...

သူ့မဘေးမှာ ဖိုး ပြန်ရောက်လာတာ မြင်လိုက်ရကာ ...။

"မာယာ .."

ခုနကလို ပြုံးနေတာ မဟုတ်တော့မှန်း မီးရောင်တစ်ချို့ထင်ဟပ်နေသောကြောင့် မြင်နေရသည်။ သူ့မ လန့်သွားသဖြင့် ဖျပ်ခနဲလှည့်ကြည့်မိပြီးမှ ရှေ့ပြန်လှည့်လိုက်သည်။

ကြောက်ရင် နောက်ဆုတ်နေလိမ့်မည်။ နောက်ဆုတ်ပါလို့ ပြောင်းရန်နားချနေလည်း အပိုပဲဆိုတာ သိလိုက်သဖြင့် တွေ့ကြောထွက်တာနှင့် ချက်ချင်းမောင်းထွက်လိုက်၏။

သူကလည်း ထင်သည့်အတိုင်း တစ်လွှားလွှားပြေးလိုက်နေသော

www.burmeseclassic.com

www.burmeseclassic.com



ကာ ..၊

"မာယာ .. ခင်ဗျားကို ကျွန်တော် ဘယ်တော့မှ လက်မလွှတ်ဘူး.."

ဘယ်လောက်ထိ အော်ပြောလိုက်သည်မသိ၊ မှန်အပြင်ကအသံကို သူမ ဝီသစွာကြားခဲ့ရသည်။ တွေ့လာခဲ့ပြီးမှ နောက်ပြန်လှည့်ကြည့်လိုက်တော့ လမ်းဘေးအစပ်မှာ သူ ရပ်နေဆဲရှိကာ သူမရဲ့ကားကို မျက်စိတစ်ဆုံးကြည့်နေခဲ့၏။

သတင်း က ကင်း ပြောပြနေတာကို စိတ်ဝင်တစားနားထောင်နေခဲ့လျက် ..။

"သူ နောက်ထပ် တစ်ခုခုဆက်သွယ်လာသေးလား .."

"ဟင့်အင်း .."

ခေါင်းခါလိုက်ပြီးမှ မျက်မှောင်ကုတ်နေဆဲရှိသည့် သတင်းကို အကဲခတ်မိကာ ..၊

"ဘာလဲ .. ဘယ်တော့မှ လက်မလွှတ်ဘူးလို့ အော်ပြောခဲ့တာကို ကိုကို စိုးရိမ်သွားတာလား .."

"အင်း .. အဲ့လိုလည်းမဟုတ်ပါဘူး၊ ကိုကိုက ခရီးသွားမှာဆိုတော့ ဖြစ်လာဖွယ်ရှိတာတွေကို တွေးကြည့်ရတာပေါ့၊ သူ နောက်ထပ် ဖုန်းတွေ မက်ဆေ့ချ်တွေ ဘာမှမပို့တော့ဘူးပေါ့၊ ကိုကိုက ချိုချစ် ရောက်လာရင် အဲဒီတစ်ယောက်နဲ့ .."

"ဟာ .. ချိုချစ် က အဲ့လိုတော့ မစည်းရုံးတတ်ပါဘူး ကိုကိုရဲ့၊ သူက အစအနှောက်သန်တယ်၊ အဲ့ဒါမျိုး အခက်အခဲရှိနေကြရင် ကူညီတတ်တယ် .. ဒါပါပဲ .."

"ဗိုး က သူနဲ့သိလို့ မင်းနဲ့ သိလာတာလား .."

"မဟုတ်ပါဘူး .. ကင်း ကို သူ လိုက်နေကာမှ ချိုချစ် က သိပြီး .."

"အရောက်ပို့နေတာ .."

"မဟုတ်ပါဘူး ကိုကိုကလည်း ချိုချစ် လာမှာ ကိုကို သဘောမကျ



ဘူးလားဟင် .."

သတင်း က ကင်း မျက်နှာလေးကိုစိုက်ကြည့်ရင်း ..၊

"ကိုကို သဘောမကျဘူးဆိုတော့ မင်းက ပျော်သွားမှာမို့လို့လား .."

ကင်း က သူ့ပခုံးစွန်းမှာ ခေါင်းလေးမှီလိုက်ကာ ..၊

"ကိုကိုက နိုးဆိုရင်တော့ ကင်း မခေါ်တော့ပါဘူး၊ ကိုကို့ကိုလည်း တစ်မျိုးမထင်အောင် ကင်း ပြောလိုက်ပါ့မယ် .."

"ဟွန်း .."

"ဘာရယ်တာလဲ .."

"မင်း အဲ့လိုပဲ ကိုကို့ကို ချူတာ .."

"ကိုကိုနော် .. ကင်း ကိုကို့စကား နားထောင်ဖို့ ဆုံးဖြတ်ထားလို့.."

သူ ကင်း ရဲ့ နဖူးလေးကို လက်တစ်ဖက်နဲ့ ဖွဖွလေးပွတ်သပ်ရင်း နမ်းလိုက်မိသည်။

"ကိုကိုကလည်း မင်း အလျှော့ပေးဖို့ကြိုးစားတာလေးကိုပဲ ခေါင်းမညိတ်ရက်တဲ့ကောင် .."

"ဒါဆို ကိုကိုက ကြည်ကြည်သာသာနေလေ .."

"ဒီကောင်မလေးကို ကိုကို သဘောမကျတာတော့ အမှန်ပဲ၊ ဒါပေမယ့် တစ်ညနှစ်ညလောက်တော့ ခွင့်ပြုပါတယ်၊ အကြာကြီးတော့ မနေစေနဲ့နော် .. အဲဒါကြီးကြီးနဲ့ မဆိုင်ဘူး၊ ကိုကို ကိုယ်တိုင် ဘယ်လိုမှ စိတ်မချတာ .."

"စိတ်ချ .. နှစ်ညထက်မပိုဘူး .."

သူ ခေါင်းညိတ်လိုက်သည်။ စိတ်ထဲမှာတော့ နောက်အစီအစဉ်တစ်ခုအတွက် ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

"ထိုင်ပါ .. ဂုဏ်သတင်း ရဲ့ ချို က သူ့သူငယ်ချင်းအကြောင်းတွေ လူမလာခင်တည်းက အမြဲပြောနေတော့၊ နာမည်နဲ့တော့ ရင်းနှီးပြီးသားပါ၊ အစ်မက ချို့ ယောင်းမ လင်းလက်စန္ဒာလေ .."

"ဟုတ်ကဲ့ .."

ချိုချစ် ရဲ့ ယောင်းမဆိုသူကလည်း ဆံပင်ပခုံးသာသာ ကောက်ထားလျက် ကိုယ်လုံးသွယ်သွယ် အသားညိုညိုဖြစ်သည်။ မျက်လုံးမှေးသလိုရှိပေမယ့် နှုတ်ခမ်းထူထူနှင့် သဘောကောင်းမည့်ပုံရှိကာ ..၊

"မာယာကင်း ရော .."

"ကင်း က အိမ်မှာပါပဲ၊ ကျွန်တော်က ကုမ္ပဏီက အပြန်ဝင်လာတာ .."

"သြော် .. ချို့ ကို တစ်ခါတည်း ခေါ်သွားမလို့များလား .."

သတင်း က တည်ငြိမ်သည့်မျက်နှာနှင့်ရှိနေကာ သူမ မျက်နှာကို စိုက်ကြည့်ရင်း ခေါင်းခါလိုက်၏။

"မဟုတ်ပါဘူး .."



လင်းလက်စန္ဒာ က အားနာသွားသလို ခပ်အမ်းအမ်းဖြစ်သွားသည်။

"ဒါဆို ချို့ ကို တွေ့ဖို့ သက်သက်လာတာလား .."

ချိုချစ် သူငယ်ချင်းက မာယာကင်း ဆိုတာ သိထားသဖြင့် ခင်ပွန်းဖြစ်သူရောက်လာတာကို နားမလည်နိုင်ဖြစ်သွားပုံရှိကာ ..၊

"ဆောရီးနော် .. အစ်မက .."

"ရပါတယ်.. ကျွန်တော်က ချိုချစ် နဲ့တော့ မရင်းနှီးပါဘူး၊ ဒါပေမယ့် သူတို့သူငယ်ချင်းချင်းတွေ့ရင် လိုအပ်မယ်ထင်တာလေးတွေ ကြိုပြီးပြောပြ ထားချင်လို့ဆိုပါတော့ .."

"ဘယ်လို ..."

လင်းလက်စန္ဒာ က နောက်ထပ်မေးခွန်းတစ်ခုအတွက် ပြင်ဆင်လိုက်လျှင် ချိုချစ် က ထွက်လာပြီမို့ ..။

"ကင်း ရဲ့ ယောက်ျားလာတယ်ဆိုတော့ အပွန့် .. ကမ္ဘာကြီးများ ပြောင်းပြန်လည်နေပြီလားလို့ .."

အနီရဲရဲ စတော့ကင်အရှည်နှင့် လည်စည်းပါသည့် အင်္ကျီပွပွကြီးကို ဝတ်ထားသည့် ချိုချစ် က ကျောင်းတက်နေတုန်းကထက် အနည်းငယ် ပိုချော်ရင့်ကျက်သွားတာလား၊ ဒါမှမဟုတ် ရင့်ရော်သွားတာလားတော့ မသိ ..။

မျက်နှာပေါ်မှာ ကာလာတွေ သိပ်တင်မထားပေမယ့် ပြောင်းလဲနေတာကတော့ အမှန်ပဲဖြစ်သည်။ သို့သော် .. ခေါ်ပြောပုံကတော့ ဟိုတုန်းကအတိုင်း ..။

"ကိုကို ရောက်လာတာ အရေးကြီးတဲ့ကိစ္စပဲထင်တယ် .."

"အင်း .. ဆိုပါတော့၊ တို့ မင်းနဲ့စကားအေးဆေးပြောလို့ရမလား.."

"သိပ်ရတာပေါ့ .. ကိုကို အခဲလိုတောင်းဆိုလို့ကတော့ ကြိုက်တဲ့နေရာသွား .."

"ချို ကတော့ လုပ်ပြီ .."

www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ ပြောဆိုဆက်ဆံပုံကြောင့် ယောင်းမဖြစ်သူကလည်း အံ့ဩနေသလိုရှိကာ ပြီးတော့ ရယ်ရင်း ..၊

"ချို တို့က တော်တော်ရင်းနှီးခဲ့ကြတာပဲ၊ ရပါတယ် .. အပြင်ကို သွားကြမှာလား၊ စန္ဒာ ထွက်သွားပေးရမလား .."

"ရပါတယ် .. ဒီမှာပဲ ပြောတာပေါ့ .."

"အိုခေ .. ဘိုင့် .."

လင်းလက်စန္ဒာ က နှုတ်ဆက်ပြီး ချက်ချင်းထထွက်သွား၏။ ချိုချစ် က နေရာမှာ ဧွေ့ခနဲထိုင်လိုက်ပြီး ဆံပင်တွေကို ဘယ်ပြန်ညာပြန်သပ်လိုက်သေးသည်။

သူမ လက်ချောင်းတွေမှာ ဆင်မြန်းထားသော ကျောက်မျက်ရတနာတို့၏အရောင်က ပြိုးပြက်လက်သွားခဲ့လျက် ..၊

"ရပြီ ကိုကို ပြောလေ .. ကင်း နဲ့ပဲ ပတ်သက်မယ်ထင်တယ် .. ဟုတ်လား .."

"ဟုတ်တယ် .. ညီမနဲ့ ကင်း ကို .."

"သူငယ်ချင်းတွေဆိုပေမယ့် ချို က ကိုကိုနဲ့ လယ်ဗယ်တန်းပါ ကိုကိုရဲ့၊ ညီမလို့ခေါ်မနေပါနဲ့ ချို လို့ပဲခေါ်ပါ .."

သူမက ရင်းနှီးပွင့်လင်းဟန်တွေ ပြနေပေမယ့် သတင်း မျက်နှာ က ပြုံးသည်တည်သည်မမည်ဘဲရှိကာ ..၊

"ရင်းရင်းနှီးနှီးပြောပါဆိုရင်တော့ အားနာနာနဲ့ ပြောရမှာပဲ၊ မင်းကို တစ်ခုလောက်မေးချင်တယ် .."

"အင်းလေ .. မေး .."

အားနာရလောက်အောင် အကျည်းတန်စေမယ့်စကားမျိုး ကြားရနိုင်တာကို အသိပေးလိုက်ပေမယ့် ချိုချစ် မျက်နှာက အပြုံးလည်းမပျက် ရွှင်မြူးတက်ကြွနေတာတွေလည်း ပျောက်မသွားခဲ့ပေ ..။ ထို့ပြင် ..၊

"ချို အရင်ခန့်မှန်းကြည့်ဦးမယ်၊ ကိုကိုက ချို ဘာအကြောင်းနဲ့



မြန်မာပြည်ပြန်လာတာလဲဆိုတာ မေးချင်တာမို့လား .."

"တို့ အဲ့လောက်ထိ မစပ်စုပါဘူး .. ဒါပေမယ့် .."

"စပ်စုခွင့်ရှိပါတယ် ကိုကိုရဲ့ .. ကိုကို့ကို ကိုကိုလို့ ခေါ်နေတာပဲဟာ .. ကင်း ကို စေတနာထားသလို ချို့ ကို ထားလို့ရတယ် .. ကင်း လိုပဲ .."

"နေဦး ချို .."

သတင်း က ချိုချစ် မျက်နှာကို စိုက်ကြည့်၍ ..၊

"တို့က ရင်းနှီးမှုတွေနဲ့ အကြောင်းခံတဲ့စကားတွေ ပြောချင်တာမဟုတ်ဘူး၊ ကင်း က သွေးအားနည်း ရောဂါရှိတယ်၊ သူ့ကို ခွန်အားရော စိတ်အားရော ဘာမှမပင်ပန်းစေချင်ဘူး .."

"ချို ရောက်လာလို့ သူ့ကို ပင်ပန်းစေတော့မှာပဲလို့ ကိုကို စိုးရိမ်နေတာလား .."

"အမှန်အတိုင်းပြောရရင် ဟုတ်တယ်၊ အားမနာတမ်းမေးရရင် မင်း ကင်း နဲ့အတူ အိမ်မှာလာနေဦးမယ်ဆိုတာ ဘယ်နှစ်ရက်လောက်ဖြစ်မလဲ သိချင်တယ် .."

"သုံးရက် ..."

စိုက်ကြည့်နေပြီး သတင်း က ခေါင်းခါသည်။

"ဆောရီး ချိုချစ် .. တို့ အဲ့ဒီလောက်တော့ ခွင့်မပြုနိုင်ဘူး .."

ချိုချစ် မျက်နှာကွက်ခနဲ ပျက်သွားသည်။ ပြုံးနေခြင်းက တစ်ဝက်လောက်ထိ လျော့ရိလျော့ရဲဖြစ်သွားခဲ့ပြီး ..၊

"ဘာဖြစ်လို့လဲတော့ မမေးချင်ပါဘူး၊ ဒါပေမယ့် ကိုကို ဒီလိုပြောလိမ့်မယ်လို့လည်း မထင်တာအမှန်ပဲ .."

"ကင်း အတွက်ပြောရတာပါ .."

မျက်ခုံးတန်းတို့ ထင်းနေကာ ကော့ထင်းသည့် နှာတံနှင့် ဝင်းမွန်နေသော မျက်နှာချောချောကို ချိုချစ် က ငေးကြည့်နေ၏။ ထူးဆန်းသည်

www.burmeseclassic.com

www.burmeseclassic.com



မှာ သတင်းရဲ့ ပြောစကားတွေကြောင့် ခံပြင်းသွားတာလည်းမဟုတ်၊ ဝမ်းနည်းသွားသည့်မျက်လုံးတွေလည်းမဟုတ်ဘဲ နားမလည်နိုင်ခြင်း သက်သက်သာရှိနေပြီး …၊

“ကင်း က ချို့ကြောင့် တစ်စုံတစ်ရာဖြစ်သွားနိုင်လောက်အောင် အသက်သောနီးနေလို့လား ကိုကို ..”

သတင်း မျက်မှောင်ကုတ်သွားသည်။ သူမ ပြောသမျှစကားတွေနဲ့ ပတ်သက်၍တစ်ချက်လေးမှ စိတ်တိုင်းကျခြင်းမရှိသည့် ကိုကိုလို့ခေါ် နေတာကို ကြားရတိုင်း နားထဲမှာ တစ်စုံတစ်ရာထိခိုက်မိသွားသလို …။

“ချို မေးတာ .. ကင်း က ကိုကို့ကို ..”

“ကင်း နဲ့ မသက်ဆိုင်ဘူး .. ကင်း မသိစေချင်လို့ မင်းကိုသီးသန့် လာတွေ့တာ၊ ဒါကို မင်း ရင်ထဲမှာ တစ်မျိုးတစ်မည်ထင်ပြီး ကင်း ကို ပြန်မေးမယ်ပြောမယ်ဆိုရင်လည်းဖြစ်တယ်၊ ကင်း နဲ့ တို့က မောင်နှမ လည်းဟုတ်တယ်၊ ဇနီးမောင်နှံလည်း ဖြစ်နေပြီ၊ အခု မင်းကို တို့ပြောခဲ့ တဲ့စကားလုံးပတ်သက်ပြီး ကင်း နားလည်မှာပါ ..”

“ဟွန်း .. ဟွန်း ..”

ချိုချစ် က မျက်နှာလေးမော့ပြီးရယ်သည်။

“ကိုကိုရယ် .. ချို လည်း နိုင်ငံခြားမှာနေပေမယ့် ‘ကြားသုံးကြား မဝင်နဲ့’ ဆိုတာလောက်တော့ နားလည်ပါတယ် ..”

ကိုကိုလို့ ကိုယ်ပိုင်လွတ်လပ်ခွင့်နဲ့ခေါ်နေသည်။ ကင်း နဲ့ ရောပြီး ‘ဟိုမှာ နင့်ကိုကိုလာနေပြီ’ ‘ကိုကို ဆူနေမယ်နော်’ စသဖြင့်သော စကား တွေ ရှုပ်ထွေးအောင်ပြောရင်း သူမပါ ကိုကို ဖြစ်သွားခဲ့၏။

တစ်ခါတစ်လေ ကျောင်းသူလေးတွေကအစ အံ့ဩသလိုလှည့်ကြည့် တတ်ကြပေမယ့် နောက်တော့ မထူးဆန်းတော့ဘဲ ဖြစ်သွားခဲ့သည်။

သူမ ဘာကြောင့် ‘ကိုကို’ လို့ပဲ မိုးမွှန်အောင်ခေါ်နေမှန်း နားမလည် နိုင် …။



“သူက ကိုကို့ကို ကြိတ်ကြိုက်နေတာ၊ ကိုကိုလာရင် ကင်း က မမြင်သေးဘူး သူ့အရင်မြင်တာ၊ ကိုကို ထွက်သွားရင်လည်း မျက်စိတဆုံး လိုက်ကြည့်တာ သူပဲ ..”

ကင်း က တစ်ခါတလေ မကျေနပ်သံလေးနဲ့ပြောနေတတ်ပြီး တစ်ခါတစ်ခါကျတော့ သူမကိုယ်တိုင် ချိုချစ် နဲ့ နီးစပ်စေချင်သလိုလို ဟိုမေးဒီမေး ဒီလိုစဒီလိုစနှင့် …။

“ကိုကို ..”

သူ့အတွေးတွေ ‘ကိုကို’ ခေါ်သံမှာ မလိုလားစွာ လှည့်လည်နေဆဲ သူမက ပြန်စလာကာ …၊

“ကိုကိုက ကင်း မသိစေချင်ဘူးဆိုရင် အခု ချို့ကို ကိုကို ချီးဖဲ့ စော်ကားသလိုပြောဆိုသွားရင်တောင် ချို က ပြုံးပြုံးလေးငြိမ်သက်နေ ပေးမှာပါ ..”

သူမကအပြုံးတွေက မရိုးသားစွာ ညှိုးငယ်နေခဲ့လျက် …။

“ကင်း က ကိုကို့ကို ချစ်နေတယ်ဆိုရင် ချို ကလည်း ကင်း လိုပဲ ..”

“ချိုချစ် ..”

“ပြောပြရုံပါပဲ ကိုကို ..”

“မလိုအပ်တာတွေအတွက် အချိန်ကုန်ခံပြီး ဘာလုပ်မှာလဲ .. တို့ ဒီထိရောက်အောင်လာခဲ့တာ မင်းကိုကြိုပြီးသတိပေးချင်တာရှိလို့ .. ပထမ ဆုံး ပြောချင်တာက မင်း တစ်ည နှစ်ညထက် ပိုမနေဖို့ပဲ ..”

“ကိုကိုက ခရီးသွားမှာမဟုတ်ဘူးလား ..”

“မင်း အဲဒါကို ကြိုသိနေတာလား ..”

“လေယာဉ်ပေါ်တက်ခါနီးမှ သိတာပါ၊ ဒါပေမယ့် အိုကို ရှိရှိ မရှိရှိ ကိုကိုရှိနေတဲ့ အိမ်မှာ ချို နေချင်လို့ ..”

မျက်လုံးချင်းဆုံသွားသည်။ ချိုချစ် က ရွှန်းရွှန်းစားစားကြည့်၍…

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ကို ချို အရမ်းလေးစားတယ်၊ ပြီးတော့ အထင်ကြီးတယ်၊ ချို့ စိတ်ထဲမှာ ပထမဆုံးနဲ့ နောက်ဆုံးအဖြစ် အထင်ကြီးလေးစားပြီး ဖျောက်ဖျက်မရအောင် စွဲလမ်းခဲ့တဲ့ ယောကျ်ားက ကိုကိုပဲ .."

အံကြိတ်လိုက်သည့် သတင်း ရဲ့ မေးရိုးတွေ လှုပ်ခတ်သွားသည်။ မျက်နှာပြင်က တဖြည်းဖြည်းအနီရောင်သမ်း၏။

"ပြောရဲလိုက်တာလို့ မထင်ပါနဲ့ ကိုကို .. ကင်း ရဲ့ ဘေးမှာနေပြီး တစ်ချိန်လုံး မျိုသိပ်ထားခဲ့နိုင်တာ ကိုကို့ဆီက အဲဒီလိုမျက်လုံးတွေ ရောက်လာမှာကိုသိလို့ပါ .."

"မင်းကိုယ်မင်း အိမ်ထောင်သည်ဆိုတာမေ့နေပြီထင်တယ် .."

"မမေ့ပါဘူး .. ချို့ဘဝ ပြည့်စုံမြင့်မားဖို့ ဦးနောက်နဲ့ ရွေးချယ်ခဲ့ကာပါ၊ ဒါပေမယ့် နှလုံးသားရဲ့ ဆာလောင်နေတဲ့ လိုအပ်ချက်အတွက် ချို ဘာလုပ်ခဲ့လဲ သိလား .. ချို လက်ထပ်ခဲ့တဲ့ ယောကျ်ားက အရပ်အမောင်းရော ရုတ်တရက်အမြင်အရရော ကိုကိုနဲ့ အရမ်းတူတယ် .."

သတင်း မျက်နှာလွှဲပစ်မိသည်။

"ဒါပေမယ့် မျက်နှာကိုသေချာကြည့်ရင်တော့ အသက်သုံးဆယ့် ငါး လေးဆယ်ကြားအရွယ်ဆိုတာ သိသာလောက်အောင် ရင့်တယ်၊ ဘာပဲဖြစ်ဖြစ် .."

"တော်သင့်ပြီ ချိုချစ် .. ပြောနေတဲ့ မင်းရော နားထောင်နေခဲ့တဲ့ ငါ့အတွက်ပါ အပြစ်ရှိတယ်၊ မင်း ဘယ်တုန်းတည်းက ဘယ်လို အတွေး တွေဝင်ခဲ့သလဲ ငါ မသိဘူး၊ ဒါပေမယ့် မင်းရဲ့ ကာရိုက်တာမျိုးကို ငါ ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ဘူး၊ တစ်လက်စတည်းပြောရရင် ကိုကို လို့ ခေါ်တာတွေ ရှေ့မဆက်ဖို့ပဲ .."

"အဲဒီသတ္တိတွေဆက်ရှိနေဖို့ ချို လက်ထပ်ခဲ့တာဆိုရင်ရော .."

"မင်းရဲ့ ရည်ရွယ်ချက်တွေ ဘာဖြစ်နေနေ ငါနဲ့မဆိုင်ဘူး၊ ငါ ခရီး သွားပြီဆိုပြီး အိမ်မှာ မင်း စိတ်ကြိုက်နေဖို့ စိတ်ကူးရင်လည်း .."



"မနေပါဘူး .. ချို က ကိုကို့စကားကို နားထောင်ရတာ ကျေနပ်တယ် .."

သူမ မျက်နှာပေါ်မှာ အပြုံးတွေ ခိုတွဲနေပြန်ကာ ..၊

"ကိုကိုပြောတဲ့အတိုင်း နှစ်ညပဲခေါ်အိပ် .. ကိုကိုတို့ရဲ့ မင်္ဂလာ ခုတင်ပေါ်မှာ .."

"ကျွတ် .."

စိတ်ပျက်စွာ ထရပ်လိုက်မိသည်။ သူနဲ့ တစ်ထပ်တည်း ချို က ထရပ်လိုက်ကာ ..၊

"ချို လက်ထပ်ခဲ့ဘာရော .. အခု ပြန်လာတာရော တစ်ခုတည်းသော ရည်ရွယ်ချက်က အဲဒါပဲ ကိုကို .."

"ငါ ဒီထိလာခဲ့မိတာ မှားသွားတယ် .."

"မမှားပါဘူး .. ကိုကို .."

"မင်း အဲ့လိုမခေါ်သင့်တော့ဘူးဆိုတာ ငါပြောပြီးပြီထင်တာ .."

"မောင်နှမတွေလည်း ခေါ်ကြတာပဲ၊ ချို့ ဘက်က ဘာဖြစ်နေနေ ကိုကို လိပ်ပြာသန့်ရင် အဆင်ပြေသွားမှာပါ .."

ဘာတွေဖြစ်ကုန်တာလဲ ဘယ်တုန်းတည်းကလဲ ..။

ကိုယ်မသိခဲ့သော အခြေအနေတစ်ခုမှာ မရနိုင်သည့် မျှော်လင့်ချက်တွေ မွေ့ပိုက်ပြီး ရူးမိုက်သူတစ်ယောက်ရှိနေလိမ့်မည်ဆိုတာ ယောင်လို့ တွေးမကြည့်မိခဲ့ပေ ..။

"ပြောလေ ကိုကို .. ကိုကို ဒီထိလာတာ အိမ်မှာ ဘယ်နှစ်ရက်နေမှာလဲ မေးရုံလောက်တော့ မဟုတ်လောက်ပါဘူး .."

"ပြောချင်တဲ့စိတ်ကတော့ ကုန်သွားပြီ .. ဒါပေမယ့် ပြောခဲ့မယ်၊ ကင်း ကို ကျောင်းတုန်းက ရှေးဟောင်းနှောင်းဖြစ်တွေ ပြန်ပြောပြပြီး လွတ်လပ်စွာနေကြဖို့ မစည်းရုံးပါနဲ့ .."

"ချို ဘယ်တုန်းကမှ မစည်းရုံးခဲ့ပါဘူး၊ ကိုကိုလည်း နည်းနည်း

www.burmeseclassic.com

www.burmeseclassic.com



တော့ တွေးကြည့်ဦးလေ၊ ကင်း ကလည်း သိပ်ရိုးအလွန်းတဲ့ မတုန်မလှုပ် မိန်းကလေးတစ်ယောက်မဟုတ်ပါဘူး၊ ချို သူ့နားရောက်လာခဲ့တာလည်း သူတို့အုပ်စုထဲက ဘယ်သူ့ကိုမှရောချင်လို့မဟုတ်ဘူး၊ ကင်း က ကိုကို့ရဲ့ ကင်း ဖြစ်နေလို့ .. သူ့နားမှာနေမှ ကိုကို့နား နီးမှာမို့လို့ ..''

သူမရဲ့ အိပ်မက်တွေက ရေစိမ်ခံတွေပါလား ...။

အံ့ဩသွားမိသည်။ ပြီးတော့ စိုးရိမ်သွားခဲ့။ ကင်း က ခံစားလွယ်သည်။ စိတ်ထိခိုက်တာနှင့် လူပါနွမ်းခွေသွားတတ်ကာ ဖျားနာတဲ့အထိ ဖြစ်ရပြီဆို ကယောင်ခြောက်ချားတွေလည်း ပါလာတတ်သည်။

သူမကတော့ အစွန်းရောက်စိတ္တဇတွေနဲ့ပါလား ...။

သူ ရှေ့ဆက်စိတ်ပျက်ရမလား .. သနားစရာလို့ပဲ တွေးရမလား...။

လူမသိ သူမသိ ဆိုတစ်လှည့် ငိုတစ်လှည့်နဲ့ ရူးနေခဲ့တာ ဒီနေ့ သူမ ဖွင့်မပြောခဲ့ရင် ဘယ်သူသိမှာလဲ ...။ ဒီလိုမိန်းကလေးနဲ့ ကင်း ကို ဘယ်လိုစိတ်ချရမလဲ ...။

''ချို့ မှာ ယောကျာ်းလေးသူငယ်ချင်းတွေ အများကြီးရှိပေမယ့် ချို ချစ်ရတဲ့ ယောကျာ်းက တစ်ယောက်တည်းပါ၊ အဲဒါကြောင့် ရှေးယောင်းနှောင်းဖြစ်တွေပြောကြရင်တောင် သူပြောတာပဲ ချို က နားထောင်ပေးရမှာ ..''

''ဟုတ်ပါ့မလား ချိုချစ် .. အခု လောလောဆယ်တော့ မင်းပြောနေတာတွေပဲ ငါ နားထောင်နေရတာလားလို့ ..''

''ဒါကတော့ ကိုကို့ထက် ချို့ မှာ ပြောစရာတွေပိုများနေလို့ဖြစ်မှာပါ၊ ဇနီးကို ကာကွယ်ဖို့အတွက် တခြားမိန်းကလေးတစ်ယောက်ကို ပြောရခက်တာတွေ ကိုကို့မှာ ရှိနေပေမယ့် ချို့ မှာ အဲ့လိုမရှိဘူးလေ ..''

''မင်းပြောတာ မှန်တယ် .. မချေရာတဲ့ အခြေအနေတစ်ခု ဖြစ်လာမှာကို စိုးရိမ်နေမိတော့ ဘယ်လိုကာကွယ်ရမှန်းမသိဘဲ ငါ ဗျာများနေခဲ့တာ၊ ငါ မရှိခိုက်မှာ ကင်း တစ်ခုခု ဖြစ်သွားမှာမျိုး ဘယ်လိုမှ အဖြစ်



မခံနိုင်ဘူး၊ အထူးသဖြင့် မီးစကို ဖယောင်းနဲ့ ထုပ်ပိုးထားမိသလိုဖြစ်သွားမှာမျိုး ..''

သူမက မျက်ဝန်းတွေ ခွေးရိပ်သမ်းသွားပေမယ့် မချိတရိပြုံးလိုက်ရင်း ...၊

''စိတ်ချသွားပါ ကိုကို .. ချို က မီးပွားတစ်စဖြစ်ခဲ့ရင်တောင် ကိုကို့ ဇနီးက ဖယောင်းဖြစ်မနေရင် အရည်ပျော်သွားဖို့မရှိဘူးမို့လား .. မီးဆိုတာ သုံးတတ်ရင် မိတ်ဆွေပါ ..''

စကားပြောလည်လွန်းသည့် မိန်းမတစ်ယောက်နဲ့ ရင်ဆိုင်ပြောဆိုမိသည်မှာ သတင်း ရှုံးနိမ့်ခဲ့၏။

မိန်းကလေးတစ်ယောက်ကို အနိုင်တိုက်ဖို့ မရည်ရွယ်ပေမယ့် ကိုယ်လာခဲ့ရသည့်အကြောင်းရင်းကိုတော့ ပြီးမြောက်အောင်မြင်စွာပြောခဲ့ချင်မိသည်။ ဒါပေမယ့် ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

"ကျွတ် ..."

ဖုန်းကိုင်ရင်း စုတ်သပ်ရှုံ့မဲ့နေသည့် သူ့ဘေးကို မင်းရန် ရောက်လာကာ ..၊

"ဘာဖြစ်နေတာလဲ သတင်း .."

"ကြီးကြီးတို့ပါကွာ .. သေချာပြောဆိုထားတာတောင် .."

"ဘာတဲ့လဲ .. မလာနိုင်ဘူးတဲ့လား .."

"ဖရိုက်ဒေးမှ ရောက်မယ်တဲ့၊ ပြောတုန်းကတော့ သူ မလာနိုင်သေးရင်တောင် စိတ်ချရတဲ့တစ်ယောက် လွှတ်ပေးထားမယ်ဆိုပြီး .."

နောက်ထပ်ဖုန်းခေါ်ပြီး ပြောနေတာကို မင်းရန် က စောင့်နေခဲ့ပြီးမှ ..၊

"နေရဲ လား .."

"အေး .. သူကလည်း တစ်ပတ်လောက်ကြာမှတဲ့ .. ဘာတွေလဲကွာ .."

ရုပ်အင်္ကျီအပြာဖျော့နှင့် ကုတ်အင်္ကျီအနက် ဘောင်းဘီရှည်အနက်



ဝတ်ထားလျက် ခရီးသွားဖို့ အဝတ်စားသေတ္တာလည်း ကားပေါ် ရောက်နေကာမှ ..၊

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့ သတင်း ရာ၊ နေရဲ ကို မင်း မှာခဲ့ပေါ့ကွ .. သူ့မိန်းမလည်းရှိတာပဲ .."

"မကေ ကလည်း မိုးလင်းကမိုးချုပ် အားတာမဟုတ်ဘူးကွ .."

"အားအား .. မအားအား သူတို့လုပ်ပေးကြမှာပါ၊ မင်း ဖြစ်နေပုံက မီးလောင်နေတဲ့အိမ်ပေါ်မှာ ပုခက်နဲ့ အိပ်ပျော်ကျန်ခဲ့တဲ့ ကလေးကို စိတ်ပူနေတဲ့အမေလိုပဲ .."

ဒီလိုပြောရကောင်းလားဆိုပြီး စိတ်တိုသွားသည့်မျက်နှာက မင်းရန် ဘက်ကို ဖျတ်ခနဲလှည့်လာ၏။

"အဲ့လိုသာဆို ငါ့ကလေးကိုကယ်ဖို့ နည်းမျိုးစုံနဲ့ ကြိုးစားမှာ၊ မရရင် ငါ့အသက်သေပေ့စေ မီးထဲပြေးဝင်ပြီး ကယ်ရုံပဲ .."

"အေးပါ .. ယုံပါတယ် .."

"ကင်း ကို စိတ်ပူရတာ ကလေးမဟုတ်လို့ခက်နေတာကွ .. ငါ ရှိနေတုန်း ချိုချစ် က မလာဘူး၊ ငါအိမ်ကထွက်တာနဲ့ သူ ရောက်လာမှာ၊ မိန်းကလေးတစ်ယောက်ကို စကားပြောရတာလည်း .. ကျွတ် .."

"ကဲပါကွာ .. ချိုချစ် က မင်းထင်သလောက်လည်း ရုပ်ရှုပ်ထွေးထွေး စိတ်ကူးတွေနဲ့ ဟုတ်ချင်မှ ဟုတ်မှာပါ၊ အိမ်ထောင်သည်တွေဖြစ်နေပြီဥစ္စာ .. သူလည်း ပြောင်းလဲနေလောက်ပါပြီ .."

ပြောင်းလဲနေပါသည်။ ဟိုအရင်က မပြောရဲခဲ့သမျှ အခု မျက်နှာကိုတည့်တည့်ကြည့်ပြီး ပြောရဲလာတာတွေ ..။

"ငါတို့ လေဆိပ်မဆင်းခင် ဝင်စရာရှိသေးတယ်နော် .. မင်း ဟိ(ထ်)တက်နေတာတွေလျှော့မှာ အလုပ်စကားပြောဖို့ အဆင်ပြေမှာ –"

"အဲဒါ မင်းသွားနှင့် .."

"ဟာ .. ငါ ဆုံးဖြတ်ချက်နဲ့ မပြီးလို့ မင်းနဲ့ အပ္ပိုင့်မင့်ယူထားတာ

www.burmeseclassic.com

www.burmeseclassic.com



ကို ..."

"ဒါပေမယ့် ငါ အခု စောင့်ရဦးမှာ ..."

"ဘယ်သူ့ကိုလဲ ..."

မင်းရန် စကားမဆုံးခင် ကားတစ်စီး ခြံထဲဝင်လာတာ မြင်လိုက်ရကာ ...၊

"နေရဲ ကားပဲကွ ..."

မင်းရန် က ပြောနေတုန်း သတင်း အိမ်ရှေ့ထွက်သွားပြီဖြစ်ကာ...၊

"မကေ ..."

ကားရပ်သည်နှင့် ကေသီ က ကမန်းကတန်းဆင်းလာကာ ...၊

"သွားစရာရှိတာ စိတ်ဖြောင့်ဖြောင့်သွားပါ သတင်း ရယ်၊ ကျွန်မတို့ရှိတာပဲဟာ ..."

"မကေ .. သာကေတမှာဆို ..."

"ဟုတ်တယ် .. ကိုရဲ ဖုန်းဆက်တာနဲ့ ဒီဘက်ဆက်လာလိုက်တာ၊ ဒီညနေပဲ ကင်း အတွက် အဖော်ရအောင် တစ်ယောက်လွှတ်ပေးပါ့မယ်"

"ဟုတ်လား .. ဒီနေ့လာမှာလား .. ဒါပေမယ့် စိတ်ချရမှ ဖြစ်မှာ မကေ .."

"စိတ်ချရမယ့်လူပါ .. သတင်း စိတ်မဖြောင့်ရင် ကျွန်မကိုယ်တိုင် လာအိပ်ပေးပါ့မယ် .."

"အာ .. အဲ့လောက်တော့ မဟုတ်ပါဘူး .. ဟို .."

အားနာဟန်နှင့် ဆံပင်တစ်ချက်သပ်ရင်း သတင်း မျက်နှာလွှဲမိသည်။ ထိုစဉ် ကင်း က အနက်ပေါ်မှာ ခဲပုပ်ရောင်အနွယ်ကလေးတွေပါသည့် ကိုယ်ကျပ်ဝတ်စုံလေးနှင့် ဆောလွယ်အိတ်ကြီးရှည်အနက်လေးကို လွယ်ရင်း ထွက်လာ၏။

"သွားမယ်လေ ကိုကို .."

ပြောရင်း ကေသီ ကို မြင်သွားလျှင် ...၊



"ဟင် .. မမကေ ရောက်နေတယ်၊ အစ်ကိုနေရဲ မပါဘူးလား .."

"အဲ သူက လိုက်မပို့ဖြစ်ဘူးထင်တယ်၊ အလုပ်တွေရှုပ်နေတာနဲ့ လေ .. ညီမလေးနေကောင်းလား .."

"ကောင်းပါတယ် မမကေ ရဲ့ .. ဟွန်း .. ကိုကို ခရီးသွားမှာမို့လို့ စိတ်ညစ်နေရတာလေးပဲ .."

ပြောပြီးရယ်သည်။ သို့သော် မျက်ရည်တွေဝေ့တက်လာပြီး ခေါင်းငုံ့ပစ်လိုက်သဖြင့် ကေသီ တို့ အံ့အားသင့်ကုန်ကြပြီး ...၊

"ငိုသွားပြီ .."

"ကင်း ..."

သတင်း မျက်နှာပျက်သွားကာ ကင်း လက်လေးတစ်ဖက်ကို သွားဆွဲလိုက်ကာ ...၊

"ကိုကို သွားခါနီး စိတ်မဖြောင့်အောင်ကွာ .. အမြန်ဆုံး ပြန်လာမယ်လို့ ပြောနေသားနဲ့ .."

"ကိုကို သွားတော့သွားမှာမလား .."

ကင်း က သူ့ရင်ခွင်ထဲတိုးဝင်လိုက်ကာ ပခုံးလေးတွေ လှုပ်အောင် ငိုလေသည်။ ညကလည်း တစ်ညလုံး ငိုနေသည်။ သူမကိုပါ ခေါ်သွားပါ ဖွတ်ပြောနေခဲ့၏။

ဟိုမှာ အလုပ်ကိစ္စတွေကများသည်။ နောက်ထပ်တစ်နေရာ ဆက်သွားရဖို့လည်းရှိနေသေးသည်။ နေရာတကာ လက်ဆွဲခေါ်နေလို့မရနိုင်တာမို့ တစ်ပြည်ရပ်ခြားက အခန်းတစ်ခန်းထဲမှာ တစ်ယောက်တည်း ထားခဲ့ရမှာထက်စာရင် ကိုယ့်မြေကိုယ့်နေရာမှာပဲ လုံခြုံစိတ်ချစွာထားခဲ့ချင်သည်။

ဒါ့ကြောင့် ခေါ်သွားဖို့မဖြစ်နိုင်တာတွေလည်း ရှင်းပြခဲ့ပြီးပြီ ...။

"မငိုပါနဲ့ ညီမလေးရယ် .. ညီမလေး ကိုကိုကလည်း အလုပ်ကိစ္စကြောင့်သာ သွားရတာ၊ သူလည်း ညီမလေးကို ဘယ်ထားခဲ့ချင်ပါ့မလဲ.."

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့သွားရအောင် သတင်း .. အချိန်နီးနေပြီကွ .."

မင်းရန် က နာရီတကြည့်ကြည့်ဖြစ်လာပြီး သတင်း နားမှာ တစ်ခုခု ကပ်ပြောလိုက်လျှင် ..၊

"ဘာလဲဟင် .. ကင်း ကို ထားခဲ့မလို့လား .."

နားစွန်နားဖျားကြားသည်နှင့် ကင်း က အတင်းမေးတော့သည်။

"ဒီလိုပါ ညီမလေးရယ် .."

"ကိုကိုပြောစမ်းပါ .. ကင်း လိုက်မပို့ရဘူးလား .."

မင်းရန် ပြောတာကို ခေါင်းခါပြီး သတင်း ကိုပဲမေးနေလျှင် ..၊

"ကိုကို လေဆိပ်ထဲဝင်သွားရင် မင်း ပိုခံစားရမှာစိုးလို့ပါ၊ အဲ့လို မျက်ရည်တွေနဲ့ လူတွေကြားထဲမှာ မင်း တစ်ခုခုဖြစ်သွားရင် ကိုကို ဘယ်လိုသွားမလဲ .. ဟိုမှာ ပျက်ကွက်လို့မဖြစ်တဲ့ အရေးကြီးပုဂ္ဂိုလ်တွေနဲ့ .."

"ကိုကိုပဲ ည ၇တော့ လိုက်ပို့ချင်ပို့ဆို .."

"ကင်း ရယ် .."

သူ ကင်း ရဲ့ ပခုံးလေးကိုဖက်ထားမိကာ ..၊

"မကော .. ကင်း နဲ့ ခဏနေခဲ့ပေးပါလား .."

"ဪ .. ရတာပေါ့ .. ညီမလေး မျက်ရည်တိတ်သွားအောင် ကျွန်မ ချော့နိုင်တယ်၊ ဒီက ပုခက်လွှဲသောလက်ပါ .."

ပြုံးစေချင်ပေမယ့် ဘယ်သူမှ မပြုံးနိုင်ကြပေ .. ထိုစဉ် ..။

"ဘယ်သူ့ကားလဲ မသိဘူး .."

အားလုံး လှည့်ကြည့်လိုက်မိကြစဉ် တစ်စုံတစ်ခုကို တွေးမိလိုက်သော သတင်း မျက်ခုံးတန်းတွေ ကုတ်ကျသွားခဲ့၏။ အားလုံးရဲ့ ရှေ့ကို ကားဝင်လာတော့ ကားထဲမှာ ခင်ချိုချိုချစ် ..။

"ချိုချစ် .."

ကင်း မျက်နှာလေးမှာ မျှော်လင့်ချက်ရောင်ခြည်လေးတွေနှင့် တစ်ချက် ကြည့်သွားသည်။ ပြီးတော့ မျက်ရည်တွေကို သုတ်ပစ်လိုက်ပြီး ..၊



"မမ‌ော့ ကိုကို့ကို လိုက်ပို့လိုက်ပါ ချိုချစ် ရှိနေပြီပဲ .. ကင်း နေခဲ့ပါ့မယ် .."

"ကင်း ..."

သူ့ရင်ခွင်ထဲကခွာလိုက်တာနှင့် သတင်း က လက်ကိုပြန်ဆွဲထား လိုက်ကာ ..၊

"ကင်း ..."

ထပ်ခေါ်မိပြီး ဘာပြောရမှန်းလည်း မသိ .. ငိုနေသည့် မျက်ရည်တွေ ချက်ချင်းတိတ်သွားတာ ချိုချစ် ကို မြင်လိုက်လို့လား ..။

သူ မျက်ရည်တွေကို မမြင်ချင်ပေမယ့် ဒီမျက်ရည်တွေ ချိုချစ် ကြောင့် တိတ်သွားခဲ့သည့်အဖြစ်ကိုတော့ မလိုချင်ပေ။ သို့သော် ..၊

"ငါသိတာပေါ့ ကင်း ရယ် .. နင့်ကိုကို နင့်ကို မထားခဲ့နိုင်အောင် ပုဆိုးစဆွဲပြီး ခြေကန်ငိုနေပြီဆိုတာ .."

"ချိုချစ် .."

"ဟုတ်တယ် .. ငါ အချိန်မီလာတာ ဘယ်လိုလဲ အိုခေတယ်မို့ လား .."

ချိုချစ် က အပြုံးအရယ်တွေနဲ့ ဖော်ရွေစွာရောက်လာပေမယ့် ကေသီ နဲ့ မင်းရန် တို့က အပြုံးအရယ်မပါဘဲငေးကြည့်နေကြ၏။ သတင်း က မျက်မှောင်ကုတ်နေကာ ..၊

"မင်း ပြန်သွားဦးမှာလား .. ဒီမှာတည်းဖို့လာတာလား .."

"မပြန်ပါဘူး ဟိုမှာလေ .. ဒရိုင်ဘာ အဝတ်သေတ္တာထုတ်နေတာ.."

လာခွင့်ရှိနေသော ကိုယ့်အိမ်ကိုယ့်ရာကို လာသလိုလို သတင်း နဲ့ ကေသီတို့ သုံးယောက် မျက်လုံးချင်းဆုံသွားကြသည်။ ပြောချင်တာ တွေရှိပေမယ့် မပြောနိုင်၊ မထားချင်ပေမယ့် ထားခဲ့ရသည်။

သတင်း မျက်နှာကြီး မှုန်မှိုင်းနေသဖြင့် မင်းရန် သက်ပြင်းရှည်ကြီး ချကာ ..၊

www.burmeseclassic.com

www.burmeseclassic.com



"သိပ်စိတ်မပူပါနဲ့ကွာ .. ဟိုမှာ အလုပ်ကိစ္စလည်းလုပ်၊ တတ်နိုင်သမျှ အမြန်ဆုံးပြန်နိုင်အောင်လည်း ကြိုးစားကြည့်ပေါ့၊ မင်းပြောလို့ ငါလည်း ချိုချစ် ကို အကဲခတ်ကြည့်မိတယ် .. သိပ်တော့ မမိုက်ဘူးကွ .."

"ဟုတ်တယ် .."

"ဒါပေမယ့် သူငယ်ချင်းတွေ တစ်ယောက်အိမ်တစ်ယောက် လာလည်ကြတာကို တားဖို့ကျတော့လည်း ခက်တယ်ကွ .."

ကားက လေဆိပ်ဘက်ကို ဦးတည်မောင်းခဲ့ရင်း ...၊

"ငါ အဲဒါပြောတာပေါ့ .. ငါ စိုးရိမ်နေတာက ဘယ်နေရာက ဝင်လာတဲ့ မိုင်းရပ်စ်လည်းမသိဘူး၊ ငါ့စိတ်တွေ အရမ်းကိုလေးနေတာကွ .. သူများတွေအမြင်မှာ လွန်လွန်းတယ်လို့ ကဲ့ရယ်ချင်လောက်အောင် ငါ့ပုံစံ အိုဗာဖြစ်နေမှန်းသိပေမယ့် .."

"ငါကတော့ မင်းကို နားလည်ပါတယ် .. ကင်း ကို မင်း ဂရုစိုက်ခဲ့တာ ငယ်ငယ်လေးတည်းကပဲ .. အခု နှစ်ယောက်စလုံး မိဘမဲ့တွေဖြစ်နေကြတဲ့အပြင် ကိုယ့်ဇနီးလည်းဖြစ်နေပြီ၊ နောက်ပြီး ကင်း က သွေးအားနည်းတဲ့ရောဂါအခံလည်းရှိတာကိုး .."

"ဟုတ်တယ် .. ဒါပေမယ့် ငါ စိုးရိမ်နေမိတာ အဲဒါထက်ကို ပိုနေသေးတယ် မင်းရန်၊ အဲဒါ ဘာကြောင့် ခံစားမိနေမှန်းလည်း မသိဘူး.."

"မင်း စိတ်လေးနေတုန်းမှာ ဘုရားပုံတော်မှန်ကွဲသွားတာကြောင့် စိတ်ထင်နေတာပါ .."

"ဖြစ်နိုင်တယ် .. နောက်ပြီး ချိုချစ် အိမ်ရောက်လာတဲ့ကိစ္စကို ငါ ရှုပ်ထွေးနေတယ် .."

"ဘယ်လိုရှုပ်ထွေးတာလဲ .. မကောင်းကြံမှာ ဘာညာလား .. ဟိုတုန်းက အဲ့ဒီလိုကိစ္စတွေရှိခဲ့ဖူးလို့လား .."

"ရှုပ်ထွေးတာကတော့ သူ နေထိုင်ပုံကိုက ရှုပ်ထွေးနေတတ်တာ



ဝဲ .."

ကိုယ့်ကို ဘယ်လောက်ထိမျှော်လင့်နေခဲ့တာတွေ၊ ကင်း ရဲ့ဆီကို ဘာကြောင့်ရောက်လာတာတွေတော့ သူ မပြောချင်တော့ပေ ...။ ဒါပေမယ့် ကင်း ကို ချဉ်းကပ်လာကြတဲ့ ယောကျ်ားလေးတွေကို သူမက ရင်းနှီးအောင်နေပြီး ကင်း နဲ့ နီးစပ်ဖို့ကြိုးစားပေးခဲ့တာတွေက သူနဲ့ ကင်း ဝေးကွာစေချင်တာလားလို့ တွေးမိရင်း ...။

"သူ့ကြောင့် ကင်း ပျော်ချင်ရင်ပျော်ခဲ့လိမ့်မယ် .. ငါအရမ်းစိတ်ညစ်ခဲ့ရတာ .."

"ဟင် .. အဲ့လိုတွေရှိခဲ့တာလား .."

"ငါခံစားမိတာတွေပါ .. သူနဲ့လည်း သေချာရယ်မောပြောဆိုလောက်အောင် မရင်းနှီးခဲ့ပါဘူး .."

တော်သေးသည် မကေ နဲ့ မင်းရန် တို့ရှေ့မှာ သူမနှုတ်များက 'ကိုကို' လို့ ခေါ်တဲ့အသံ မထွက်ခဲ့သေး ...။ အကယ်၍သာ သူတို့ ဒါကို ကြားခဲ့မိချင် မရင်းနှီးပါဘူးလို့ သူပြောတဲ့စကားက ရယ်စရာဖြစ်သွားနိုင်၏။ သူ့ဘက်က ဘာမှမသိခဲ့ပါဘဲ ဒီလောက်ထိ အလွမ်းတွေရင့်နေခဲ့ခြင်းနှင့်ပတ်သက်၍ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

"ဩော် .. လာမှာပေါ့၊ ဒီညတော့ မဟုတ်ဘူးလေ .. မနက်ဖြန် ကိုးနာရီ ရှန်ဂရီလာနားကစောင့်မယ် .. ကျွန်မတို့ဆုံပြီးမှ သူ့ကိုဖုန်းဆက်ပြီး ဆက်သွားတာပေါ့၊ ဟိုဘက်ကို ကွန်ဖမ်း(မ်)ဖြစ်ပြီးမှ ကိုယ်က ပျက်ကွက်ရင် မကောင်းဘူး .."

ကြက်သားကြော်နေရင်း ဖုန်းပြောကာ ပြောပြီးတာနှင့် ဖုန်းကိုချ၍ အသီးအရွက်လှီးသင်ထားတာတွေ ရေစစ်ထားသည့်ဇကာကို ယူလိုက်သည်။

မနက် ဘရေ့ဖက်(စ်)အတွက် ကြက်သားကြော်ကို ခွဲချန်ထားလိုက်ပြီး ကျန်သည့်ကြက်သားကြော်နဲ့ရော၍ အစိမ်းကြော်တစ်ခွက်ဖြစ်အောင် စီစဉ်လိုက်သည်။

ပြီးတော့ ချဉ်ဆီထွက်အောင် သေချာပြုတ်ထားသည့် ကြက်ရိုးပြုတ်ရည်ထဲကို ဆားရေနဲ့ ဆေးထားသည့် မုန်လာဥအကွင်းလေး အနည်းငယ်ထည့်ကာ ခထထားလိုက်၏။

ထမင်းစားမယ်ဆိုမှ ကြက်သွန်မြိတ်လေးဖြူးလိုက်ရင် ပေါ့ပါး



မွှေးပျံ့သည့် ဟင်းချိုတစ်ခွက်ရသွားပြီဖြစ်သည်။ ထို့ကြောင့် ကြက်သွန်မြိတ်ကို အဆင်သင့် ပြင်ဆင်ထားလိုက်သည်။

အချဉ်အတွက် မရမ်းသီးအစပ်ထောင်းလေးလုပ်လိုက်ဖို့ ပြင်ဆင်ရင်း စိတ်ထဲမှာ တစ်စုံတစ်ခုကို သတိရသွားမိ၏။ ကင်း နဲ့ ချိုချစ် တို့အသံ ပျောက် နေပါလား ..။

အလုပ်ကို မြန်မြန်ဆန်ဆန် လက်စသတ်၍ သေချာသိမ်းဆည်းဆေးကြောလိုက်သည်။ ဒီနေ့လာဖို့ ပြောထားသည့် အလုပ်သမားက မလာနိုင်ဘူးဆိုတာ သေချာသွားသည်မို့ နေရဲ့ ကလည်း တောင်းပန်ထားသည်။

သူမကိုယ်တိုင်လည်း သတင်းကို ကတိပေးထားခဲ့ရာ ဒီညတော့ ကင်း တို့နဲ့ အဖော်ပြုအိပ်ပေးဖို့နေခဲ့ရတာဖြစ်သည်။ မိန်းမငယ်လေးတစ်ယောက်တည်းကျန်ခဲ့တာမို့ ခြံစောင့်တွေ ဒရိုင်ဘာတွေနဲ့ ထားခဲ့လို့လည်း မဖြစ် ..။

အရင် စိတ်ချရသည့် လူဟောင်းတွေက ကိုယ်ရေးကိုယ်တာကိစ္စကိုယ်စီနှင့် တစ်ယောက်ပြီးတစ်ယောက် ပြန်သွားကြသဖြင့် နောက်ထပ်လူသစ်ခေါ်ပေမယ့် အဆင်မပြေ ..။

သတင်း စိတ်မချဘူးဆိုတာလည်း အပြစ်တော့ မဆိုသာပေ ..။ အိမ်မှာ ယုံကြည်ရသည့်လူတွေ တစ်ယောက်မှမရှိ၊ အကြီးအကဲ အုပ်ထိန်းသူလည်းမရှိနိုက်မှာ အခြေအနေတွေက တိုက်ဆိုင်လွန်းသည်။

ဘာပဲဖြစ်နေနေ သူမကတော့ ကိုယ့်ကတိအတိုင်း ကင်း ကို စောင့်ရှောက်ပေးရမည်သာ ..။

ဒေါ်ညိုညို တို့ ရောက်မလာသေးခင်အထိ ဒါမှမဟုတ် သူမတို့ ပြောထားသည့် အလုပ်သမားမလာသေးခင်စပ်ကြား ..။

"မိန်းကလေးဖြစ်နေတိုင်း အုပ်ထိန်းသူရှိနေဖို့ မလိုပါဘူး ကင်းရယ် .. နင်ကိုက လူမလုပ်တတ်သေးတာ .."

ဘုရားရေ!...၊

www.burmeseclassic.com

www.burmeseclassic.com



ခပ်သွက်သွက်လှမ်းလာသည့် ကေသီ ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားကာ ဘုရားတမိရင်း မျက်လုံးပါပြူး၏။

ဒါ ချိုချစ် ဆိုတဲ့ ကောင်မလေးအသံ …။

ဧည့်ခန်းမှာရှိမည်ထင်ထားပေမယ့် ကင်း ရဲ့ အိပ်ခန်းဆီ ခြေလှမ်းတွေ ဦးတည်သွားခဲ့မိသည်။ ပြီးတော့ ရယ်သံတွေ ထွက်ပေါ်နေသော အခန်းထဲကို ဟနေသည့်တံခါးကြားကနေ နားကပ်ထောင်၍ စပ်စုဖို့ ကြိုးစားမိသည်။

ကင်း အတွက် သူမရှိနေခဲ့တာမို့ ကင်း နဲ့ ပတ်သက်တာကို သူမ သိထားဖို့လိုသည်။ ထို့ပြင် ချိုချစ် ကြောင့် သတင်း နောက်ဆံတင်းနေခဲ့တာ …။

ဒီနှစ်ယောက်စလုံးနဲ့ ပတ်သက်နေတာကို သူမ စပ်စုဖို့က လိုကိုလိုနေတာပါ။ ခိုးချောင်ခိုးဝှက်နားထောင်နေမိသည်မို့ မဖွယ်ရာသော ကိုယ့်လုပ်ရပ်အတွက် ကေသီ ကြိုးစားအားတင်းနေရသည်။

ချိုချစ် ရဲ့ ရယ်သံနဲ့ စကားသံတွေက ယုံကြည်မှုအပြည့်နှင့် …။

"ကိုကို့ကို ငါပဲရအောင်ကြိုးစားခဲ့ရတာ …"

"ဘယ်လို … ဘယ်လို …"

"ဦးမော်ဂန်လေ … သူက ငါ့ထက် အသက်ဆယ့်သုံးနှစ်လောက်ကြီးတာ၊ ငါ့ကို စိတ်ကူးမိပုံမပေါ်ဘူး၊ ဒါပေမယ့် ငါ့အတွက် သူ့လို ဟိုက်ဘော့စ်တစ်ယောက်က လိုအပ်တယ်ဟ …"

"ဘာဖြစ်လို့လဲ ချိုချစ် ရယ် … ကိုယ်လည်း ချို့တဲ့နေတာမဟုတ်ဘဲနဲ့ … ပြီးတော့ နင် ငယ်ပါသေးတယ်၊ ကိုယ့်ထက် အသက်ဒီလောက်ကြီးတာကြီးကို …"

"နင့်ကျတော့ရော … ကျောင်းပြီးတာနဲ့ ကိုကိုနဲ့ လက်ထပ်တာပဲ မဟုတ်ဘူးလား …"

"အဲဒါက …"

"လုပ်မနေပါနဲ့ ကင်း ရယ် … နင့်လိုပဲပေါ့၊ ငါ့မှာလည်း ကိုယ့်



အကြောင်းနဲ့ကိုယ် … ကိုယ့်ဗီလင်နဲ့ ကိုယ်ပေါ့၊ နောက်ပြီး ငါ့ရဲ့ ဆုံးဖြတ်ချက်မှန်တယ်ဆိုတာ အခု လက်တွေ့ပဲလေ …"

"ဘာလဲ … ငါတော့ ဘာမှမတွေ့ပါလား …"

"နင့်ရှေ့မှာ ငါ့ပုံစံဘယ်လိုဖြစ်နေသလဲ … ငိုနေသလား ခွဲနေသလား …"

"မသိဘူး … နင်က အရင်လည်း ပေါ့ပေါ့ပါးပါးရယ်မောနေတတ်တာပဲ …"

"အခုထိ ရယ်မောမပျက် နေနိုင်ခဲ့တယ်ဆိုရင်ရော ဂုဏ်ယူလို့မရဘူးလား … ကဲ …"

ရယ်သံလေးတွေ ထွက်လာပြန်သည်။ ကေသီ နေရာမှ အသာလေး ပြန်ခွာဖို့ပြင်ကာမှ …၊

"ကိုယ့်ထက် အသက်ကြီးတာကြီးယူထားတော့ ဘာမဆို ကိုယ့်သဘောပဲ … သူက စီးပွားရှာနိုင်တယ်၊ ငါက အေးဆေးဖြုန်းနိုင်တယ်၊ သူလည်း မအားဘူး … ငါလည်း လွတ်လပ်တယ်၊ အမိကကကာ သူနဲ့တွေ့ရင် လွမ်းအောင်ချူနိုင်ဖို့ပဲဟ …"

ကင်း က မရယ်တော့ဘဲ သတင်း ဆီ စိတ်ရောက်သွားပုံပေါ်ကာ…၊

"ကိုကို့ကို လွမ်းလိုက်တာဟာ … နင်ပြောတဲ့ အိမ်ထောင်ရေးမျိုးကို ငါမသိဘူး၊ ငါကတော့ ကိုကိုနဲ့ လက်ထပ်လိုက်ရတာ အရမ်းကျေနပ်တယ် … ကိုကို အလုပ်လုပ်နေရင်လည်း အနားမှာ ကျောဖြစ်ဖြစ် လက်မောင်းဖြစ်ဖြစ် သွားမှီပြီးအိပ်တယ်၊ ကိုကို အနားမှာရှိနေရင်လည်း ကိုကို့ လက်မောင်းပေါ်မှာ ခေါင်းအုံးအိပ်ရမှ …"

"အဲဒီလို ချစ်တတ်လွန်းရင် ကိုယ်ပဲခံစားရမှာပေါ့ … ခုပဲ နင့်မျက်လုံးမှာ မျက်ရည်တွေမြင်နေရပြီ …"

"ကိုကို့ကို လွမ်းလို့ပါ …"

"မလွမ်းနဲ့ … နင် အားလုံးကိုမေ့ပြီး အံ့ဩသွားစေမယ့် ငါ့ရဲ့ ဆေါက်ဒီမန်ထရီ ပြောပြမယ် …"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား .. ပြောကြည့်လေ .."

"တကယ်နားထောင်မှာ သေချာလား .. ကြိုပြောထားမယ်နော် .. ငါပြောလို့မပြီးသေးဘဲ တော်ပါတော့လို့ မတားရဘူး၊ မကဲ့ရယ်ရဘူး၊ ရယ်ချင်ရင် မမဲ့မိစေနဲ့ .. အံ့သြသွားရင် မျက်လုံးကြီးပြူးပြီး လူကို အထူးအဆန်းသတ္တဝါလို မကြည့်မိအောင်နေရမယ် .."

"များလှချေလား .. အားလုံးတော့ .."

"အားလုံးကတိပေးမှ .. မပေးရင် မပြောတော့ဘူး .."

ဘာတွေပါလိမ့်လို့ စိတ်ဝင်တစားဖြစ်သွားပေမယ့် စကားပြောရယ်မောရင်း နေရာမှ ထလျှောက်လာပုံပေါ်သည့် ချိုချစ် ရဲ့ လှုပ်ရှားသံကြောင့် ကေသီ ကမန်းကတန်းထွက်လာခဲ့ရသည်။

စိတ်ထဲမှာလည်း တော်တော်လေး တရားကျမိလေသည်။ ချိုချစ်ဘာတွေ အတတ်ဆန်းထွင်နေသည်မသိ ..။ ဒါကြောင့်လည်း သူမကိုသတင်း က ကင်း နဲ့ ရှိမနေစေချင်တာဖြစ်လိမ့်မည်။

သို့သော် သူမရှိလို့ပဲ ကင်း ရယ်ရယ်မောမောလေးဖြစ်နေခဲ့တာမို့ ..။

သူတို့သူငယ်ချင်းချင်းပဲ နေကြပါစေတော့ ..၊

လို့ စိတ်ဒုန်းဒုန်းချပြီး နေလိုက်သည့်နောက်တွင် ..။



## အခန်း(၁၁)

"ဘာ .. ဘယ်လိုပြောတယ် .."

"ဟိတ် .. အံ့သြလို့ရတယ် မျက်လုံးမပြူးရဘူးလို့ ငါပြောထားတယ်လေ .."

"အဲ့ဒါက ဆက်လျက်ပဲလေ ချိုချစ် ရယ် .. နင် .. နင့်ရဲ့ ဒေါ်ကီမန်ထရီမှာ အဲဒါကြီးလည်းပါတယ်ပေါ့ .."

"ပါတယ် .. ဒါက ငါ့ရဲ့သစ္စာတရားပဲလေ .."

"သစ္စာတရား .."

"ဟုတ်တယ်လေ .. အသက်ကြီးတဲ့ယောကျ်ား၊ တစ်ချိန်လုံး အလှ်တွေနဲ့ ပိပြားနေတဲ့ ယောကျ်ားကို ဘယ်လိုစိတ်နဲ့ သည်းခံပေါင်းရမလဲ.."

ကင်း က ပြူးဝိုင်းနေသည့် မျက်ဝန်းလေးတွေကို လျှော့ချလိုက်ပေမယ့် ချိုချစ် ကို မယုံနိုင်သလိုကြည့်နေဆဲနှင့် ..၊

"ဒါကို နင်ပဲမက်လို့ရအောင်ယူခဲ့တာ မဟုတ်ဘူးလား .."

"အိမ်ထောင်သည်ဖြစ်နေပြီတော့ ကင်း ရယ် .. ငါ အဖော်မဲ့မှာစိုးလို့ ငါ့ဘေးမှာ Sex အရုပ်ထားတဲ့ကိစ္စ ကိုကိုလည်း သိတယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

"သူကဖြင့် ရယ်တောင်ရယ်သေးတယ်၊ ပြီးတော့ ကောင်းပါတယ် သူ ငါ့အတွက် စိတ်မပူရတော့ဘူးပေါ့တဲ့ ..."

"အယ် ..."

ချိုချစ် က မျက်နှာသပ်လိုက် ဆံပင်တွေကို ဟိုဘက်ပို့လိုက် ဒီဘက်ပို့လိုက်နှင့် သူမရဲ့ လက်ချောင်းတွေက မြူးပြက်လက်နေကြကာ တစ်ယောက်တည်း ရှုပ်ယှက်ခတ်နေ၏။

ပြီးတော့ လှပပြောင်လွင်နေသော ဖောင်းကြွကွက်တွေပေါ်သည့် နှစ်ယောက်အိပ် မွေ့ရာကြီးကို လက်ဖဝါးနှစ်ဖက်နှင့် တယုတယပွတ်သပ်ရင်း ရယ်နေ၏။

သူမဖုံစံက ကြည်လင်သည့် ရေတိမ်တိမ်မှာ ဆော့ကစားနေသော ကလေးတစ်ယောက်၏ နှစ်ခြိုက်ပျော်ရွှင်နေခြင်းမျိုးဖြစ်ကာ ဒီမွေ့ရာထက်မှာ ရှိနေရခြင်းအတွက် ကျေနပ်ပီတိတွေဖြာနေခဲ့မှန်း သိသာစွာ...။

"ချိုချစ် ..."

"ဟင် ..."

"နှင် အဲဒီ Sex အရုပ်ကြီးနဲ့ ..."

"အင်းလေ .. ဘော်ဒီစထရပ်ချာနဲ့ ဖွစ်က ကိုယ့်အကြိုက်ပဲ၊ ပြီးတော့ လူဖဟုတ်သေမယ့် လူလိုပဲ .."

ကြားရသမျှ အံ့ဖွယ်ဘနန်းတွေပါလား ...။

ဒါမျိုး ကြားသာကြားနေသည် မြင်လည်းမမြင်ဘူးခဲ့ပေ ...။ မြင်ဖူးလာစရာအကြောင်းလည်းမရှိသော ကောလဟာလအဖြစ် ပြီးပြီးပျောက်ပျောက်သာ ...။

"ဘာလဲ .. နှင် သေချာကြည့်ချင်သွားပြီလား .."

"အင်း .. ဒါပေမယ့် မကြည့်ရဲဘူး .."

"ဟား .. ဟား .. ဟား .."



ချိုချစ် က ရယ်သံအမျိုးမျိုးမှာ ပါရမီရှိသည်လို့ ပြောရမလားမသိ၊ ဝမ်းသာသည့် ရယ်သံ လှောင်ရယ်သံ၊ တိုးတိုးကြိတ်ကြိတ်ရယ်နေရင်လည်း သူများက လိုက်ရယ်ချင်လာအောင် ရယ်သည့် အသံ ...။

သူမရဲ့ ရယ်သံတိုင်းက လိုက်လှဲမှုရှိနေတတ်ပြီး မလိုလားသူတွေကတော့ 'အရယ်သန်ပါ' လို့ ကဲ့ရယ်ကြလေသည်။

သူမက ကင်း မျက်နှာလေးကိုကြည့်ပြီး ပခုံးတွေလှုပ်အောင်ရယ်၏။ ပြီးမှ ရယ်လက်စနှင့် ...၊

"ဘာကိုမကြည့်ရဲတာလဲ .. ယောကျာ်းတစ်ယောက်လိုပဲ ဝတ်ဆင်ပေးထားတာလေ .. အဝတ်အစားနဲ့ လိုက်ဖက်တဲ့ ဖိနပ် မျက်မှန်ကအစ ဆင်ထားတာ .."

"နှင်လာတော့ အဲဒါကြီးပါတယ်ပေါ့ .."

"ပါတယ်လေ .. နှင်တို့တောင် ငါ့ပစ္စည်းတွေများလို့ ပြုံးပြုံးကြည့်နေကြသေးတယ်မို့လား .. ကြီးတဲ့သေတ္တာကြီးတစ်လုံးထဲမှာ သူရှိတယ်.."

ဘုရား .. ဘုရား ...၊

"နှင် အဲဒါကြီးဝယ်တော့ ရှက်ဖို့မကောင်းဘူးလားဟင် .."

"ဘာလို့ရှက်ရမှာလဲ .. ဟိုဘက်နိုင်ငံတွေမှာ Sex ကိစ္စတွေဖြေရှင်းကြတာကို အရှက်မဲ့တယ်လို့ ဘယ်သူမှမပြောဘူး .."

"ဒါကတော့ ဘယ်နိုင်ငံမှာမဆို ရိုင်းပျမှု ယဉ်ကျေးမှုတွေဆိုတာရှိတာပါပဲဟာ .. လွန်ကဲနေတာတွေကိုတော့ မပြောဘဲ မနေလောက်ပါဘူး .."

"ငါကလည်း အများအားဖြင့် ပြောတာပါ၊ ပြီးတော့ ဒါက အရုပ်ပဲ၊ နှင်ကလည်း အိမ်ထောင်သည်ချင်း စကားပြောရတာနဲ့မတူလိုက်တာ.."

"အိမ်ထောင်သည်ဆိုပေမယ့် ကိုကိုနဲ့ ငါက ဓမ္မင်နှမလိုပဲနေခဲ့ကြတာ .."

"ဟင်!..."

www.burmeseclassic.com

www.burmeseclassic.com



ချိုချစ် အံ့သြသွားတာ ဖုံးဖိမရ ..။

"ဒါပေမယ့် ပြီးခဲ့တဲ့ သုံးရက်ကစပြီး .."

"သိပြီ .."

ချိုချစ် က ကြားဖြတ်ဝင်ပြောလိုက်ကာ ..၊

"ကိုကို ခရီးသွားခါနီးမှ ပွင့်အံကုန်ကြတယ်ပေါ့ .. ဟုတ်တယ်မို့လား .."

"အဟွန်း .."

"ဟော့နော် .. ကိုကို့အကြောင်းပါလာတာနဲ့ ငိုတော့မငိုလိုက်နဲ့၊ ငါပြောချင်တာ အစပဲရှိသေးတယ် .."

"နေဦးလေ .. ငါ မီးဖွင့်လိုက်ဦးမယ် မိုးချုပ်နေပြီလားမသိဘူး .."

"မဖွင့်ပါနဲ့ .. အလင်းကြီးရှိသေးတာကို အားလုံးပြောပြပြီးရင် ငါ နင့်ကိုပြမယ်၊ မှောင်ရိပ်ထဲမှာ မြင်ရရင် နင် သူ့ကို ဘယ်လိုမှ အရုပ်လို့ပြောမှာမဟုတ်ဘူး .. တောင့်တင်းဖြောင့်စင်းပြီး မိုက်မှ မိုက် .."

"ချိုချစ် .."

"ပြော .. ပြော .."

"နင် အဲဒါနဲ့ .. ဟို .. ဟိုဥစ္စာ .."

"ဟား .. ဟား .. ဟား .."

"ဘာရယ်တာလဲ .."

"ငါ နင့်ကိုပြမယ်ဆိုတာ အကုန်လုံးပါတာပေါ့ဟ .."

"အကုန်လုံး .."

ကင်း မျက်လုံးတွေပြူးခနဲ ထပ်ဖြစ်သွားတော့ ချိုချစ် က ရယ်လို့မပြီးနိုင် ..။ ထို့ပြင် ကင်း နားနားကပ်၍ ..၊

"ခုခေတ်မှာ ဘယ်လောက်တိုးတက်နေပြီလဲဆိုတာ နင် မသိသေးလို့ .. သေချာနမူးတွေ့ဒူးတွေ့သိတာနဲ့ နင် ငါ ပြန်သွားမှာတောင် စိုးရိမ်နေဦးမယ် .."



ကင်း က နားကိုအုပ်၍ မျက်နှာလေးတိမ်းလိုက်ရင်း ..၊

"ဟော့အေး .. ငါ အဲ့ဒါကြီးကိုတော့ မကြည့်ချင်တော့ပါဘူး .."

ခေါင်းခါငြင်းလိုက်ရင်း ..၊

"ဘာပဲဖြစ်ဖြစ် ရှက်စရာကြီး .."

"ကင်း ရယ် .. ဒီစိတ်ကိုမထိန်းနိုင်လို့ပဲ မတော်တရော်တွေလျှောက်လုပ်ကြလို့ ဆေးရုံရောက်ကုန်ကြတာတွေ နင် မကြားဖူးဘူးလား .. အဲ့ဒါတွေမဖြစ်ရအောင် Sex အရုပ်တွေရှိလာတာ ကျေးဇူးတောင်တင်ရဦးမယ်၊ ဒါကို တစ်သိန်းနှစ်သိန်းနဲ့ရတယ်မှတ်လို့လား .. မြန်မာငွေနဲ့ဆို သိန်းတစ်ရာ့ငါးဆယ်ကျော်သေးတယ်နော် .."

ဖြစ်ရလေ ..။

ချိုချစ် ကို အံ့သြရမလား .. သနားရမှာလား .. ဒါမှမဟုတ် ကြောက်ဖို့ကောင်းလာပြီလို့ တွေးမိလာတာလား ..။

"နောက်ထပ် ပြောပြလိုက်ရင် နင် ကြောက်သွားနိုင်လို့ မပြောတော့ဘူး .."

"ဘာလဲဟင် .."

"မပြောတော့ဘူး .. တော်ကြာ နင် ဟက်အတက်(ခ်) ရသွားနိုင်တယ် .. ဟွန်း .. ဟွန်း .."

ဒီလောက် ဖြစ်သွားနိုင်တယ်ဆိုတာ ဘာလဲ ..။

မပြောတော့ဘူးဆိုမှ ပိုသိချင်လာသည်။ ချိုချစ် ကလည်း ပြောချင်ပြချင်လို့ ဒီထိလာခဲ့တာဖြစ်ကာ ကင်း ဘယ်လိုဖြစ်သွားနိုင်လဲဆိုတာ သူမအတွက် အဓိက မဟုတ်ပေ ..။

ထို့ကြောင့် သိချင်စိတ်တွေပြင်းပြသွားသည့် ကင်း ရဲ့ မျက်နှာလေးကို အကဲခတ်နေပြီး ပိုင်နိုင်စွာပြုံးနေ၏။

"ကဲပါ .. အဲဒါကိုမပြောသေးခင် ငါ့ကိုကိုကို အရင်ကြည့်ပေါ့.."

"ကိုကို ဟုတ်လား .. နင်က နင့်ယောကျ်ားကိုလည်း ကိုကို .."

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ..."

"ဒီအရပ်ကိုလည်း ကိုကို .."

"ဘာဖြစ်လဲ .. ငါ့စိတ်ထဲမှာ အရပ်မှမဟုတ်တာ .. ပြီးတော့ နင့်ကိုကိုကိုလည်း ငါက ကိုကိုလို့ခေါ်တာပဲလေ .."

သူမရဲ့ ကိုကိုလို့ ခေါ်ရခြင်းအကြောင်းတွေထဲမှာ ကိုကိုလည်း ပါနေတာလား ..။

ချိုချစ် နဲ့ ပြန်လည်ဆုံတွေ့ခြင်းမှာ ကင်း အတွက် ပျော်ရွှင်ဖွယ် မဖြစ်ခဲ့ဘဲ အံ့သြခြင်းတွေနဲ့သာ ပြည့်နှက်နေခဲ့ရကာ ..။

"အရပ်ကို ကိုကိုလို့ခေါ်တော့ ဘာအရသာရှိလို့လဲ .. သူက ပြန်လည်း မထူးနိုင်ဘဲနဲ့ .."

"ထူးနိုင်တယ်လေ .."

ကင်း သက်ပြင်းချမိတော့သည်။ ချိုချစ် စိတ်မှ မှန်သေးရဲ့လား ..။

"နင် မယုံဘူးလား ကင်း .."

"ချိုချစ် ရယ် .. နင် အဲ့လောက်တောင် အလှအပကြိုက်နေရင်လည်း ဘာဖြစ်လို့ အသက်ကြီးတဲ့ယောကျာ်းကို ယူထားတာလဲ .."

"ငါ့ကိုကိုက တောင့်တာပဲရှိတယ် မချောဘူး .. ဆံပင်ရှည်တယ် မျက်နှာကြမ်းတယ်၊ နိုင်ငံခြား အက်ရှင်မင်းသားတွေထဲက ပုံစံမျိုး လုံးဝ တူတာရှာထားတာ .."

ချိုချစ် က နေရာမှ ထသွားကာ သေတ္တာကြီးတစ်လုံးကို လော့ခ်ဖွင့်နေရင်း ..၊

"ငါ မြဝတီမှာပဲ တစ်ပတ်ကြာတယ် နင် သိလား .."

"ဟင့်အင်း .. ဘယ်သူရှိလို့လဲ အဲ့ဒီမှာ .."

"ငါလာတည်းက အဲဒီကိုလာတာပဲ၊ နင်က မြန်မာနိုင်ငံမှာနေပြီး ဘာမှမသိပေမယ့် ငါကသိတယ် .."

"ဘာတွေလဲ .."



"အဲဒီအနီးပတ်ဝန်းကျင်က နယ်စပ်ရွာတစ်ရွာမှာ ဂမ္ဘီရပညာတွေ နာမည်ကျော်နေတာလေ .. စွန်းမိုက်တယ် .."

"ဂမ္ဘီရပညာ ဟုတ်လား .. ဟို .. လူသေကောင်တွေ သရဲတွေနဲ့.."

"ဟုတ်တယ် .. အဲ့ဒီပညာ ဘာလဲဆိုတာ ငါ သိပ်နားမလည်ပါဘူး ဒါပေမယ့် ငါလိုချင်တာတော့ရခဲ့တယ် .."

"ဘာလဲဟင် .. ငါ ရင်တွေခုန်လိုက်တာဟာ .."

"နင် ဟိုဘက်လှည့်နေ .. ငါ မခေါ်ဘဲနဲ့ ဒီဘက်မလှည့်နဲ့နော် .."

ဘာလုပ်မလို့လဲလို့ ကင်း က စိုးရိမ်မကင်းကြည့်နေသေးသည်။ ချိုချစ် က သေတ္တာကို ဖွင့်လိုက်ပြီးမှ ဘာမှမဟုတ်သေးဘဲ ကင်း ဆီ ထလာကာ ..၊

"လှည့်ပါဆိုမှ နင့်ကို ထူးဆန်းတာပြမလို့ .."

ကင်း ရဲ့ ပခုံးလေးကို ကိုင်ပြီး တစ်ဖက်လှည့်ပါသွားအောင် ဆွဲလှည့်ထားလိုက်၏။

"ခဏလေးပဲ .."

"ချိုချစ် .. ငါကြောက်တယ်နော် .."

"ငါ့အရပ်ကိုပြမှာပါ .. အရုပ်ပါဆိုမှ ဘာကြောက်စရာရှိလဲ .."

အရုပ်ဆိုပေမယ့် ဂမ္ဘီရတွေရော စကားပြောနိုင်တယ်ဆိုတာတွေရော ဘာတွေမှန်းမသိအောင် ရှုပ်ပွေနေသည့်ကိစ္စတွေကြောင့် ချိုချစ်ကို ကင်း ကြောက်လာမိပါပြီ။

"မပြီးသေးဘူးလား .."

"ပြီးတော့မယ် .."

ချိုချစ် က ပြောပြီး မီးထဖွင့်လိုက်သည်။ သို့သော် ..၊

"နင့်ကိုပြရင်တော့ အမှောင်ချပြဖို့ စိတ်ကူးထားတာ နေတော့ လုံးဝ မိုးချုပ်သွားပြီ .. နေဦးနော် ဒီမှာမပြီးသေးဘူး .."

သူမရှည်းပဲပြောနေကာ နံ့တွေကို ဟိုဒီတွန်းရွှေ့နေသံနှင့် သူမရဲ့

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားနေသံတို့ကိုကြားနေရသည်။ ထိုစဉ် ...

"ဒေါက် .. ဒေါက် .."

"ညီမလေးရေ .. ကင်း .."

အပြင်က ကေသီ ခေါ်သံနှင့်အတူ ချိုချစ် ထံမှ ကျွတ်ခနဲ စိတ်ပျက်သံ တပြိုင်တည်းထွက်လာ၏။

ကင်း နောက်လှည့်ကြည့်ရမလိုလို ထသွားဖွင့်ရမလိုဖြစ်နေစဉ်..၊

"ရတယ် ငါပဲဖွင့်လိုက်မယ် .."

ချိုချစ် က တံခါးသွားဖွင့်လိုက်၏။ တံခါးပွင့်သွားတာနှင့် ကေသီ ကလည်း အခန်းထဲတန်းဝင်လာကာ ..၊

"ညီမလေးဆီ ကြီးကြီးညို တို့ဆီက ဖုန်းလာသေးလား .."

"ဟင့်အင် .."

မွေ့ရာကြီးပေါ်က ကင်း နှင့် သွက်လက်ဖျတ်လက်စွာ လှုပ်ရှားနေသော ချိုချစ် ကို အကဲခတ်ရင်း ကေသီ မျက်လုံးတွေ တစ်နေရာရောက် သွားခဲ့လျှင် ..၊

"ဟင် .. ဟိုမှာ .."

အဝတ်လဲသည့် ဗီရိုတွေနဲ့ အခန်းထောင့်ကို အလန့်တကြား လက်ညှိုး ထိုး၍ ..၊

"အဲဒါ ဘယ်သူလဲ .."

ကင်း လှည့်ကြည့်လိုက်တော့ ကုလားထိုင်မှာ လူတစ်ယောက် ငုတ်တုတ်ထိုင်နေကာ လိုက်ကာစအသစ်ကြီးကို ခေါင်းကနေ ခြေဖျားထိ လုံအောင် ခြုံထား၏။

ဒါ ချိုချစ် ရဲ့ အရုပ်မှန်းသိလိုက်တာတောင် ကင်း ရုတ်တရက် လန့်ဖျပ်သွားသည်။ ချိုချစ် က ရယ်ကာ ..၊

"အရုပ်ပါ အစ်မရဲ့ .. ကင်း အတွက် လက်ဆောင်ပေးမလို့ တကူး တကသယ်လာခဲ့ရတာ .."



"ဒါအရုပ်ကြီးလား .."

"ဟုတ်တယ် .. ခုပဲ စပရိုက်လုပ်မလို့ စီစဉ်နေတုန်း အစ်မ တံခါး လာခေါက်လို့ .."

ဒီလောက် ကြီးမားသည့်အရုပ်ကြီးကို ဘယ်လိုထည့်လျှို့သယ်လာ ခဲ့တာလဲ ..။

"ဟို .. စပ်စုတာတော့မဟုတ်ပါဘူး ညီမရယ် .. အဲဒါ ဘာရုပ်ကြီး လဲဟင် .."

"သြော် .. စပရိုက်လုပ်မလို့ပါဆို ဘယ်ပြောလို့ဖြစ်မလဲ .. အစ်မရဲ့ .."

ချိုချစ် က လက်လေးပိုက်ပြီး အမူအရာမပျက်ပြောနေသော်လည်း ကင်း ရင်တွေခုန်နေမိသည်။ မမကေ သာ ဆိုးဆိုးဆတ်ဆတ်သွားဖွင့် ကြည့်လိုက်ရင်တော့ သွားပြီ ..။

ယောက်ျားက ခုမှ လေဆိပ်ထွက်သွားသည်။ အိမ်မှာ Sex အရုပ် ကြီးနဲ့ ..။

ဘုရား .. ဘုရား ..။

"အေးပါ .. ညီမလေးတို့ ထမင်းစားဖို့ အကုန်ချက်ပြုတ်ပြီးပြီဆို တာ လာပြောတာ၊ သိပ်တော့ မစုံဘူးနော် .. အစ်မလည်း ရေခဲသေတ္တာ ထဲမှာ တွေ့တာလေးတွေပဲ နှစ်မျိုးသုံးမျိုးဖြစ်အောင် စီစဉ်လိုက်ရတာ လေ .."

"ဟုတ်ကဲ့ မမကေ .. ရပါတယ်၊ မမကေ ပင်ပန်းနေပြီ .. အေးဆေး နားနေပါ .."

ကေသီ က အရုပ်ကြီးဆီ လှမ်းကြည့်သေးသည်။ ပြီးတော့မှ ပြန် လှည့်ပြီးခေါင်းညိတ်ကာ ..၊

"အေးပါ .. အစ်မက ရပါတယ်၊ ဒီည အလုပ်သမားအချိန်မီ လာ၊ မလာ ဖုန်းဆက်ကြည့်ဦးမယ်၊ ကြီးကြီးညို တို့ဆီက ဖုန်းလာရင် အစ်မ ကို ပြောဦးနော် .. ဒီကို စိတ်မပူအောင် ပြောပြချင်လို့ပါ .."

www.burmeseclassic.com

www.burmeseclassic.com



ကေသီ ပြန်ထွက်ခါနီးတော့ လှမ်းကြည့်သေးသည်။ ပြီးတော့ တွေးလိုက်မိသည်။

"မကေ မသိလို့ ချိုချစ် က တကယ်မလွယ်တဲ့ ကောင်မလေးရယ်၊ သူမသိတာ မတတ်တာမရှိဘူး၊ မလုပ်ရဲတာ မပြောရဲတာလည်း ခပ်ရှားရှားပဲ .." တဲ့ ..။

ပြန်ထွက်လာခဲ့တဲ့အထိ စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေမိကာ .. သတင်း ပြောခဲ့ဖူးတာတွေကိုလည်း တွေးနေမိရင်း ချိုချစ် ရဲ့ လှုပ်ရှားမှုတွေ အပြုံးတွေကလည်း စိတ်အာရုံမှာ ငြိတွယ်ပါလာခဲ့၏။

အခန်းထဲမှာ ဒီမိန်းကလေး ဘာတွေလုပ်နေတာလဲ၊ တံခါးခေါက်တော့ သူမ လာဖွင့်တဲ့ပုံစံက ဧည့်သည်နဲ့မတူဘဲ ကိုယ့်အိမ်ကိုယ်ရာလိုမျိုး ..။

စကားပြောပုံကလည်း ကင်း ကို မပြောစေချင်လို့ ရှေ့ကတက်ပြောလိုက်တာမျိုးဖြစ်ကာ မျက်လုံးတွေကအစ မဆိုင်ရင် မစပ်စုပါနဲ့လို့ပဲ ပြောတော့မလိုလို ..။

မဟုတ်သေးပါဘူး .. ဒီကောင်မလေးအကြောင်း သတင်း ပြောပြထားလို့ ငါ့စိတ်က ထင်နေတာနေမှာ ..။ ကေသီ ကိုယ့်အတွေးတွေ ရှုပ်ထွေးလာတာကို ဖျောက်ဖျက်ဖို့ကြိုးစားလိုက်မိသည်။

ထိုအချိန်မှာ ဖုန်းလာလိုက်သဖြင့် ပို၍စိတ်သက်သာရာရသွားမိကာ ဖုန်းကိုင်ရင်း မီးဖိုခန်းထဲ ဝင်လာခဲ့မိသည်။ သိမ်းစရာရှိတာ သိမ်းဆည်းဖို့ မီးဖွင့်လိုက်ရင်း ..။



## အခန်း(၁၂)

"အဲဒါ နင့်ကိုကိုဆိုတဲ့ အရုပ်ကြီးလား .."

"ဒါပေါ့ .."

"တော်သေးတာပေါ့ ချိုချစ် ရယ် .. မမကေ သွားဖွင့်မကြည့်လို့.."

"ဖွင့်ကြည့်တဲ့အထိ ငါက ကြည့်နေပါ့မလား ကင်း ရယ်၊ ငါ ခွင့်မပြုတဲ့ ငါ့ပစ္စည်းကို ဘယ်လိုလူမျိုးမှ ထိကိုင်ခွင့်မရှိဘူး .."

ကင်း က ခေါင်းခါပြလိုက်ရင်း ..၊

"နင်က ဧည့်သည်လေ .. နောက်ပြီး ခုချိန်မှာ မမကေ က ငါ့ရဲ့ အုပ်ထိန်းသူ .."

ချိုချစ် က ဟားတိုက်ရယ်သည်၊ ပြီးတော့ ကတ္တူဘူးလေးတစ်ဘူး ထုတ်ယူလာပြီး မွေ့ရာခြေရင်းမှာ အိခနဲထိုင်ချလိုက်ကာ ..၊

"ဘာ အုပ်ထိန်းသူလဲ .. နင်ကိုက သူများကို မှီခိုတတ်တဲ့အကျင့် ရှိနေတာ .."

"ကိုကိုက .."

"ကိုကို မရှိရင် ဘဝတစ်ခုံး တစ်စစီကွဲပြီးသွားတော့မှာပဲလို့ နင်

www.burmeseclassic.com

www.burmeseclassic.com



ထင်နေတာလေ .. အဲဒါကိုပြောတာပေါ့၊ အဲဒီ မမကောသီ တို့က ကိုကို ခိုင်းထားတဲ့လူတွေပါ ..”

“ကိုကို့ သူငယ်ချင်းတွေပါဟာ .. ဘာဖြစ်ဖြစ် ကိုကို့ အတွက် အကြံဉာဏ်ကောင်းတွေပေးတယ်၊ ကိုကိုကလည်း တိုင်ပင်တယ်၊ ရဲဘော်ရဲဘက်တွေလိုမျိုးပါ ..”

“စိတ်ထားတတ်ဖို့လည်း လိုသေးတယ်ဟ .. ‘နှုတ်ချို လျှိုတစ်ပါး’ တဲ့၊ နှုတ်ဖျားက ချိုသာသောစကားကို တိရစ္ဆာန်တောင် နားဝင်ချိုတာသိတယ်၊ ချိုချိုလေး ပြောပြီး ကိုယ့်ဘက်ပါအောင် သက်တစ်ဆုံးနှိုက်ကြတယ်၊ ပျားရည်လိုချိုတဲ့ စကားတွေနဲ့ ကျော့သပ်ခိုင်းလို့ရတယ်၊ သူတို့ကို နင့်ကိုကိုက ခိုင်းနေတာ၊ နှုတ်က ဘယ်လိုသဘောထားပါတယ်ပြောနေနေ ကိုယ့်စိတ်ထဲက သိဖို့လိုတယ် ..”

ချိုချစ် ရဲ့ ဒဿနတွေက ခပ်ကြမ်းကြမ်း ခပ်ရိုင်းရိုင်းနှင့် ...၊

“ခိုင်းလို့ ဘယ်လောက်ကောင်းကောင်း သူတို့ ဘယ်လောက်တော်နေနေ ကိုယ်နဲ့ တစ်တန်းတည်း ဘယ်တော့မှ နေရာမပေးနဲ့၊ မှီခိုစိတ် မမွေးနဲ့ .. သူတို့ ကြိုးစားလုပ်ကိုင်ချင်လာအောင် ခိုင်းနိုင်တဲ့ ကိုယ့်အရည်အချင်းကိုပဲ ယုံကြည်မှုထားရမယ်၊ ကျောင်းအတူတူပြီးခဲ့ကြပေမယ့် ငါ နင့်ထက် လေးငါးနှစ်ကြီးပါတယ် ကင်း ရယ်၊ နင် ငယ်ပါသေးတယ် .. ဟွန်း .. ဟွန်း ..”

ပြောနေပုံကြောင့် ကင်း ခေါင်းညိတ်ရမလိုဖြစ်သွားမိသည်။ ချိုချစ်က ဆယ်တန်းကို ကျောင်းဆွေးအောင်ဖြေပြီးမှ အောင်ခဲ့တာဖြစ်သည်။ သူမ အသက်ဘယ်လောက်ဆိုတာမသိရပေမယ့် ကိုကိုနဲ့ သူမ ရွယ်တူပဲဆိုတဲ့စကားကို ပြောတော့ ဆယ်တန်းမအောင်ခဲ့ရခြင်းအကြောင်းတွေပါလာခဲ့သည်။

ဒါတောင် သူမအကြောင်းကို သူမကိုယ်တိုင် ပြောလာသည်မှလွဲ၍ မေးရင်လည်း စကားတွေ ဟိုရောက်ဒီရောက်နဲ့ပဲ လှီးလွှဲ ပြီးဆုံးတတ်



လေသည်။

“ဒါပေမယ့် နင် ပြောသလောက်တော့ မဟုတ်သေးဘူး ချိုချစ်၊ အစ်ကိုနေရဲတို့က လင်မယားနှစ်ယောက်စလုံးက ချမ်းသာတယ်၊ ခုလည်း နှစ်ယောက်စလုံး အလုပ်ကိုယ်စီရှိကြတယ် ..”

“ကိုနေရဲ ဆိုတာကတော့ ကိုကို့ ဝန်ထမ်းမဟုတ်ဘူးလားပြော..”

ကင်း ဘာမှမပြောသည်နှင့် ချိုချစ် က ရယ်ကာ ...၊

“ထားလိုက်ပါဟာ .. သူများအကြောင်း ငါတို့နဲ့ မဆိုင်ပါဘူး၊ ငါ ပြောချင်တာက နင် သူတို့ကို ဘာမှဂရုစိုက်နေဖို့မလိုဘူးဆိုတာပဲ.. ဒီမှာ ..”

ကိုင်ထားသည့် ဘူးကို နှစ်ယောက်ရဲ့အလယ်မှာ ချထားလိုက်ကာ ...၊

“ဟိုအရုပ်ရဲ့ ကွန်ထရိုးက ဒီထဲမှာရှိတယ် ..”

“ဟင် .. ရီမုတ်နဲ့ ကွန်ထရိုးတဲ့အရုပ်လား ..”

“ဟွန်း .. ဟွန်း ..”

“ဘာရယ်နေတာလဲ ..”

“နင်က မေးပဲမေးနေတာကိုး .. ဒီမှာ ဆက်ကြည့်နေလိုက် ..”

ပြစရာတွေက အရုပ်တစ်ခုပဲမဟုတ်ပါလားလို့ တွေးမိလိုက်ပြီး ထင်း စိတ်ဝင်စားသွားသည်။ ထိုစဉ် ဖုန်းမြည်လာသဖြင့် ကင်း က ခေါင်းထောင်ကြည့်လျှင် ...၊

“နေ .. နေ .. ငါ ကိုင်လိုက်မယ် ..”

ခေါင်းရင်းဘက်ကို ဝမ်းလျားမှောက်လှဲချလိုက်ရင်း ခေါင်းအုံးသားကဖုန်းကို လှမ်းယူလိုက်ကာ ချိုချစ် က ရယ်ရင်း ...၊

“ကိုကို့ဆီက ..”

“ဟုတ်လား .. ပေး ..”

“မပြောနဲ့တော့ .. သူ့အသံကြားတာနဲ့ နင် ငိုဦးမှာ ငါသိတယ် ..”

www.burmeseclassic.com

www.burmeseclassic.com



ကင်း လက်ကမ်းနေရင်း ဒီတိုင်းလေးကျန်ခဲ့၏။ ချိုချစ် က ဖွေ့ရာ ပေါ်မှာပဲ ပက်လက်လေးလှဲလိုက်ကာ ..၊

"ဟလို .. ကိုကို .."

"ချိုချစ် လား .. ကင်း ကို ဖုန်းပေးလိုက် .."

"ဩော် .. ကိုကိုက တန်းသိတာပဲ၊ ကိုကို့ ညီမကို အသံပေးပြီး ငိုအောင်လုပ်မနေပါနဲ့တော့၊ ခုပဲ အငိုတိတ်အောင် မနည်းချော့ထားရ တာ၊ အကောင်းဆုံးကတော့ ဒီည ကိုကို့အသံမပေးနဲ့တော့ .. ကင်း ပျော်သွားအောင် ချို လုံးဝ တာဝန်ယူမယ် .."

သတင်း ဘက်က ခဏတော့အသံတိတ်သွားသည်။ သို့သော် ..၊

"အခု ကင်း အနားမှာရှိနေတာလား .."

"သူလား .."

"ပေးပါ ချိုချစ် ရယ် .. ငါ ကိုကိုနဲ့ ပြောချင်တယ် .."

"ဟော့အေး .. နင် ငိုမှာ ငါမကြည့်ရက်ဘူး၊ တကတဲ ကလေးထက် ချော့ရခက်တယ် .."

ဒီဘက်ကစကားသံတွေကို သထင်း က ကြားနေရပုံပေါ်ကာ ..၊

"ချိုချစ် မင်းကိုယ်မင်း ဘာထင်နေတာလဲ .."

"ဩော် .. ကိုကိုကလည်း .."

"ကင်း ကို ဖုန်းပေးလိုက် .. ခု .."

ကင်း က ချိုချစ် ဆီးကို လေးဘက်ထောက်လေးတွားသွားပြီး ဖုန်းကို ဆွဲယူလိုက်၏။

"ကိုကို .."

"ကင်း .. မင်း အဆင်ပြေရဲ့လား .."

"ပြေပါတယ် .. ကိုကို့ကို လွမ်းလို့ .."

"ကိုကို အမြန်ဆုံးပြန်လာခဲ့မယ် .. မင်းကို အဲဒါကြောင့် ကိုကို စိတ်မချတာကွာ .. ချိုချစ် ဘယ်နေ့ပြန်မှာလဲ၊ ကိုကို့ကို မင်း ကတိပေး



ခဲ့တာနော် .."

"ဟုတ်ကဲ့ပါ ကိုကို .."

"ကိုကို အရမ်းစိတ်ပူတယ် .. ပြောတဲ့ရက်ထက် ပိုမထားနဲ့၊ အိမ်ထဲ ကနေ ဘယ်ခေါ်ခေါ်မလိုက်ရဘူး ကြားလား .."

"ဟုတ်ကဲ့ပါ .."

ကင်း က သူမဘက်ကို မျက်လွှာလေးပင့်ကြည့်လိုက် 'ဟုတ်ကဲ့' ပြောလိုက်မို့ ချိုချစ် က နှုတ်ခမ်းလေးမဲ့ပြီး ပခုံးတွန့်၏။ ပြီးတော့ အိပ်ရာ ထဲမှာ နှစ်ပတ်လောက်လိမ့်ပစ်သည်။

ထို့ပြင် သတင်း ရဲ့ ခေါင်းအုံးပေါ် မှောက်လျက်လေးတိုးတက် ကာ ခေါင်းအုံးပေါ်မှာ မျက်နှာတစ်ပြင်လုံး ဖိလိမ့်နေ၏။ ဖုန်းပြောနေ သော ကင်း ရဲ့ အကြည့်တွေ ချိုချစ် ထံမှာ ရှုးစိုက်နေခဲ့၏။

ကြည့်နေရင်း ခေါင်းအုံးတွေကို ဖိကပ်နမ်းရှိုက်နေသော ချိုချစ် ရဲ့ အချစ်ဆိပ်တက်နေသည့် မျက်နှာကို နားလည်လာကာ ကိုကို့ကို လွမ်းဖို့တောင် သတိမရတော့အောင် စိတ်က ဖုန်းဆီမှာမရှိတော့ဘဲဖြစ် လာသည်။

"ဟုတ်ကဲ့ ကိုကို .."

ကိုကို့ကို နှုတ်ဆက်ပြီး ဖုန်းချလိုက်တဲ့အထိ ချိုချစ် က မျက်ဝန်း တွေ မှိတ်ထားလျက် ခေါင်းအုံးပေါ်မှာ မှောက်လျက်သား ..။

"ချိုချစ် .."

"အင်း .. နင် ငါ့ကိုကြည့်ပြီး သဝန်တိုနေပြီမို့လား .."

"ငါက .."

"ဟား .. ဟား .. တား .. အဲဒါ ငါ့ရဲ့ပညာဝဲလေ .."

ချိုချစ် က ငေါက်ခနဲထထိုင်လိုက်ပြီး ကင်း ကို ကြည့်၍ ပေါက်ပက် တက်ပက်ရယ်၏။

"နင်အခု ငိုဖို့လည်းသတိမရ .. လွမ်းဖို့လည်းမေ့သွားပြီလေ၊ တခင်

www.burmeseclassic.com

www.burmeseclassic.com



အဲ့လိုဖြစ်အောင်လုပ်ပြနေရတာ၊ အမလေး မလွယ်လိုက်တာ ကင်း ရယ် မောပါဘိ ..."

လက်ဖျားလေးတွေကို ယပ်ခတ်သလိုခါရင်း ဟူးခနဲ သက်ပြင်း မှုတ်တော့ ကင်း အားနာသွားမိသည်။

'ကိုကို့ကို ငါ အရမ်းခိုက်တယ်ဟာ ..' လို့ ခဏခဏပြောနေခဲ့ပေမယ့် ချိုချစ် သူမကို အများကြီးဖေးမခဲ့သည်။ ပွင့်လင်းတတ်တဲ့သူမို့ နာမည်မကောင်းပေမယ့် စိတ်ရင်းကောင်းတော့ရှိသူပါ။

'တကယ် စိတ်ထဲမှာရှိတဲ့သူက ဘယ်တော့မှ ကိုယ့်အကြံကို ထုတ် မပြောဘူး' လို့လည်း သူမ ကြားဖူးခဲ့သည်။ ထုတ်ပြောလွန်းလို့ အမုန်းခံ နေရသည့် ချိုချစ် ကို သူမဘာဖြစ်လို့ သံသယဖြစ်ခဲ့တာလဲ ...။

ကိုကို့ကို တကယ်သဘောကျနေခဲ့ရင်တောင် ကိုယ့်အိမ်ထောင်နဲ့ ကိုယ် ဖြစ်နေကြကာမှ ဒီလောက်ထိ သိသိသာသာကြီး ဘယ်သူက ကြိုက်ပြနေမှာလဲ ...။

"ဆောရီးပါဟာ .. ငါ အံ့ဩသွားလို့ပါ .. နင့်ကို .."

"တော်ပါပြီ .. နားလည်သွားတယ်ဆိုပြီးတာပါပဲ .."

ဖုန်းကို ဆွဲယူလိုက်ပြီး ခေါင်းရင်းက စားပွဲပေါ်ထိ လှမ်းတင် လိုက်ရင်း ချိုချစ် နှုတ်ခမ်းတွေ လျှို့ဝှက်စွာပြုံးနေခဲ့၏။ သို့သော် ဒီဘက် လှည့်လိုက်တော့ ဖော်ရွေချစ်ခင်စွာဖြင့် ...၊

"ဖုန်းနဲ့ ဝေးဝေးနေ ပြောစရာရှိရင် ငါပြောမယ်၊ အဲ့ .. ကိုကို့ ဖုန်းကိုတော့ ငါမကိုင်တော့ပါဘူး .."

"ရပါတယ် .. ဒါပေမယ့် ကိုကိုက တစ်ခါတစ်ခါ အပြောဆိုးတတ် လို့ ငါ နင့်ကို အားနာလို့ပါ .."

"ကိုကို့စိတ်ကို ငါ နားလည်ပါတယ် ကင်း ရယ်၊ အဟီး .. ကိုယ်ချစ် တဲ့သူကို နားလည်ပေးနေရတာကိုက ငြိမ့်သြောင်းတဲ့ ဖီလင်ပဲ .."

နောက်သလိုပြောင်သလိုပြောတာမျိုးတွေလည်း ရှိနေပြီမို့ ကင်း



ဒီတိုင်းပဲထား၍ ပြုံးလိုက်မိသည်။

လောလောဆယ် ချိုချစ် ရဲ့ ဆည်းလည်းသံလေး လွှမ်းမိုးနေတာ ကြောင့် သူမ မငိုဖြစ်ခဲ့တာအတွက် ကျေးဇူးတင်မိ၏။ မဟုတ်ရင် ခုလောက်ဆို မျက်ရည်တွေ ခေါင်းအုံးပေါ်ကိုနေမလားပဲ ...။

"ဘာလဲ .. သတိရသွားပြန်ပြီလား .. ဒီလောက် ကြိုးစားပေးနေရ တာတောင်မှ .."

"မဟုတ်ပါဘူး ... ငါ နင့်ကို ကျေးဇူးတင်နေမိတာပါ .."

"ဒါဆိုပြီးရော .. လာ .. ဒီမှာ နင့်ကိုပြမလို့ .."

"ငါက ဟို အရုပ်ကိုပြမှာလို့ထင်တာ .."

"ကိုကို့ကိုလား .. သူ့ကိုအသက်ဝင်အောင် ဒီထဲက အိတ်လေးဖွင့် ရမယ်၊ ပြီးရင် ကိုကို့ရဲ့ ဘယ်ဘက်ရင်အုံမှာ ကပ်ပေးလိုက်တာနဲ့ ပြီး ပြီ .."

"ပြီးပြီဆိုတာ ဘာလဲဟင် .."

"ကိုကိုနဲ့ နင့်ကို စကားပြောခိုင်းမှာ .."

"ဘယ်လို .. ဘယ်လို!.."

ကင်း ထိတ်လန့်သွားသည်။

"အဲ့လို အရုပ်တွေ စကားပါပြောတယ်လို့ ငါ မကြားဖူးပါဘူး ချိုချစ် ရယ် .. ဘာတွေပြောနေတာလဲ .."

ကတ္တူပုံးကိုဖွင့်လိုက်တော့ အထဲမှာ သံသေတ္တာသေးသေးက လက် တစ်ဝါးနီးပါးလောက်ရှိသည်။ သေတ္တာပေါ်မှာလည်း အစီရင်လုပ်ထားပုံ ရသည့် ရုပ်ပုံတွေ၊ ဘာတွေမှန်းတော့ မသိ ...။

"ဒီထဲမှာရှိတယ် .."

လို့ ပြောပြီး သေတ္တာကိုဖွင့်မည်ပြင်လျှင် ...၊

"ချိုချစ် .."

ကင်း က ချိုချစ် ရဲ့ လက်ပေါ်က ထပ်ဖိကိုင်လိုက်ကာ ...၊

www.burmeseclassic.com

www.burmeseclassic.com



"နင် ပြောနေတာ ငါ ကြည့်ဖူးတဲ့ သရဲကားတွေထဲက အတိုင်းပဲ .."

"အဲဒါတွေထက် ပိုစွမ်းတယ်၊ ငါ အခု လက်တွေ့ပြမလို့ .."

"ငါကြောက်လို့ ခဏနေပါဦးဟာ .."

ကင်း ရဲ့ အသံတွေ တကယ်ပဲ တုန်ယင်လာခဲ့လျက် ..၊

"ဒီအိတ်ထဲမှာ .. သ .. သရဲ .."

"အဲ့လိုမဟုတ်ပါဘူး .. စီရင်ထိန်းချုပ်ပြီးသား ဝိညာဉ်ပါ .."

"ဘုရား .. ဘုရား .."

ကင်း ဘုရားတတော့ ချိုချစ်က ကင်းရဲ့ နှုတ်ခမ်းလေးကို လက်ဖဝါးနဲ့ ဖျတ်ခနဲ လှမ်းဖိလိုက်ကာ ..၊

"ဘုရား မ,တနဲ့ ဒါက အပျော်ကစားကြတာလေ .."

"နေပါစေ ချိုချစ် ရယ် .. နင် အဲဒါကိုမဖွင့်ပါနဲ့တော့၊ ခုန မမကော ကို ပြောလိုက်သလို ဒါကြီးက ငါ့အတွက် လက်ဆောင်တော့မဟုတ်ဘူး မို့လားဟင် .."

"ဟား .. ဟား .. ဟား .."

ချိုချစ် က အားပါးတရရယ်ပြန်သည်။ ကင်း ကတော့ အိတ်ကို ကိုင်ထားသည့် ချိုချစ် လက်ကိုပဲ မလွှတ်တမ်းဖိဆုပ်ထားမိရင်း ..၊

"ငါ့ကို မပေးပါနဲ့၊ ငါ အဲ့ဒါကြီး မလိုချင်ပါဘူး .."

"မပေးပါဘူး ကင်း ရယ် .. ဒါပေမယ့် နင့် ကိုကို့ကို ငါ ယူလို့ မရပေမယ့် ငါ့ ကိုကိုကို နင် သဘောကျသွားရင်တော့ ငါက ပေးခဲ့ဖို့ ဆုံးဖြတ်ပြီးသားပါ .."

"ဟင့်အင်း .. သဘောကျစရာအကြောင်းလည်း မရှိဘူး နေပါစေ.."

ကြောက်ကြောက်နှင့် ခေါင်းခါငြင်းနေမိသည်။ အရုပ်ကိုအုပ်ထားသော ကန့်လန့်ကာ နို့နှစ်ရောင်က ညမီးရောင်အောက်မှာတော့ အဖြူ ရောင်ဖြစ်နေရကာ လူငုတ်တုတ်ထိုင်ပြီး လွှမ်းခြုံထားသလို ခြောက်ချား



ဖွယ်ဖြစ်နေလေသည်။

ဒီကနေ လှမ်းမြင်နေရတာကိုက စေ့စေ့ကြည့်မိလျှင် လိုက်ကာစ ကို ဖယ်ချပြီး ထလာတော့မလိုလို စိတ်ထဲမှာ ခံစားမိလာသဖြင့် မကြည့်ရဲ ..။

"နင် ဒီလောက်တောင် ကြောက်နေရလား ကင်း ရယ်၊ ခုန ငါ ပြောပြီးပြီလေ .. စိတ်ထားတတ်ဖို့ပဲလိုတာပါဆို၊ အဲဒါက နင်ပြောသလို အရုပ်ပါပဲ .. ဒါပေမယ့် ဒါတွေကို လူနဲ့တူအောင် အနီးစပ်ဆုံးဖန်တီး ထားကြတယ်၊ ငါက မကျေနပ်နိုင်လို့ ပိုပြီးတူအောင် ဆရာရှာပြီး အသက် သွင်းဖို့လုပ်ခဲ့တာ .."

"ချိုချစ် ရယ် .. နင်ပဲ မကြောက်မရွံ့ .."

"ငါ့ဘဝမှာ ငါလိုချင်တာ ဘာတစ်ခုမှ မရခဲ့ဖူးဘူး နင်သိလား၊ နင် မသိပါဘူးဟာ .. ဒါကြောင့် ငါ့စိတ်တွေ ပိုပြီးကြမ်းလာတယ်ပြော ရမလား .. နိုင်မာလာတယ်ပြောရမလား၊ သူများတွေကတော့ ကြောက် တယ်ပဲပြောကြမှာပါ၊ ငါတို့မိသားစုတွေ ဆွေမျိုးတွေရော ဘဝကို ပင်ပန်း ဆင်းရဲစွာ ရုန်းကန်ပြီးမှ ကြီးပွားခဲ့ကြတာ .."

"အခု ထိပ်ဆုံးကိုရောက်နေကြတဲ့ နိုင်ငံကျော် တော်တော်များများ မှာ အတိတ်တွေ မလှခဲ့ကြပါဘူးဟာ .."

"ငါက အတိတ်မလှခဲ့တာကို မလွမ်းဘူး၊ ပစ္စုပ္ပန်မှာ လိုအင်မပြည့် တာကိုပဲ မခံစားနိုင်တာ၊ ငါ့ဘဝမှာ သိပ်ရှားပါးခဲ့တာတော့ မရှိပါဘူး ဒါပေမယ့် မပြည့်စုံခဲ့တာ အမှန်ပဲ .."

"ဒါကတော့ မမျှတတဲ့အရာကို လိုချင်တပ်မက်မိရင်လည်း တိုင်းရဲ့ ဝေးကွာနေတတ်တာပဲ .."

ဒီစကားကြောင့် ချိုချစ် က ဖျတ်ခနဲငဲ့ကြည့်သည်။

"ငါက မတန်မရာကို မှန်းတတ်တဲ့သူ မဟုတ်ပါဘူး၊ ငါ့လောတ် လက်တွေ့ဆန်တာ ငါပဲရှိတာ၊ ဒါပေမယ့် ငါ လိုချင်ဆုံးအရာတွေကို

www.burmeseclassic.com

www.burmeseclassic.com



ငါ မရခဲ့ဘူး၊ ဒါကြောင့် ငါ မလိုချင်တာကိုလည်း မယူနိုင်ဘူးလေ၊ မှီဘတွေ ဘယ်လိုသဘောပဲရှိရှိ၊ ငါ့အိမ်ထောင်ရေးကို ငါ့ စိတ်ကြိုက်ဖန်တီးခဲ့တယ်၊ ကောင်းတာဆိုးတာလည်း ငါ့ကံပဲ .."

"အခု နင့်ကို ဘယ်လိုပြောနေကြသလဲ .."

"ဟွန်း .. ဟွန်း .."

ချိုချစ် မဖြေသေးဘဲရယ်နေသည်။ ပြီးတော့ ကိုကို ဆိုသည့် အရုပ်ကို လှည့်ကြည့်သည်။

"အိမ်ထောင်ကျပြီးတည်းက ငါ ဘယ်သူ့ကိုမှ မဆက်သွယ်ဘဲနေခဲ့တာပဲ .."

"ဟင်!..."

"ငါလိုချင်တာ ငါ့မွေးချင်းမိသားစုတွေထဲမှာ ငါက ချမ်းသာဆုံး၊ ဘယ်သူ့မှ ဂရုစိုက်စရာမလိုဘူး၊ ငါ ကြောက်ရမယ့်လူလည်း မရှိဘူး၊ ငါ့ယောကျ်ားကအစ ငါက ဒါဆိုဒါပဲ .."

အရုပ်ကြီးကိုကြည့်၍ 'ငါသိပါပြီ' လို့ပဲပြောလိုက်ချင်တော့သည်။

"သူ ငါ့အတွက် အချိန်မပေးနိုင်ဘူး ဖြစ်နေတာတွေအတွက် စိတ်ပူပန်စကားတွေပြောလာတဲ့အချိန်မှာ ကိုကို့ကို ငါ ဖန်တီးလိုက်တယ် .."

သူမသည် အရုပ်ကိုပဲ စူးစိုက်ကြည့်နေကာ ..၊

"ငါ သူ့ကိုပဲ ကိုကိုလို့ ခေါ်ခွင့်ရှိတာလေ .."

"နင် .. နင် သူ့ကို ခေါ်တော့ ထူးလားဟင် .."

"ထူးတယ် .."

ဘုရား ..၊

"ဒါပေမယ့် စကားပြောဖော်တော့ လုပ်မပေးနိုင်ဘူး၊ သူ့အသံကို ကြားရပေမယ့် မပီမသတွေပဲများတယ် .."

"နင် မကြောက်ဘူးလား ချိုချစ် ရယ် .. အဲဒါ ဘယ်က ဝိဉာဉ်မှန်းမသိ၊ ဘယ်အချိန် ဘာထလုပ်မလဲမသိ .."



"ငါ့အတွက်တော့ သူနဲ့ ကုန်ဆုံးရတဲ့အချိန်တွေက နှတ်စည်းစိမ်ပဲ .. ဝိဉာဉ်ဆိုတာလည်း ထိန်းချုပ်ထားနိုင်ရင် ကိုယ့်အတွက် စေလိုရာစေနိုင်တဲ့ ကျေးကျွန်ကောင်းပါပဲ .."

သူမရဲ့ စကားတွေက ကျောချမ်းစရာကောင်းနေသည်။ ကင်း ကို မလွှမ်းဖြစ်အောင် သူမ ကြိုးစားနေတာ ဟုတ်မဟုတ်တော့မသိ ..။ ကင်း ကိုကို့ကို သတိမရတော့ဘဲ သူမရဲ့ ထူးဆန်းတွေလာတွေမှာ နစ်မျောနေခဲ့လျက် ..။

"လာ .. ငါ နင့်ကိုပြမယ် .."

"ချိုချစ် .."

"လာပါ .. ငါ့အစီအရင်က တကယ်တော်ပြီး တကယ်ထက်တဲ့ ဆရာက လုပ်ပေးလိုက်တာ၊ အဲဒါကို ဝိဉာဉ်လို့မမြင်ဘဲ အိမ်မွေးတိရစ္ဆာန်လေးတစ်ကောင်လိုပဲ တွေးထားလိုက် .."

ကင်း က ဆွဲထားပေမယ့် ချိုချစ် က ကင်း ရဲ့ လက်လေးကို ကိုင်ပြီး လိုက်ကာအုပ်ထားသည့်အရုပ်ဆီ ခေါ်သွားသည်။ အနားရောက်သွားတော့ ကင်း ရဲ့ လက်ဖျားတွေအေးစက်နေပြီဖြစ်ကာ ..၊

"ချိုချစ် .. နင် ဘာလုပ်မှာလဲဟင် .."

"နင့်ကို မိတ်ဆက်ပေးရုံပဲ .. သူ့ကို လှုပ်ရှားလာအောင်လုပ်ပြီးတာနဲ့ ငါ ပြန်သိမ်းထားမှာပါ၊ ကြောက်မနေပါနဲ့ .. ဒါလေး သူ့ရင်ဘတ်မှာ ကပ်ပေးလိုက်ရင် သူ့ကို ချုပ်ကိုင်ထားသလိုပဲ ကိုယ်ခိုင်းသမျှ နာခံတဲ့အပြင် သူ ဘာမှမလုပ်နိုင်ဘူး .."

သေတ္တာထဲက ထုတ်ယူလာသည့် အဖြူရောင်အိတ်လေးထဲမှ ကြေးပြားလေးတစ်ပြားကို ထုတ်ယူလိုက်၏။ ကြေးပြားအရွယ်က လက်ခုပ် ဝိုင်းသာသာခန့်ရှိကာ ပါးပါးဖျော့ဖျော့လေးဖြစ်သည်။

ထိုအပြားလေးမှာ အပ်ဆေါက်ရာလိုအပေါက်လေးတွေက တစ်ခုချ စာလုံးထွင်းထားသလို ဇကာပေါက်လေးတွေဖြစ်နေကြ၏။ ထို့ပြင်

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာစာတစ်ဖက်မှာ အပ်ဖျားလောက် ဆူးငုတ်လေးတွေလည်းပါ၏။

ချိုချစ် က လိုက်ထားကိုဆွဲချပစ်လိုက်ပြီး ...၊

"ဒီမှာကြည့် .."

အသေအလဲ တုန်လှုပ်နေသည့် ကင်း ရဲ့ မျက်ဝန်းလေးတွေ အံ့ဩခြင်းသို့ရောက်၏။ ပြီးတော့ ငေးမောနေမိကာ ...၊

"လူအတိုင်းပဲ .."

"ကိုင်ကြည့်ပါလား .."

"ဟင့်အင်း .. အား .."

ချိုချစ် က သူမလက်ကို ဆတ်ခနဲဆွဲ၍ အရုပ်ရဲ့ လက်တစ်ဖက်နဲ့ ထိကပ်ပေးလိုက်သည်။ လက်ချင်းထိလိုက်ရသလို အိနေတာ သိလိုက်ရကာ ဒိန်းခနဲဖြစ်သွားသလို အံ့လည်းအံ့ဩမိ၏။

"ဒါ ..."

"သိပြီလား .."

ကင်း ခေါင်းညိတ်ရင်း လက်ကို ချက်ချင်းပြန်ရုတ်မိ၏။ ဆံပင်တွေ လှိုင်းတွန့်ထင်ကာ ပခုံးအောက်ထိရှည်ကျနေသည်။ မဟာဆန်ဆန်နှုတ်ခမ်းပြင် ကျယ်နှင့် မျက်ခုံးထူထူ မျက်တောင်တွေက ကော့နေသည်။

မေးရိုးကား၍ အသားညစ်ညစ်ဖြစ်နေပုံက လူပုံကြမ်းသလိုရှိသလောက် ရင်အုံကားကားနှင့် ပခုံးကျယ်ပုံက ထိုင်နေတာတောင် တော်တော်တင်းကြံ့ခိုင်သည့် ကိုယ်ဟန်ကို ခန့်မှန်းလို့ရနေ၏။

"ဆံပင်တွေကိုင်ကြည့်လေ .. အားလုံး အစစ်တွေပဲ .."

"အင်း .. တူတာတော့ တော်တော်တူတယ် .."

"သိပ်မှန်တာပေါ့ .. ငါ့အတွက်ခင်ပွန်းကောင်း ပီသတဲ့နေရာမှာလည်း လူယောကျ်ားတောင် လိုက်မမီနိုင်ဘူး .."

ဟင်!...

"တကယ်ပြောတာ ကင်း ရဲ့ .. နင် သူနဲ့ တစ်ညလောက်အချိန်



ဖြုန်းကြည့်ရင် ငါနဲ့ ရန်သူဖြစ်သွားနိုင်တယ်နော် .."

ကင်း ခေါင်းခါလိုက်မိသည်။

"နင်ပဲ အဆင်ပြေအောင်နေပါ၊ ငါ အဲဒါတွေ စိတ်တောင်ကူး မကြည့်ဖူးဘူး .."

"စိတ်ကူးမကြည့်ဘူးလို့ပါ .. ကူးကြည့်လိုက်ရင် နင် ရူးလောက်အောင် စွဲသွားမှာ၊ ငါကတော့ အဲဒီလိုကိုယ်ပိုင်ကမ္ဘာငယ်လေး ဖန်တီးနိုင်ဖို့ ငွေတွေအများကြီး အကုန်ခံထားရတာ၊ အချိန်တွေလည်း ကုန်တယ်၊ အရမ်းလည်းပင်ပန်းတယ်၊ ငါ့လို စွန့်စားမှုမျိုး မြန်မာနိုင်ငံမှာတောင် ဘယ်သူမှ လုပ်ဖူးဦးမယ်မထင်ဘူးနော် .."

သူမဘာသာပြောရင်း ကြေးပြားနဲ့ ဆူးလေးတွေပါသည့်ဘက်နဲ့ အရုပ်ရဲ့ အင်္ကျီထဲ လက်ထည့်ကပ်ထားလိုက်ကာ၊ နှုတ်မှ တစ်စုံတစ်ရာ ကို ရွတ်နေ၏။

ဘာသံမှလည်း မကြားရသဖြင့် ကင်း ကတော့ အတွင်းခံအင်္ကျီ မပါဘဲ ကုတ်အင်္ကျီအနက်ကို ဒီတိုင်းရင်ဖွင့်ဝတ်ထားသည့်အရုပ်ကိုပဲ ငေးကြည့်နေမိသည်။

စိတ်ဓာတ်မာကြော၍ ရက်စက်တတ်သော ယောကျ်ားတစ်ဦး၏ မျက်နှာမျိုးဖြစ်ကာ မျက်ဝန်းတွေကအစ အနည်းငယ်လှုပ်ရှားမှုလေးသာ ရှိပါက တကယ့်လူအတိုင်း ...။

လူနဲ့တူလွန်းတာကို သတိရလာကာမှ ချိုချစ် ရွတ်ဖတ်နေတာ ဒီအရုပ်ကို အသက်သွင်းတာမှန်းသိကာ ကမန်းကတန်းမျက်နှာလွှဲလိုက် မိသည်။

ပြီးတော့ နောက်ကို ခြေလှမ်းဆုတ်ရပ်နေမိသည်။ စိတ်ထဲကနေ ဒီအရုပ်အသက်မဝင်ပါစေနဲ့လို့ ဆုတောင်းနေခဲ့မိပြီး ...

"တောက် .. ဘာဖြစ်တာလဲ .."

ချိုချစ် ရဲ့ မကျေမချမ်းရေရွတ်ခြင်းနှင့် တက်ခေါက်သံကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြည့်မိ၏။ ချိုချစ် က အသံကိုပိုကျယ်၍ နောက်ထပ်ရွတ်ဖတ်နေပြန်သည်။

အရုပ်အသက်ဝင်မလာလို့ ဒေါသထွက်နေမှန်းသိလိုက်သဖြင့် ကင်း စိတ်ချမ်းသာသွား၏။ တတိယမြောက်ရွတ်ပြီးသည့်အထိ အရုပ်က တုတ်တုတ်မလှုပ်လျှင် ..၊

"တောက် ..."

"ဒုန်း ..."

"အမလေး .."

အရုပ်ကိုဆွဲတွန်းပစ်လိုက်တာ ဒုန်းခနဲ ပြုတ်ကျသွား၏။ ကင်း လန့်အော်လိုက်မိလျက် ..၊

"ဘာဖြစ်တာလဲ ချိုချစ် ရယ် .."

"အဲ့ဒါ ငါကဇေးရမှာ .. ဒါလုပ်ရင် သူ မျက်တောင်ခတ်လာရမှာ.."

"အမလေး .. မခတ်ရင်လည်းနေပါစေ၊ နင်အသက်သွင်းနိုင်တယ်ဆိုတာ ငါ ယုံပါတယ်၊ ထားလိုက်ပါတော့ .."

"ဟေ့အေး .."

"ချိုချစ် .. နင် အဲဒါကြီးနဲ့ အိပ်မှာဆိုရင်တော့ ငါနဲ့အတူမအိပ်နဲ့ဟာ .."

"မအိပ်ဘူး .. ငါတို့က လင်မယားဆိုတော့ ဒီမှာအိပ်မယ်လေ၊ နင်က တခြားအခန်းမှာအိပ် .."

"ဟင် .. ဘယ်လို .."

ဒေါသရောင်တက်နေသည့် ချိုချစ် မျက်နှာက ပြုံးလိုက်ပေမယ့် ခဏပဲဖြစ်ကာ ..၊

"အဲ့ဒီကိစ္စ နောက်မှဆွေးနွေးမယ်ဟာ .. နင့်အခန်းထဲမှာ ဘုရားစင်ရှိနေသလား .."

"မရှိပါဘူး .."



"ဘုရားဖူးသွားရင်း လက်ဆောင်ဝယ်လာတဲ့ ပုံတော်တို့ ဆွဲကြိုးတို့ ဘာတို့ရော .."

"ဆွဲကြိုး ..."

"ဟိုလေဟာ .. ဘုရားပုံဆွဲပြားလေးတွေပါတဲ့ ကြိုးတွေပြောတာ၊ ကျိုက်ထီးရိုးဆံတော်ရှင်စေတီပုံတော်တို့ သာမညဆရာတော်ကြီးပုံတို့.."

"အဲဒါမျိုးတွေတော့ ဝယ်လာဖူးတာပေါ့၊ ဒါပေမယ့် ဘယ်မှာ ထားမိမှန်းမသိတော့ဘူး၊ နေရာတကာချထားမိရင် ငရဲကြီးမှာစိုးတာနဲ့ .."

"အေးပါ .. အဲဒါတွေက အထွတ်အမြတ်နေရာတွေမှာပဲ ရှိမှာပေါ့၊ လာပါ .. ရှာရအောင်ပါ .."

"ဘာလုပ်မလို့လဲ .."

"ဘုရားပုံတော်တွေ ရုပ်ထုတွေရှိနေရင် သူ မထွက်ဘူးတဲ့၊ အဲဒါတွေ ရှာပြီး တခြားမှာ ခဏသွားထားလိုက်ရအောင် .."

ဖြစ်ရလေ ..၊

မကောင်းဆိုးဝါးကိုသွင်းဖို့အတွက် ဘုရားပုံတွေကို ထုတ်ပစ်ရမယ်လို့ ..။

ထိုစဉ် မီးရောင်တွေဖလပ်ဖလပ်ဖြစ်လာ၏။ ပြီးတော့ နှစ်ချက်သုံးချက်လောက် မျက်တောင်ခတ်သွားပြီး မှောင်ကျသွားလေသည်။

"မီးတွေ ပျက်သွားပြီ .."

"ဒုက္ခပါပဲဟယ် .. ဘယ်မှာဘာထားမှန်းလည်းမသိဘူး .."

နှစ်ယောက်သား အသံကိုယ်စီထွက်လာသော်လည်း ပိန်းပိတ်အောင်မှောင်သွားတာ ကိုယ့်လက်ကိုတောင် ပြန်ကြည့်လို့မမြင် ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

"ဟလို .. မာဂရက်လား .. ဟုတ်တယ် ကိုရဲ မိန်းမပါ၊ ခုန ဖုန်းပြောရတာ အဆင်မပြေလို့ .. ကျွန်မပဲချလိုက်တာ .."

"..... ..... ....."

"ခဏလေးနော် .. လာခေါ်ရမယ်ဆိုလည်း ခေါ်မှာပေါ့၊ ကိုရဲ ကို လိပ်စာလှမ်းပို့ပေးလိုက်မယ်၊ ခဏလေး .."

စာရွက်နဲ့ ဘောလ်ပင်ကို လက်ကိုင်အိတ်ထဲကပြေးယူလိုက်ပြီး ထမင်းစား စားပွဲပေါ်မှာ ချလိုက်ကာ ..။

"ရပြီ မာဂရက်ရေ ပြော .."

"..... ..... ....."

"ခွာညိုလမ်း ဟုတ်တယ်နော် .."

"..... ..... ....."

"သြော် .. ဟုတ်လား၊ ဒါဆို ကောင်မလေးက စိန်ခြယ်လမ်းမှာပေါ့၊ ဟုတ်ပြီ ရပြီ .. ပြော .. အင်း .."

တစ်ဖက်ကပြောသမျှကို လိုက်မှတ်နေရင်း ..၊



"နေဦး အဲဒီကိုသွားဖို့ လမ်းညွှန်လေးပါ ပြောပြပါဦး၊ ကျွန်မတို့ လင်မယားက အဆင်ပြေသလို နီးတဲ့လူက သွားရမှာ၊ ကျွန်မက အဲဒီဘက် တစ်ခါမှ မရောက်ဘူးလို့ .."

"..... ..... ....."

"အင်း .. ရပြီ .. ပြော .. ပြော .. ခုံကျော်တံတားလား .. သြော် .. ဟင် .."

ဖုန်းတစ်ဖက်နှင့် ငုံ့ရေးတုန်း မှင်က ကုန်သွားသည်။ ဘောလ်ပင်ကို တဆတ်ဆတ်ခါ၍ စာရွက်ပေါ်မှာ ထပ်ခြစ်ကြည့်သည်။ မှင်က မထင်တစ်ချက် ထင်တစ်ချက်နှင့် ဒုက္ခများနေတုန်း ရေခဲသေတ္တာဖွင့်လိုက်သည့်အသံနှင့် လှုပ်ရှားမှုကြောင့် လှည့်ကြည့်လိုက်လျှင် ..။

"ဟင် ..."

ဘောင်းဘီရှည်နှင့် ယောကျ်ားခြေထောက်အစုံကို ရေခဲသေတ္တာ တံခါးအောက်ပိုင်းမှာ မြင်လိုက်ရသဖြင့် နားမှာကပ်ထားသည့်ဖုန်းကို ဆတ်ခနဲ ခွာလိုက်မိသည်။

"ဒီမှာ .. ဒီမှာ .."

အိမ်မှာ ယောကျ်ားတစ်ယောက် ဒီလိုပုံစံနှင့် တရင်းတနှီးရှိနေစရာ အကြောင်းမရှိ ..။

ဖုန်းပြောနေခြင်းကိုရော ပြောနေရသည့် အရေးကြီးအကြောင်းအရာကိုပါ သတိမရတော့ဘဲ ရေခဲသေတ္တာနားကို လျှောက်သွားမိကာ ..၊

"ဒီက ဘာကိုလိုချင်တာလဲ မသိဘူး၊ ကျွန်မ ရှာပေးနိုင်ပါတယ် .."

ပြောရင်း လျှောက်သွားမိစဉ် လျှပ်စစ်မီးတွေ ဖျတ်ခနဲမှောင်ကျသွား၏။ ကေသီ ထိတ်လန့်သွားမိသည်။ အနားမှာ လူစိမ်းတစ်ယောက်နှင့် မီးမှောင်ကျသွားသဖြင့် ဖုန်းထဲက မီးကို ကမန်းကတန်းဖွင့်သည်။

မီးရောင်ဖြူဖြူလေးလင်းသွားလျက် ရေခဲသေတ္တာသည် ဖွင့်ထားတုန်းပဲဖြစ်ကာ ခြေထောက်ကလည်း ရပ်နေဆဲ ..။

www.burmeseclassic.com

www.burmeseclassic.com



အရုပ်ပုနေတာလား .. ချာတိတ်လေးတစ်ယောက်လားလို့ တွေးရင်း ရေခဲသေတ္တာတံခါးကို ကိုင်မလို့ သူမ လက်လှမ်းလိုက်လျှင် ...၊

"အမေ့ ..."

ကိုယ့်ထက်အရင် တံခါးဘောင်မှာ လက်တစ်ဖက်က ဦးသွားသဖြင့် လန့်ဖျပ်ရုတ်လိုက်မိ၏။ လက်ချောင်းတို့သည် လက်သည်းရှည်တို့နှင့် မလှမပရှိနေသည့်အပြင် လက်ခလယ်အပေါ်ဆစ် လက်သည်းခွံအောက်နားမှာ ငရုတ်ကောင်းစေ့သာသာခန့် မှည့်နက်ကြီးတစ်လုံးက ထင်ရှားစွာရှိနေ၏။

ရေခဲသေတ္တာ၏ တံခါးတစ်ဖက်ခြားမှာ ဘယ်လိုလူရှိနေမှန်း မသိပေမယ့် ကိုယ့်ကို စကားလည်းပြန်မပြော မီးပျက်သွားတာတောင် ထိုနေရာမှာပဲ ဘာလုပ်နေမှန်းလည်းမသိ ...။

ပတ်ဝန်းကျင်တစ်ခုလုံး မှောက်မိုက်နေသဖြင့် ကေသီ ကြောက်စိတ်တွေ ကြီးစိုးလာကာ နောက်ကို မသိမသာ ပြန်ဆုတ်လိုက်၏။

စိတ်ထဲမှာ ချိုချစ် ကို သတိရလိုက်ရင်း ဒီယောကျာ်းက ချိုချစ်နဲ့ ပတ်သက်ပြီး ရောက်လာတာ ဖြစ်နိုင်မှန်းတွေးမိကာ ...၊

"ဒီမှာ .. ကျွန်မက သတင်း နဲ့ ကင်း တို့ရဲ့ .."

သူမ စကားမဆက်နိုင်ခင် ရေခဲသေတ္တာတံခါးကို ထိုလက်က ပြန်ဆွဲပိတ်လိုက်၏။ ဆံပင်ရှည် ဖို့ယို့ဖားလျား ထူထဲလွန်းသော မျက်ခုံးတန်းနှင့် နှာတံချွန်ချွန်ကို မျက်နှာတစောင်းမှာ အထင်ရှားဆုံးမြင်လိုက်သည်။

သူ့ဘေးမှာ လူတစ်ယောက်လုံးရပ်နေသည်။ အလင်းရောင်ရှိနေအောင်လည်း ဖန်တီးပေးထားသေးသည်။ ဒါတောင် ထိုယောကျာ်းသားက စောင်းငုံကြည့်ဖော်မရဘဲ ပိတ်ထားသည့် ရေခဲသေတ္တာကိုသာ စိုက်ကြည့်နေသဖြင့် ကေသီ ရှေ့ကိုပြန်တိုးလိုက်ကာ ...၊

"ဒီက ဘာရှာ ..."

ကေသီ အသံပျောက်သွားသည်။ ဒီဘက်ကို တဖြည်းဖြည်းလှည့်



လာသည့် မျက်နှာကိုငေးကြောင်ကြည့်ရင်း နှုတ်ခမ်းတွေ ပွင့်ဟသွားသည်။ မျက်လုံးတွေပါ ပြူးကျယ်လာခဲ့၏။

နောက်ကို ခြေတစ်လှမ်းဆုတ်လိုက်ပေမယ့် လူက ယိုင်ခနဲဖြစ်သွား၏။ တစောင်းရပ်နေသော ကိုယ်ခန္ဓာက မလှုပ်ရှားဘဲ မျက်နှာတစ်ခုလုံး သူမဘက်ကိုလှည့်ပြီးသည့်အချိန်တွင် ဘယ်ဘက်မျက်နှာတစ်ပြင်လုံး စုတ်ပြတ်သပ်နေလျက် မေးရိုးအတွင်းက သွားခွေကြီးပေါ်နေသည်။

မျက်လုံးတစ်လုံးက ထွက်ကျလုလု တွဲလွဲကျနေ၏။ ကေသီ့ မျက်လုံးတွေပိုမိုပြူးကျယ်လာပေမယ့် ဝေဝါးလာခဲ့သည်။ နှုတ်ဖျားမှ မည်သည့်အသံမှ မထွက်နိုင်ဘဲ ဒူးတွေတအိအိညွတ်ခွေကျသွားခဲ့ပြီး ...၊

"ဒေါက် ..."

လက်ထဲကဖုန်း လွတ်ကျသွားခဲ့ပြီး လူတစ်ကိုယ်လုံးသည်လည်း ကြမ်းပြင်ပေါ် ခွေခေါက်လဲကျသွားလေသည်။ ထိုအချိန်မှာ မီးတွေပြန်လည်ဖွေးထိန်သွားပေမယ့် ကေသီ ဘာဆိုဘာမှမသိတော့ဘဲ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

မီးရောင်တွေ ဖွေးထိန်သွားမှ ကင်း စိတ်ချမ်းသာသွားသည်။ သို့သော် ..။

"ငါ့ .. ငါ့လူ ဘယ်ရောက်သွားတာလဲ !..."

"နင် တွန်းပစ် .. ဟင် !..."

ကင်း လက်ညှိုးထိုးလျက်လေးနှင့် ကြောင်တောင်တောင်ဖြစ်သွားသည်။

ဟိုနားမှာ လဲကျသွားတာ အရုပ်ဘယ်ရောက်သွားသလဲ ..။

"ဒါ မရှိသားဘူး .."

ချိုချစ် ဘာပြောလိုက်မှန်းမသိပေ ..။ သို့သော် နှစ်ယောက်သား အကာအကွယ်နေရာတွေမှာ ဟိုရှာဒီရှာဖြစ်သွားကြပြီး ..။

"ငါထင်တယ် .. အဲဒါ နင့်အိမ်စောင့် ဝင်ယူသွားတာ .."

"ဘယ်လို !..."

"နင့်ရဲ့ မမကေ ဆိုတာလေ .."

"သူ ဘယ်မှာပြန်ဝင်လာလို့လဲ .. နောက်ပြီး မီးပျက်တာ ခဏလေး



ပါ .."

"နှစ်မိနစ် သုံးမိနစ် ဆိုတဲ့အချိန်မှာ အများကြီးလုပ်လို့ရတယ် ကင်း .. သူ ဝင်လာတယ် ငါ့ကိုမယုံသင်္ကာ မျက်လုံးနဲ့ ကြည့်သွားတယ်၊ အထူးသဖြင့် ဒီယောက်ျားကို လိုက်ကာနဲ့ အုပ်ထားတာ သူ သိပ်ကို စိတ်ဝင်စားသွားတာ .."

ချိုချစ် ရဲ့ စကားထဲမှာ အရုပ်ကို အရုပ်လို့မသုံးနှုန်းတော့တာ သတိထားမိကာ မကေအပေါ် ပုံချနေတဲ့ ဒေါသအရှိန်ကိုလည်း ခန့်မှန်းလိုက်မိ၏။

"ငါ သွားမေးမယ် .."

"ချိုချစ် .."

ခြေလှမ်းပြင်လိုက်တာ ပြေးသွားတော့မယ့်အတိုင်း ..။

"နေပါဦး မမကေ ဒီကိုလာတာ မလာတာ အရင်တီးခေါက်ကြည့်ပြီးမှ .."

"ငါ အဲ့ဒီလိုမျိုးသိပ်လမ်းခင်းတာတွေ ဝါသနာမပါဘူး .. ဖယ်ပါ ကင်း ရယ် .."

ကင်း ရဲ့ လက်ကို ဖယ်ချပစ်ပြီး အပြင်ဖွတ်ထွက်သည်။ ကင်း က အတင်းပြန်ဆွဲ၏။ ထို့ကြောင့် နှစ်ယောက်စလုံး အခန်းဝရောက်လာကြကာ ..။

"နင် သူ့ကိုကြောက်လို့လား ကင်း .. ကိုကိုက သူ့ကို နင်ခိုင်းဖို့ ခေါ်ထားပေးခဲ့တာ .."

"ချိုချစ် ရယ် .."

"နင့်ကိုစောင့်ရှောက်တယ်ဆိုပြီး အုပ်ထိန်းသူလို လာချိုးလို့မရဘူး၊ သူ့အဆင့်သူမသိရင် ငါပြောပြလိုက်မယ်၊ ဟွန်း .. သင်းကများ ငါ့လူကို လာသိမ်းသွားရတယ်ရှိသေးတယ် .."

"ချိုချစ် သူ အဲ့လိုလုပ်ချင်ရင်လည်း ငါ့ကိုမပြောဘဲ ဆွဲယူသွားမှာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူးဟာ .. ငါပြောမယ် .. ငါ သွားမေးပါ့မယ် ..”

“ဟော့အေး .. ဒါကိုရဖို့က ငါငွေကုန်လူပမ်းခံပြီး ကြိုးစားထားရတာ၊ တန်ဖိုးမသိ မကိုင်ဘူးဘဲနဲ့ .. တွေ့မယ် ..”

“ချိုချစ် ..”

“နင် လိုက်မလာခဲ့နဲ့ ကင်း .. နင်တို့ ငဲ့ညာစာနာမှုတွေနဲ့ ပြောဆိုမေးမြန်းမှာတွေ ငါက စောင့်နေမှာမဟုတ်ဘူး ..”

ချိုချစ် က ပြတ်သားလွန်းသည်။ ပြောသွားတဲ့အတိုင်း ဖွတ်ထွက်သွားတာ တံခါးကိုပါ ဆွဲပိတ်သွား၏။ ကင်း စိတ်ပျက်စွာကျန်ခဲ့ပြီးမှ မဖြစ်သေးပါဘူးလို့တွေးရင်း တံခါးပြန်ဖွင့်လိုက်လျှင် ..၊

“ဒုတ် .. ဒုတ် ..”

နောက်က တစ်စုံတစ်ခုပြိုကျသည့်အသံကြောင့် လှည့်ကြည့်လိုက်မိသည်။ ထိုစဉ် ခုနအရုပ်လွင့်ကျသွားခဲ့သော ကုလားထိုင်နောက်က လှုပ်ရှားသွားသည့်အရိပ်တစ်ခုကို လှမ်းမြင်လိုက်ရကာ ..၊

“ဘယ်သူလဲ!...”

မေးလိုက်မိရင်း ကြက်သီးတွေဖျန်းခနဲထသွားခဲ့၏။ ‘ဘယ်သူလဲ’ လို့ သူမ ဘာကြောင့်မေးလိုက်မိတာလဲ ..။ ဒီအခန်းထဲမှာ လူသူတစ်စုံတစ်ယောက်ရှိနေနိုင်လို့လား ..။

ရှိနိုင်သည်ဆိုရင် ဘယ်သူဖြစ်နိုင်မလဲ ..။

ရင်ခုန်သံတွေ တဒိန်းဒိန်းမြည်ဟီးလာသည်။

အရုပ် ..၊

ချိုချစ် ရဲ့ Sex အရုပ် ..။

“သူ့ကို ဒါလေးကပ်ပေးလိုက်ရင် ထိန်းချုပ်လို့ရတယ် ..”

“သူ လှုပ်ရှားတာကိုပြပြီးရင် ငါ ပြန်သိမ်းထားမှာပါ ..”

ချိုချစ် ပြောပြခဲ့တာတွေကို သတိရလိုက်၏။ ဒီအရုပ်ဖြစ်နိုင်သလား...။ ချိုချစ် အသက်သွင်းလိုက်တာ သူ အသက်ဝင်သွားခဲ့တာလား ..။



မဟုတ်ဘူး .. အဲ့လိုမဖြစ်နိုင်ဘူး ..။

ညဦးနက်နက်၏ တိတ်ဆိတ်ခြင်းမှာ အပြင်ဘက်က ဒုန်းခနဲ အသံတစ်ချက် ထွက်လာသဖြင့် ကင်း ကိုယ်လေး တုန်ခါသွား၏။ ချိုချစ် ဘာလုပ်နေတာလဲ .. ဘာလို့ ခုထိ ပြန်ဝင်မလာတာလဲ ..။

လှုပ်ရှားမှုဖြစ်သွားသည့်နေရာကို ငေးကြည့်နေမိရင်း တံခါးကို လက်ပြန်စမ်းနေမိသည်။ သူမ တံခါးနားကနေ ဘာကြောင့်ခွာခဲ့မိမှန်း မသိပေမယ့် တံခါးကိုနောက်ပြန်စမ်းရင်း တရွေ့ရွေ့ဆုတ်သွားနေမိတာ တံခါးဆီကိုမရောက်နိုင် ..။

တံခါးနဲ့ သူမ ဘယ်လောက်တောင် ကွာဝေးနေခဲ့သလဲ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

"ဘယ်ရောက်နေလို့လဲ ဒီမိန်းမ .."

နှုတ်မှ ရေရွတ်ရင်း ပိုးပျော့ဂါဝန်စကို လက်နှစ်ဖက်နဲ့ စုံကိုင်'မ'၍ ခြေလှမ်းကျဲတွေနှင့် ထွက်လာခဲ့သည်။

ဖြစ်မိသည့်ဒေါသက 'မကေသီ' လို့တောင် အော်ခေါ်လိုက်ချင်မိ၏။

သင်းက ဘာမို့လို့ ငါ့ယောက်ျားရုပ်ကို လာသိမ်းသွားတာလဲ ..။

တွေးကြည့်လေ ဒေါသထွက်ရလေမို့ တက်ခေါက်လိုက်မိသည်။ ကိုကိုက ကင်း အတွက် စိတ်ပူတယ်ဆိုတာ သူမ လက်ခံသည်။ ကိုယ့်ကြောင့် ဖိုး နဲ့ တုန်းကရော မြတ်ကောင်းစံ နဲ့ တုန်းကပါ ကိုကို စိတ်ညစ်ခဲ့ရတာတွေကို သူမ နားလည်ပေးနိုင်၏။

ကိုယ်နဲ့ ပတ်သက်တာမကြိုက်ပါဘူး ပြောသွားတာကိုလည်း ဂရုမစိုက်ပါ။ ဒါတွေကိုနင်းပြီး ဒီမိန်းမ လှုပါးဝလာတာကိုတော့ သည်းခံမနေနိုင်ပေ ..။

ကိုကိုနဲ့ ပတ်သက်ပြီး ကင်း ကို သည်းခံပေးနေတာ နောက်ဆုံး..။



"ဒုန်း ..."

တွေ့သမျှ ပစ္စည်းတွေကို ဟိုတွန်းဒီရွှေ့နှင့် တမင်တကာ ဝင်တိုက်ပစ်လိုက်တာလည်းရှိသည်။ ဒီမိန်းမ ထွက်လာဖို့ ရည်ရွယ်ရင်း ထမင်းစားခန်းရှေ့ရောက်လာလျှင် ခြေစုံရပ်ပြီး နားစွင့်လိုက်၏။

ချက်ပြုတ်ပြီးပြီလို့ လာပြောသွားတာကြည့်လျှင် မီးဖိုထဲမှာ မရှိနိုင်ပေ ..။ ဒါဆို ဘယ်မှာလဲ ..၊

တခြားတစ်နေရာကို ခြေလှမ်းပြင်လိုက်တာနှင့် အခန်းထဲက ဖုန်းမြည်သံကိုကြားလိုက်ရ၏။ ခြေလှမ်းသည် အခန်းထဲကို ဦးတည်ပြီးသားဖြစ်သွားပြန်သည်။ သို့သော် ...

"ဝူး ...."

ကားစက်နှိုးသံ ..၊

ချိုချစ် မျက်နှာ အိမ်ရှေ့ဘက်ကို လှည့်သွားသည်။ အရုပ်ကိုတင်ပြီး ဒီမိန်းမ ဘယ်သူ့ကို သွားပြမလို့လဲ ..။

ဒီလိုတော့ အဖြစ်မခံနိုင်ပေ ..။ ဒီကိစ္စ ဒီနေရာမှာပဲ အပြတ်ရှင်းရမှာမို့ အိမ်ရှေ့ကို ပြေးထွက်ခဲ့မိသည်။ ကားသံသည် ခြံဝကနေပျောက်ကွယ်သွားပြီဖြစ်လျှင် ..၊

"တောက် .."

ဒေါသက ယယ်ထိပ်ထိဆောင့်တက်၏။ အလိုလိုကာမှ ကင်း နဲ့ ကိုကို့ ပတ်ဝန်းကျင်မှာ သူမက အရှုပ်ထုပ်ရယ် ..။

ဒီအရုပ်ကိစ္စကို သက်သေသာဓကနဲ့ ကေသီ လျှောက်ဖွလိုက်ရင်သွားပြီ ..။

ပတ်ဝန်းကျင်မှာ သူမရဲ့ အရှက်နဲ့ ဂုဏ်သိက္ခာ ရေစုန်မျောရတော့မှာဖြစ်ကာ ကိုကို့ အထင်မြင်သေးခြင်းတွေလည်း သူမအပေါ်မှာ အဆုံးမြေအဆုံး ပြီးတော့မည်မထင် ..။

တော်တော် ကြိုဟ်မွှေတဲ့မိန်းမ ..။

ကင်း တို့ ကားကို ဒေါသတကြီးမောင်းထွက်ခဲ့ရင်း ဒေါသတွေ

www.burmeseclassic.com

www.burmeseclassic.com



ဖောင်းပွနေသလောက် လီဗာကို အတင်းဖိနင်းနေမိသည်။ ညှို့နက်နက်မှာ ကားက ပြိုင်ပွဲဝင်နေသလိုပြေးနေခဲ့သည်။

ဟိုကား ဘယ်ရောက်သွားသလဲ ...။

လမ်းဆုံမှာ အလျင်အမြန် စဉ်းစားလိုက်ရင်း ကေသီတို့ လင်မယား နေထိုင်သည့် အိမ်ဘက်လမ်းကို ရွေးချယ်၍ ကားကိုဝိုက်ချလိုက်သည်။ ထိုစဉ် ...၊

သူမ မျက်နှာ ရှေ့ပြန်လှည့်လိုက်တာနှင့် ဘေးမှာထိုင်နေသည့် တစ်စုံတစ်ယောက်ကိုမြင်လိုက်ကာ ...၊

ဟင်!... နင် ...

ချီချစ် မျက်လုံးတွေပြာသွားသည်။ ဘေးမှာထိုင်နေသည့် မျက်နှာ သူမဘက်ကို လှည့်ကြည့်လိုက်တာနှင့် ...၊

"ဓိုး .. မဟုတ်ဘူး .. နင် မဟုတ်ဘူး .. သွား .."

"ဒုန်း .. ဒုန်း .."

"ရှူမ်း ..."

"အား .."

ကားသည် ပလက်ဖောင်းအမြင့်ပေါ် ဦးမြောက်ခုန်တက်သွားကာ တစ်ဖက်လမ်း ခြောက်ထဲသို့ ...။



## အခန်း(၁၆)

ကင်း တံခါးဆီ နောက်ပြန်ဆုတ်နေရင်း လက်က တံခါးကို ထိကိုင်မိဖို့စမ်းနေမိသည်။ သို့သော် သူမလက်နဲ့ ထိကိုင်လိုက်မိသည်က တံခါးချပ်မဟုတ်ဘဲ အေးစက်နေသော လက်ဖဝါးတစ်ဖက်ဖြစ်နေရာ ...။

"အား ..."

လန့်ဖျပ်အော်ကာ တံခါးဘက်ကို ဆတ်ခနဲလှည့်လိုက်မိသည်။ ဒါပေမယ့် သူမနောက်မှာ ဘာမှမရှိ ...။

ကင်း ရင်အုံမို့မို့လေး လှိုင်းထန်လာသည်။ ဒီတစ်ခါ တံခါးကို မျက်နှာမူ၍ အခန်းထဲကို နောက်ပြန်ဆုတ်နေမိခြင်းဖြစ်ကာ ...၊

"ဒုတ် ..."

နောက်ကအသံကြောင့် ဆတ်ခနဲလှည့်ကြည့်မိပြန်သည်။ အခန်းထဲမှာ အရုပ်လေးမျက်နှာကို အလွတ်မပေးရဲတော့ဘဲ ကင်း အရုပ်လေးနဲ့ တူလာ၏။

အသက်ရှူတွေ ပြင်းလာသလို မျက်ရည်တွေလည်း စီးတက်လာသည်။ ဒါပေမယ့် ဘာသံမှလည်း မထွက်၊ ငိုလည်းမငိုနိုင်ပေ။ အရုပ်အ

www.burmeseclassic.com

www.burmeseclassic.com



ထားသည့်အကွယ်နေရာကို လှမ်းမြင်ရတော့ သူမ အသက်ရှူတွေရပ်တန့်သွားခဲ့၏။

အရုပ်က သူမကို သေချာရပ်ကြည့်နေလေသည်။ ခုန ဘယ်မှာမှ ရှာမတွေ့ခဲ့ဘဲ အခန်းတံခါးလည်း ပိတ်လျက်သားနှင့် ...။

"မာယာ .."

အသံထွက်လာသည်။ အရုပ်နဲ့ နှုတ်ခမ်းတွေလည်း လှုပ်သွားတာမြင်၏။ ထို့ပြင် 'မာယာ' လို့ ခေါ်လိုက်တာလည်း အမှန်ပဲဖြစ်သော်ငြား ...။

ဟင့်အင်း ...၊

ကင်း ခေါင်းခါမိသည်။ မာယာ လို့ခေါ်တာ 'နိုး' ဆိုသော နုတ်ဆိုးတစ်ကောင်ပဲရှိသည်။ ဘာဆိုင်လို့လဲ ...၊

ဒါက အရုပ်၊ ဒီအရုပ်က ထွက်တဲ့အသံမဟုတ်ဘူး ...။ ဒါကို ချီချစ်အသက်မသွင်းရသေးဘူး ...။

သူမ နောက်ကိုဆုတ်လိုက်လျှင် အရုပ်က ထောင့်ကွယ်ကနေ လျှောက်ထွက်လာ၏။

'လူလိုပဲ အားလုံးလုပ်နိုင်တယ် ..'

'စကားပြောတာပေါ့ ..'

'ခေါ်ရင်လည်း ထူးတယ် ..'

ချီချစ် ရဲ့ ရယ်မြူးဟန်နှင့် ပြောသောစကားတွေ ...။

ကင်း နားထင်နှစ်ဖက်တဒိုင်းဒိုင်းဆောင့်ခါလာသည်။ ဒီအရုပ်ရပ်နေတာလား .. ကိုယ့်ဆီကိုလာနေတာလား ကြည့်နေရင်း မကွဲပြားတော့ဘဲ ဖြစ်လာသည်။

ဆံပင် ဆံရှည်တွေ ဖားလျားနှင့် ကုတ်အင်္ကျီအနက်ကို ရင်ကွဲဝတ်ထားသော ယောကျ်ားသည် အရုပ်လို့ မမြင်နိုင်တော့အောင် ပီပြင်စွာပြုံးနေခဲ့လျက် ...။

"မာယာ .. ခင်ဗျား ကျွန်တော့်ကို ကြောက်နေတာလား .."



"ဟင့်အင်း .. ဟင့်အင်း .."

"မလာနဲ့ .."

"ခင်ဗျားတားလို့မရတော့ဘူး .. ခင်ဗျားဆီကိုလာဖို့အတွက် ကျွန်တော်အများကြီး ပေးဆပ်ခဲ့ရတာ .."

နိုး ...၊

မာယာ လို့ပဲခေါ်သည်။ ခင်ဗျားနဲ့ ကျွန်တော်ပဲပြောသည်။

ကင်း ပါးပြင်ပေါ်မျက်ရည်တွေကျလာကာ ခုတင်ပေါ်ကို ဝက်ခနဲထိုင်ကျသွားသည်။ မြင်လွှာခဏလေးတိမ်းဖယ်သွားသည်နှင့် ပြန်ကြည့်လိုက်တော့ သူမရှေ့မှာ ရပ်နေတာ နိုး ...။

"ခင်ဗျားကိုချစ်တယ် .."

"ဟင့်အင်း .. လွှတ် .. လွှတ်ပါ .. ကိုကိုရေ .. ကိုကိုရေ ကယ်ပါဦး"

ကင်း တအားအော်ပစ်ရင်း ရုန်းကန်နေမိသည်။ ထိုစဉ် စားပွဲပေါ်က ဖုန်းသံမြည်လာ၏။ သူ တွန်းလှဲလိုက်သည့်အတိုင်း လဲကျသွားခဲ့ရင်း စားပွဲဆီရောက်အောင် လူးလိမ့်တက်ဖို့ကြိုးစားမိသည်။

ထိုလက်ကိုပါ နိုး က ဆွဲချုပ်ထားလိုက်ပြီး ...၊

"အား ..."

ကင်း ရဲ့ ညဝတ်အင်္ကျီ ပခုံးသားတစ်ဖက်ပြီးခနဲ ပြဲထွက်သွားသည်။

"ကယ်ပါဦး .. ကိုကိုရေ .. ကင်း ကိုကယ် .. အား .."

ပြောသမျှ စကားသံတို့သည် ငိုသံများနှင့် ရောထွေးပျောက်ဆုံးခဲ့၏။ ကိုကို့ကို တမ်းတရင်း တသောသောပြိုဆင်းနေခဲ့သော မျက်ရည်တို့က နောက်ကျခဲ့သော နောင်တတရားတို့နှင့်ထပ်တူ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"သမီး .. သမီးရေ ကင်းလေး .."

"ဒေါက် .. ဒေါက် .."

ခေါ်သံရော တံခါးခေါက်သံပါ ပြီးဆုံးသွားပေမယ့် နောက်ဆက်တွဲ တုံ့ပြန်ထူးသံကမလာ ..။

ဒေါ်ညိုညို တံခါးနားကခွာလိုက်တော့ နောက်မှာရပ်နေကြသည့် ရဲနှစ်ယောက်နှင့် ရပ်ကွက်လူကြီးတွေ၊ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။

"ကလေးတစ်ခုခုများ ဖြစ်နေသလားမသိဘူးရှင် .. ကျွန်မတို့ ဘာလုပ်ကြမလဲဟင် .."

"တစ်ခုခုမဖြစ်လောက်ပါဘူး .. ကျွန်တော်တို့ခေါ်နေတုန်းက တံခါးကို အထဲကတစ်ခုခုနဲ့ လှမ်းပစ်လိုက်တာကြားသေးတာပဲ၊ 'သူ့ကို လာမခေါ်နဲ့' လို့ ပြောချင်တာမျိုးပေါ့ .."

"ဟုတ်တယ် .. အခု အန်တီညို ခေါ်တော့ သူအသံတိတ်နေတာ အန်တီ့ကိုတော့ လက်ခံတွေ့ချင်တဲ့ပုံပဲ .."

"ဒေါ်ညိုညို့ကို ကျွန်တော် မေတ္တာရပ်ခံတာပါ၊ ညက ဒီအိမ်မှာ



ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ပြောပြနိုင်မှာ သူတစ်ယောက်ပဲရှိတော့တယ် .."

ဒေါ်ညိုညို ခေါင်းညိတ်လိုက်ရပေမယ့် သူမကိုယ်တိုင် ရှုံးချင်လာပြီဖြစ်သည်။ ညက သူမ ဖုန်းခေါ်တာသုံးခါ၊ ကင်း တစ်ခါမှ မကိုင်ခဲ့ပေ ..။

ဒီညမရောက်ပေမယ့် ခုထွက်လာနေပြီ မိုးမလင်းခင်ရောက်မည်ဆိုတာ ပြောချင်လို့ပါ။ ဒါပေမယ့် မပြောဖြစ်ခဲ့ ..။ သတင်း ထွက်သွားသည့် ညမှာပဲ ဒီလိုအဖြစ်ဆိုးတွေ ဖြစ်ခဲ့ရသည့်အတွက် ဘယ်လိုမှ မယုံနိုင် ..။

တော်တော်လည်း တုန်လှုပ်မိလေသည်။ အိမ်မှာ နေရဲတို့ လင်မယားလည်း တစ်ယောက်မဟုတ်တစ်ယောက်ရှိနေမည်။ ချိုချစ် လည်းရှိနေပြီ။ ခုတော့ ..၊

"ချိုချစ် က ဆုံးသွားပြီ .. ကေသီ ဆိုတဲ့ မိန်းကလေးက စိတ်ကယောင်ခြောက်ချားတွေဖြစ်နေတယ်၊ ကျွန်တော်တို့ သူ့ဆီက တစ်ခုခု သိရမှဖြစ်မယ် .."

"ဟုတ်ပါပြီ .. ကျွန်မ ခေါ်ကြည့်ပါဦးမယ် .."

ဒေါ်ညို မျက်ရည်ဝေ့လာတာကို မျက်တောင်ခတ်၍ သိမ်းဆည်းလိုက်ရင်း တံခါးအနား ပြန်ကပ်၍ ..၊

"သမီးရေ .. ကင်းလေး ကြီးညို ကိုတောင် မတွေ့ချင်ဘူးလား ကွယ် .."

"ဒေါက် .. ဒေါက် .."

ဒေါ်ညို နောက်ထပ်မျက်ရည်ဝေ့လာပြန်ကာ ..၊

"သမီး ကိုကိုက ကြီးကြီးညို က သမီးကိုစောင့်ရှောက်ပေးပါလို့ သေသေချာချာ မှာသွားခဲ့တာ .."

ထိုစဉ် အထဲက တံခါးကို ကိုင်လိုက်သံလိုလို ဖွင့်လိုက်သလိုလို ထိခတ်လှုပ်ရှားသံတစ်ချက် ထွက်လာခဲ့သည်။ ဒေါ်ညို တံခါးကို စွန်းကြည့်တော့ မပွင့် ..။

www.burmeseclassic.com

www.burmeseclassic.com



"သမီး ကြီးကြီးကို တံခါးဖောဖွင့်ပေးပါ၊ ကြီးကြီးကို သမီးကိုကို ကမေးရင် ဘယ်လိုပြောရမလဲ .."

"ကြီးကြီးက ကြီးကြီးက ခုမှ .."

စကားသံလေးနဲ့အတူ ငိုရှိုက်သံတွေကို ကြားလိုက်ရသည်။ သူတို့ အားလုံး တိတ်ဆိတ်စွာ နားစွင့်နေမိကြလျှင် ကင်း ရဲ့ ငိုသံကို အတန်ကြာ ကြားနေခဲ့ရလျက် ...၊

"ကြီးကြီး ညတုန်းကသာ ရောက်လာခဲ့ရင် ကင်း .. ကင်း ကို.."

ပြောရင်း ငိုရင်း အသံပျောက်သွားရင်းဖြင့် ...၊

"ကြီးကြီး .."

"ကြီးကြီး ရှိတယ်လေ သမီး .. ကြီးကြီးနဲ့ စကားပြောရအောင် တံခါးဖွင့်လိုက်နော် .."

ဒေါ်ညို့ စကားသံအဆုံးမှာ ကျန်တဲ့လူတွေက တံခါးတစ်ဖက်မှာ ကပ်တွယ်နေလိုက်ကြ၏။ ထိုစဉ် တံခါးလော့ဖြုတ်လိုက်သံကြားရကာ တံခါးချပ်ကနေ တဖြည်းဖြည်းချင်းပွင့်ဟသွား၏။

"သမီး .."

"ကြီးကြီးညို့ .."

ဒေါ်ညိုညို ရင်နင့်သွားလေသည်။ ကင်း ရဲ့ မျက်နှာလေးက မျက်ကွင်းလေးတွေညိုနေကာ ဆံပင်တွေက ဖရိုဖရဲနှင့် လည်တိုင်တစ်ဝိုက်မှာရော မျက်နှာတချို့နေရာတွေမှာပါ အလက်ဂျစ်လို ဒဏ်ရာတွေနီရဲ ပေပွနေခဲ့လျက် ...။

"ဒါ .. ဒါတွေက ဘယ်လိုဖြစ်ရတာလဲ သမီးရယ် .."

ကင်း ရဲ့ ကိုယ်လေးကိုပွေ့ပိုက်ထားမိကာ ဆံပင်တွေကို တယုတယ သပ်ပေးမိသည်။ ကင်း သည် ရင်ခွင်ထဲမှာ ကလေးလို တွယ်ကပ်ဖက်တွယ်ထားကာ ပခုံးလေးတွေ တုန်နေအောင် ရှိုက်ငိုလျက် ...။

"နိုး .. နိုးလေ အဲဒီ လူယုတ်မာကို ချိုချစ် ခေါ်လာခဲ့တာ ကြီးညို့ ရဲ့ .. နိုး .. ကင်း ကို အနိုင်ကျင့်တယ် .. ဟီး .. ဟီး .."



"ဟင် !..."

နိုး ဆိုသည့် နာမည်ကြောင့် ဒေါ်ညို့ မျက်လုံးပြူးသွားသည်။ သူမ ကိုယ်ပေါ်က အညိုအမည်းစွဲနေခဲ့သော ဒဏ်ရာတွေကိုပါ တွေးမိလိုက်၏။

"သမီးကို အနိုင်ကျင့်တယ် .. ဟုတ်လား .."

ငိုနေရင်း ကင်း က ခေါင်းညိတ်၍ ...၊

"သူ တစ်ညလုံး ဒီအခန်းထဲမှာ ပြီးတော့ .. ပြီးတော့လေ သူ ဒီမှာပဲ ရှိမှာတဲ့၊ ကင်း ဆီ ညတိုင်းလာမှာတဲ့၊ အခု အိမ်ထဲမှာ သူရှိတယ်၊ သူ့ကို တွေ့အောင်ရှာပြီး မောင်းထုတ်ပေးပါနော် .."

"နေပါဦး သမီးရဲ့ .. နိုး နဲ့ ချိုချစ် က ဘယ်လိုရောက်လာတာလဲ၊ သမီးက ရောက်လာတည်းက ဘာဖြစ်လို့ လက်ခံထားရတာလဲ .."

"ကင်း မသိဘူး .. သူ့ရဲ့ အရုပ်ကြီးထဲမှာ ထည့်ပိတ်ပြီးခေါ်လာတာ .."

"အရုပ် .."

"ဟုတ်တယ် .. ချိုချစ် မှာ ယောက်ျားရုပ်ကြီးရှိတယ်၊ အဲဒါ သူ့ယောက်ျား၊ အရုပ်ကို ဖုတ်သွင်းထားတယ်ဆိုပြီး အဲဒီထဲမှာ နိုး ကို သူ ထည့်ခေါ်လာတာ .."

"တိတ်ပါ သမီးရယ် .. အဲဒါတွေ ကြီးညို့ တို့ ရှင်းပေးမယ်၊ အခု အခန်းမှာ ဝင်ကြည့်ရအောင်နော် .."

"မရှိတော့ဘူး .. အဲဒီအရုပ်ကြီးကို ကင်း လွှင့်ပစ်လိုက်ပြီး .."

"ဘယ်မှာလဲ .. ဘယ်မှာပစ်လိုက်တာလဲ .."

"မသိဘူး .. ဒီကနေ လွှင့်ပစ်လိုက်တာ .. ဟိုနား .."

ကင်း စကားမဆုံးလိုက်မီ ရှိုးကေ့စ်မှန်ချပ်ထဲမှာ ယောက်ျားတစ်ယောက်ရဲ့အရိပ်ကို မြင်သွားကာ ...၊

"ဟိုမှာ .. ဟိုမှာ နိုး .."

"သမီး .. သမီး မဟုတ်ဘူးလား .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. သူလာနေပြီ .."

"သမီး ..."

"ကျိမ်း .."

ဒေါ်ညိုညို့ ရင်ခွင်ထဲကနေ တွန်းရုန်းထွက်ရင်း တံခါးကိုပိတ်ပစ်လိုက်လျှင် ဒေါ်ညိုညို အပြင်မှာ ယိမ်းယိုင်ကျန်ရစ်ခဲ့၏။

"သူ လန့်သွားတာ .."

ရဲမှူး ဦးထွန်းနိုင် က ရှိုးကေ့စ်မှန်ကို လက်ညှိုးထိုးပြကာ ..။

"ကျွန်တော်တို့ ဒီမှာ ရပ်နေတဲ့ပုံရိပ်တွေ ဟိုမှာထင်နေလို့ လှမ်းမြင်ပြီး လန့်သွားတာ .."

"ကျွန်မ ဘာဆက်လုပ်ရမလဲဟင် .. ရဲမှူးကြီးတို့ ကြားပါတယ်နော် .."

အားလုံး မျက်နှာမကောင်းနိုင်ကြဘဲရှိကာ ..।

"ဒါက ရာဇဝတ်မှုတစ်ခုဖြစ်ဖို့တော့ သေချာနေပြီဗျ .."

ရဲမှူး က မှတ်ချက်ချသည်နှင့် ..।

"ကျွန်မ .. ကျွန်မ ဘူမမှာလေ .."

မျက်လုံးထဲမှာ မြင်ယောင်ကာ အပျိုကြီးဗီဗီပြောမယ့်စကားကြောင့်မျက်နှာက အရင်အနီရောင်သမ်း၏။ ကိုယ်မကြုံဘူးပေမယ့် ဒါမျိုးတွေတော့ ကြားဖူးနားဝရှိနေတာမို့ ..။

"ဟိုဥစ္စာ .."

ရဲမှူးက နားစွင့်နေသည်။ တခြားလူတွေကလည်း စိတ်ဝင်စားနေကြ၏။ သို့သော် ရဲမှူးက ရိပ်မိကာ သူ့ဘေးက ရဲကိုလှည့်ကြည့်၍ ..।

"မာယာကင်း ပြောတဲ့ အရုပ်ဆိုတာ ဒီမှာပဲရှိလိမ့်မယ်၊ အဲဒါ မင်းတို့ရှာကြည့်လိုက် .."

"ဟုတ်တယ် .. ဟုတ်တယ် .. ရဲမှူးတို့ ကြားတဲ့အတိုင်းပဲ၊ ဒါလည်းကြည့်ကြပါရှင်၊ ပြီးတော့ နိုး .. ဒီမှာပဲနိုနေမယ်လို့ .."

"နိုး ဆိုတာကို ဒေါ်ညိုညို တို့က သိထားခဲ့ဖူးသလား .."



"သိတယ် .. ဒါပေမယ့် ကျောင်းမှာခင်မင်ခဲ့ဖူးတဲ့ သူငယ်ချင်းတွေဆိုတာလောက်ပဲသိထားတာ .."

"သူက ဘယ်မှာနေတာလဲ .."

"ရန်ကုန်က မဟုတ်တာတော့ သေချာတယ်၊ အတိအကျတော့မသိဘူး .. ရှာပေးပါရှင်၊ အခု ဒီအိမ်မှာ ကျွန်မက အိမ်ရှင်ပါပဲ၊ အိပ်ခန်းချောင်ကြားမကျန် ဝိုင်းရှာပေးကြပါ .."

အမှုက ရှုပ်ထွေးနေသည်။ သေဆုံးသွားသူရယ် ဆေးရုံမှာ စိတ်ကယောက်ချောက်ချားဖြစ်နေဆဲ ကေသီရယ် ..။

ပြီးတော့ အကြောက်ကြီး ကြောက်နေသည့် မာယာကင်း ရယ် ..။

ဖြစ်ခဲ့ခြင်းမှာ ပါဝင်သူက လေးယောက်ဖြစ်နေခဲ့လျက် တစ်ယောက်က သေဆုံးခဲ့ပြီဖြစ်ကာ တစ်ယောက်က နာမည်ပဲ ကြားနေရပေမယ့် လူကိုမတွေ့ ..။

နှစ်ယောက်က လောလောဆယ် ဆက်မေးဖို့ခက်ခဲနေသေး၏။

"တော်တော်တော့ ထွေးရခက်တယ် .."

ရဲမှူးက ပြောရင်း ဒေါ်ညို ကို ခေါင်းညိတ်ပြကာ ..।

"ဒေါ်ညိုညို ပြောပြချင်တာရှိရင် ပြောပါ .."

"ဟင် .. အဲ .."

"ပြောပါ .. ရဲနဲ့ပြည်သူ လက်တွဲကူမှ အမှန်တရားကို ဖော်ထုတ်ရလွယ်မှာ .. အမှုစစ်တဲ့နေရာမှာလည်း အကြောင်းချင်းရာ ကုန်စင်အောင်သိထားဖို့က အရေးကြီးတယ် .."

"ကျွန်မ ပြောချင်ပါတယ်၊ နားနဲ့မနာ ဖဝါးနဲ့ နာပါရှင်၊ ဟို .. ကင်း ရဲ့ ကိုယ်ပေါ်က .."

သူမ မြင်တဲ့အတိုင်း မျက်နှာငုံ့၍ပြောပြမိကာ ရဲမှူး မျက်နှာကိုပြန်မကြည့်ရဲအောင်ဖြစ်နေရင်း ..।

"သူ့ပုံစံကလည်း အဲဒီလက္ခဏာတွေပြနေတော့လေ .. သူပြောသလိုနိုး က အဓမ္မအနိုင်ကျင့်ခဲ့တယ်ဆိုတာ .."

www.burmeseclassic.com

www.burmeseclassic.com



"အင်း ..."

ရဲမှူးရဲ့ အင်းသံရှည်ကြီးမဆုံးခင် ဖုန်းသံမြည်လာသဖြင့် ပြောမည့် စကားကို ပြန်ရုတ်သိမ်းကာ ...၊

"ဟလို ..."

"ဆရာ .. မကေသီ ကို ဘာမှမေးလို့မရဘူး .. ဘာတွေပြောနေမှန်း လည်းမသိဘူး .."

"သူ ပြန်သတိလစ်သွားသေးသလား .."

"သတိတော့မလစ်ဘူး ဆရာ .. ဒါပေမယ့် သူ့ယောကျ်ားကိုတောင် မမှတ်မိဘူး .."

"သူတစ်ခုတည်းကိုပဲ ပြောနေတာလား .. မင်းတို့ ငါခိုင်းထားသလို သူ့စကားတွေကို အသံသွင်းမထားဘူးလား .."

"သွင်းထားတယ် ဆရာ၊ ဒါပေမယ့် ဆရာ ဖွင့်ကြည့်ရင်တော့ ပီပီသသ ရှိမှာမဟုတ်ဘူး .."

"ဘာဖြစ်လို့လဲ မိုးဦး .."

မိုးဦး အသံတိတ်သွားသဖြင့် ထပ်မမေးတော့ဘဲ နားစွင့်နေမိသည်။ ဟိုဘက်က ဆူညံနေသံတွေ ဖုန်းထဲထိဝင်လာနေ၏။ သေချာတာက မိန်းကလေးတစ်ယောက်၏ စူးစူးဝါးဝါးအော်နေသံဖြစ်ကာ ထိုမိန်းကလေး က ကေသီ ပဲဖြစ်မယ်မှန်းသိလိုက်သည်။

"ဆရာ ..."

"အေး .. ပြော .."

"သရဲလို့ပဲအော်နေတာ .. ခေါင်းကြီး ငါ့ဆီလာနေပြီဆိုလား .. ခေါင်းကြီးနေပြီဆိုလား၊ သူက စောင်ခေါင်းမြီးခြုံပစ်ပြီးအော်နေတာ.."

ဟိုဘက်မှာ ရှိနေကြသည့် နေရဲနဲ့ ရဲအုပ်နေအောင်တို့ စိတ်ရှုပ် ဗျာများနေကြတာ ရဲမှူးဦးထွန်းနိုင် က မသိ ...။

"ရဲမှူး ဘာပြောတာလဲ မိုးဦး .."

"ကိုဂုဏ်သတင်း ရဲ့ ဇနီးကလည်း ဘယ်သူနဲ့မှ ထွက်မတွေ့ဘူးတဲ့.."



"သူ့အခေါ်ရောက်လာတယ်ဆို .."

"ဘယ်သူနဲ့မှ မတွေ့တာဖြစ်မယ် ဆရာ၊ အဲဒီမှာလည်း ရှုပ်ထွေး နေတဲ့ပုံပဲ .."

သူတို့ပြောနေတုန်း နေရဲ က ရောက်လာကာ ...၊

"ဆရာ .."

ခေါ်ပြီး လူနာခုတင်ပေါ်က ဇနီးသည်ကို ပြန်လှည့်ကြည့်၍ ...၊

"ကျွန်တော့်မိန်းမ ဘာဖြစ်သွားတာလဲဆိုတာ အမြန်ဆုံးသိရအောင် ဖော်ထုတ်ပေးပါ .. ကျွန်တော် .."

ယောကျ်ားမတန်မဲ့ ငိုချင်နေသည်မို့ နေရဲ စကားသံတွေက ကွဲရှနေ သည်။ လူမှုဆက်ဆံရေးကောင်း၍ နူးညံ့သိမ်မွေ့သော ဇနီးကောင်းပီသ ကာ အိမ်ထောင်မှုထိန်းသိမ်းရာမှာ ကျွမ်းကျင်လိမ္မာသော ...။

ကောင်းခြင်းအဖြာဖြာနှင့် ဇနီးသည်က တောင်စင်ရေမရတွေပြော ၍ အော်ကြီးဟစ်ကျယ် ခုန်ပေါက်ထုရိုက်နေတဲ့အထိ ကယောင်ခြောက် ချားဖြစ်နေခဲ့ခြင်းဖြစ်သည်။

"မသိဘူး .. လာမမေးကြနဲ့ အဲဒီသရဲ ငါ့ကိုကြည့်နေတယ် .."

ခေါင်းမြီးခြုံဖွင့်လာလျှင် မျက်လုံးနှစ်လုံးပေါ်လာတာနှင့် စွပ်ခနဲ ပြန်ဝင်သွားကာ အာခေါင်ခြစ်အော်သည်။ ခုတော့ လည်ချောင်းတွေ ကွဲကုန်ပြီထင်သည်။

အသံတွေက အော်လိုက်တိုင်း တိမ်ဝင်ပျောက်ကွယ်သွားတတ်လျက် စကားတွေကလည်း ဗလုံးဗထွေးနှင့် ...၊

"သရဲ .. သရဲကောင် .. ငါ့ဆီလာနေပြီ၊ ခေါင်းနဲ့ .. ခေါင်းနဲ့ ခေါင်း နဲ့လာမှာ .. မျက်နှာမပါဘဲလာမှာ .. သရဲ .. အဲဒါ သရဲ .."

တစ်ယောက်က ရိုက်ကော်ဒါကိုအနားမှာ ထပ်ကပ်ပြီး နောက်ပြန် ဆုတ်သည်။ ရဲအုပ်က ကေသီ ကို ကြည့်၍ မျက်မှောင်ကုပ်စဉ်းစားနေ တာ ...၊

"ရဲမှူးနဲ့ တွေ့ရင်တော့ သူတို့နှစ်ယောက်နဲ့ပတ်သက်ပြီး အဖြေ

www.burmeseclassic.com



ထုတ်စရာတစ်ခုခုရှိလာမှာပါ၊ မာယာကင်း ရယ် ခင်ဗျားဖနီးရယ် အက်ဒီးဒင် နဲ့ သေဆုံးသွားတဲ့ ခင်ချိုချိုချစ် ရယ် ..”

တစ်ညတည်းမှာ ဖြစ်ပျက်ကုန်ကြတာဖြစ်ကာ နှစ်ယောက်ကို စစ်မေးဖို့လည်းခက်နေသည်။ တစ်ယောက်က ဆုံးသွားပြီဖြစ်၏။

ထိုအိမ်ကို ပထမဆုံးရောက်သွားခဲ့သူက ဒေါ်ညိုညို ဖြစ်ကာ သူမအရင်ဆုံးတွေ့ခဲ့သူကလည်း ကေသီပဲဖြစ်သည်။

ကေသီ ကို ဒဏ်ရာနဲ့ သတိလစ်မေ့မျောနေတာတွေ့ခဲ့ပြီး ကင်း ကို လိုက်ရှာတော့ အိမ်မှာ မသင်္ကာဖွယ်ကွဲရှပျက်စီးနေတာတချို့ကို တွေ့ခဲ့ရသည်။ ကင်း ကိုလည်း မတွေ့ရသည့်ပြင် ပိတ်ထားသည့်အိပ်ခန်းကို ဖွင့်တော့လည်းမရ၊ ခေါ်ကြည့်တော့လည်း မထူးသောကြောင့် ရဲစခန်းကို ဖုန်းဆက်အကြောင်းကြားခဲ့၏။

ထိုအခါကျမှ ချိုချစ် ကားမှောက်ရသည့်အဖြစ်ကလည်း ဒီအိမ်ကနေ ထွက်သွားခဲ့စဉ် ဖြစ်ခဲ့တာမှန်း ကွင်းဆက်တွေထွက်လာခဲ့သည်။

ကေသီ ဘာဖြစ်ခဲ့မှန်းမသိ၊ ကင်း ဘာတွေကြောက်လန့်နေမှန်းမသိရ ..။

ဒါတွေကို တွေ့မြင်ကြားသိတဲ့ အသိသက်သေလည်း တစ်ယောက်မှ မရှိခဲ့ရာ ..။

“ဖိုး တဲ့ .. ဒီနာမည် ခင်ဗျားသိလား .. ကိုနေရဲ ..”

“ဖိုး ..”

နေရဲ မျက်နှာပျက်သွားသည်။ ရဲအုပ်နေအောင် က နေရဲ ကို ကြည့်နေရင်း အဖြေစောင့်နေ၏။

“ဖိုး ကို သိတယ်၊ ကင်း ကျောင်းတက်နေတုန်းက သူငယ်ချင်း၊ အဲ .. ကင်း ကို တစ်ဖက်သတ်မေတ္တာရှိနေတဲ့ တစ်ယောက်ပေါ့၊ အခု ဖိုး က ဘယ်လိုပတ်သက်နေလို့လဲ ..”

ရဲအုပ်က ဖုန်းကို အိတ်ထဲပြန်ထည့်လိုက်ကာ ..၊

“ခုပဲ ရဲမှူး ဆီက သတင်းထပ်ရောက်လာသော၊ မာယာကင်း က



သူ့ကို အဲဒီလူအနိုင်ကျင့်ခဲ့လို့ပြောနေတယ်တဲ့ ..”

“ဗျာ ...”

နေရဲ မျက်လုံးပြူးသွားသည်။ ရဲအုပ်က ရဲမှူးဆီက သတင်းရသမျှကို ပြောပြကာ ..၊

“ကျွန်တော်တို့အားလုံး ဒီအရပ်နဲ့ ဖိုး ကို ဆက်စပ်မိအောင် လိုက်ရတော့မယ်ထင်တယ် ..”

“တောက် ...”

နေရဲ စိတ်လွတ်ကိုယ်လွတ် တက်ခေါက်မိပြီးမှ အားနာသွားကာ..၊

“ဆောရီးပါဗျာ .. ကျွန်တော် စိတ်တိုလွန်းလို့ပါ ..”

“ဘာအတွက်များလဲ ပြောပြပါလား ..”

“ဖိုး နဲ့ တိုက်ရိုက်ပတ်သက်တာက ချိုချစ် ပဲ .. သူ့ကြောင့်ပဲဖြစ်ဖြစ်နေတာ၊ ခုတော့ လုပ်ချင်ရာတွေလုပ်ပစ်ခဲ့ပြီး လွတ်ရာလွတ်ကြောင်းထွက်သွားတယ်၊ သူကတော့ နားအေးပါးအေးဖြစ်သွားပြီပေါ့ ..”

ဒေါသကြောင့် စိတ်လွတ်ကိုယ်လွတ်ပြောလိုက်မိကာ ကေသီ ခေါင်းမြီးခြုံ၍ လှုပ်စိလှုပ်စိရှိနေ သေးတာကို လှမ်းကြည့်မိ၏။ ရဲအုပ်ကတော့ နေရဲ စကားကြောင့် မသိမသာပြုံးလိုက်မိကာ ..၊

“ကျွန်တော်တို့ ကိုဂုဏ်သတင်း ကိုတော့ အကြောင်းကြားဖို့လိုပြီ ..”

“ဟင် ...”

နေရဲ စိတ်တွေ သတင်းဆီ ရောက်သွားခဲ့၏။ ပြီးတော့ ဖြစ်နေဆဲဒေါသ မောဟတွေ သူ့မျက်နှာမှာ ပျောက်ကွယ်ကုန်လျက် ..။

“ဒီမှာလည်း ဘာမှန်းမသိသေးခင် တစ်ပတ်လောက်တော့ ကြည့်လိုက်ပါဦးဗျာ .. ကင်း နဲ့ ပတ်သက်ပြီး တာဝန်ရှိဆုံးလူဖြစ်ပေမယ့် ဟိုက လုပ်ငန်းမှာလည်း သူပဲ တာဝန်ရှိဆုံးဖြစ်နေလို့ပါ၊ ဟိုမှာ စီအီးအိုရွေးကောက်ပွဲ အစည်းအဝေး ဘယ်နေ့ဆိုတာ သိရတာနဲ့ သတင်း ကိုအကြောင်းကြားဖို့ကိစ္စ ကျွန်တော် လုပ်ပါ့မယ် ..”

www.burmeseclassic.com

www.burmeseclassic.com



ရဲအုပ်က မျက်မှောင်ကုတ်မပြောဘဲရှိနေလျှင် …၊

"အားလုံးက အရေးကြီးကိစ္စတွေမှန်း ကျွန်တော်သိပါတယ် ရဲအုပ်ကြီးရယ် … ဒါက မိသားစုအတွင်းရေး၊ ဟိုမှာက ကြီးကျယ်တဲ့ ဖက်စပ်လုပ်ငန်းကြီးနေလို့ပါ၊ အဲ့လောက်အရေးမကြီးခဲ့ရင် သတင်း ကိုယ်တိုင်လည်း သူ့ဓနီးကိုထားခဲ့ပြီး သွားမှာမဟုတ်ပါဘူး၊ ဒီတစ်ချက်လေးတော့ နားလည်ပေးပါဗျာ …"

ရဲအုပ်က ခေါင်းညိတ်လိုက်ရင်း …၊

"လုပ်ကြည့်တာပေါ့ဗျာ …"

ပြောလိုက်ရပေမယ့် ဘယ်ကစ၍ ဘာကိုကိုင်တွယ်ဖြေရှင်းရမယ်ဆိုတာ မသိ …။



## အခန်း (၁၈)

"ကြီးကြီး အထဲမဝင်ပါဘူး … ထမင်းပန်းကန်လေးတော့ ယူလိုက်နော် သမီး …"

"မဖြစ်ဘူး … တံခါးဖွင့်လိုက်ရင် သူ ဝင်လာမှာ …"

"မဝင်ပါဘူး သမီးရယ် … ဟိုလေ … သမီးပြောတဲ့ အရုပ်ကြီးလည်း မရှိတော့ဘူး သမီးရဲ့ …"

တကယ်တော့ အရုပ်ကို ရှာလို့မတွေ့သေးပေ …။ မရှိဘဲနဲ့ ပြောနေတာလိုလို ဘယ်လိုသုံးသပ်ဆုံးဖြတ်ရမှန်းမသိဘဲ ရဲတွေ ပြန်သွားကြတာဖြစ်သည်။

ဒါပေမယ့် ရဲမေတစ်ဦးနဲ့ ဒေါ်ညိုညို အတွက် အမျိုးသမီးအဖော်တစ်ယောက်အပြင် ခြံစောင့်ပါ ထားထားပေးခဲ့သည်။ မနက်တည်းက တံခါးမဖွင့်တော့ပေမယ့် ညနေစောင်းလာတော့ ကင်း ကိုယ်တိုင် တံခါးကို အထဲကထုကာ …၊

"ကြီးကြီး ဘယ်မှမသွားပါနဲ့ … တံခါးနားကထိုင်စောင့်နေပါ …" လို့ ပြောလာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ထမင်းကျွေးတော့လည်း စကားပြန်ပြောဖော်ရကာ..၊

"ကင်း ဗိုက်ဆာနေပြီ .. ဗိုက်အရမ်းဆာတယ် .."

ကလေးလိုပြောပြောပြီး ငိုနေတာ စိတ်မချမ်းသာဖွယ်ပင် ..။ ရဲမေက စောင့်ကြပ်ကြည့်ရှုနေပေမယ့် အသံမပေးဘဲနေရသဖြင့် အကြဲပေးရုံသာ ..။

"တံခါးဖွင့်အောင်လုပ်ပြီး ကျွေးလိုက် အန်တီ၊ မနက်ဖြန်ထိ သူ ဒီတိုင်းနေရင်တော့ တံခါးကိုဖျက်ပြီး ဖွင့်အောင်လုပ်ကြရမှာ .."

ထမင်းပန်းကန်လေးကိုင်ရင်း ဒေါ်ညိုညို ခေါင်းခါနေမိသည်။

"အန်တီကတော့ အန်တီ့တူ ပြန်လာမယ့်အချိန်ထိ ကင်း ကို အကြမ်းဆုံးနည်းသုံးပြီး စစ်မေးတာတွေ မလုပ်စေချင်ဘူးကွယ် ..၊ ဘာဖြစ်လို့လဲဆိုတော့ ဆေးရုံပေါ်က တစ်ယောက်လို ငါ့တူမလေးကို အဖြစ်မခံနိုင်ဘူး .."

ရဲမေက ပါးစပ်ပြင်ပြီးမှ ပြန်ပိတ်၏။ ပြီးတော့ ခေါင်းခါလိုက်ရင်း ထမင်းစားအောင် တိုက်တွန်းဖို့သာ လက်ပြလေသည်။

ဒေါ်ညိုညို က အခန်းတံခါးမှာ နားနဲ့ ကပ်ရင်း ..၊

"သမီးရေ .. မိုးလည်း ချုပ်နေပါပြီ သမီးရယ် .. မနေ့ညတည်းက သမီး ဘာမှမစားရတာ ဒီလောက်ထိမနေရဘူးလေ .."

"ကင်း ကြောက်တယ် ကြီးညို .. မိုး ရောက်လာမှာ သူ ဒီအိမ်ထဲမှာရှိနေတယ် သိလား .."

"ကြီးညို တို့ ပိုက်စိပ်တိုက်ရှာပြီးပါပြီ .. ဘယ်သူမှ .."

"အမလေး ..."

ဒေါ်ညိုညို စကားမဆုံးခင် အခန်းထဲက ကင်း ရဲ့ ရူးရူးဝါးဝါး အော်သံကို ကြားလိုက်ရပြီး ..၊

"သွား .. ထွက်သွား .."

"ဒုန်း ..."

"ဝုန်း .. ဒေါင် .. ခွမ် .."



"ဘာတွေဖြစ်ကုန်ပြီလဲမသိဘူး .. လုပ်ပါဦး .. လုပ်ကြပါဦး .. သမီးရေ .."

"ကြီးညို .. ကြီးညို ရေ ကယ်ပါဦး၊ အား .. လွှတ်နော် .."

"ဒုန်း ..."

ဒေါ်ညို ထိတ်လန့်ကာ ကိုင်ထားသည့်ဗန်းတစ်ခုလုံး လွှတ်ချပစ်မိ၏။ ဘာလုပ်ရမှန်းမသိဘဲ တံခါးကို သူမကိုယ်လုံးဝကြီးနဲ့ ပစ်တိုက်နေမိကာ ..၊

"ကြီးညို လာပြီ ကင်း ရေ .. ဘာကောင်ဖြစ်ဖြစ် ခံချပစ် .. နည်းနည်းမှ မခံနဲ့ .. တောင့်ထားဟော့ .."

ဘာမှန်းညာမှန်းမသိဘဲ အပျိုကြီးပီပီ မာနစိတ်က ထောင်းခနဲဖြစ်၏။ ကင်း ကို တစ်စုံတစ်ယောက် အခန်းထဲခိုးဝင်ပြီး စော်ကားနေပြီဆိုသည့်အသိနှင့် အခန်းတံခါးကို ပခုံးနဲ့ ပစ်တိုက်ရင်း အော်ပြောနေမိတာ နာဖို့ကျင်ဖို့လည်း သတိမရ ..။

ရဲမေက ရေဒီယိုဖုန်းနှင့် စခန်းကိုလှမ်းအကြောင်းကြားပြီးသည်နှင့် ဒေါ်ညိုညို့ ကို ပြေးတွဲကာ ..၊

"အန်တီဖယ် .."

"လွှတ် .. ဖိုး .. လူယုတ်မာ .. နင် မယုတ်မာနဲ့ .. အား .. ဟင့်.. ဟင့် .."

ရှန်းကန်ငိုယိုသံတွေ ဆူညံနေစဉ် ရဲမေက တံခါးလက်ကိုင်ဘုကို သေနတ်နှင့် ပစ်ချလိုက်၏။ ပြီးတော့ အင်အားနှင့် ဆောင့်ကန်ဖွင့်လိုက်ကာ ..၊

"ဒုန်း ..."

တံခါးက ဒုန်းခနဲဆောင့်ပွင့်သွားသည်။

ဟင်!...၊

"ကင်းလေး .."

ခုတင်ပေါ်မှာ ကင်း သည် အင်္ကျီအဝတ်စားတွေပြင်မကောင်းအောင် ဖွရာရာဖြစ်နေခဲ့လျက် လူးလိမ့်ရှန်းကန်နေသည်။ သို့သော် သူမကိုယ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



မှာ အရုပ်လိုလို လူလိုလို ဘာမှန်းမသိသော ...။

"တံခါး .."

"ဒုန်း .."

"အား ..."

"အောင်မယ်လေး .."

ရဲမေ အသိနောက်ကျသွားသည်။ ကင်း အဖြစ်ကို မှင်တက်မိသွားခဲ့တုန်း တံခါးက ဖျန်းခနဲပြေးရိုက်လာ၏။ သိလိုက်သည်နှင့် တပြိုင်နက် သူမတို့အားလုံး အခန်းပြင်သို့ လွင့်စင်သွားသကဲ့သို့ ကိုယ်ခန္ဓာတွေကို မထိန်းလိုက်နိုင်ဘဲ ...။

"ဒုန်း ..."

"ဒုန်း ..."

"အား ..."

တံခါးနဲ့ ရိုက်ခတ်ခြင်းအပြင် ကျတော့လည်း အကျမလှခဲ့ ...။

သို့သော် ရဲပီသစွာ စာမန်းကတန်းကျူးထကာ လွင့်ထွက်သွားသည့်သေနတ်ကို ပြေးကောက်လိုက်သည်။ သေနတ်သံကြောင့် ခြံစောင့်အဖြစ်ရှိနေသော ရဲကလည်းပြေးဝင်လာ၏။

"မလာနဲ့ .. ဟိုတံခါးကိုသွားဖွင့် .."

ဝင်လာသည့်ရဲကို လှမ်းပြောလိုက်ရင်း သေနတ်ကို လက်နှစ်ဖက်နဲ့ ထပ်ဆုပ်ကိုင်၍ ...၊

"တံခါးကို တစ်ယောက်တစ်လှည့်တိုက်ဖွင့်မယ် .."

"ဗိုလ်ကြီး .. ပစ်ဖွင့်ထားတယ်မို့လား .."

"ပြန်ပိတ်သွားတာ .."

လူတစ်ယောက်က တွန်းပိတ်လိုက်ရင်တောင် ဒီလောက်အရှိန်ပြင်းမှာမဟုတ်ပေ ...။ ဖြစ်သွားတွေက မြန်ဆန်လွန်းရကာ တံခါးဘယ်လိုပိတ်သွားမှန်းမသိ .. ဘယ်လိုအရှိန်ကြောင့် လူတွေပါ လွင့်ထွက်ပါသွားခဲ့မှန်း နားမလည်နိုင် ...။



နားမလည်ပေမယ့်လည်း အဖြေရှာနေချိန် မရှိသောကြောင့် တံခါးပြန်ဖွင့်ကိုသာ အာရုံစိုက်ရပြန်သည်။

"လာထား ..."

"ဘုတ် ..."

"အင့်ဟာ ..."

"တော်တော့ .."

ပစ်တိုက်သည့်အရှိန်က မသေးပေ ...။ ဒါပေမယ့် ကိုယ့်အရှိန်ကြောင့် ကိုယ့်သာ နာကျင်ရကာ တံခါးက တုပ်တုပ်မှ မလှုပ် ...။ ထို့ကြောင့် ရဲမေက တားဆီးကာ သူမမှာဒဏ်ရာအနာတရရှိထားပေမယ့် တလဲဝင်ဖို့ကြိုးစား၏။

နောက်ဆုံး ပူဟ မခံနိုင်တော့ဘဲ ကုလားထိုင်ကိုင်၍ ပြေးတိုက်သော်လည်း ...၊

"ဒုန်း ..."

"ဒုန်း ..."

"လူယုတ်မာ .. အဟင့် .. ဟင့် .. ဟီး .. ဟီး .."

"ဒုန်း .."

"လာစမ်း .. ကဲကွာ .."

"ဒုန်း ..."

"ဒုန်း ..."

ကင်း ရဲ့ ငိုညည်းသံတွေက မစဲသလို တံခါးကို ခုံနဲ့တိုက်ဆောင့်နေသည့်အသံတွေလည်း ဆူညံနေ၏။ သို့သော် ခုံသာနဲ့၍ တံခါးမှာသာ ပွန်းပဲ့ရာတွေထင်ခဲ့သည်။

တုပ်တုပ်တောင် မလှုပ်သော တံခါးက မာနကြီးစွာဖြင့် ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၉)

"သမီးလေး .. ကင်းရေ .. သမီး .."

"..... ..... ....."

"ဘုန်း .. ဘုန်း .."

"သမီး .. ကင်းလေး .."

တံခါးကို လက်ဝါးနဲ့ပုတ်လိုက် လက်သီးဆုပ်ပြီး ထုလိုက်နှင့် အမျိုးမျိုးအသံပေးခေါ်နေသော်လည်း အခန်းထဲက တိတ်ဆိတ်နေခဲ့၏။

အချိန်က လင်းအားကြီးချိန်ရောက်နေပြီဖြစ်သည်။ ဒေါ်ညိုညို အပါအဝင် ညက အိမ်ထဲမှာရှိနေသမျှလူတွေအားလုံး ဒဏ်ရာဒဏ်ချက်တွေနဲ့ ဖြစ်လျက် နောက်ထပ်ရောက်လာကြသည့် ရဲမှူးနဲ့ တပ်သားနှစ်ယောက်သာ အကောင်းပကတိရှိနေကြ၏။

ဒေါ်ညိုညိုသည် ခေါင်းကပတ်တီးကို ကိုက်လိုက်ရင်း ကိုယ်လည်း မကျန်းမာ စိတ်လည်းမချမ်းသာဖြစ်နေရသော မျက်နှာဖြင့် ..၊

"ကျွန်မ တူမလေး ဘာဖြစ်နေပြီလဲမသိဘူး .. တစ်ခုခုလုပ်ကြပါဦးရှင် .."



"ကျွန်မ ထင်တာပြောရရင်တော့ ဒါ သိပ်မရိုးသားဘူး ဆရာ .."

ရဲမေက တံတောင်နဲ့ နဖူးက ဒဏ်ရာတွေမှာ ပလပ်စတာအုပ်ထားသည့်အရာတွေနှင့် လျှောက်လာရင်း ..၊

"တံခါးဖွင့်လို့မရတာလည်း ပုံမှန်မဟုတ်ဘူး .. ပြန်ပိတ်သွားတာလည်း မှုမမှန်ဘူး၊ အခန်းထဲ ခြေရှုံပဲရှိသေးတာပေမယ့် အထဲမှာ နောက်ထပ်လူရှိနေတဲ့ လှုပ်ရှားမှု ဘာမှမရှိဘူး .."

"မသူဇာ က ဘာပြောချင်တာလဲ .."

"ပြောရလည်းခက်ပါတယ်၊ ဒါပေမယ့် တံခါးစောင့်ပိတ်တဲ့ အသံကြောင့် အပြင်ကို ကျွန်မတို့လွင့်ထွက်သွားခဲ့တာ တော်တော်ခံရခက်နေတယ် .."

"ဘယ်လိုမျိုးလဲ .."

"နောက်ပြန်လဲသွားတာ မဟုတ်ဘူး ဆရာ၊ နောက်ကို လွင့်ထွက်သွားခဲ့တာ .."

"အင်း .."

"လွင့်ထွက်သွားလောက်အောင် ဖြစ်ဖို့မှမရှိတာ၊ တကယ်လို့ အဲလောက်အရှိန်ပြင်းခဲ့ရင်လည်း ကျွန်မတို့ ဒီဒဏ်ရာလောက်နဲ့ ပြန်ထလာနိုင်စရာအကြောင်းမှမရှိဘဲ .."

"ဟုတ်တယ် .. မခင်ချိုချစ် ရယ် မကေသီရယ် အခု အခန်းထဲက မိန်းကလေးရယ်မှာ နောက်ထပ်ပါဝင်သူတစ်ယောက်ရှိနေတာ သေချာတယ် .."

"ကျွန်မတို့ မြင်လိုက်ရတာတော့ အရုပ်ကြီးပဲ ဆရာ .."

ဒေါ်ညိုညို ကလည်း တွေးငေးနေပြီးမှ မော့ကြည့်ကာ ..၊

"သူ အရုပ်ကို လူထင်ပြီး ကြောက်လန့်နေရလောက်အောင် ကင်းက စိတ်ဓာတ်ခိုင်မာတဲ့ မိန်းကလေးမဟုတ်ပါဘူးရှင် .. ဒီလိုဖြစ်သွားနိုင်လောက်တဲ့ စိတ်ဖိစီးမှုမျိုးလည်း မရှိခဲ့ဖူးပါဘူး .. သူတို့မိဘတွေရှိစဉ်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



လိုလေးသေးမရှိ ထားခဲ့ကြတယ်၊ ကျွန်မတူလေးနဲ့ လက်ထပ်ပြီးတော့လည်း သတင်း က သိပ်ချစ်တာ အလိုလည်းလိုက်တယ်၊ သူတို့နှစ်ယောက်က သူချစ်ကိုယ်ချစ်တွေပါ ..”

“ဒါပေမယ့် ဒီကိစ္စက သူတို့မိန်းကလေးသုံးယောက်က ဖန်တီးခဲ့တာမဟုတ်ဘူးဆိုရင် ..”

“ချိုချစ် ဆိုတဲ့ မိန်းကလေး နိုး ကို ခေါ်လာတာပါ ..”

“ကျွန်တော်တို့ရှာဖွေစုံစမ်းရသလောက် ဒီပတ်ဝန်းကျင်မှာ ..”

“ဒီကောင်လေးက အစဟည်းက ထုံပေပေကပ်တပ်တပ်လေးပါ၊ သူ နေထိုင်ပုံကိုက လျှို့ဝှက်တယ်၊ လူငယ်တွေဆီက စကားတွေ ကျွန်မတို့ကြားပါတယ်ရှင် .. ဒီကိစ္စတွေ သူပဲလုပ်တာပါ၊ ချိုချစ် ကိုယ်တိုင် ဟိုကြားဒီကြားမှာ ရှုပ်ရှုပ်ပွေပွေတွေ လုပ်ရတာကို ဝါသနာသိပ်ကြီးတာ၊ သေသွားတဲ့လူကို ကဲ့ရဲ့နေတာ မကောင်းဘူး .. ဒါပေမယ့် ကျွန်မပြောချင်တာက နိုး ကို တွေ့အောင်ရှာပေးကြပါ ..”

“ကျွန်တော်တို့ လူတွေဖြန့်ရှာခိုင်းထားပါတယ်၊ ကိုနေရဲ ပြောတဲ့ လိပ်စာအတိုင်း လိုက်စုံစမ်းပေးဖို့ သက်ဆိုင်ရာဌာနတွေကိုလည်း အကြောင်းကြားပြီးပြီ၊ အခု အရေးကြီးတာက ဒီအခန်းထဲကိုဝင်နိုင်ဖို့ပဲ ..”

“ဟုတ်တယ် .. အရုပ်ကို အရင်ရှင်းရမယ် .. ဒီအရုပ်က ..”

“အဲဒါ နောက်ဆုံးပေါ် လိင်ဆက်ဆံတဲ့ Sxe အရုပ်ပဲ ..”

ရဲမှူးက ဝင်ပြောလိုက်ပြီး မျက်နှာခပ်လွှဲလွှဲနှင့် ..၊

“ဒီအရုပ်ထဲမှာ နိုး ကို ဝှက်ယူလာတယ်လို့ မာယာကင်း က ပြောသွားတယ်၊ ဒီလိုစကားမျိုးကို သာမန်လူတစ်ယောက်ကပြောမှာမဟုတ်ဘူးလို့ ကောက်ချက်ချမယ်ဆိုရင်တော့ ..”

မာယာကင်း လည်း ကေသီ လို သွေးလေခြောက်ချားနေပါပြီ။

ဒေါ်ညိုညို မျက်လုံးအဝိုင်းသားဖြစ်နေခဲ့လျက် ငြင်းလည်းမငြင်းနိုင် ..။



ဦးထွန်းနိုင် က စကားကိုရှေ့မဆက်ဘဲ တံခါးကိုစိုက်ကြည့်ရင်း..၊

“ကျွန်တော်တို့ မိုးလင်းမှပဲ ဒီတံခါးကိုဖွင့်နိုင်မယ်ထင်တယ် ..”

ဘာကြောင့်ပြောလဲဆိုတာတော့ မသိကြပေ။ သို့သော် အခြေအနေသည် အထဲမှာရော အပြင်မှာပါ တိတ်ဆိတ်ငြိမ်သက်နေခဲ့လျက် ..။

“သမီးရေ ကင်း .. မိုးလင်းလို့နေတောင်ထွက်ပေါ့ သမီးရယ်၊ ဘာအန္တရာယ်မှလည်းမရှိတော့ဘူး .. တံခါးလေးဖွင့်ပါဦး သမီးရဲ့ ..”

“ချပ် ....”

ဒေါ်ညိုညို့ စကားသံအဆုံးမှာ ကင်း ရဲ့ အခန်းတံခါး လှုပ်ရှားသွားသည်။ ပြီးတော့ ဖြည်းဖြည်းလေးဖွင့်ဟသွားကာ လက်သုံးလုံးလောက် ပွင့်ပြီးမှ ရပ်တန့်သွား၏။

“သမီး .. သမီးလေးရယ် နေပါဦး ..”

ပြန်ပိတ်လိုက်တော့မည့်အရိပ်အခြေမြင်ကာ ဒေါ်ညိုညို က တံခါးကို ကိုယ်နဲ့ခံပြီး ဖွတ်တိုးဝင်လိုက်၏။ ရဲမှူးနဲ့ နောက်ကလူတွေကလည်း လိုက်ဝင်လိုက်ကြကာ ..၊

“မကြောက်ပါနဲ့ တူမရယ် .. အန်ကယ်လ်တို့က သမီးကိုကူညီမယ့်သူတွေပါ .. သမီးကို နှောင့်ယှက်နေတာ ဘယ်သူလဲ .. သမီး ဘယ်လိုရင်ဆိုင်နေရသလဲ .. အားလုံးပြောပြနော် ..”

“ဟင့်အင်း .. ဟင့်အင်း .. ထွက်သွားကြပါ ..”

ကင်း က နဂိုတည်းက ဝှမ်းကပ်စောင်ကြီးခြုံထားတာဖြစ်ကာ လူတွေများလာတာမြင်သည်နှင့် စောင်ကို ခေါင်းကနေ တစ်ကိုယ်လုံးပတ်၍ ပိတင်းအောင်ဆွဲခြုံပစ်လိုက်သည်။

ပြီးတော့ အခန်းထောင့်ကွယ်ဆီ ပြေးကပ်၍ ခေါင်းခါရင်း ..၊

“မတွေ့ချင်ဘူး .. ထွက်သွားကြပါ၊ ဘာမှလည်းမပြောချင်ဘူး ..”

“မပြောလို့ဘယ်ဖြစ်မလဲ သမီးရယ် .. သမီးကို သူတို့မှ ကူညီနိုင်မှာ .. ဟို .. ညတုန်းက အရုပ်ကြီးရော ..”

www.burmeseclassic.com

www.burmeseclassic.com



ကင်း ရဲ့ မျက်လုံးတွေက အခန်းထဲမှာဝေ့ဝဲသွားသည်။ ပြီးတော့...

"သူ ထွက်သွားပြီ .."

"သူက အရုပ်ကြီးပါ .. သမီးရဲ့ .."

"မဟုတ်ဘူး .. အဲဒါ နိုး .."

ရဲမေနဲ့ ရဲမှူးတို့ မျက်လုံးချင်းဆုံသွားကြသည်။ ပြီးတော့ ပြန်လှည့်လိုက်လျှင် ကင်း ရဲ့ ခြောက်ချားနေသော မျက်ဝန်းလေးတွေနဲ့ဆုံမိကာ..၊

"အန်ကယ်လ်တို့က သမီးကိုစောင့်ရှောက်ပေးဖို့ရှိနေကြတာပါကွယ် .. သမီးအဒေါ်ကလည်း အကူအညီတောင်းလို့ဆိုပါတော့ .."

"သူတို့ရော .."

ကင်း ရဲ့ မေးသံလေးက နွမ်းယဲ့တုန်ယင်နေကာ ..၊

"ချိုချစ် နဲ့ မမကေ လေ .."

ကားပြောဖော်ရလာတော့ ဦးထွန်းနိုင်တို့ စိတ်အားတက်သွားကြသည်။ ထို့ကြောင့် ဒေါ်ညိုညို က ကင်း ရဲ့နားကို ပိုနီးအောင်လျှောက်သွားခဲ့ပြီး ..၊

"သမီး .. ဟိုလေ .. သူတို့က .."

"သမီးက သူတို့နဲ့ တွေ့ချင်လို့လား .."

ရဲမှူး ဦးထွန်းနိုင် က ကြားဖြတ်မေးလိုက်ရင်း ဒေါ်ညိုညို့ ကို မျက်ရိပ်ပြသည်။ အခြေအနေမှန်ကိုပြောပြသင့်မသင့် ကင်း ရဲ့ အခြေအနေကို အရင်တီးခေါက်မေးမြန်းကြည့်ဖို့လိုသည်မို့ ..။

"ပွင့်ပွင့်လင်းလင်းပြော သမီး .. ချိုချစ် က သမီးကို တစ်ခုခု မှာသွားတာရှိလို့လား .. သမီး ဘာသိချင်တာလဲ .."

"မဟုတ်ဘူး .. မသိချင်ဘူး .. သူ .. သူ ကင်းကို ဒုက္ခပေးခဲ့တာ၊ နိုး ကို သူခေါ်လာတာ .."

"အန်ကယ်လ်တို့ အခန်းပြင်မှာ တစ်ချိန်လုံးရှိနေတာပါ၊ နိုး ဆိုတာရော တခြားတစ်ယောက်ယောက်ရော ဘယ်သူမှ ထွက်မလာဘူး .."



"သူရှိတယ်ဆိုရင် အခု ဘယ်မှာလဲ သမီးပြောပြလေ .."

ကင်း ရဲ့ မျက်လုံးတွေဝေ့ပတ်လှုပ်ရှားသွားပြန်သည်။ ပြီးတော့ ..၊

"ချိုချစ် ရော .."

"ချိုချစ် နဲ့ နိုး နဲ့အတူတူရှိနေတာ သမီးတွေ့လို့လား .."

ရဲမှူး က မေးတော့ ကင်း က စောင်ကိုနှုတ်ခမ်းတွေထိထိကပ်ခြုံပစ်လိုက်ပြီး ..၊

"နိုး ကို သူ ပြန်ယူသွားတာ .."

"လူတစ်ယောက်ကို ဘယ်လိုလုပ် .."

"အရုပ်ထဲထည့်ယူသွားတာ .."

လူကြီးတွေ ငိုင်သွားပြန်သည်။

"လာတော့လည်း အဲဒီအရုပ်ထဲမှာပဲ ထည့်ယူလာတာ .."

"ဒါဆို ညတုန်းက သမီးက နိုး ကို တွေ့နေရတယ်၊ ပြီးတော့ ချိုချစ် က နိုး ကို ပြန်ယူသွားတာလည်း မြင်လိုက်ရတယ်၊ ဟုတ်လား... ဒီလိုပြောတာလား .."

ကင်း က စူးစူးစိုက်စိုက်ပြန်ကြည့်နေပြီး မဖြေ ..။

"ဒါဆို ဒီထဲမှာ နိုး ကို ရှာဖို့မလိုတော့ဘူးပေါ့ .."

ကင်း က တိတ်နေဆဲရှိလျက် ရဲမှူးက ဆက်၍ ..၊

"ချိုချစ် က .."

"ချိုချစ် နဲ့ အရုပ်နဲ့ ဒီထဲမှာမရှိဘူး .."

"ဟင်!..."

"ဒါပေမယ့် သူတို့ဝင်လာနိုင်တယ် .."

ဒေါ်ညိုညို မျက်စိမျက်နှာပျက်လျက် ..။

"သမီး .. သမီး ပြောနေတဲ့ ချိုချစ် က သေသွားပြီသမီးရဲ့ .."

ဟင်!...၊

ကင်း ကိုယ်လေး တုန်ခနဲဖြစ်သွားသည်။ ပြူးကျယ်သွားသည့်

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေကို မျက်နှာတစ်ပြင်လုံး စောင်ခြုံထားသည့်ထဲကမြင်လိုက်ရတာ ...။

"သေပြီ .. သေသွားပြီ .."

သူမဘာသာ ရေရွတ်နေသေးသည်။ ပြီးတော့ မျက်လုံးတွေပို၍ပြူးကျယ်လာကာ မျက်နှာမှာခြုံထားသည့်စောင်ကို ဆတ်ခနဲခွာချပစ်လိုက်ပြီး ဒေါ်ညိုညို့လက်ကို ဆုပ်ကိုင်၍ ...၊

"သေသွားပြီ ဟုတ်လား .. ဘာဖြစ်လို့လဲဟင် .. ဘာလို့ ခုနက မပြောတာလဲ .."

ကင်း ရဲ့ အသိစိတ်တွေလွတ်ချင်နေပြီဖြစ်ကာ သူမကိုယ်တိုင် အမှတ်တမဲ့ခွာချလိုက်သည့် စောင်အောက်က မျက်နှာနှင့် လည်တိုင်တွေ ရင်ဘတ်တွေမှာ ...။

"သမီးရယ် ..."

ဒေါ်ညိုညို မကြည့်ရက်နိုင်အောင်ဖြစ်သွားခဲ့လျက် ဦးထွန်းနိုင် တို့ မျက်နှာလွှဲလိုက်ကြ၏။

"ဟုတ်တယ် .. သူ ဒီကနေ ကားနဲ့ထွက်သွားပြီး သိပ်မဝေးခင်မှာပဲ ကားမှောက်သွားတာ .."

"ဖိုး .. ဖိုးကို သူ .."

"ဖိုး ကိုတော့ ဘယ်သူမှမြင်တဲ့သူမရှိကြဘူး .."

"ဟုတ်တယ် .. သူ့ကိုအရုပ်ထဲမှာထားတာ ညကျမှ ထွက်လာပြီး.."

ကင်း ရဲ့ စိတ်တွေ ကယောက်ကယက်ဖြစ်လာပြန်သည်။ ထိုစဉ် ဝရန်တာဘက်ကို ထွက်သည့်တံခါးပေါင်းနားကနေ ရဲဝန်ထမ်းတစ်ယောက် ခြေလှမ်းကျဲများနှင့် ထွက်လာကာ ...၊

"ဆရာ ခဏလိုက်ကြည့်ပါဦး .."

ရဲမှူးကို နားနားကပ်ပြောလိုက်ပြီး ထိုဆီထွက်သွားကြ၏။ ကင်း ကို ဖက်ထားသည့် ဒေါ်ညိုညို မှ လွှဲ၍ အားလုံးမြင်လိုက်ကြသည်။ ထိုအရှေ့



က ရေခဲသေတ္တာနဲ့ ပန်းအိုးတင်သည့်စင်ကြားမှာ အကျအန ရပ်နေသည့် အရုပ် ...။

မသိရင် ကပ်ကွယ်ပုန်းနေသလားထင်ရကာ သေချာကြည့်မှ နောက်က သစ်သားချောင်းတစ်ချောင်းကို မှီနေမှန်းသိလိုက်ရသည်။

ဒီအရုပ်ထဲမှာ ဖိုး ရှိနေသည်လို့ ကင်း ပြောခဲ့တာမို့ ရဲမေက ဖြုန်းခနဲ မြင်လိုက်တာနှင့် လန့်သွားပြီး နောက်ကို ဖျတ်ခနဲဆုတ်၏။ ရဲမှူး က ရဲမေကိုမကြည့်ဘဲ ...၊

"ဒါ အရုပ်ပါ .."

"ဘယ်လောက်တောင် အကုန်ခံထားသလဲမသိဘူး .. လူ့အတိုင်းပဲ .."

www.burmeseclassic.com



*

## အခန်း ( ၂၀ )

"တကယ်လား ကြီးကြီး .."

"တကယ်ပြောတာပါ သမီးရယ်၊ ယူထုတ်သွားကြတာလည်း သမီး မြင်လိုက်တာပဲလေ .."

အရုပ်ကို သယ်လာကြတာမြင်သည်နှင့် ကင်း အသံပြာအောင်အော်ပြီး ခုတင်အောက်ပြေးဝင်ပုန်းသည်။ တော်တော်နဲ့ ခေါ်ထုတ်လို့မရမဲ့ဘဲ အချိန်ယူပြီး ချော့မော့ခေါ်ထုတ်ခဲ့ရသည်။

ဒါပေမယ့် ကင်း မျက်နှာလေးမှာ ကြောက်အားကြီးနေသည့် ဖိစီးမှုတွေ အနည်းငယ်လျော့ပါးသွားခဲ့လျက် အခန်းပြင်ခေါ်ထုတ်လာတော့လည်း ပါလာခဲ့၏။ အခြေနေကောင်းပြီဟု သတ်မှတ်နိုင်သော်လည်း..။

"ရဲတွေရောဟင် .. သူတို့က ဖိုး ကို လာရှာကြတာလား .."

"ဟုတ်တယ် .. ဒီအရုပ်ထဲမှာ ဖိုး ရှိနေတယ်ဆိုတာကို သူတို့ စစ်ကြည့်ဦးမှာလေ .."

"ဟုတ်တယ် ကြီးညို .. အဲ့အရုပ်ထဲက ဖိုး ထွက်လာတာ .."

ဒေါ်ညို က ကင်း ကို ထမင်းခွံ့ကျွေးရင်း ပခုံးတွေကနေ စောင်ပတ်



ခြုံထားသည့် မျက်နှာလေးကို ကရုဏာကြီးစွာကြည့်နေခဲ့လျက် ..။

"စိတ်ကို အေးအေးထားပြီး စဉ်းစားကြည့်ဦး သမီး၊ ချိုချစ် ရယ် သမီးရယ် ကေသီရယ်ရှိနေတဲ့ ညကိုလေ .."

"ဘာကိုလဲဟင် .."

"ဖိုး ဘယ်လိုပါလာတာလဲဆိုတာ .."

ကင်း က ပါးလေးတစ်ဖက်ဖောင်းနေအောင် ထမင်းလုတ်ကိုကပ်ထားပြီး ငိုင်သွားသည်။ မျက်ဝန်းလေးတွေ တည်ငြိမ်လာကာ ထမင်းကို ခပ်ဖြည်းဖြည်းပြန်ဝါးရင်း ..။

"ဖိုး က တစ်ခါတည်းပါလာတာမှမဟုတ်တာ .."

"ဒါဆို ဘယ်လိုပါလာတာလဲဟင် .. သမီးပြောတော့ ဖိုး က ရန်ကုန်က မဟုတ်ဘူး .. အားလုံးပြီးသွားပြီဆို .."

"ဟုတ်တယ် .. ဖိုး နဲ့ ကင်းက သူငယ်ချင်းတွေပဲ .."

"ဒါဆို အခု သမီးကိုအနိုင်ကျင့်နေတယ်ဆိုတာ .."

မာယာ ...၊

'ခင်ဗျား ကျွန်တော့်ကိုကြောက်နေတာလား'

"မကြောက်ဘူး .. သွား .. ထွက်သွား .."

နားထဲမှာ စကားသံက ခုပဲ ကပ်ပြောလိုက်သလို ပီပီပြင်ပြင် ...။

ကင်း ထမင်းစားလက်စနှင့် ထအော်သည်။ ဒေါ်ညိုညို ထိတ်ထိတ်ပျာပျာဖြစ်သွားခဲ့ပြီး ...၊

"စိတ်ထိန်းလေ သမီး .. သမီး အဲ့လိုထင်ရာတွေ စွတ်တွေးစွတ်ပြောနေရင် သူတို့က သမီးကို စိတ္တဇဖြစ်သွားပြီလို့ ပြောလိမ့်မယ် .."

"ကင်း ဘာမှမဖြစ်ဘူး .."

"ကြီးကြီးက သိတယ်၊ သူတို့ကတော့ သမီးကို ကေသီ လိုဖြစ်သွားပြီလို့ပဲထင်မှာ .."

"မမကေ !..."

www.burmeseclassic.com

www.burmeseclassic.com



ကင်း မျက်နှာတည်ငြိမ်မှုတွေဖြစ်သွားပြန်ကာ ..၊

"မမကေ .. ဘာဖြစ်သွားလဲဟင် .."

"သမီး စိတ်တွေအဲ့လိုထိန်းရခက်နေရင်တော့ ကြီးကြီး ဘယ်လို လုပ် အမှန်ကိုပြောပြရမှာလဲ .."

"မခက်ပါဘူး .. ကင်း သိပါတယ် .. ကိုကို့ကိုလည်း .."

သတိရသည်လို့ ပြောမည့်စကားက ရပ်တန့်သွားခဲ့သည်။ ပြီးတော့ စောင်ကိုပိုတင်းသွားအောင် ဆွဲခြုံလိုက်ကာ ..၊

"ကိုကို့ကို ကင်း မတွေ့ရဘူး .."

"သားက ဘယ်သွားတာလဲ .. ဘယ်တော့ပြန်လာမှာတဲ့လဲ .."

"ကိုကို စင်ကာပူသွားတာ .. ခြောက်လလောက်ကြာမှာ .."

သူမ သတိတွေဘာမှမချွတ်ယွင်းသေးပါ။ ထို့ကြောင့် ဒေါ်ညိုညို စိတ်တစ်ထစ်အေးသွားရသည်။ သို့သော် သေချာမကြည့်မိအောင် ရှောင်လွှဲနေရင်းနဲ့ပဲ လည်ပင်းက အနီကွက်တွေကို မျက်လုံးက ရောက်ခဲ့လျက်..။

"ဟုတ်တယ် .. သမီးကိုထားခဲ့ရတာလည်း သူ စိတ်မချဘူးလေ.."

"ချိုချစ် နဲ့ ပိုပြီးစိတ်မချခဲ့တာ ကြီးကြီးရဲ့၊ ချိုချစ် အဲ့လိုတွေလုပ်ကြမှာ ကိုကို သိနေသလိုပဲ .. သွားခါနီးတောင်မှ .."

ပြောနေရင်း ထမင်းခွံ့မလို့ကိုင်ထားသည့် ဒေါ်ညို့ လက်ထဲကဇွန်းကို အားဖယ်တွန်းလိုက်ရင်း ငိုသံပါလာကာ ..၊

"မမကေ ကို ကင်း ရဲ့နားမှာ နေခဲ့ခိုင်းပြီး ကင်း ကို .. ကင်းကို လေဆိပ်လိုက်မပို့နဲ့တော့တဲ့ .."

ပြော၍ အင့်ခနဲရှိုက်သည်။

"သမီး ထမင်းစားတုန်း မငိုရဘူးလေ .. ရော့ ရေသောက် .."

"ဟင့်အင်း .."

ထမင်းစားနေတုန်း ရေသောက်တာ ကိုကို မကြိုက်ဘူး။ အပြင်မှာ ထွက်စားကြရင်တောင် စားစရာတစ်ခုနဲ့အတူ အအေးသောက်ပြီဆို ကိုကို



ပြောပြီ ..။

"မမကေ ဘာဖြစ်သွားလဲဟင် .. ခုန ကြီးကြီးပြောလိုက်တာ .."

"ကေသီ ဆိုတဲ့ မိန်းကလေး .."

ပြောလို့ဖြစ်ပါ့မလားလို့တွေးမိပြီး တုံ့ဆိုင်းသွားကာမှ ကင်း တစိတ်ဝင်တစားဖြစ်သွားကာ ..၊

"ပြောလေ ကြီးကြီး .."

"သူ့စိတ်တွေ ကယောင်ခြောက်ချားဖြစ်ကုန်တာ ခုထိပုံမှန်ပြန် မဖြစ်ဘူး .."

ဟင်၊...

ကင်း ရဲ့ မျက်ဝန်းလေးတွေ သနားစဖွယ်ပြူးဝိုင်းသွားခဲ့သည်။ ဘာကြောင့် ဖြစ်သွားရသည်ကို ထပ်သိလိုက်တော့ နှုတ်ခမ်းသားလေး တွေ လှုပ်ခတ်တုန်ယင်လာခဲ့လျက် ..။

"သူ .. သူ ဘာဖြစ်သွားတာလဲဟင် .."

"ဘာတွေ့လို့လဲဆိုတာ မသိပါဘူးကွယ် .. ဒါပေမယ့် ဒဏ်ရာ မများလည်း အတွင်းကြေပျက်စီးမှုကြောင့် အာရုံကြောထိခိုက်သွားနိုင် တယ်တဲ့ .."

ကင်း မျက်နှာလေးထိတ်လန့်ကြောက်ရွံ့ခြင်းတွေ ဖြစ်ပေါ်လာခဲ့ လျက် ..။

"ဘယ်နှစ်နာရီရှိပြီလဲဟင် .."

"နှစ်နာရီထိုးနေပြီ .. သမီး အိုက်လို့လားဟင် .. အဲရကွန်းဘာဖြစ် နေလဲမသိဘူး .. နေဦး ကြီးကြီး ရီမုတ် ယူကြည့်လိုက်ဦးမယ် .."

"မသွားပါနဲ့ .."

ကင်း က ဒေါ်ညိုညို့ လက်ကိုဆွဲထားလိုက်ကာ ..၊

"ညနေစောင်းတော့မယ် .."

"သမီးရယ် ..."

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ညိုညို က ထမင်းပန်းကန်ကို ဗန်းကလေးပေါ်လှမ်းတင်လိုက်ပြီး ရေခွက်ကိုပါ ပြန်ထည့်သည်။ ပြီးမှ ကင်း လက်ကလေးကို ဆုပ်ကိုင်ထားလိုက်ပြီး ..၊

"ဘာမှ စိုးရိမ်စရာမရှိတော့ပါဘူး .. သမီးကြောက်တဲ့အရုပ်ကြီးလည်း မရှိတော့ဘူး .. နိုး လည်းမရှိဘူးလေ .."

"သူရှိတယ် .. သူပြောသွားတဲ့ပုံစံက ဒီအိမ်ထဲမှာ သူ ပုန်းစရာနေရာကောင်းကောင်း တွေ့ထားတဲ့ပုံပဲ၊ အဲဒါ ချိုချစ် လမ်းပြထားတာ .."

"သမီးရယ် .. ချိုချစ် က ဒီအိမ်ကို ရင်းနှီးတဲ့သူမို့လို့လား .."

"သူ လာဖူးတယ် .."

"သမီး အဲ့ဒီလူတွေကို မေ့လိုက်ပါကွယ် .. ချိုချစ် လည်း မရှိတော့ဘူးဆိုတော့ နိုး လည်း ထပ်လာရဲတော့မှာမဟုတ်ဘူး၊ ရဲကလည်း လုံခြုံရေးချပေးထားတယ်လေ၊ သမီး ကိုကိုကို နေရဲ မှာထားတယ်၊ သမီးက ကျန်းမာအောင် .."

"ဟင် .. ကိုကို ပြန်လာတော့မယ် .."

ကင်း ဆတ်ဆတ်ခါခါဖြစ်သွားသည်။ ပြီးတော့ သူမရဲ့ လည်ပင်းနဲ့ လက်မောင်းတွေကို ဟိုကိုင်ဒီစမ်းဖြစ်သွားခဲ့လျက် ..၊

"ကင်း .. ကင်း ကိုကိုနဲ့ မတွေ့ဘူး၊ ကိုကို့မိန်းမလည်း မလုပ်ချင်တော့ဘူး .. ကင်း က .."

"သမီး .."

"ဟင့်အင်း .. ကိုကို မလာရဘူး .."

"သမီးရေ .."

"ဂျိမ်း ..."

ကင်း အခန်းထဲ ထပြေးသွားကာ တံခါးပိတ်ပစ်လိုက်၏။ ပြီးတော့ ရှိုက်သံများနှင့် ဗလုံးဗထွေး ..။

"ကိုကို့မိန်းမ မဟုတ်တော့ဘူးဆိုပြီး ကင်း ကို တစ်ယောက်



တည်းမထားခဲ့ပါနဲ့ ကြီးကြီးရယ်နော် .."

ကင်း အသံလေးက သနားဖွယ်အတိ ..။

"ဘာတွေပြောနေတာလဲ သမီးရယ် .. သမီးက .."

"ကိုကို့ကို ပြောပေးပါ၊ ကင်းက .. ကင်း က မကောင်းတော့ပါဘူး၊ ကင်း စော်ကားခံခဲ့ရတယ်၊ ကိုကိုလည်း ခွင့်လွှတ်နိုင်မှာမဟုတ်ဘူး၊ ကင်း ကြောက်တယ်၊ ကိုကို့ကို မတွေ့ပါရစေနဲ့ .."

ကြုံကြုံပါအောင် ငိုနေသော ကင်း ရဲ့ အသံလေးကြောင့် ဒေါ်ညိုညို့ မျက်လုံးထဲမှာ သူမကိုယ်ပေါ်က ဒဏ်ရာတွေကို မြင်ယောင်လာခဲ့မိသည်။

ကေသီ က သရဲလို့ပြောနေသည်။ ကင်း က နိုး ကို အရုပ်ထဲမှာနေသည်လို့ပြော၏။ အိမ်မှာ ဘယ်ယောက်ျားမှ ဝင်ထွက်သွားလာနေတာ မရှိပါဘဲ ကင်း ရဲ့ ကိုယ်ပေါ်မှာ မဖွယ်ရာသည့်အမှတ်အသားတွေ ဖြစ်နေခဲ့သည်။

ဘာကို ဘယ်လိုပြောရမလဲ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၁)

"မင်းကို ငါပြောသားပဲ ကင်း .. တောက် .."

"ကိုကို .."

ကင်း ကိုကို့ကို မတွေ့ချင် ကိုကိုလာရင် ရှောင်ပုန်းနေမယ်လို့လည်း ဆုံးဖြတ်ခဲ့သည်။ ဒါပေမယ့် ကိုကို့အသံကြားတော့ မနေနိုင်..။

"သေသွားတဲ့လူကို ဘယ်လိုသွားအပြစ်ပေးရမလဲ .. ငါ အကူအညီတောင်းခဲ့တဲ့လူလည်း ခုတော့ ရူးသွားပြီ .."

"ကိုကိုရယ် .. ကင်း လည်းလေ .."

"ကျွတ် .. ဖယ်စမ်းပါ ကင်း ရယ် .. ငါ့စိတ်တွေ တအားရှုပ်နေတယ်၊ မင်း ခဏတိတ်တိတ်လေးနေစမ်းပါ .."

"ကိုကို့ကို ကင်း တောင်းပန်နေတာပါ .."

"တောင်းပန်တယ် .. ဟုတ်တယ် မင်းလုပ်ချင်ရာလုပ်ပြီးရင် တောင်းပန်တာပဲ၊ ပြီးတော့ ဒါမျိုးပဲထပ်လုပ်တာ ဘယ်နှစ်ခါရှိပြီလဲ.."

"အဲဒါတွေကိုလည်း ကင်း မရည်ရွယ်ဘဲနဲ့ မှား .."

"ရည်ရွယ်ချက်နဲ့ မှားတာ မင်းကြားဖူးလား ကင်း .."

ကိုကို့ မျက်နှာက ခရီးပန်းနေလို့ ပင်ပန်းတာမျိုးမဟုတ်ဘဲ နီရဲ



ရင့်ရော်နေသည်။ ပြီးတော့ တက်ခေါက်သံတွေ ခဏခဏထွက်နေလျက် စုတ်သပ်လိုက် ခါးထောက်လိုက် ..။

"မင်း ရောက်လာလို့ ငါပြောရဦးမယ် သတင်း .. ကိုယ်က သည်းခံခွင့်လွှတ်နိုင်တယ်ထားဦး .. သူ့ကိုယ်မှာ ကျန်ခဲ့တဲ့ သွေးခြည်ဥတဲ့ဒဏ်ရာတွေကို မင်းထက်အရင် အားလုံးကမြင်ပြီးသိပြီးနေပြီ .."

"ကြီးကြီးက တစ်မျိုးဗျာ .. ကျေးဇူးပြုပြီး အဲဒါတွေမကြားပါရစေနဲ့ .. ကျွန်တော် တောင်းပန်ပါတယ် .."

"ဒါက တောင်းပန်ရုံ ထွက်ပြေးရုံနဲ့ ပြီးပျောက်သွားမှာမဟုတ်ဘူးကွ .. အဲဒါတွေမြင်လို့ မင်းကို ငါပြောခဲ့တာ တားခဲ့တာ၊ ငါတို့ပြောသမျှ မင်း ဘာမှနားမထောင်ခဲ့ဘူး၊ အစကောင်းမှ အနှောင်းသေချာတယ်တဲ့၊ ဒီမိန်းကလေး အစက အနေအထိုင်မတတ်ခဲ့တာတွေကြောင့် ခုတော့ ကိုယ်ကျိုးနည်းကုန်ပြီ .."

"အဲဒီတော့ ကျွန်တော်က ဘာလုပ်ရမှာလဲ .. မင်း စော်ကားပြီးသား မင်းပဲ တာဝန်ယူဆိုပြီး ထိုးထည့်ပေးလိုက်ရမှာလား .."

"ဒါတော့ မင်းဆုံးဖြတ်လေ၊ မင်း ရှိမနေတဲ့ကာလမှာ ငါက လူကြီးပီသစွာ စောင့်ရှောက်ပေးခဲ့ပြီးပြီ၊ အခု မင်း ဆုံးဖြတ်ရမယ့်အပိုင်းပဲ ငါ မန္တလေးကို ပြန်တော့မယ် .."

ကင်း ကို ဘေးမှာထားပြီး ဒီချိုးထုပ် ဘယ်မြောင်းထဲသွားပစ်ရမလဲလို့ တိုင်ပင်နေကြတာလား ..။ အားပါးတရ အော်ငိုချင်ပေမယ့် ရင်ထဲမှာဆို့နင့်နေသည်။ ကိုကို့ဘေးကနေ ထွက်သွားတော့ဖို့ ထရပ်လိုက်ပေမယ့် ခြေထောက်တွေက ခွန်အားမဲ့နေကြ၏။

"ငါတစ်ခုတော့ ပြောနိုင်တယ်၊ မင်း ခုနေ ဇိုး လက်ထဲထည့်ပေးလိုက်ဖို့ ဆုံးဖြတ်မယ်ဆိုရင်တောင် ဟိုကောင်လေးက ပြုံးချက်နဲ့ လှလှပပ ဂလဲ့စားချေသွားပြီးပြီ .. သူ ခူးခြွေပစ်ချခဲ့တဲ့ ပန်းတစ်ပွင့်ကို ပြန်ကောက်ပြီး အိတ်ထဲထည့်သွားမယ်များ ထင်လို့လား .."

"ဟား .. ဟား .. ဟား .."

www.burmeseclassic.com

www.burmeseclassic.com



ဟင်!...

ရယ်သံက ကျယ်လောင်စွာ ရိုက်ခတ်လာသည်။ သတင်း နဲ့ ဒေါ်ညိုညို အုံ့အားသင့်နေကြပေမယ့် ဒီအသံကို ကင်း သိနေသည်။ ထို့ကြောင့် နေရာမှ ထွက်ပြေးဖို့လှည့်လိုက်လျှင် ...၊

"ကျွန်တော်က မာယာ့ ကို တာင ယူနိုင်ပါတယ် .."

ဖိုး ရဲ့ မျက်နှာ တံခါးဝမှာပေါ်လာသည်။ ကင်း က နောက်ထပ် ဆုတ်၏။ ပြေးမည်ပြင်ပြီးမှ ကိုကို့ဆီ ပြေးကွယ်လိုက်မိကာ ...၊

"ကိုကို ကင်း ကို သူ့နောက်မထည့်လိုက်ပါနဲ့ .."

"သနားတတ်မှန်းသိလို့ အညှာပြေးကိုင်တာလား ကင်း .. ငါ့တူကို ဒီလောက်နှိပ်စက်ရရင်တော်ရောပေါ့အေ .. ဒီကိစ္စ ဘယ်လိုဖြေရှင်းသင့်သလဲဆိုတာ လူတိုင်းသိနေကြပြီ၊ ခုကျမှ ရှက်ကြောက်မနေစမ်းပါနဲ့.."

"ကျွန်တော်နဲ့ လိုက်ခဲ့စမ်းပါ မာယာရယ် .. ခင်ဗျားကို ကျွန်တော့်လောက် ဘယ်သူမှ မချစ်နိုင်ပါဘူး .."

"ဟင့်အင်း .. ဟင့်အင်း ကိုကို ကယ်ပါဦး၊ ကင်း ကို မထည့်လိုက်ပါနဲ့ .. ကိုကိုရေ .."

ကင်း အတင်းပြန်ရုန်းရင်း နောက်ပြန်ဆုတ်ဖို့ကြိုးစားသည်။ သို့သော် မွန်းကျပ်ပိတ်လှောင်နေသော တံတိုင်းကဲ့သို့ ရင်ခွင်တစ်ခုသည် သူမ မျက်နှာထက်မှာ ဘယ်လိုရုန်းကန်တွန်းပစ်ပေမယ့် ရွေ့လျားပြိုပျက်သွားသည်မရှိ ...။

"ဖိုး .. နင် .. နင် မယုတ်မာနဲ့နော် .."

သူမ အိပ်မက်မက်နေတာလား ...။

မဟုတ်ဘူး .. ကိုကိုတို့ရှိတယ်၊ ကြီးကြီးလည်းရှိတယ် ...။ အခု ဘယ်မှာလဲ .. ကင်း ကို ထားခဲ့ကြတာလား ...။

"ကိုကိုရေ .."

သူမ အော်သလောက်အသံထွက်သွားတာ ကိုယ့်အသံကိုပြန်ကြားနေရသည်။ ပြီးတော့ မွန်းကျပ်နေခြင်းသည် အသက်ရှူကြပ်လာခြင်းသို့



ရောက်လျက် မျက်လုံးတွေပြာလာ၏။

"မာယာရယ် .. ခင်ဗျားက ကျွန်တော့်အတွက်ပါ၊ ကျွန်တော့် စိတ်ကျေနပ်အောင် လိမ်လိမ်မာမာနေလိုက်ပါ .."

"ဟင့်အင်း .. လူယုတ်မာ ဖယ် .. လွှတ် .. နင့်ကိုမုန်းတယ်၊ ငါ အရမ်းမုန်းတယ်၊ ကိုကို့ကိုလည်း မုန်းတယ် .. ကြီးကြီးကိုလည်း မုန်းတယ် .. ကိုကို သိပ်ရက်စက်တယ်၊ ဟီး .. ဟီး .."

သူ ဘာတွေပြောနေမိသလဲ ငိုနေခဲ့သလား .. ရယ်နေမိသလား ...။

ကိုကို့နောက် ပြေးလိုက်နေသလား ကိုကိုနဲ့ အဝေးဆုံးကို ဖိုး ခေါ်သွားနေတာလား ...။

ဟင့်အင်း .. မုန်းတယ် ...။

ခါးသီးသော ပေးဆပ်ရခြင်းများကြောင့် ကင်း အသိစိတ်တွေကင်းမဲ့သွားခဲ့လျက် ချိုမြိန်စွာရယူနိုင်ခဲ့သော ဖိုး ၏ ရယ်သံတွေကို အဆက်မပြတ်ကြားနေခဲ့ရ ျက် ...။

"သွား ..."

ကင်း ၏ သတိလက်လွှတ်အော်ဟစ်ငိုညည်းသံသည်။

"ခွမ်း ..."

ဒေါ်ညိုညို မီးဖိုခန်းထဲမှာ ထောပတ်သီးဖျော်ရည်လုပ်ပြီး ဖန်ခွက်ကို ကိုင်လိုက်ကာမှ 'ခွမ်း' ခနဲလွှတ်ကျသွားလေသည်။

နာရီ လှမ်းကြည့်လိုက်တော့ ညဉ့်ဆယ့်နှစ်နာရီ ...။

"ကင်း ..."

ထမီတစ်ဖက်က 'မ'၍ ခေါ်လည်းခေါ်ရင်း စိုးရိမ်တကြီး ပြေးထွက်လာခဲ့မိသည်။ မီးဖိုခန်းနဲ့ ကင်း ရဲ့ အခန်းဆီမရောက်ခင် အကွာအဝေးမှာ ဘာမှခလုတ်ကန်သင်းမရှိဘဲ ခလုတ်တိုက်မိလို့မိ ...။

"သမီးရေ .. ကင်းလေး .."

တံခါးပိတ်နေတာမြင်လိုက်သည်နှင့် ရင်ထဲမှာ ဒိန်းခနဲထိတ်လန့်သွားသည့်အတိုင်း ...။

www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း .. ဒုန်း .."

"သမီးရေ .. ကင်း .."

တံခါးကိုပုတ်၍ ထု၍ ဘယ်လိုပဲခေါ်ခေါ် ကင်း ရဲ့ ငိုသံမှလွဲ၍ ဘာမှမကြား တံခါးကလည်း မပွင့်ခဲ့ဘဲ ...။

"ကင်း .. ကြီးကြီးကို အသံပေး .. ကြားလား သမီး .."

ဒေါ်ညိုညို ကြံရာမရဖြစ်ကာ ရဲတွေလုပ်တုန်းကလို ခုံတွေနဲ့ ပြေးရိုက် တုတ်တွေဆွဲ၍ တံခါးလက်ကိုင်ဘုကို တအားလွှဲရိုက်ချ .. သူမ ဘယ်လိုပဲ ကြိုးစားပေမယ့် တံခါးကမပွင့်ခဲ့ဘဲ အသံဗလံအားလုံး တိတ်ဆိတ်ငြိမ်သက်သွားခဲ့လျှင် ...။

"ဟလို .. ရဲမှူးကြီးလား အိမ်မှာဖြစ်နေပြန်ပြီ ခု မြန်မြန်လာပေးပါ မြန်မြန်လာပါရှင် .."

အကူအညီတွေရောက်လာကြသည်။ တံခါးကိုဖွင့်ဖို့ ကြိုးစားကြ၏။ သို့သော် ...။

"ကျွန်တော်တို့ ဒီတံခါးကို ဒိုးလော့ခ်အသစ် ပြန်တပ်မထားသင့်ဘူး .."

အားလုံး လက်မှိုင်ချ ညည်းတွားမိကာ ဒီအခန်းကနေ ဒါမှမဟုတ် ဒီအိမ်ကနေ ကင်း ကို ရွှေ့ပြောင်းပေးကြဖို့ တိုင်ပင်ခဲ့ကြ၏။

ဘာမှန်းမသိသော ထိုအဖြစ်အပျက်နှင့် ပတ်သက်၍ ...။



## အခန်း (၂၂)

"ဗိုး ဆိုတဲ့ကောင်လေးက ဘယ်လိုအစွမ်းတွေ ကြီးမားနေလို့ သူ့ရဲ့ ကြံစည်မှုကို ဘာအတားအဆီးမှ ဂရုမစိုက်ဘဲ ကျော်လွှားနိုင်ရတာလဲ.."

"အရုပ်ဆိုလို့လည်း အရုပ်ကိုယူထုတ်လာပြီးပြီ .."

ရဲစခန်းမှာ ဆံပင်ဆံရှည်နှင့် ထွားကျိုင်းခန့်ညားစွာရှိနေသော Sex အရုပ်က အားလုံး၏ အလယ်မှာ ကုလားထိုင်တစ်လုံးနှင့် ခန့်ညားစွာရှိနေခဲ့၏။

"ဗိုး ဆိုတာလည်း ကောင်မလေးပြောနေလို့သာ ကြားရတာ၊ ကျွန်တော်တို့ ဘယ်လိုရှာရှာ ဘယ်လိုပဲထောင့်စေ့အောင် ချောင်ပိတ်ထားထား ဘယ်မှာမှမိလို့လဲ .."

"မမိတာ မရှိလို့ဖြစ်မှာပေါ့ .. ဟုတ်တယ်မို့လား ဆရာ၊ မကောင်းမှု ကျူးလွန်တတ်တဲ့လူတွေဆိုရင် အဲ့လိုပဲ ကိုယ့်လိပ်ပြာကိုယ်မလုံပြီး ချောက်ချားကြတယ်၊ ရူးသလို ကြောင်သလိုအော်ဟစ်တာတွေ ဖြစ်လာကြတယ် .."

ဒုရဲအုပ် ဗညားရဲ့ အကြည့်တွေက ထိုရဲဆီ ရောက်လာ၏။ ပြီးတော့...

www.burmeseclassic.com

www.burmeseclassic.com



**“မင်းက ဘာ**ပြောချင်တာလဲ ..”

“**အဟွန်း .. မာယာကင်း** က နာမည်ကသာ မာယာကင်း ပေမယ့် ကြားရသလောက်တော့ မာယာမကင်းတဲ့ မိန်းကလေးမျိုးပဲ ဆရာရဲ့၊ သူ ရှုပ်ခဲ့ဖူးတယ်ဆိုရင် ကိုယ့်ရဲ့ အိမ်ထောင်ရေးကို ခုန်မင်လာတာနဲ့အမျှ နောက်ကြောင်းက ခြောက်လှန့်လာမှာပဲ .. လူတိုင်းမဖြစ်တတ်တာပဲရှိတယ်၊ ဖြစ်တဲ့လူတွေလည်း အများကြီးပါပဲ ..”

ဒါလည်း စဉ်းစားစရာမို့ အရုပ်ကိုပဲ စိုက်ကြည့်ကာ ရဲမှူးကြီးနဲ့ ရဲအုပ်တွေက ငြိမ်သက်ရင်းတွေးနေကြသည်။ အရုပ်က မှတ်ဆိတ်ငုတ်တိုစနှင့် ရုပ်ကြမ်းပုံပေါ်သည်။ ဒါပေမယ့် မျက်တောင်ထူနေသဖြင့် ရုပ်မဆိုးဘဲ ကြည့်ကောင်းနေ၏။

**ထိုင်ဆေး**ထားပေမယ့် လူထိုင်နေသလိုရှိသည့်ပြင် ရင်ဘတ်ကျယ်**၍ သန်မာထွား**ကျိုင်းသော ယောကျ်ားကောင်းတို့၏ အင်္ဂါရပ်တွေက ပြ**ည့်စုံနေသ**ည်။ ထို့ပြင် ..။

“ကြည့်ပါဦး .. ငါတို့နဲ့ စကားမပြောနိုင်တာပဲရှိတယ် .. တကယ့်လူလိုပဲ ..”

ဦးထွန်းနိုင် က အပြုံးအရယ်မပါဘဲ လေးနက်စွာပြောသည်။ ပြီးတော့ အရုပ်နားကိုတိုး၍ သေချာစိုက်ကြည့်၏။ ညက ဒေါ်ညိုညို အရေးတကြီးဖုန်းဆက်သဖြင့် ချက်ချင်းရောက်သွားခဲ့ကြသည်။

ဟိုတစ်ခါကလိုပဲ ပိတ်နေသည့်တံခါးကို ဘယ်လိုမှ ဖွင့်မရခဲ့ကြဘဲ မိုးစင်စင်လင်းခဲ့၏။

“ဘာလိုလိုနဲ့ သုံးညရှိသွားပြီနော် ..”

“မှိုင်းမှုဆိုတာ သေချာသိနေပြီးသားနဲ့ ငါတို့ ဘာမှမလုပ်နိုင်ခဲ့ကြတာ တော်တော်ရှင်းရတဲ့ကိစ္စပဲ ..”

“ခုန ကိုကောင်းမှန် ပြောသလို မာယာကင်း က သူ့မကောင်းမှုတွေရှိခဲ့လို့ စိတ်ချောက်ချားနေတာဆိုရင် ..”

“အဲဒီလိုမဟုတ်ဘူး ..”



ရဲမှူးက ကြားဖြတ်ဆုံးဖြတ်၍ ..၊

“ဒါ မှိုင်းမှုပဲ ..”

တစ်ယောက်တစ်မျိုး ထင်မြင်ချက်တွေထုတ်ကြရင်း မျက်နှာတွေလည်း မသာမယာဖြစ်နေကြရကာ ..၊

“ဒီအရုပ်နဲ့ မသက်ဆိုင်ဘူးဆိုတာတော့ သေချာသွားပါပြီ ..”

“ဟာဗျာ .. အရုပ်က လူကိုဘာလုပ်နိုင်မှာမို့လို့လဲ ..”

“ဒါပေမယ့် ဆရာတို့ မနေ့ညက ဒေါ်ညိုညို ဖုန်းဆက်လို့ပြေးသွားကြတော့ ကျွန်တော်နဲ့ ဒီအရုပ် ကျန်ခဲ့တာ ထူးခြားတာတစ်ခုတော့ တွေ့တယ်နော် ..”

ဟင်!..

ဘာလဲ!..

အားလုံးက ရှုံးစောင့် ဦးမြဘူး ကို စိတ်ဝင်တစားလှည့်ကြည့်ကြသည်။ ဦးမြဘူး က ရယ်ရင်းပြောလိုက်ပေမယ့် တကယ်တမ်းကျတော့ သူ ဒါကို အလေးအနက်တွေးနေခဲ့မှန်း သိသာလျက် ..။

“အခု ကိုင်ကြည့်ရင် အရုပ်က ဝိတ်ရှိတယ်မို့လား ..”

အားလုံးအရုပ်ဆီ အကြည့်တွေပြန်ရောက်သွားကြ၏။ ရဲအုပ်နေအောင်ကတော့ အရုပ်နားကပ်သွားပြီး သေချာလှည့်ပတ်ကြည့်၍ လက်မောင်းနှစ်ဖက်ကနေ ‘မ’ ကြည့်သည်။ ပြီးတော့ ..၊

“ဒီဂုတ်ပိုးက ခလုတ်ကို နှိပ်ကြည့်သေးလား ..”

“ဟုတ်ကဲ့ .. အဟွန်း ..”

ဦးမြဘူး က တစ်ချက်တော့ မလုံမလဲရယ်ရင်း ..၊

“အဲဒါက လိပ်ဆက်ဆံတဲ့နေရာမှာ ..”

“ရပြီ ဦးမြဘူး .. ပြောပြမနေနဲ့ အားလုံးသိတယ် ..”

အဆူခံလိုက်ရသဖြင့် ဦးမြဘူး က ခေါင်းတစ်ချက်ပွတ်ပြီး ရယ်သည်။

“ခင်ဗျား ပြောလိုက်တဲ့ စကားကိုပဲ အဆုံးသတ်ပါဦး၊ အရုပ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဘာထူးခြားချက်တွေ့လို့လဲ ..”

“ဩော် .. ဟုတ်တယ် .. ကျွန်တော် သတိထားမိလိုက်တာ ဆရာ၊ အရုပ်မှာ ပုံမှန်ရှိနေတဲ့ဝိတ်က ဟိုမှာ ပြဿနာတက်နေတဲ့အချိန်မှာ ကိုင်ကြည့်လိုက်တော့ ဘာမှမရှိတော့သလိုပဲ ..”

“ဘယ်လို ...”

“ရေရှိတဲ့ခွက်နဲ့ ရေမရှိတဲ့ရေခွက်လောက်ကို သိသိသာသာ ကွာတာ ..”

“ဆရာဘူးရေ ..”

မိုးဦး က ကြက်သီးထဟန်နှင့် လှမ်းအော်သည်။ ရဲမှူးကတော့ မျက်မှောင်ကုတ်နေ၏။ ထိုစဉ် နေရဲ က စခန်းမှူးဆီ ဦးတည်ရောက်လာခဲ့ပြီး ...၊

“မိုး ကို စုံစမ်းတာ ဘာအကြောင်းထူးသေးလဲ သိချင်လို့ပါ ဆရာ..”

ပြောရင်း အရုပ်ကိုလှမ်းကြည့်သည်။ ပြီးတော့ မနှစ်မြို့သလို မျက်နှာမဲ့သွားပြီး တစ်ဖက်လှည့်၍ ...၊

“ဒါကြီး ညက ထုတ်ယူခဲ့တာလား ..”

“မဟုတ်ပါဘူး .. မိုးလင်းမှ တံခါးကဖွင့်လို့ရတာ ..”

“ကဲ .. ထိုင်ဦး မောင်နေရဲ ..”

စခန်းမှူး ရောက်လာပြီး ထိုင်ခိုင်းတော့ အရုပ်သည် စားပွဲထောင့်ခပ်လှမ်းလှမ်းမှာ စားပွဲကို မျက်နှာမူထားကာ နေရဲ က စားပွဲရှေ့မှာ ထိုင်သည်။ ထိုအခါ မျက်နှာချင်းဆိုင်မဟုတ်ပေမယ့် မျက်ဝန်းတစ်ရွေ့အနေအထားနှင့် ဖြစ်သွားခဲ့၏။

ထို့ကြောင့် တစ်ချက်တော့ လှမ်းကြည့်ဖြစ်ကာ ...၊

“သတင်း လည်း ချက်ချင်းပြန်လာဖို့ စီစဉ်နေတယ် ..”

“ဟုတ်တယ် .. အဲဒါကောင်းတယ်၊ အမှန်ဆို ဖြစ်တဲ့နေ့တည်းက အကြောင်းကြားသင့်တာလေ ..”

“သူ့အလုပ်ကိစ္စဘယ်လောက်အရေးကြီးတယ်ဆိုတာ ကျွန်တော်



သိနေလို့ပါဆရာ .. နောက်ပြီး သူ့မိန်းမကို သိပ်ချစ်တာ၊ ထွက်သာသွားတယ် စိတ်ချတာမဟုတ်ဘူး ..”

သူ့မှာ ကိုယ့်ဇနီးကို စိတ်ပူရတာထက် ကင်း အတွက် လှမ်းပူနေရသည့် သောကက ပိုနေခဲ့သည်။ ဒီဘက်ကို ပြေးကြည့်ရုံသာကြည့်နိုင်ခဲ့သဖြင့် ကိုယ်တိုင်တာဝန်ယူပါမည်လို့ အာမခံခဲ့ခြင်းအတွက် စိတ်မကောင်းဖြစ်နေမိ၏။

“အေးပါကွာ .. ငါတို့လည်း နားလည်ပါတယ်၊ ဒါနဲ့ မင့်ဇနီးကျန်းမာရေးရော ..”

“နည်းနည်းတော့ ငြိမ်သွားပါပြီ၊ ဒါပေမယ့် စကားပြောလို့တော့ မရသေးဘူး၊ သူတို့သုံးယောက်ဆုံပြီး ဘာတွေဖြစ်ကုန်ကြမှန်းကို မသိတော့ပါဘူး ဆရာရယ် ..”

နေရဲ မျက်နှာ အစကအတိုင်း ပြန်ညှိုးသွားကာ ခေါင်းပါ ငိုက်နိုက်ကျ၏။ ဘယ်သူမှလည်း စိတ်မချမ်းသာနိုင်ကြပေ ...။ နေရဲ စကားပြောင့်သေးမှာရပ်နေသည့် ရဲအုပ်နေအောင် က သက်ပြင်းချလိုက်ကာ ...၊

“ဒါကြောင့် မိုး ဆိုတဲ့တစ်ယောက်ကို အပူတပြင်းစုံစမ်းဖို့လိုနေတာပေါ့ .. ဒီလူက မာယာကင်း ရဲ့ ..”

“ဘာမှမဆိုင်ပါဘူး ဆရာရယ်၊ ကင်း နဲ့ ပတ်သက်သမျှ သတင်း မသိခဲ့တာဘာမှမရှိဘူး၊ သူတို့က မောင်နှမလိုရင်းနှီးခဲ့ရာကနေ လက်ထပ်ကြတာဆိုတော့ သူငယ်ချင်းလိုလည်း ရင်းနှီးတယ်၊ အစ်ကိုလိုလည်း ရှိသေတယ်၊ ကင်း က သတင်း ကို ဘာမှထိန်ချန်မထားဘူး .. မိုး ဆိုတဲ့ကောင်က ကျောင်းမှာရော အပြင်မှာရော နာမည်ကောင်းသိပ်မရှိပါဘူး၊ သူ့အသိုင်းအဝိုင်းကလည်း ရှုပ်ပွေးတဲ့ပုံပဲလို့ သတင်း က ပြောတယ် ..”

နေရဲ က စဉ်းစားနေရင်း ...၊

“တချို့ကဆို သူမိဘဆွေမျိုးတွေက စုန်းတွေ ကဝေတွေလိုလို..”

ပြောပြရင်း မျက်လုံးက အရုပ်ဆီ အမှတ်တမဲ့ရောက်သွားလျှင် ..

ဟာ!....

www.burmeseclassic.com

www.burmeseclassic.com



လူက ဆတ်ခနဲတောင့်မတ်သွားခဲ့ပြီး ..၊

"ဒုန်း ..."

လန့်ဖျပ်ထရပ်လိုက်လျှင် ထိုင်သည့်ခုန်ပါ ထိမိခိုက်မိကုန်၏။

"ဘာဖြစ်တာလဲ နေရဲ .."

"ဘာဖြစ်လို့လဲ မောင်နေရဲ .."

မေးကြရင်း သူ့လိုပဲ အရုပ်ကိုလှမ်းကြည့်မိကြသည်။ ပြီးတော့ သူ့ဆီ မျက်လုံးတွေပြန်ရောက်လာကာ ..၊

"မှောင်နေရဲ .. ဘာဖြစ် .."

"သူ .. သူ ကျွန်တော့်ကို အကြိတ်ကြည့်နေတာ .."

"ဟာ !..."

"လုပ်ပြီ ကိုနေရဲ ကတော့ .."

"ဟား .. ဟား .. ဟား .."

ရယ်သံတချို့ထွက်လာတော့ နေရဲ တံတွေးတစ်ချက်မျိုသည်။ သူ မျက်စိမှားသွားတာမဟုတ်မှန်းသိနေသည်။

ဒါပေမယ့် အားလုံးအကြည့်တွေထဲမှာ အရုပ်ကအရုပ်အတိုင်း ..။

"အရုပ်က နောက်ဆုံးပေါ် ဖန်တီးမှုတွေနဲ့ လူနဲ့တူအောင် အားလုံး လုပ်လို့ရတာမှန်တယ်၊ ဒါပေမယ့် အံကြိတ်ပြီး ကြည့်တတ်အောင်တော့ မလုပ်နိုင်လောက်ပါဘူး .."

"ကိုနေရဲ ဇနီးအတွက် သောကပွေပြီး အိပ်ရေးပျက်တာတွေများ နေပြီထင်တယ် .."

တစ်ယောက်တစ်ခွန်း စနောက်ပြုံးရယ်နေကြသည်။ နေရဲ မရယ်နိုင်ဘဲ ခပ်ဖြည်းဖြည်းပြန်ထိုင်မိ၏။ ခုန ဒီအရုပ်ရဲ့ မျက်လုံးတွေ သူ့ကို စိုက်ကြည့်နေတာ မီးတောက်မတတ် ..။

ထိုစဉ် ဖုန်းမြည်လာသဖြင့် စခန်းမှူးက စားပွဲပေါ်ကဖုန်းကို လှမ်းယူကိုင်လိုက်ကာ ..၊

"ဟလို .. အမိန့်ရှိပါခင်ဗျာ .."



"... ... ..."

"ဟုတ်ပါတယ် စခန်းမှူးဦးစိုးသူ ပါ .."

"... ... ..."

"ဒါဆို သူက မြဝတီနယ်သားပေါ့ .."

"... ... ..."

"ကောင်းပါပြီခင်ဗျာ .. ကျေးဇူးတင်ပါတယ် .."

စခန်းမှူးက အတန်ကြာဖုန်းပြောနေပြီးမှ နေရဲ တို့ကိုပြန်ကြည့်၍ ..၊

"ဖိုး က သူ့အိမ်ကို ပြန်မလာတာတစ်နှစ်လောက်ရှိပြီတဲ့ .."

"ကျောင်းပြီးတည်းက ဖြစ်မယ်ထင်တယ် .."

နေရဲ ခပ်လေးလေးပြောလိုက်မိကာ ..၊

"ဒါဆို သူ ဘယ်ရောက်နေတာလဲ .."

"ဒီမှာလည်း ပြဿနာတက်နေတာဆိုတော့ .. စဉ်းစားစရာပဲ .."

"ချိုချစ် ကလည်း နိုင်ငံခြားကပြန်လာတယ်၊ ဖိုး ကို အရုပ်ထဲထည့်ယူလာတယ်လို့ ကင်း က ‹ ပြောနေတယ် .. အင်း .."

"ဖြစ်နိုင်ဆုံးကတော့ ချိုချစ် နဲ့ ဖိုး အဲဒီအချိန်တွေမှာ ဆက်သွယ်မှု ရှိနေကြတာပဲ .."

တစ်ယောက်တစ်မျိုး စဉ်းစားမိသမျှ အကြံပေးဆွေးနွေးနေမိကြကာ ..၊

"မောင်နေရဲ ဘယ်လိုထင်သလဲကွ .. ပြောကြည့်ပါဦး .."

"ကျွန်တော်ကလည်း သတင်း ပြန်ပြောမှ သိရတာတွေပါ၊ အမှု အခင်းတစ်ခုဖြစ်လာပြီဆိုတော့ ရဲမှူးကြီးတို့ကို ထင်မြင်ချက်တွေ မပေး ရဲပါဘူး .."

"ဒီလိုလည်း မဟုတ်ဘူးလေ .. သတင်း မရှိခိုက်မှာ ကင်း နဲ့ အရင်း နှီးလုံးလူတွေက မင်းတို့ ဇနီးမောင်နှံပဲရှိတာမို့လား .. မယ်ကင်း နဲ့ မကေသီက ကျန်းမာရေးမကောင်းကြသေးဘူးဆိုတော့ ဆရာတို့အဲတွက်

www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ ထင်မြင်ယူဆချက်တွေက သိပ်ကိုအရေးရပါပါတယ် ..”

“ဟုတ်ကဲ့ ...

နေရဲ စိတ်တွေနောက်ကျိုနေခဲ့သည်။ အရုပ်ကို နောက်ထပ်မကြည့်မိအောင် ကြိုးစားလွှဲနေမိရင်း ‘သရဲ’ လို့ပဲ အော်နေသည့် ကောသီ မျက်နှာပေါ်က ချောက်ချားမှုတွေကို မြင်ယောင်နေခဲ့၏။

အနီးပတ်ဝန်းကျင်က လူတချို့ကလည်း ပြောပြကြသည်။

“ဒါ သွေးရိုးသားရိုးမဖြစ်နိုင်ဘူး နေရဲ .. သွေးပျက်လောက်အောင် ကြောက်လန့်သွားတည်းက ကြောက်စရာကောင်းတာတစ်ခုခုကို မြင်ခဲ့လို့ပဲ၊ သူ့ပုံစံက မြင်လိုက်ကြားလိုက်တာတောင် မကဘူးထင်တယ်..” တဲ့ ...။

တစ်ချို့ကတော့ ‘သူ တည်ငြိမ်နေတဲ့အခါ မေးမြန်းမေးကြည့်ပါလား ..’ လို့ တိုက်တွန်းကြသည်။

ကော့ ကို မေးမြန်းမေးလို့မရပါ။ ဒါပေမယ့် သူမတစ်ယောက်တည်း ငြိမ်သက်စွာ ရေရွတ်နေတာတွေက ...၊

“သရဲကြီး .. ခေါင်းနောက်ပြန်ကြီးနဲ့ ..”

“ငါ့ဆီလာတော့မယ် .. လာရင် ငါဘယ်ကိုပြေးရမလဲ ..”

“သရဲခြောက်တဲ့အိမ်ကြီး ..”

“ငါသွားမယ် .. ငါ ဒီမှာမနေဘူး ..”

ဒီစကားတွေကို အစကနေအဆုံး ခေါက်တုံ့ခေါက်ပြန် ရေရွတ်နေတတ်ကာ ...၊

“သွားမှာပါ .. ဒါ ကျွန်မအိမ်မှ မဟုတ်တာ ..”

“တကယ်သွားမှာ .. ထပ်မခြောက်ပါနဲ့ ..”

စသဖြင့်သောစကားတွေထဲမှာ သရဲခြောက်ခံရခြင်းအကြောင်းများသာ ...။

ဒါတွေအားလုံးဟာ ချိုချစ် ရောက်လာသည့်ညမှာပဲ ထူးခြားဆန်းပြားစွာဖြစ်ပေါ်လာခဲ့သည်ဖြစ်ရာ ချိုချစ် နဲ့အတူ ပါလာခဲ့သော ဒီအရုပ်



ကြီးက .. ဘာလဲ ...။

မကြည့်ဘူးဆိုပြီးနေကာမှ ဖျတ်ခနဲ ငုံ့ကြည့်လိုက်မိလျှင် ...၊

ဟာ!....

သူ ဆတ်ခနဲတုန်ခါသွားသည်။ မထဖြစ် မကြွဖြစ်အောင် သတိထားထိန်းလိုက်ပေမယ့် သူ တုန်ခါထိတ်လန့်သွားတာကို သူတို့သတိထားမိကြပြီး ...၊

“ဒါ အရုပ်ပါ မောင်နေရဲ ရဲ့ .. စိတ်အေးအေးထားလိုက်ပါ၊ ကိစ္စတစ်ခုခုဖြစ်လာရင် လူတွေက မိုးပြော ကျိုးပြော ဒီလိုပဲ၊ အဲဒါမျိုးတွေကို ရှာသူ့စကားလို့ခေါ်တယ် ..”

ရဲမှူးကြီးက ခပ်ပြုံးပြုံးပြောပြ၏။ နေရဲ ကိုယ့်ကိုယ်ကိုယ် မကျေမနပ် အံကြိတ်ထားလိုက်မိသည်။ သူ သေချာမြင်လိုက်ကာ အရုပ်၏ မျက်လုံးသူငယ်အိမ်က သူ့ဘက်ကို တည့်မတ်စွာ စူးစိုက်လိုက် မျက်လုံးအစုံက လူတွေမျက်မှောင်ကြုတ်နေတဲ့အတိုင်း ...။

သို့သော် ထိတ်ခနဲ လန့်ဖျပ်ပြာမိုက်သွားပြီး ပြန်ကြည့်လိုက်တော့ မဟုတ်ဘူးဖြစ်နေပြန်သည်။ သူတကယ်ပဲ စိတ်ဖိစီးမှုတွေများပြီး အမြင်အာရုံတွေ ထွေပြားနေတာလား ...။

ဒါမှမဟုတ် ဒီအရုပ်က သူ့ကိုလှည့်စားနေတာလား ...။

ကျွန်တော် အမြင်မှားတာမဟုတ်ဘူးဆိုပြီး အရုပ်ကိုလက်ညှိုးထိုးလိုက်ရင်တော့ အားလုံးက သူ့ကို အရူးလို့သတ်မှတ်သွားကြမည်သာ...။

နေရဲ အရုပ်ရဲ့ မျက်နှာကို မျက်လုံးမလွှဲဘဲ စူးစိုက်ကြည့်ရင်း အံကြိတ်နေမိသည်။

သင်းက ဘာလဲ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၃)

"မင်းကို တစ်နေ့တည်းက ရောက်လာမှာပဲလို့ ထင်တာ .."

"ဟုတ်တယ် .. နောက်ဆုံးဖလိုက်(ထ်)နဲ့ အမီချိတ်တာ ဘယ်လိုမှ မရလို့ စောင့်နေလိုက်ရတယ်၊ နောက်နေ့ကျတော့လည်း GM ရာထူးကိစ္စတွေ အကြီးကြီးထဖြစ်လို့ မဖြစ်မနေ ရှင်းပေးနေရတယ် .."

သူ မေးသမျှကို ပြန်ဖြေနေပေမယ့် ခြေလှမ်းကျဲတွေက တစ်ချက်မှ တုံ့နှေးသွားသည်မရှိ ..။

ပြီးတော့ ကားသော့လှည့်တောင်းတာ ပါးစပ်ကမပြောဘဲ သူ့လက်ထဲက ဆွဲယူလိုက်သဖြင့် ..၊

"သတင်း မင်း စိတ်လှုပ်ရှားနေတာ ကားမောင်းလို့မဖြစ် ..."

"တက် ...."

နေရဲ ဘာမှပြောခွင့်မရလိုက်ဘဲ အတက်ချိကျော့စ်ကို ပိုက်၍ ကားထဲ ကမန်းကတန်းပြေးဝင်လိုက်ရသည်။ နိုင်ငံခြားထွက်သွားတာ တစ်ပတ်ပဲ ကြာပေမယ့် ဆံပင်တွေကို နဖူးကနေ သိမ်းလှန်ထားကာ မီးခိုးရောင် ဘောင်းဘီရှည် မီးခိုးရောင် အင်္ကျီရှည်နှင့် သတင်း ပုံစံက ပို၍ဖြူဝင်း



ချော့မွေ့လာသလိုပင် ..။

နေရဲ သတင်း ကို ငုံကြည့်ပြီး ပြောရမည့်စကားအတွက် ဘယ်လို အစရှာရမှန်းမသိအောင်ဖြစ်နေမိသည်။

"အခု ကင်း နားမှာ ကြီးကြီးတစ်ယောက်ပဲရှိတာလား .."

"ရဲမှူး ဦးထွန်းနိုင် တို့က ရဲအစောင့်နဲ့ ထားပေးပါတယ် .. ဒါပေမယ့် .."

ကားကို လေဆိပ်ဝင်းထဲက မောင်းထွက်လိုက်ပြီး သတင်း က လှည့်ကြည့်သည်။ နေရဲ က ကမန်းကတန်းခေါင်းညိတ်၍ ..၊

"ငါပြောရခက်နေတာ သတင်း .. ကင်း က .."

"ဘာကိုပြောရခက်နေတာလဲ .. မကော ရူးသလိုကြောင်သလိုဖြစ်သွားတယ်၊ ချိုချစ် ကားအက်ဆီးဒင့်ဖြစ်တယ်၊ အခြေအနေအားလုံး ငါ့ကိုပြောပြီးမှ ကင်း ကတော့ သက်သက်သာသာပါပဲလို့ပြောပေးချင်လို့လား .."

"ဆောရီးပါကွာ .."

"ဘာအတွက်လဲ .."

"ငါ အားလုံးအပေါ် တာဝန်မဲ့သလိုဖြစ်ခဲ့တယ်၊ အဲဒီညနေက မင်းက ထားခဲ့ပေမယ့် ကော့ နေရာမှာ ငါဆိုရင် မိန်းကလေးတွေ ခုလိုဖြစ်ကုန်မှာမဟုတ်ဘူး .."

"ဖြစ်လာမယ့် အခြေအနေတစ်ခုကို ဆိုးမလားကောင်းမလား ဘယ်သူမှ ကြိုမသိဘူး နေရဲ၊ ခုလည်း မကော ရဲ့ သောကတစ်ဖက်နဲ့ မင်း ငါ့ကို ကူညီနေသေးတာပဲ၊ အဲဒါတွေ ငါတို့ကြားမှာပြောနေဖို့မလို ပါဘူး .."

သတင်း မျက်နှာက နီရဲနေခဲ့လျက် စကားရပ်ပြီး အံကြိတ်သလို ငြိမ်သက်သွားတတ်တာ ခဏခဏ ..။

"ပြောကြကြေးဆို ငါကတောင် တောင်းပန်ရဦးမှာ၊ ကင်း ကို

www.burmeseclassic.com

www.burmeseclassic.com



အုပ်ထိန်းသူမရှိဘဲ ထားခဲ့မိတဲ့အတွက် ကင်း ခုလိုဖြစ်ရတာ ငါ့တာဝန်၊ မကော ဖြစ်သွားရတာကျတော့ မဆီမဆိုင် ..."

"ဟာ .. ဒီလိုတော့မဟုတ်ဘူး နေရဲ .. တော်ပြီကွာ၊ ငါတို့ချင်း ဘာလုပ်သင့်သလဲဆိုတာ တိုင်ပင်ရအောင် .. အဲဒါတွေပြန်တွေးပြီး ယူကျုံးမရဖြစ်နေတာ အလကားပဲ ..."

"ဒုန်း ..."

"ဟ !..."

"ဆောရီး ..."

ကားချင်းပွတ်ကပ်ရှောင်လိုက်ရကာ သေးကချိုင့်ခွက်ကြီးထဲ ပစ်စလက်ခတ်ကျသွားခဲ့၏။ နေရဲ က တစ်ဖက်ကကားကို လှည့်ကြည့်လိုက်ပြီး ..၊

"ငါ မောင်းမှထင်တယ် သတင်း .."

"ဘာမှမဖြစ်ဘူး .."

သတင်း က သူ့ စိတ်စောနေခြင်းကို ထိန်းချုပ်ဖို့အတွက် ကားကို ကျော်တက်ကွေ့ဝိုက်မောင်းနေခဲ့လျက် ..၊

"ကင်း ဘယ်လိုဖြစ်နေသလဲ .."

နေရဲ မျက်နှာပျက်သွားသည်။ ထိုစဉ် ဘက်ခ်မှန်ထဲမှာ မြင်လိုက်သည့်ကားကို သတိထားမိကာ ..၊

"မကျော်နဲ့ဦး နောက်ကားတစ်က်လာနေတယ် .."

"ငါ မင်းကိုမေးတာ ကားကြည့်ခိုင်းနေတာမဟုတ်ဘူး .."

နေရဲ က မျက်နှာလွှဲပစ်လိုက်သည်။ ပြီးမှ ..၊

"ကော့ လိုပဲ သူ ဘယ်သူ့ကိုမှ မသိတော့ဘူး .."

ဟင် !...

ကားက ခါရမ်းသွားသလို တစ်ချက်ဖြစ်သွားကာ လမ်းဘေးကို ထိုးဆင်းသွား၏။ ပြီးတော့ သိမ့်ခနဲ မြောက်ခုန်ရပ်သွားခဲ့ပြီး ..၊



"နေရဲ .. မင်း .."

"ကော့ ထက် ပိုဆိုးတာက သူ့တစ်ကိုယ်လုံးမှာ မင်း မြင်ချင်မှ မဟုတ်တဲ့ အမှတ်အသားတွေ .."

"ဟော့ကောင် .. မင်းတော်တော့ .."

နေရဲ ဟိုဘက်လှည့်နေပေမယ့် လက်မောင်းတစ်ဖက်ကို ဆောင့်ဆွဲ ခါလိုက်ပြီး သတင်း တက်ခေါက်သည်။

ပြီးတော့ စတီယာရင်ကို တင်းခနဲဖိဆုပ်လိုက်ပြီး တံခါးဖွင့်ဆင်း သွား၏။ နေရဲ မျက်နှာ မသာမယာနှင့် ဒီဘက်ကလိုက်ဆင်းသွားခဲ့ပြီး..၊

"ငါပြောခဲ့သလိုပဲ သူ့ပါးစပ်ထဲမှာ ဖိုး လို့ပဲပြောနေတယ်၊ ပြော နိုင်နေတုန်းက ဒါပဲပြောနေပြီး မင်းကိုလည်း သူ မယူရဲတော့ဘူးလို့ ပြောတယ် .. သူ့ကိုတော့ ပစ်မထားပါနဲ့လို့ ကြီးညို ကို .."

"တောက် ..."

သတင်း ရဲ့ တက်ခေါက်သံကြောင့် နေရဲ တစ်ချက်တုံ့ဆိုင်းသွား သည်။ ပြီးမှ ..၊

"ငါ့မှာလည်း ကလေးကတစ်ဖက် လူမမာတစ်ဖက်နဲ့မို့လို့ ကော့ အမေ ရောက်မလာမချင်း သူ့ဆီကြာကြာသွားမကြည့်ဖြစ်ခဲ့ဘူး၊ ကြီးညို ကလည်း သူ့ကို ကာကွယ်မပေးနိုင်ခဲ့ဘဲ .."

နေရဲ က အဖြစ်သနစ်တွေကိုပြောပြနေခဲ့၏။ သေနတ်မောင်းတင် ပြီး စောင့်ရှောက်နေပေးခဲ့တဲ့ ရဲတွေတောင် ဘာမှမတတ်နိုင်ခဲ့ဘဲ ခုထိ ဘာဆိုတာကို မဖော်ထုတ်နိုင်ခဲ့ကြပေ ..။

ကင်း ရဲ့ အဖြစ်က စောင့်ရှောက်ပေးသူတွေရှိနေကြသည်။ အရင် ကြီးလည်းမရှိတော့ဘူးလို့ သိထားကာ တစ်မနက်တော့ ရွှင်ရွှင်လန်းလန်း လေးဖြစ်လာခဲ့သည်။ စကားတွေဘာတွေပြောနေခဲ့သေး၏။

ဒါပေမယ့် ညသန်းခေါင်ရောက်တာနှင့် တံခါးတွေအလိုလိုပိတ် သွားကာ မိုးလင်းတဲ့အထိ ဘယ်သူမှ ဖွင့်မရခဲ့သော အခန်းထဲမှာ နောက်

www.burmeseclassic.com

www.burmeseclassic.com



ထပ်ရက်ဆက် ရှင်သန်နေခဲ့ရကာ ..၊

"သူ ဘယ်သူ့ကိုမှ စကားမပြောတော့ဘူး .. ထွက်လည်း မလာတော့ဘူး .. တစ်နေ့ကစပြီး သူ အခန်းတံခါးကိုဖြတ်ပစ်လိုက်တယ်၊ အထဲနဲ့ အပြင် မြင်နေရအောင်လုပ်ခဲ့ကြတယ်၊ ဒါပေမယ့် ဆယ့်နှစ်ရာထိုးပြီဆိုတာနဲ့ မီးမှောင်ကျသွားပြီး သူ့အော်သံကို ကြားရတော့တာပဲ .."

လူတွေ မှောင်မည်းမည်းထဲမှာ ပြေးလွှားရင်း အလင်းရောင်ရှာဖွေနေကြစဉ် သူမရဲ့ အော်သံတွေကြောင့် ငရဲပွက်သလိုဖြစ်နေခဲ့ရသည်။ ပြန်တွေ့ကြရပြီဆို အခန်းတစ်ခုထဲမှာ ..။

"နောက်ထပ် မင်းရဲ့ ဟိုအရင် တစ်ယောက်အိပ်ခန်းတံခါးကို ထပ်ဖြုတ်ကြတယ် .. အဲဒါ ဒီညပဲ .."

"ဘာတွေဖြစ်နေတာလဲ .. အဲဒီကောင် ဘယ်သူလဲ .."

"ဒိုး လို့ပဲ သူ့အော်နေတာ၊ ငါလည်း သူ့အဖြစ်ကို မနေ့ညကမှ.."

"ဟာကွာ ..."

"ဒုန်း ..."

"သတင်း .. ဟေ့ကောင် .. မလုပ်နဲ့လေကွာ .."

"ငါ .. ငါ့ကြောင့် .."

"ဒုန်း ..."

"သတင်း .. မင်းကွာ .."

ကားဘွန်းနက်ကို နှစ်ချက်ဆက်တိုက်ထိုးချပစ်လိုက်သဖြင့် လက်သီးချက်အတိုင်း ချိုင့်ရာထင်သွား၏။ လက်သီးဆုပ်ထားဆဲ လက်ဆစ်တွေမှာ ပေါက်ပြဲသွေးစို့ကုန်လျက် ..၊

"ကင်း ကို ထားခဲ့ပြီး အလုပ်နောက်လိုက်ခဲ့မိတာ အဲ့ဒါတွေဖြစ်ရတာ ငါ့ကြောင့် .."

"အလုပ်ကလည်း မလုပ်ဘဲနေလို့မှမရဘဲ သတင်း ရာ .. ဒါတွေဖြစ်လာမယ်လို့ ငါတို့မှ ကြိုမသိရတာ၊ မင်းပဲ ခုနက ပြောခဲ့ပြီး ကိုယ့်



ကိုယ်ကိုယ်ကျမှ ဘာဖြစ်လို့ အပြစ်တင်နေရတာလဲ .."

"မဟုတ်ဘူး .. ကံစီမံရာပေမယ့် ငါတို့မှာ ဉာဏ်ရှိသေးတယ် .."

"ကံမရှိ ဉာဏ်ရှိတိုင်းမွဲ ဆိုတဲ့ စကားရှိတယ်လေ၊ ကြိုးစားနေတာကောင်းပေမယ့် ကံ ဉာဏ် ဝီရိယ သုံးပါးစလုံးက အမြဲညီညွတ်နေပါ့မလား .. သတင်း နေဦးကွ .."

ပြောနေရင်း သတင်း က ကားထဲပြန်ဝင်ဖို့လုပ်သဖြင့် လိုက်ဆွဲထားရင်း ..၊

"ခဏနေဦး .. မင်း မြန်မြန်ပြန်ရောက်သွားလည်း ကင်း က မင်းကို သိမှာမဟုတ်ဘူး၊ မင်း မသိသေးတာတွေ ငါပြောပြမယ်၊ ပြီးရင် ငါတို့ ဒါကို ဖြေရှင်းဖို့ကြိုးစားရမယ်လေ .."

သတင်း က လက်ကိုဆောင့်ရုန်းလိုက်ပြီး ချာခနဲကျောခိုင်းပစ်သည်။ မျက်ရည်တွေလည်နေပြီဆိုတာ သိလိုက်သဖြင့် နေရဲ ဘာစကားနဲ့ နှစ်သိမ့်ရမလဲစဉ်းစားနေတုန်း ..။

"ငါကွာ ..."

ကျိခနဲအံကြိတ်သံနှင့်အတူ ကားမှာ လက်တင်ရင်း မျက်နှာအပ်၍ ငိုလေသည်။ ယောကျ်ားကြီးဖြစ်ပြီး ငိုကြွေးနေတာပေမယ့် နာကြည်းခြင်း မဖြစ်ဘဲ နေရဲ မကြည့်ရက်အောင်ဖြစ်နေမိသည်။

"သေဆုံးပျောက်ကွယ်သွားတာနဲ့စာရင် ငါတို့ဖြေသာပါသေးတယ်ကွာ .. အကောင်းဆုံးတွေဖြစ်မလာနိုင်သေးပေမယ့် ဒီအဆိုးတွေက လွတ်မြောက်ဖို့ကြိုးစားလို့ရနေသေးတာပဲ .."

သတင်း မျက်နှာမော့လာသည်။ သူ တစ်ရှူးပေးတော့မယူဘဲ မျက်နှာကို လက်နှစ်ဖက်နဲ့ ဖိပွတ်ပစ်ရင်း မျက်လုံးတွေမှိတ် ခေါင်းခါသည်။ ပြီးတော့ ..၊

"ဆောရီးကွာ .. မင်းလည်း ခံစားနေရတဲ့သူပါ၊ ငါ ထိန်းလို့မရဘူးဖြစ်သွားတယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ငါ နားလည်ပါတယ်၊ ငါ ခံစားရတယ်ဆိုတာ ကိုယ့်ရှေ့မှာဖြစ်နေတာကို ကိုယ်တိုင်စောင့်ကြည့်နေလို့ရတယ်၊ မင်းကတော့ မျက်ကွယ်ရာရောက်နေခဲ့တာလေ .."

"ဟုတ်တယ် .."

သတင်း အသံတွေအက်ရှသွားခဲ့ပြီး မျက်နှာငုံ့ကျသွားသည်။ ပြီးတော့ မြေပြင်ကို အဓိပ္ပာယ်မဲ့ငုံ့ကြည့်နေရင်း ...၊

"ရက်ပိုင်းလေးအတွင်းမှာ ဖြစ်ပျက်ကုန်တာ ဘယ်လိုမှ မယုံနိုင်ဘူး .. ကင်း တစ်ယောက်တည်း .. သူ .."

"သတင်း ..."

အသံတွေတိမ်ဝင်သွားတော့ နေရဲ သတင်း ရဲ့ ပခုံးကို အားပေးသလို ဖိညှစ်ဆုပ်ကိုင်လိုက်ရင်း ...၊

"ငါတို့ဖြစ်လာမှာတွေကိုပဲ ဉာဏ်မီသလောက် တွေးကြည့်ရအောင်ကွာ .."

"ငါ ကင်းကို တွေ့ချင်တယ် .."

"နေပါဦး .. မင်း ခရီးရောက်မဆိုက် စိတ်ဆင်းရဲသွားရုံအပြင် ဘာမှထူးလာမှာမဟုတ်ဘူး .. အဲဒါကြောင့် .."

"သူ ငါ့ကိုတော့ .."

"မင်းကို သိနေရင်တောင် သူ ပျော်သွားမှာမဟုတ်ဘူးဆိုတာ ငါ ပြောရဲတယ် .."

သတင်း ရဲ့ နားမလည်သည့် မျက်လုံးတွေက ဆွေးမြေ့ခြင်းတွေပါ ရောယှက်နေခဲ့လျက် ...။

"ငါ သူ့ကို မရရအောင်ကယ်မယ် .."

"ဟုတ်တယ် .. ကယ်ရမယ်၊ ကေ ဘာဖြစ်သွားလဲဆိုတာလည်း ငါ သိရမှဖြစ်မယ်၊ တရားခံက တစ်ယောက်တည်းပဲ သတင်း၊ တစ်ညတည်းမှာ ဖြစ်ကုန်တာ ချိုချစ် ပြိုပျက်မွေသွားတာ၊ အဲဒီညက သူ မသေခဲ့



ရင်လည်း ခုလောက်ဆို ငါ လည်ပင်းညှစ်သတ်လို့ သူလည်း သေမယ်၊ ငါလည်း ထောင်ထဲရောက်နေလောက်ပြီ .."

ပြောပြီး တက်ခေါက်လိုက်မိသည်။

မိန်းမယုတ်လေး .. သေတာတောင် သနားစရာကောင်းအောင် မသေဘဲ ညစ်ပဲညစ်ပတ်နိုင်လွန်းသည်။

သူမ ဘာတွေလုပ်ခဲ့မှန်းမသိပေမယ့် ...၊

"ဖိုး က ပျောက်နေတယ်ဆိုတည်းက သူတို့ချင်း ချိတ်ဆက်ရှိနေကြတာ အသိသာကြီး .."

"ကင်း က ဒီကောင့်ကို အရုပ်ထဲမှာရှိတယ်လို့ပြောနေတာ ဘာကြောင့်လို့ မင်း ထင်လဲ .."

"သူတို့ကတော့ ကင်း ကယောင်ချောက်ချားဖြစ်နေတာတဲ့ .."

"မကေ ရော .. ကင်း ရော နှစ်ယောက်စလုံးလား .."

နေရဲ က သတင်း မျက်နှာကိုသေချာပြန်ကြည့်သည်။

"မင်းက ဘာပြောချင်တာလဲ .."

သတင်း ဘာမှမဖြေဘဲ လမ်းဘေးက လယ်ကွင်းတွေကို ငေးရင်း ငြိမ်သက်နေ၏။ နေရဲ ကတော့ အရုပ်လို့ စလိုက်မိတည်းက ရဲစခန်းထဲမှာ မြင်ခဲ့ရသည့် မျက်လုံးတွေကို မြင်ယောင်လာကာ ...၊

"ငါ့ယောက္ခမက ပြောတယ် သတင်း .. အဲ့ဒီအရုပ်မှာ သရဲမှီနေတာတဲ့ .."

သတင်း က ငြိမ်နေခဲ့၏။ သူ နားထဲမှာ ကြားယောင်လာတာက တားထဲက လှမ်းပြောသွားသည့် မိန်းမကြီးရဲ့ စကားတွေ ...။

"နင့်မိန်းမကြောင့် ငါ့သား သေခဲ့ရတာ .."

"ဒေါသကြီးလှချေလား .. ဂုဏ်သတင်း .."

စကားသံတွေကိုလည်း မမေ့၊ မျက်နှာကိုလည်း မမေ့နိုင် ...။

"ကေ က သရဲလို့ပဲအော်နေတာကွာ .. ငါလည်း အဲ့ဒီအရုပ်စုတ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်နဲ့ မျက်လုံးချင်းဆုံတာ နှစ်ခါ ..”

“ဖိုး ရဲ့ လိပ်စာကို ရဲစခန်းက သိနေတယ်ဆိုရင် မင်းမေးကြီး ငါ့ဆီ မေးလ်ပို့လိုက်ကွာ ..”

“ဖိုး!.. ဟုတ်လား .. မင်းက ..”

“သူက အမိကပဲ ..”

“ဟုတ်တယ် .. ဒါပေမယ့် ရဲတွေတောင် သူ့ကိုအစရှာလို့မရကြ ဘူး ..”

“မြေပေါ်မှာ ရှာမရရင် မြေအောက်မှာရှာမယ်၊ ငါ့ကိုကြိမ်းဝါးသွားတာ ဖိုး ရဲ့ အမေမှန်ရင် ဒီကောင်သေပြီ ..”

ဟင်!...

နေရဲ ကြက်သီးထသွားသည်။ ဒီမိန်းမကြီးနဲ့တွေ့ခဲ့တဲ့ ကိစ္စကိုလည်း သတင်း သူ့ကိုပြောပြခဲ့ဖူးသည်။ ဒါနဲ့တောင် ဒီအချက်ကို သူတို့ဘာလို့ မတွေးမိကြတာလဲ ..။

ရဲစခန်းမှာ သူ့အကြောင်းပြောနေတုန်း အရုပ်က မျက်ထောင့်နီကြီးနဲ့ စိုက်ကြည့်ခဲ့သေးသည်။

“ဟုတ်တယ် .. အဲဒီလျှို့ဝှက်နဲ့ ငါတို့ခံနေရတာ၊ နေဦး သတင်း.. ဒီကောင့်လိပ်စာ ငါယူထားတယ်ကွ ..”

နေရဲ က လိပ်စာထုတ်ကြည့်နေစဉ် သတင်း က တစ်စုံတစ်ယောက်ဆီ ဖုန်းခေါ်နေပြီဖြစ်လျက် ..။

“အေး .. မင်းသွားရင် ဘယ်လောက်ကြာမလဲ .. အမြန်ဆုံးကြာချိန် ..”

“.... .... ....”

“အေး .. ငါစောင့်နေမယ်၊ သူ့အမေရဲ့ ဓာတ်ပုံ ငါ့ဆီရောက်အောင် မဖြစ်ဖြစ်တဲ့နည်းနဲ့ ပို့ပေးကွာ .. အရမ်းအရေးကြီးလို့ ..”

“.... .... ....”



“အေး .. ငါပြောမယ် .. မှတ်ထား ..”

ပေးနေတာကို လှည့်ယူလိုက်တော့ လိပ်စာဆိုတာ နံပါတ်တွေ ရပ်ကွက်တွေမပါ။

သတင်းက နေရဲ ကို ကြည့်လျှင် နေရဲ က လိပ်စာကိုပဲထိုးပေး၍..၊

“ငါ့ကို ဒုရဲအုပ်ကိုယ်တိုင်ပေးတာ .. ဒါပဲကွ ..”

မြဝတီမှာပေမယ့် မြို့ပေါ်ကနေ ဘယ်အရပ်မျက်နှာကိုသွား ဘယ်လိုဝင် ဘယ်လိုကျော်ဖြတ်ဖို့တွေ လမ်းညွှန်လေးပဲဖြစ်၏။ သတင်း က ခေါင်းညိတ်ကာ လမ်းညွှန်ကိုပဲ ဒီအတိုင်းရိုက်ယူပြီး လှမ်းပို့လိုက်၏။

“သိန်းဇော် .. မြန်နိုင်သမျှ မြန်မြန်နော် ..”

ပြောနေရင်း ကားထဲပြန်ဝင်သည်။ နေရဲ လည်း ဒီဘက်က ပြေးတက်လိုက်ရပြီး ..၊

“ငါတို့ ဒီလျှို့ဝှက်ချက်ကို ဦးထွန်းနိုင် တို့ကို ပြောပြဖို့လိုမလား ..”

“အရှုးလို့ အပြောခံချင်ရင် ပြောလိုက်ပေါ့ ..”

နေရဲ ချက်ချင်း ခေါင်းခါ၏။ ကားကိုလမ်းမပေါ် ပြန်တင်လိုက်ရင်း သတင်း မျက်နှာက တင်းမာနေခဲ့လျက် ..၊

“ဒီပြဿနာက ရဲနဲ့ ရှင်းရမယ့် ပြဿနာမဟုတ်ဘူး ..”

“ဒါပေမယ့် ဖိုး က ရှိနေသေးတယ်ဆိုရင် ..”

“ဒုန်း ...”

ကားက ဒုန်းခနဲဆောင့်ခုန်သွားသည်။ နေရဲ မျက်လုံးပြူးသွားကာ ဆုံးဖြတ်ချက် တစ်ခါတည်းချ၏။

မပြောတော့ဘူး ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၄ )

"ကင်း .."

ကင်း က စောင်ခေါင်းမြီးခြုံထားတာ မျက်လုံးလေးတွေပဲပေါ်သည်။ ဒေါ်ညိုညို က မျက်ရည်တွေကျနေ၏။ သတင်း က ကင်း ကို ငေးကြည့်ရင်း ရှေ့တစ်လှမ်းတိုးလိုက်လျှင် ...၊

"ဟင်းနော် .."

ကင်း က ခုတင်ခေါင်းရင်းထပ်ကပ်သည်။ စောင်ကို တင်းကပ်နေအောင် ဆွဲခြုံ၏။ ထို့ပြင် သတင်း ရဲ့ ခြေလှမ်းကို အလန့်တကြားကြည့်၍ တားဆီးသံက 'ဟင်း' သံမဖြစ်ဘဲ 'ဂီး' လို့ မာန်ဖီနေသည့်နှယ် ...။

"သားရယ် သူ ဘာမှလည်း မစားတော့ဘူး၊ ရေတောင် တစ်ကျိုက်သောက်ပြီး လန့်ဖျပ်အော်တယ်၊ ကြီးကြီးကိုလည်းလေ .."

ဒေါ်ညိုညို ပြောပြရင်း တရှိုက်ရှိုက်ငို၍ ပြေးထွက်သွားလေသည်။ သတင်း နေရာမှာတင် ကျောက်ချလိုက်သလို ရပ်တန့်သွားခဲ့ပြီး ...၊

"ကင်း ကို့ကို မသိတော့ဘူးလား .."

"ဟီး .. ဟီး .."

ခေါင်းခါရင်းထွက်လာသည့်အသံက လူမဟာ ညည်းသံလိုလို



ခွေးပေါက်လေးတစ်ကောင် မာန်ဖီနေသံနဲ့လည်းတူလျက် ခုတင်ခေါင်းရင်းကနေ ပွင့်ထွက်ပြူတ်ကျမတတ် တိုးပြီးရင်းတိုးကပ်နေသဖြင့် သတင်း က လက်ကာပြရင်း ...၊

"ကိုကို မင့်နားကိုမလာပါဘူး .. ဒါပေမယ့် မင်း ထမင်းစားရမယ်.."

"ဟီး .. ဟီး .. ဟင့်အင်း .. သွား .."

"မသွားဘူး .. မင်း ဘာမှမစားဘူးဆိုရင် အပြင်ကလူတွေ အကုန်လုံး ဒီယဲခေါ်လိုက်မယ် .."

"ဟင့်အင်း .. ဟီး .. ဟီး .. ဟီး .."

"မသင်း ထမင်းပွဲယူလာခဲ့ပါ .."

အဆင်သင့်စောင့်နေသည့် အလုပ်သမားအသစ်က ထမင်းပန်းကန်တွေနဲ့ ဗန်းလေးကိုင်လျက် ချက်ချင်းရောက်လာ၏။

"မင်း မစားဘူးဆိုရင် ငါ အနားကပ်လာခဲ့မယ် .."

ကင်း ခေါင်းတွင်တွင်ခါသည်။ သတင်း က နောက်ကိုခြေလှမ်းဆုတ်ရပ်လိုက်ကာ ထမင်းစားဖို့ လက်ဟန်ပြ၏။ ကင်း ခေါင်းမြီးခြုံကို သာသာလေးဖြည်သည်။

နှုတ်ခမ်းသားလေးတွေပေါ်လာသည်နှင့် သတင်း မျက်နှာလွှဲပစ်မိ၏။ ပါးပြင်လေးပေါ်မှာ နှုတ်ခမ်းပေါ်မှာ ဒဏ်ရာတွေ ...။

"တောက် !.."

သူ့ တက်ခေါက်သံကြောင့် ကင်း တုန်ခနဲဖြစ်သွားသည်။ ပြီးတော့ ပန်းကန်ကို တအားဆောင့်တွန်းပစ်လိုက်၏။ ထို့ပြင် ပါးစပ်ထဲရောက်ပြီးသည့် ထမင်းတွေကိုပါ ဝေါခနဲ အန်ချပစ်လေသည်။

"သား .. လာပါ လူလေးရယ် .. သူ့ခမျာ သနားပါတယ် .."

ဒေါ်ညိုညို ပဲ ပြန်ရောက်လာပြီး သတင်း ရဲ့ လက်မောင်းကို အတင်းဆွဲခေါ်ခဲ့ရတော့ ...၊

"နားလည်တဲ့လူတွေလည်း ပြောနေကြတယ် သား .. သမီးလေးက ပယောဂဝင်နေတာတဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



"ပယောဂပဲဖြစ်ဖြစ် သေမိန့်ဖြစ်ဖြစ် သူ့ရဲ့ ရှင်သန်ခွင့်အတွက် ကျွန်တော် ရအောင်ကယ်မယ် .."

သတင်း က ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေကာ အလုပ်သမားတွေ တဖွဲဖွဲရောက်ချလာကြသည်။ ဘာလုပ်ကြမလို့လဲမေးတော့ အခန်းတံခါးတွေ ဖြုတ်ပစ်မလို့ဟု သိရကာ ..၊

"အကုန်လိုက်ဖြုတ်မှာလား သား .."

"ဖြုတ်ပစ် .. ပြတင်းတံခါးတွေပါ ဖြုတ် .. ဘယ်ကောင် ဘယ်တံခါးက ဝင်မလဲကြည့်မယ် .."

အိမ်ထဲမှာ လူတွေရှုပ်နေကာ လျှပ်စစ်မီးတာဝန်ယူသည့် လူငယ်တွေလည်းရှိနေကြ၏။ ဒေါ်ညိုညို ခုမှ လုံခြုံသွားသလို ခံစားမိရကာ သတင်း လှုပ်ရှားနေသမျှ ဘာမှမမေးတော့ဘဲ ကြည့်နေမိခဲ့၏။

"ညဆယ်နာရီကျော်တာနဲ့ လျှပ်စစ်မီးတွေကို မင်းတို့ နေရာတကျ တာဝန်ယူရမယ်၊ ထွန်းထွန်း တို့က အင်ဗာတာနဲ့ ချိတ်ထားတဲ့ကြိုးတွေ မိန်းတွေကို စစ်ထား .."

"စိတ်ချ ကိုကြီး .. ကျွန်တော်တို့က မီးစက်တာဝန်ယူထားတာ၊ ကျွန်တော်တို့ဘက်က ဘာမှချွတ်ချော်တိမ်းစောင်းမှုမရှိစေရဘူး .."

"အား ..."

"ဟင် !..."

"ဘယ်သူ ဘာဖြစ်တာလဲ .."

အိမ်ပေါ်ထပ်က အော်သံကြားလိုက်ရကာ သူတို့တွေ နားစွင့်လိုက်မိစဉ် ..၊

"ကိုဂုဏ်သတင်း .. ဟိုမှာ .."

"ဒုန်း .. ဒုန်း .."

"ဟာ .. ဓေယျ .. ဓေယျ ပြုတ်ကျပြီ .."

အိမ်ပေါ်ထပ်က ပြေးဆင်းလာတာဖြစ်ကာ သူတို့မြင်ကွင်းထဲကိုတော့ လှေကားကနေ ဒလိမ့်ခေါက်ကွေးပြုတ်ကျလာလေသည်။



"ကိုဓေယျ .."

"ဓေယျ .. ဓေယျ ရေ .."

သူနဲ့အတူ ပါလာကြသည့် လက်သမားတွေ နောက်ကနေ ပြေးထွက်လာကြကာ လှေကားအတိုင်း ပြေးဆင်းလာကြ၏။ ဓေယျ သည် လူတွေဝိုင်းနေသည့်အလယ်မှာ သွေးသံရဲရဲနှင့် လဲကျနေခဲ့လျက် ..၊

"ကိုဓေယျ ..."

သတင်း က အိမ်ရှင်ပီပီ ဓေယျ ကို ပွေ့ထူလိုက်ပြီး ..၊

"ကိုဓေယျ ခင်ဗျားကို ဆေးရုံပို့ပေးမယ် .. ခဏတောင့်ထား .."

ပြောပြီး ဆေးရုံကားခေါ်ဖို့ လှည့်ပြောလိုက်၏။ ထိုကိစ္စအတွက် ဝိုင်းကြည့်နေသည့်လူတွေ ပျာပျာသလဲ လှုပ်ရှားသွားကြစဉ် ..၊

"ဂုဏ်သတင်း .."

သတင်း ရဲ့ လက်ကောက်ဝတ်ကို ဓေယျ က ဖက်ခနဲဖိဆုပ်ထားလိုက်၏။ နဖူးကနေ မျက်ခုံးနဲ့ မျက်လုံးတွေကို ဖြတ်သန်းစီးကျခဲ့သော သွေးစီးကြောင်းတို့နှင့် ဓေယျ ရဲ့ မျက်နှာသည် သေအံ့မူးမူးလူနာတစ်ယောက်နဲ့ လုံးဝခြားနား... ပြီး ..၊

"မင်းကို သတ်ချင်တာ .."

မျက်လုံးတွေက စူးရဲတောက်ပြောက်နေခဲ့လျက် သွားကြားစေ့သံက နားထဲကို တုန်နှုန်းများစွာဖြင့် နားဝင်ဆိုးစွာ ရိုက်ခတ်သွားသည်။

သို့သော် ခဏအတွင်းမှာပင် လက်မှာ မာကျောတင်းခဲစွာ ဖိဆုပ်ထားသည့်လက်က လျှော့ရဲလျှော့ကျသွားခဲ့ပြီး မျက်လုံးတွေ ပိတ်ကျသွားသည်။

ထို့ပြင် ခေါင်းသည်လည်း တစ်ဖက်သို့ စောင်းကျသွားလေသည်။

"ဘာဖြစ်လို့လဲ သား .. ကောင်လေး ဘာဖြစ်သွားတာလဲ .."

"သတိရလာတာလား .."

ဒေါ်ညိုညို နဲ့ တခြားလူတွေ ဒီဘက်ပြန်လှည့်လာကြသည်။ သတင်းက စူးစိုက်ကြည့်နေမိဆဲ ..၊

www.burmeseclassic.com

www.burmeseclassic.com



ဒါ ဓေယျ ပြောတာမဖြစ်နိုင် ..။

ဓေယျ ဆိုတာတောင် သူတို့ချင်းခေါ်ကြလို့သာ နာမည်ကိုသိခဲ့ရတာဖြစ်သည်။ အလုပ်သမားဖွဲ့တွေကို ခေါ်ခဲ့ပေမယ့် ခေါင်းဆောင်သူတွေကိုပဲ သိသည်။ ကျန်တဲ့လူတွေကိုမသိ ..။

ကိုယ့်ကိုသတိချင်နေလောက်အောင် ဘာအကြောင်းရှိလို့လဲ ..။

ဒဏ်ရာပြင်းလို့ ကယောင်ကတမ်းထပြောတာဆိုရင်လည်း ..၊

"ဟာ .. ဒီကောင် အသက်မရှိတော့ဘူး .."

"ဟုတ်ရဲ့လား .. အောင်မလေး လုပ်ကြစမ်းပါဦး၊ မထိတ်သာမလန့်သာဟယ် .."

ဓေယျ ကို သူ့ခေါင်းဆောင်က လက်ပြောင်းယူလိုက်ပြီး ..၊

"မဟုတ်ပါဘူး ဆေးရုံရောက်မှ သေချာသိရမှာပါ၊ ဆေးရုံပို့ဖို့အရင်လုပ်မယ် .."

ဆေးရုံကားသံက နားထဲမှာ မင်္ဂလာမဲ့စွာဝင်လာနေ၏။ သတင်းမျက်မှောင်ကုတ်နေလျက်နှင့်ရှိနေသည့်လူတွေကို လိုက်ကြည့်မိကာ...၊

"အခု ဒီမှာလူတွေအကုန်လုံးရှိနေဘာလား .."

"ရှိတယ် .. အပေါ်တံခါးတွေပဲဖြုတ်ဖို့လိုလို့ .. ဓေယျ တို့က .. အဲ .."

အတူတူလာကြသည့် အီးပီစီသမားတစ်ယောက်က စကားတစ်ပိုင်းတစ်စနှင့် ..၊

"စံကေး .. မင့်ညီရော .."

စံကေး ဆိုသူက ထိုသူပြောကာမှ လှည့်ကြည့်ရှာ၏။ တစ်ယောက်လိုနေတာက လက်သမားတစ်ယောက်ဖြစ်ကာ အောက်မှာ ပြဿနာရှိနေတာတောင် ဆင်းကြည့်ဖော်မရတာ သွေးရိုးသားရိုး မဖြစ်နိုင် ..။

သတင်း ပထမဆုံးလှေကားပေါ်ပြေးတက်သွားခဲ့၏။ နောက်ကနေလူငယ်တွေလိုက်သွားကြကာ ..၊

"ဟာ .. လှဝင်း ဒီမှာ .."



ဖြုတ်ထားသည့် မှန်တံခါးချပ်ကို ကိုင်ထားလျက်နှင့် နံရံမှာ မှီလျက် သတိလစ်နေသည်။ သို့သော် မိုက်မှာ မှန်ကွဲစရှနေသဖြင့် သေဆုံးနေတာလည်း ဖြစ်နိုင်ကာ ..၊

"လှဝင်း .. ဟေ့ကောင် .."

"အား ..."

"စိုးကြီး တအားကိုင်မလှုပ်နဲ့လေ .. မိုက်မှာ ဒဏ်ရာနဲ့ကွ .."

စိုးကြီး လန့်သွားပြီး နောက်ပြန်ဆုတ်သည်။ ထိုစဉ် လက်သမားဆရာက လှဝင်း ဖိဆုပ်ကိုင်ထားသည့် ပြတင်းတံခါးကို အသာဆွဲယူဖို့ပြင်လျှင် ..၊

"တံခါးကို ဖြုတ်ရဲဖြုတ်ကြည့် .."

"သောက်ခွေး၊..."

"အောင်မလေး .. ဘာတုံးဟ .."

အသံနက်ကြီးနှင့် အော်ပစ်လိုက်သော လှဝင်း ကြောင့် ယောကျ်ားတွေအားလုံး ပက်ခနဲလန့်ထွက်ကုန်ကြကာ ထိုင်လျက်ကနေ ဆောဘက်ထောက်ပြေးတဲ့သူကပြေး ..။

"သရဲ .. အဲဒါမှ တကယ့်သရဲ .."

"ဟေ့လူတွေ .."

သတင်း က ဝရုန်းသုန်းကားထအော်သူတွေကို ဩဇာသံအပြည့်နှင့် လှမ်းအော်တားဆီးကာ ..၊

"လှဝင်း .. မင်း သတိရနေတယ်မို့လား .. ဘာတွေဖြစ်ကုန်တာလဲ.."

ရုတ်တရက် ထအော်ပြောလိုက်ပေမယ့် လှဝင်း ခေါက်ခနဲခွေကျသွားကာ အသက်ကို မျှင်းရှူနေရင်း စကားလည်း မပြန်နိုင် သတိလစ်သွားတာလည်းမဟုတ် ..။

"ဒီလူ ဘာထဖြစ်တာလဲ .."

"သရဲ .. အဲဒါလည်း သရဲပဲ .."

လူအများရဲ့ စကားသံတွေကို သတင်း မတားဆီးနိုင်တော့ဘ ..

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်မှာ အခန်းနှစ်ခန်းနဲ့ ပြတင်းတံခါးတချို့ မဖြုတ်ရသေးဘဲ တွန့်ရစ်ခဲ့လျက် ..။

"ဒီမှာ တံခါးတွေဖြုတ်တာမကြိုက်တဲ့ တစ်ခုခုရှိနေပြီ၊ ကျွန်တော်တို့ အန္တရာယ်ဖြစ်ခံပြီးတော့ မလုပ်ပါရစေနဲ့ဗျာ .."

"နေပါဦး .. ခင်ဗျားလူတွေ ကိုင်တာတွယ်တာ ပေါ့ဆမိလို့ ထိခိုက်မိကုန်တာလည်း ဖြစ်နိုင်တာပဲ၊ အလုပ်အပ်ထားတာကိုတော့ ပြီးအောင်လုပ်ရမှာပေါ့ .."

တခြားလူတွေကျန်ခဲ့ပေမယ့် လက်သမားတွေကတော့ တောင်းပန်ခေါင်းခါရင်း ဘယ်လိုမှ ဆက်လုပ်မပေးကြတော့ပေ ..။

"သူတို့ ဘာဖြစ်ကြတာလဲဆိုတာ ပြန်ပြောနိုင်ရင်တောင် ပြောမပြနိုင်ခင် နောက်ထပ် ဘယ်နှစ်ယောက်ထပ်ဖြစ်မလဲဆိုတာ မသိဘူး တောင်းပန်ပါတယ်ကွာ .."

သတင်း မျက်နှာ သုန်မှုန်နေခဲ့လျက် နာရီငုံ့ကြည့်၏။

အချိန်က ညနေသုံးနာရီခွဲ ..။



## အခန်း (၂၉)

"ဟာ .. မီးတွေပျက်သွားပြီ .."

"အား ..."

"နှိုး .. အင်ဗာတာမပွင့်ဘူး .."

"ဟော့ကောင်းတွေ မီးစက်နှိုးလေ .."

"အား .. ပူတယ် .."

"ဟော့ကောင် မကိုင်နဲ့တော့ ဓာတ်လိုက်နေတာ .."

မီးတွေ ဖျတ်ခနဲမှောင်ကျသွားသည်နှင့် အင်ဗာတာလိုင်းက အော်တိုမဝင်ဘဲ ချိတ်ဆက်ဖို့ကိုင်လိုက်တော့ ဓာတ်လိုက်၏။ မီးစက်သမားတွေဆီက စက်နှိုးသံရော အော်သံတွေပါ ဆူညံနေကာ မီးကတော့ ဘယ်ဆီမှ လင်းမလာခဲ့ဘဲ ..။

"အား ..."

ကင်း ရဲ့ အော်သံလေးရှူးရှူးဝါးဝါးထွက်လာသည်။ သတင်း လက်နှိပ်ဓာတ်မီးကိုင်ကာ ကင်း ဆီ ပြေးဝင်လာခဲ့သည်။ သို့သော် ..၊

"ဒုန်း ..."

www.burmeseclassic.com

www.burmeseclassic.com



"အ ..."

တစ်စုံတစ်ခုက ခြေထိုးခံလိုက်သလို ပစ်စလက်ခတ်လဲကျသွားခဲ့၏။

"ကိုကိုရေ .. ကိုကို ကယ်ပါဦး .. အား .."

"ကင်း ...."

"ဟင့်အင်း .. လွှတ် .."

သူ လူးလှိမ့်ထလိုက်ကာ ကင်း အသံလေးကြားသည့်နောက် ပြေးလိုက်လိုက်ခဲ့သည်။ ကင်း သည် ရေအိမ်ထဲမှာဖြစ်ကာ ထိုအခန်းထဲ ကင်း ဘယ်လိုရောက်သွားခဲ့မှန်း မသိသော်လည်း သူ အတင်းပြေးဝင်လိုက်လျှင် ...၊

"ဂျိမ်း ..."

"အား ..."

"ဘုန်း ..."

တံခါးက ဂျိမ်းခနဲဆောင့်ပိတ်သွားကာ သတင်း တစ်ကိုယ်လုံး ဆောင့်တွန်းခံလိုက်ရသလိုဖြစ်သွား၏။ ဓာတ်မီးလည်း လွှတ်ထွက်သွားသည်။ သို့သော် ...၊

"ကင်း ..."

အဆမတန် နာကျင်သွားသော်လည်း သူ ချက်ချင်း လူးလဲထလိုက်ပြီး တံခါးကို ကိုယ်လုံးနဲ့ပြေးတိုက်သည်။ တစ်အိမ်လုံးမှာ အကုန်လိုက်ဖြုတ်ထားခဲ့တာ ဒီလိုမဖြစ်စေဖို့ပါ။

ဒါပေမယ့် တံခါးမရှိလို့မဖြစ်သော ရေအိမ်ထဲကိုမှ ...၊

"တောက် .. မင်းက ဘာကောင်လဲ .. ဟိတ်ကောင် .."

နေရာတိုင်းမှာ အဆင်သင့်ထောင်ထားခဲ့သည့် သံတုတ်ကိုပြေးဆွဲကာ တံခါးလက်ကိုင်ဘုကို လွှဲရိုက်ချလိုက်၏။ ဒုန်းခနဲပြုတ်ထွက်သွားတာ တစ်ချက်တည်း ...။

"ကိုကို ..."

"ကင်း ..."

လိမ့်ထွက်သွားသည့် ဓာတ်မီး၏ အလင်းရောင်က အပြင်မှာပဲရှိ



သည်။ အထဲမှာ မှောင်မည်းနေကာ ...၊

"ကင်း ဘယ်မှာလဲ .."

"ဟူး!...."

မျက်လုံးက ကျင့်သားမရသေးမီ မျက်နှာရှေ့ကနေ စိမ့်ခနဲလေအေး ဟပ်သွား၏။ ကိုယ်ကို တစ်စုံတစ်ယောက်က ဝင်တိုက်သွားသလို ခံစားလိုက်ရပြီး ...၊

"သားရေ ..."

"ဆရာ ..."

မီးရောင်တွေ ပြေးလွှားရွေ့ဝဲလာသည်။ လူတွေရောက်လာတော့ ဓာတ်မီးလေးငါးလက်၏ အလင်းရောင်တွေ စုပြုံကျရောက်လာပြီး ...၊

"ကင်း .."

သတင်း မျက်လုံးတွေတောင် ပြာသွားခဲ့သည်။ ပြီးတော့ တစ်နေရာမှာ ပုံကျနေသည့် စောင်ကို ပြေးကောက်ကာ ကမုတ်ရဲ့နောက်မှာ အတင်းတိုးကပ်နေသော ကင်း ရဲ့ ဖရိုဖရဲမြင်မကောင်းဖြစ်နေသော ကိုယ်ပေါ် လွှားခြုံပေးလိုက်သည်။

ပွေ့ယူလိုက်တော့ ကင်း က အတင်းအကျပ်ရုန်းနေကာ ...၊

"လွှတ် .. လွှတ်ပါ .. ဟင့်အင်း .. ကိုကိုရေ .."

"ကိုကိုပါ ကင်း ရယ် .. မရုန်းနဲ့နော် .."

"ဟင့်အင်း .. ဟင့်အင်း .. ငါကြောက်တယ်၊ မလုပ်ပါနဲ့ .. တော်ပါတော့ .. ကယ်ကြပါ .. ကိုကိုရေ .."

ကင်း သူ့ကိုအတင်းတွန်းကန်ရုန်းနေကာ 'ကိုကို' တစ်ခွန်းကိုပဲ တမ်းတနေသည်။ သူမကို အခန်းထဲပြန်ထည့်လိုက်ပြီး နောက်ဆုတ်လိုက်ကာ ...၊

"ကင်း ကို အဝတ်စားတွေလဲပေးလိုက်ပါ ကြီးကြီး .."

"အေးပါ .. လဲပေးမယ်၊ မင်းကိုယ်မင်းလည်း လှမ်းကြည့်ပါဦးကွယ်.. နှုတ်ခမ်းမှာရော မျက်ခုံးရိုးမှာရော သွေးတွေထွက်နေတာ ပိုပိုများလာပြီ .."

www.burmeseclassic.com

www.burmeseclassic.com



အပြင်ကလူတွေက အထဲကိုဝင်လိုက်မလာကြဘဲ အခန်းပြင်မှာပဲ ပြောဆိုဝေဖန်နေကြသည်။ ထိုအချိန်မှာ မီးတွေပြန်လင်းနေပြီဖြစ်ကာ ကင်း က တကိုယ်လုံးတဆတ်ဆတ်တုန်ယင်လျက် စောင်ခေါင်းမြီးခြုံထား၏။

"ကြောက်တယ် .. ကြောက်ပါပြီ၊ မလာပါနဲ့ .. မလုပ်ပါနဲ့တော့ ကြောက်ပါပြီ .. ဟင့် .. ဟီး .. ဟီး .."

"သမီးလေး .."

"အား .. သွား .."

ဒေါ်ညိုညို နောက်ပြန်ဆုတ်၍ သတင်း ကို လှည့်ကြည့်သည်။ သတင်း က မျက်နှာမှာသွေးစိမ့်ယိုမှုတွေရှိနေလျက်နှင့် ဒီတိုင်းရပ်နေဆဲဖြစ်ကာ အံကြိတ်နေသည့် မေးရိုးနှစ်ဖက်က လှုပ်ခတ်နေကြ၏။

"သား .."

"ကျွန်တော် ကင်း ကို ဒီတိုင်းမထားနိုင်ဘူး .."

"ဟုတ်ပါတယ် သားရယ် .. ကြီးကြီးလည်း ရင်ထဲမချိဘဲကြည့်နေရတာပါ၊ သူ ဟိုအစကလောက်တောင် အော်ဟယ်ဟစ်ဟယ်မလုပ်နိုင်တော့ဘူး .. သားကို တမ်းတနေတဲ့တစ်စိတ်ပဲရှိတော့တယ်၊ ဖိုး ဆိုတဲ့ နာမည်လည်းမခေါ်တော့ဘူး .."

ပြောနေရင်း ဒေါ်ညိုညို မျက်ရည်သုတ်သည်။

"မြို့လယ်ခေါင်မှာ ဒီလိုအဖြစ်အပျက်မျိုးရှိလာတာကို နားမလည်နိုင်ဘူး .. ကူရာကယ်ရာမဲ့နေသလိုပဲ .. ဘာလုပ်ရမှန်းလည်း မသိတော့ဘူး .."

"ကျွန်တော်သိတယ် မရရအောင် ဖော်ထုတ်မယ် .."

"ကိုကိုရေ .. လာပါ၊ ကိုကို ကင်း ကို မထားခဲ့ပါနဲ့၊ မြန်မြန်ပြန်ခဲ့ပါ .. ငါ့ကိုကယ်ပါ .. ကိုကို ငါ့ကိုကယ်ပါ .."

ကြားလိုက်ရသည့် ကင်း ရဲ့ စကားသံသည် ဆောင်းနှင်းအေးဒဏ်



ကြောင့် ချမ်းတုန်မေးရိုက်နေသံကဲ့သို့ ကိုယ်ကလည်း တုန်ယင်နေလျက် စကားသံတို့က မပီပြင် ..။

"ကင်း .."

သတင်း ခုတင်နားရောက်သွားကာ စောင်ခေါင်းမြီးခြုံထားတဲ့အတိုင်း ကင်း ရဲ့ တကိုယ်လုံးကို သိမ်းကျုံးပွေ့ပိုက်ထားလိုက်၏။

"ဘာလုပ်တာလဲ .. ဟင့်အင်း .. ဟင့်အင်း .. ကိုကိုရေ .."

"ကိုကိုပါ ကင်း ရယ် .. ကိုကို မင်းဆီပြန်လာပြီလေ .."

"ကိုကို!..."

ကင်း ရဲ့ လှုပ်ရှားရုန်းကန်ခြင်းတွေ ငြိမ်ကျသွားသည်။ သို့သော် ချက်ချင်း ..၊

"ဟင့်အင်း .. လွှတ်ပေး .. လွှတ်ပေး ကယ်ကြပါဦး .. ကိုကိုရေ .."

စောင်ခေါင်းမြီးခြုံကိုဖယ်ချဖို့ကြိုးစားရင်း အတင်းရုန်းနေ၏။ သတင်း က ခေါင်းလေးကိုပါ သိမ်းဖက်ထားပြီး နဖူးလေးမှာ ပါးနဲ့ကပ်ထားသည်။

စောင်တစ်ထပ်ခြားနေပေမယ့် ကင်း ရဲ့ နဖူးလေးကနွေးနေသည်။ မြတ်နိုးယုယလိုသော စိတ်တို့သည်လည်း မနေ့တစ်နေ့ကအတိုင်း မယုတ်မလျော့ ဖြစ်တည်နေဆဲရှိကာ ..၊

"ကိုကို့ ညီမလေး .."

ကင်း ရဲ့ ကိုယ်လေးကို သူ တိုး၍ဖက်ထားမိသည်။ မရုန်းနိုင် မလှုပ်နိုင်တော့တဲ့အထိ ဖက်ထားမိရင်း စကားတွေတတွတ်တွတ်ဆို၍ ..၊

"ကိုကို မင်းအတွက် ဘာမဆိုင်ရင်ဆိုင်မယ်၊ မင်းကို အရင်အတိုင်းပြန်ရအောင် ကြိုးစားမယ် .. ယုံပါကလေးရယ် .. ကိုကို မင်းကို အသက်နဲ့ထပ်တူမြတ်နိုးနေဆဲပါ .."

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၄ )

"မင်း သေချာလား သတင်း .."

"သေချာတယ် .."

သတင်း က ခရီးဆောင်အိတ်သေးသေးလေးထဲကို အဝတ်အစား နှစ်စုံလောက်နှင့် လိုအပ်သော ပစ္စည်းတွေတစ်ခုပြီးတစ်ခု ထည့်နေကာ..၊

"မင်း မိန်းမလည်း အိမ်ပြန်ခေါ်လို့ရနေပြီဆိုတော့ ကြီးကြီးကို မင်း .."

"စိတ်ချစမ်းပါ .. ဒီတစ်ခါ ငါ့ဘက်က လုံးဝမလစ်ဟင်းစေရဘူး ဆိုဟာ ကတိပေးတယ်၊ ဒါပေမယ့် မင်းကိုတော့ စိတ်ပူတယ် သတင်း ရာ .."

"မပူနဲ့ .."

"မပူလို့ဖြစ်မလားကွ .. ဒီမိန်းမကြီးက မင်းကို ကြိမ်းဝါးထားခဲ့ တာလေ .."

ဖုန်းထဲမှာ ဒေါ်ရာဂီ (ခေါ်) ဒေါ်လှလှ ဆိုသော မိန်းမကြီးက နဖူး ပြင်ကျယ်၏ အလယ်၊ မျက်ခုံးထိပ်နှစ်ဖက်နှင့် ကြိုက်ကျကျနေရာမှာ မှည့် နက်ကြီးတစ်လုံး ထင်ရှားစွာနှင့် ..။



"ဒီမိန်းမကြီးက ဖိုး ရဲ့ အမေ ဖြစ်နေတာ တော်တော်ကြောက်ဖို့ ကောင်းနေပြီ .."

"ဘာလို့ကြောက်ရမှာလဲ .."

"သူ တတ်ထားတဲ့ပညာကို မင်း ဘာလက်နက်နဲ့ယှဉ်မှာလဲ .. ပရိဂရမ်မာကို ဟက်ကာတွေက ဂရုမစိုက်ပေမယ့် မင်းလည်း ဟက်ကာ မဟုတ်ဘူး၊ ဒေါ်ရာဂီ ရေးနေတဲ့ ပရိဂရမ်ကလည်း ကွန်ပျူတာပေါ်က ဆော့ဖ်ဝဲတစ်ခုမဟုတ်ဘူးကွ .."

"တော်တော့ နေရဲ .."

အိတ်ကို ကောက်ယူပြီး ခုတင်ခြေရင်းကို ပစ်ချလိုက်ကာ ..၊

"သူ ဘယ်လိုသတ္တဝါဖြစ်နေနေ လူလူချင်း .."

"ငါက စိုးရိမ်လို့ပြောတာပါ၊ ဒီမှာလည်း ရဲတွေတောင် လက်မှိုင် ချနေကြရတယ်၊ သာမန်ဖြစ်စဉ်တစ်ခုမဟုတ်ဘူးဆိုတာလည်း ထင်ရှား နေပြီ၊ နောက်ပြီး ချိုချစ် နဲ့ ဖိုး နဲ့ ပူးပေါင်းလာတာလား .. သားအမိ ဘယ်လိုအကွက်ရွှေ့ထားတာလဲ ဘာတစ်ခုမှ ခန့်မှန်းလို့မရဘူးလေ .."

"ရရ မရရ ဒီမိန်းမကြီးမှာ လူမရောက်နိုင်တဲ့ ဂြိုဟ်တစ်ခုပေါ်က ပြိုင်ဘက်ကင်းတဲ့စွမ်းအားတွေရှိနေပါစေ မပြိုင်ရသေးဘဲ ဘယ်တော့မှ အရှုံးမပေးဘူး .."

"နောက်တစ်ခုက သူ လုပ်တယ် မလုပ်ဘူးဆိုတာလည်း ဘာ သက်သေမှ .."

"နေရဲ .. မင်း ဘာဖြစ်လို့ ငါနဲ့ အော့ပို့ဇစ်တွေပဲပြောနေတာလဲ–"

"စိုးရိမ်လို့ .."

"မစိုးရိမ်နဲ့ .. မင်းလုပ်ရမှာက ငါ့ကို စိုးရိမ်ဖို့မဟုတ်ဘူး .."

"မင်း ခိုင်းမှ ငါက စိုးရိမ်ခွင့်ရမှာလား .. ဒီမှာ ဖြစ်ပျက်နေကြ တာ ကျိုးကန်းရှုံးသွပ်ပြီး ဘယ်သူမှလည်း ပြန်ကောင်းသွားတယ်ဆို တာမရှိဘူး .."

"အေး .. ငါ အဲလိုဖြစ်သွားမယ်ထင်နေရင်လည်း တွေးပူမနေနဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ငါ မင်းရှေ့ပြန်ရောက်လာရင် မသေသေးဘူး .. ပြန်မလာနိုင်တော့ရင် သေပြီ .. ဒါပဲ .."

"သေတာထက်ဆိုးတာတွေ မင်းဖြစ် ..."

"အဲဒါလည်း ငါအကောင်းတိုင်းပြန်လာရင် ဘာမှမဖြစ်သေးဘူး။ ကျိုးကန်းပြန်လာရင်တော့ သွားပြီ .. ရှင်းရှင်းလေး .."

"သားရေ ..."

ဒေါ်ညိုညို သူ့ဆီကိုရှိရာရောက်လာခဲ့လျက် ..၊

"မောင်မင်းရန် ရောက်လာပြီကွယ့် .."

"ဟုတ်ကဲ့ .. လာပြီ .."

"သား ..."

ဒေါ်ညိုညို က သူ့ရှေ့မှာလာရပ်လိုက်ပြီး အိတ်ဆွဲထားသည့်သူ့ကို ခြေ...းခေါင်းဆုံးကြည့်ကာ ..၊

"သတိထားနော် သား .. သရဏဂုံ အမြဲရွတ် .. ရတနာသုံးပါး မခမ့်နဲ့ .."

ပြောပြီး လက်ထဲမှာကိုင်လာသည့် ရှားညိုရောင်ခြည်ကြိုးနှင့် မန်ကျည်းစေ့သာသာအရွယ် အထုပ်လေးပါသော အဆောင်တစ်ခုကို သူ့ရဲ့အတွင်းအိတ်ထဲ သေချာထည့်ပေး၍ ..၊

"အဲဒါ သာမညတောင်က သိမ်ဝင်မြေကြီးနဲ့ ပရိတ်ကြိုး၊ သားကို မကောင်းဆိုးဝါးဒုက္ခမပေးနိုင်အောင်လို့ .."

"ဟုတ်ကဲ့ပါ .."

"နေရာတကာ သတိရှိနော် သား .. ကြီးကြီးလည်း ကျိုးသည်းလေးထပ်ဆရာတော်ဘုရားကြီးရဲ့ ပရိတ်တရား အမြဲဖွင့်ထားမယ်၊ ပြီးတော့ ကြီးကြီးတို့ ကိုးကွယ်တဲ့ ဆရာတော်ကြီးကိုလည်း အိမ်ကိုကြွဖို့ ပင့်ထားသေးတယ်၊ အိမ်မှာ ပရိတ်တရားနာမယ်၊ မေတ္တာသုတ်ရွတ်မယ်၊ ကြီးကြီးတို့ တတ်နိုင်သလောက် အန္တရာယ်ကင်းအောင်ကြိုးစားကြတာပေါ့ .."



"ကျွန်တော့်ကိုလည်း စိတ်ချပါ .."

သူ ကင်း ကို နှုတ်ဆက်ဖို့ထွက်လာခဲ့ရင်း အခန်းတံခါးဝကနေ ခဏတော့ရပ်ကြည့်မိသည်။ ကင်း က စောင်ခြုံလေးနှင့် တစ်နေရာကို ငေးနေကာ ဘာတွေရေရွတ်နေသည်မသိ ..။

"ကင်း ..."

သူ့ခေါ်သံကြောင့် ပခုံးလေးတွေတုန်ခနဲဖြစ်သွားသည်။ ပြီးတော့ ဖျတ်ခနဲ ခေါင်းမြီးခြုံပစ်၏။ သတင်း က ခြေရင်းဘက်လောက်မှာ ထိုင်.. ှိုက်ပြီး ..၊

"ကိုကို ခရီးသွားမလို့ ကင်း မကြောက်နဲ့နော် .. ကိုကို မရှိတုန်းမှာ ဘာဒုက္ခသောကတွေပဲရှိရှိ စိတ်ကိုကြံ့ကြံ့ခံထား၊ ကြောက်ရင် နှစ်ခါ သေတယ်တဲ့ .. ဘာကိုမှ အရှုံးမပေးရဘူး .."

ပိန်ညှောင်နေသော ကင်း ရဲ့ မျက်နှာလေးက ခေါင်းမြီးခြုံထဲကနေ မစို့မပို့ပေါ်နေသည့် အစိတ်အပိုင်းလေးတွေမှာတောင် သိသာစွာ ညှိုးခြောက်နေခဲ့၏။

သတင်း စိတ်မကောင်းကြီးစွာဖြစ်ရရင်း ရှေ့ကိုတိုးထိုင်လိုက်မိသည်။ ကင်း က သူ့လှုပ်ရှားမှုကြောင့် အထိတ်တလန့်ဖြစ်သွားကာ ..၊

"မလာနဲ့ .. သွား .."

"ကိုကို သွားမှာပါ .. ကင်း ထမင်းစားလိုက်နော် .."

"ဟင့်အင်း .."

"မစားရင် ကိုကိုက ဘယ်လိုစိတ်ဖြောင့်မှာလဲ .. ချော့ကျွေးနေတာ မစားရင်တော့ ကိုယ်ကိုယ်တိုင် ခွံ့ကျွေးရလိမ့်မယ် .."

"ဟင့်အင်း .. ဟင့်အင်း .."

ကင်း က စောင်ခြုံလျက်အတိုင်း နှစ်ချက်လောက်လှိမ့်ကာ ..၊

"ဟာ .. ကင်း .."

"အင့် ..."

ခုတင်ပေါ်ကနေ စောင်နဲ့ ဘုတ်ခနဲလုံးထွေးကျသွားသည်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ခုတင်အောက်ကို မဆုံမပြဲဖွတ်တိုးဝင်၏။

သတင်း လက်လျှော့လိုက်ရတော့သည်။

"ကြီးကြီး .. သူ ထမင်းစားအောင်ကြိုးစားပေးပါဦး .."

"အေးပါ သားရယ် .. စိတ်ဖြောင့်ဖြောင့်သွားပါ .."

ထိုစဉ် နေရဲ ရောက်လာသဖြင့် အတော်ပဲဖြစ်သွားကာ ..၊

"နေရဲ ငါ မင်းကို ခုပဲ ဖုန်းဆက်တော့မလို့ .."

"ဘာလဲ .. ပြောလေ .."

"မင်း .. ဒီမှာ ညလာအိပ်မှာမို့လား .."

"အေးလေ .."

"ဒီနေ့ နေ့လယ်လောက်ကလာပြီး အိပ်ခန်းထဲက ခုတင်တွေကို ကျွန်းခုတင်တွေနဲ့ လဲပေးစမ်းပါ .."

"ဘာဖြစ်လို့လဲ .."

"သံခုတင်တွေက အပိတ်မဟုတ်တော့ ခုတင်အောက်မှာ ဝင်ခိုနေလို့ရတယ် .."

"သြော် .. အင်း .."

"အခု သူ အောက်မှာဝင်ပုန်းနေတယ်ကွာ .."

သတင်း မျက်နှာကိုကြည့်ပြီး နေရဲ မသက်မသာဖြစ်သွားမိသည်။

"စိတ်ချပါ သတင်း ရာ .. သူ ဘာကိုကြောက်တတ်သလဲသိနေကာမှ သူ ထမင်းစားအောင် ငါတို့ ချော့တစ်ခါခြောက်တစ်လှည့် ကြိုးစားပါ့မယ် .."

"သူ ကြောက်တဲ့ပုံစံကြီးနဲ့တော့ မလုပ်ပါနဲ့ကွာ .. ဒီလိုပုံစံမျိုး ချောက်ချားနေရမယ်ဆိုရင် သူ ခံနိုင်ရည်ရှိတော့မှာ မဟုတ်ဘူး .."

ရှေ့ကိုသွားရမှာလည်း နောက်ကြောင်းကို စိတ်မချနိုင် ..။

ရင်ဆိုင်ရမှာကလည်း ဘယ်လိုလူစားမျိုးလဲဆိုတာ ကြိုတင်ခန့်မှန်းလို့မရ ..။

ခုတင်အောက်ကို ငေးကြည့်နေပြီးမှ သတင်း လှည့်ထွက်လာခဲ့မိ



သည်။

ဒေါ်လှလှ ဆိုသည့် မိန်းမကြီးက နာမည်က ဒေါ်လှလှ ဖြစ်ပေမယ့် မလှပသော ဝိညာဉ်တွေနဲ့မှ ပျော်မွေ့စွာ ကစားနေသူလား ..။

ကင်း ရဲ့ နှုတ်ဖျားက 'ဖိုး' လို့အော်ဟစ်နေခြင်းနဲ့ ပတ်သက်၍ ဖိုး သည်သာ အဓိကတရားခံဖြစ်နေသည်ဆိုလျှင် ဒီမိန်းမကြီး ဘယ်လိုကြောက်စရာကောင်းသည့်ပညာတွေ သုံးနေခဲ့သလဲ ..။

ငါ့သားသေပြီလို့ ပြောခဲ့တာကရော သူမမှာ သားတွေဘယ်နှစ်ယောက်တောင်ရှိနေလို့ ကင်း ကို ဘယ်လိုငြိုးမာန်ဖွဲ့ခဲ့တာလဲ ..။

သူတို့သားအမိ ဘယ်လိုချိတ်ဆက်တွေနဲ့ ဝိရိစ္ဆာကစားနေကြတာလဲ ..။

မေးခွန်းများစွာ ထွက်လာခဲ့ပေမယ့် အဖြေကမရှိပေ။ ဖိုး က တရားခံလား .. ဒေါ်လှလှ က တရားခံလား ..။

ဝိညာဉ်တွေနဲ့ ကစားနေတာက ဘယ်သူလဲ ..။

ခေတ်လူငယ်ယောကျ်ားတစ်ယောက်က ဝိညာဉ်တွေကြောင့် ရူးလောက်အောင် ဖြစ်နေပါသည်ဆိုလျှင် ရယ်ချင်စရာကောင်းမှာ မှန်ပေမယ့် လက်မခံလို့မရနိုင်အောင် မြင်တွေ့နေရသည့် ကင်း ရဲ့ အဖြစ်အပျက်များနှင့် ပတ်သက်၍ ..၊

ဝိညာဉ်တွေကို စေခိုင်းနေနိုင်တာ ဘယ်သူလဲ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၅)

"ဂါနီ လား ဂီရီ လားတော့မသိဘူး .. ငါတို့သိတာတော့ စုန်းမကြီးပဲ .. သူ့ရဲ့ ပါးတစ်ဖက်မှာ ပါးရဲတွေရှိတယ် .."

ဟုတ်လားဆိုသည့်အကြည့်နှင့် မင်းရန် က လှည့်ကြည့်သည်။ သတင်း က ခေါင်းခါ၍ ..၊

"ငါ မြင်လိုက်တဲ့ဘက်မှာတော့ မရှိဘူး .."

လို့ ဖြေတော့ ..၊

"သူ့သား နာမည်ကတော့ ဖိုး ဆိုတာ သေချာပါတယ်နော် .."

"ဟုတ်တယ် .. ရွာမှာတော့ လူဆိုးလို့ခေါ်တာပါ၊ အဲဒီကနေ လူ တစ်လုံးပြုတ်ပြီး ဆိုးကနေ 'ဖိုး' သံဖြစ်သွားတာထင်တယ်၊ ငါတို့ရွာမှာ တုန်းက ဒီကောင်လေးက စာတစ်လုံးမှ မတတ်ဘူး၊ မွေးစားမယ့်လူတွေ ခေါ်သွားမှ မြို့မှာ ကျောင်းထားတာထင်တယ် .."

ဒီရွာက ခေါ်လှလှ တို့ရွာနဲ့ ဆက်လျက်ပေမယ့် အိမ်ခြေလေး ဆယ့်လေးငါးလုံးနှင့် လူဦးရေကတော့များသည်။ ပြီးတော့ ရွာတစ်ရွာနဲ့ တစ် ရွာကလည်း အလှမ်းဝေးလေသည်။



"သူတို့ပြောင်းသွားတုန်းက အဲဒီနေရာမှာ လူမရောက်သေးဘူး.."

"လူမရောက်သေးဘဲ ဘာလို့ပြောင်းသွားတာလဲ .."

"လူတွေနဲ့ မနေချင်လို့ပေါ့ .. ဒီမှာ ရှိနေလည်း ဘယ်သူနဲ့မှ မတည့်ဘူးလေ၊ သူတို့က တောကျွမ်းတာလား၊ အမဲလိုက်တာတော်တာလား မသိဘူး .. သူတို့ရှိနေရင် ရွာသားတွေအမဲမရဘူး၊ ကလေးလေး ငယ်ငယ် လေးတစ်ယောက်တည်းနဲ့ အသားခြောက်တွေချည်း နင်းကန်လှန်းပြီး စုဆောင်းနေတော့ ရွာသားတွေက ပြန်မျှဖို့ပြောတယ်၊ သူက လက်မခံဘူး.."

ဒါကတော့ ကိုယ်ရတာ ကိုယ်စားမှာပေါ့။ ပြန်မမျှနိုင်တာ သူ့အခွင့် အရေးပဲလို့ မင်းရဲ နဲ့ သတင်း တို့ ပြိုင်တူတွေးလိုက်မိကြသည်။

"သူတို့ကိုက မရိုးသားတာ၊ အမဲလိုက်ပြီဆိုတာ ဘာတွေလုပ်လိုက် မှန်းမသိဘူး .. အမဲက သူတို့ဆီ တည့်တည့်ကိုဝင်တာ၊ ကျန်တဲ့လူတွေ အမဲမရကြဘူး .. တောကျတော့လည်း တောမှာမို့လို့ ရေထဲမှာလည်း သူတို့ပဲရတယ်၊ ပြီးတော့ တစ်ကိုယ်ကောင်းဆန်လိုက်တာ တအားပဲ.."

ရွာသားဆိုသည့်လူက အပေါ်ပိုင်းအင်္ကျီမပါပဲ ပုဆိုးအစုတ်ကို ဒူး လောက်ထိ တက်ဝတ်ထားသည်။ မျက်နှာက ကပ္ပလီပုံပေါက်နေ ဂ စကားသံလည်း ဝဲ၏။

"ဟိုမှာလည်း ရွာဖြစ်လာတာနဲ့ သူက ရွာပြင်ပိုင်းထွက်နေတာပဲ၊ ရွာသားတွေက လူကြီးလုပ်ပါ မြှောက်ကြတာတောင် သူဘာမှမလုပ်ဘဲ အကြောင်းရှိရင် သူ့ဆီ သွားကြရတာ .."

ဒါလည်း သူ့ကုသိုလ်နဲ့သူပဲလို့ တွေးမိကြပြန်ကာ ..၊

"အခု ဖိုး က ပျောက်နေတယ်ဆိုလို့ပါ၊ မြို့ပြကျေးရွာတွေကို သွားချင်ရင် ခင်ဗျားတို့ရွာကို ဖြတ်သွားရတာဆိုတော့ ဖိုး ကိုများတွေ့ မိလားလို့ မေးကြည့်တာ .."

"တွေ့တယ် .. ဒါပေမယ့် ပြန်မလာဘူး .."

"ဘယ်ကိုသွားတာလဲ .."

"မြို့ကိုပြန်တာနေမှာပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တုန်းကလည်း အဲဒါလေးတစ်ချက်လောက် ခန့်မှန်းကြည့်ပေးပါလား .. အရေးကြီးလို့ပါဗျာ .. ဒေါ်လှလှ ထွက်လိုက်သွားတာရော တွေ့မိသေးလား .."

"တွေ့တာပေါ့ .. ပြန်လာတော့လည်း နွားလှည်းကြီးနဲ့ ဘာတွေတင်လာတယ်မသိဘူး .."

ဟင်!....

သူတို့ မျက်လုံးချင်းဆုံသွားကြသည်။

"သူ့ကိုတော့ ဘယ်သူကမှလည်း စိတ်ဝင်တစားကြည့်မနေကြပါဘူး၊ ကိုယ့်အိမ်ရှေ့မှာ ခြေစုံရပ်ရင်တောင် ဘယ်သူမှ ထွက်နှုတ်မဆက်ဘူး၊ စကားသွားပြောလည်း ပြန်ပြောချင်မှ ပြောတဲ့ဥစ္စာ .. ဘယ်သူက အဖက်လုပ်ချင်မှာလဲ .."

"သူကရော သွားတိုင်းပြန်တိုင်း ဒီရွာမှာ တစ်ခါမှ ခရီးတစ်ထောက်မနားဘူးလား .."

"မနားပါဘူး .. အဲဒီညကတော့ အချိန်မတော်မှ ရောက်လာပြီး ရွှေသချိုင်းမှာ သူတည်းတယ် .."

ဗုဒ္ဓေါ!...

"လှည်းသမားတစ်ယောက်ရယ် သူရယ် .. ဒါပေမယ့် ခွေးတွေအူလွန်းလို့ထင်တယ် သန်းခေါင်ကျော်လွန်တော့ ထွက်သွားကြတယ် .."

"သူတို့ကို ဂရုမစိုက်ဘူးဆိုရင် အဲဒါတွေကို ဘယ်လိုသိနေတာလဲဗျ.."

မေးခွန်းက စိတ်ဆိုးဖွယ်မယ့်သကာဖြစ်ပေမယ့် ဗျတ်ကြီး က သတိထားမိပုံမပေါ် ...။

"ငါပဲလေ .. ငါက ချောင်းစပ်မှာ မြူးထောင်ထားတယ်၊ တောစပ်မှာ ထောင်ချောက်က အမဲမိနေသံကြားရင် ထွက်ကြည့်တယ်၊ ညဘက် အိပ်လည်း ကြက်အိပ်ကြက်နိုးပဲကိုး .. ဒီလောက်ဆူနေတာ မသိဘဲနေမလား .. ဒါပေမယ့် အဲ့ဒီညကတော့ ငါတမင်တကာကို ထချောင်းနေခဲ့တာကွ.."

သတင်း တို့ စိတ်ဝင်တစားဖြစ်သွားကြသည်။



"သူ့ဟာသူ စုန်းမကြီးဖြစ်ဖြစ် ကဝေကြီးဖြစ်ဖြစ် ငါတို့အမြင်မှာတော့ မိန်းမပဲလေ၊ မိန်းမသားတစ်ယောက်က သချိုင်းမှာ ညအိပ်ဖို့ လုပ်ရဲတာ အံ့ဖွယ်မဟုတ်ဘူးလား .."

"ဟုတ်တယ် .. အဲဒီတော့ ဘာတွေလုပ်နေသေးလဲ .."

"လှည်းပေါ်တက်ထိုင်ပြီး ဘာတွေရွတ်ဖတ်နေသလဲ မသိပါဘူး၊ သူက စုန်းမကြီးပဲ .. မီးပွင့်မီးပွားတွေ တဖျစ်ဖျစ်တရှဲရှဲနဲ့ .."

"ဒါဆို ရွာထဲမှာ မတည်းတာ တမင်တကာဖြစ်မှာပေါ့၊ သချိုင်းမှာ အစီအရင်တစ်ခုခုလုပ်တာများလား .. အဲဒါ ဘယ်အချိန်လောက်ကလည်း ခင်ဗျား မှတ်မိမလား .."

"ကြာပါပြီ .. မမှတ်မိတော့ဘူး၊ အဲ့ဒီနောက်ပိုင်း ဒီမိန်းမကြီး မထွက်လာတော့ဘူး .."

သိချင်တာတွေကို သေချာပြည့်စုံအောင် သိခွင့်မရခဲ့ပေမယ့် သူတို့ သိလိုက်သည့် ဒီမိန်းမကြီး စုန်းပညာတတ်တယ်ဆိုတာတော့ သေချာ၏။

"ငါတို့ ဘာဆက်လုပ်မလဲ .. သတင်း .."

"သူတို့ပြောတဲ့ 'ငဖျင်း' ရွာကိုလိုက်ကြည့်မယ် .."

ဟင်!...

မင်းရန် က မျက်လုံးပြူးနဲ့ လှည့်ကြည့်သည်။

"သတင်း .. မင်းကို သူက သိနေတာနော် .."

"ဟုတ်တယ် .. သူ့အိမ်ကို တိုက်ရိုက်သွားမှာ .."

"ဘာ!..."

"ကင်း ဖြစ်နေတာတွေက သူတို့သားအမိနဲ့ ပတ်သက်နေတာ သေချာသွားပြီ၊ ဖိုး က တိုက်ရိုက်လုပ်နေတာလား .. ဒီမိန်းမကြီးက နောက်ကွယ်က ထိန်းကျောင်းခိုင်းစေနေတာလား .. အဲဒါ စုံစမ်းပြီး ဆက်လုပ်သင့်တာကို လုပ်ရမှာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၈)

"ဘယ်သူမှ မရှိပါလား .."

"ကောင်းတာပေါ့ .."

သတင်း မျက်နှာကို မင်းရဲ က လှည့်ကြည့်သည်။ ဒီခရီးမှာ သတင်း ရှေ့ကိုသာ တိုးနေသည်။ နောက်ပြန်ဆုတ်မည့် ခြေလှမ်းဆိုတာမရှိ ..။

ဒီလမ်းကိုလျှောက်ရင် ဆူးစူးမှာလည်းမကြောင်၊ ချောက်ကမ်းကျွံပြီး ပြုတ်ကျမှာလည်း ဂရုမစိုက်ဘဲ မတွန့်မရွံ့ လှမ်းနေခဲ့သည်။

ခုလည်း တင်းမာစူးရဲနေသည့် မျက်နှာနဲ့ မျက်ဝန်းအစုံက တဲအိမ်ကြီးထဲက ရှိသမျှ အရာခပ်သိမ်းပေါ်မှာ ပိုက်စိပ်တိုက်ကျရောက်နေခဲ့ပြီး နီညိုရောင် မှိန်ဖျော့နေသည့် ကန့်လန့်ကာ အစုတ်ကြီးကာထားသော ဘက်ကို ဝင်မိလျှင် ..၊

"ရှုံစရာတွေ .."

ဟု ပြောပြီး နှုတ်ခမ်းမဲ့၏။

လူ့ခေါင်းခွံတွေ တိရစ္ဆာန်ခေါင်းတွေ ပြီးတော့ အရိုးစုတွေကို တစ်စစီ ဖြုတ်၍ တစ်ပုံစီစုပုံထားကာ အမွေးတိုင်စိုက်ထားသော ခြေရာလက်ရာ



တွေလည်းရှိနေ၏။

တချို့ တိရစ္ဆာန်ခေါင်းပြတ်တွေက လည်ချောင်းပြွန်တွေ တို့လို့ တန်းလန်းကျနေလျက် ရှုံ့လို အသေကောင်လေးတွေကို လည်ပင်းမှာ သွေးကွက်တွေနဲ့အတိုင်း နံရံမှာ ချိတ်ထားသေးသည်။

ဒီဘက်ကိုဝင်လိုက်တည်းက ညှီစို့စို့ ပုပ်အဲ့အဲ့ကြီးနံနေတာ နလုံးနာဖွယ်ပင် ..။

ထို့ပြင် နံရံတစ်ဖက်မှာ သံတွေရိုက်ထားတာ တစ်ခုခုကို စာလုံးဖော်ထားသလိုလို အဓိပ္ပာယ်တစ်ခုခုလိုလို ..။

"ဒီထဲ ဘယ်သူမှ မဝင်ရဲကြဘူးဖြစ်မယ် သိလား သတင်း.."

"ဟုတ်တယ် .. နင်တို့ ပထမဆုံးပဲ .."

ဟာ!...

ဘာသံကြီးလဲ!..။

မင်းရန် ဆတ်ခနဲဖြစ်သွားကာ နောက်ကိုလှည့်ကြည့်လိုက်တာ ထခုန်လိုက်တဲ့အတိုင်း ..။

သူတို့နောက်မှာ မားမားကြီးရပ်နေတာက ဒေါ်လှလှ ဆိုတဲ့မိန်းမကြီး ..။ တိုင်းရင်းသားအင်္ကျီဖြူဖျော့ဖျော့ ညစ်ထစ်ထစ် အဝါကျားတို ဝတ်ထားကာ ထမီ တိုတိုတုတ်တုတ်က စွန်တောင်ဆွဲပုံ တစ်ဖက်စောင်းနှင့် ..။

"ဂုဏ်သတင်း .."

"ဟုတ်တယ် .. ခင်ဗျား ကျွန်တော်လာမယ်ဆိုတာ တွက်ထားပြီးသားပါ .."

"ထင်တာပါ .. လာရဲမယ်လို့တော့ မထင်ခဲ့ဘူး .."

သတင်း က ဒေါ်လှလှ ရဲ့ ဘယ်ဘက်ပါးပေါ်က မှဲ့ရဲကွက်ကြီးကို စိုက်ကြည့်ကာ ..၊

"ခင်ဗျားမှာ အစွယ်ပေါက်နေရင်တောင် ဂရုမစိုက်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"ဟား .. ဟား .. ဟား .."

ဒေါ်လှလှ က ရယ်လိုက်ပြီး အပြင်ကိုလှည့်ထွက်သွားသည်။ သဂင်းနဲ့ မင်းရန် တို့ အပြင်ကိုလိုက်ထွက်လာခဲ့ရင်း ..၊

"အ ...."

မင်းရန် ခြေနင်းအောက်က တာလပတ်စတစ်ခုကို ခလုတ်တိုက်ပြီး လဲပြိုမလိုဖြစ်သွား၏။

ထိုစဉ် တာလပတ်စနှင့် ထိစပ်နေသော တစ်ဖက်ခြမ်းက ပိတ်စတစ်ခုသည် တစ်စုံတစ်ခုပေါ်ကနေ လျှောခနဲပြုတ်ကျသွားကာ ..၊

"ဟာ!..."

"ဘာလဲဟ ..."

သူတို့ခြေလှမ်းတွေ တုံ့သွားကြသည်။ တကယ်တော့ အဝတ်စနှင့် အုပ်ထားသည့်အရာက လူရုပ်ထုတစ်ခုဖြစ်နေကာ ထိုအရုပ်က အသက်သုံးဆယ်အရွယ် ယောကျ်ားတစ်ယောက်ပုံဖြစ်သည်။

ကုလားထိုင်ပေါ်တစ်လုံးမှာ အကျအနထိုင်လျက် မျက်တောင်များတွေ ခပ်စိုက်စိုက်ကျနေ၏။ ဒါပေမယ့် မျက်လုံးခပ်မှေးမှေးဖွင့်ထားကာ ခပ်မတ်မတ်ထိုင်နေပုံက လူနဲ့ တော်တော်လေးတူ၏။

"မင်းတို့ အဲ့လောက်တော့ မစပ်စုသင့်ဘူးထင်တယ် .."

ဒေါ်လှလှ ပြန်လှည့်လာကာ ဒေါသကြောင့် လေသံက ရေခဲငွေ့ရိုက်နေသလို အေးစက်စက်ဖြစ်နေသည်။

ပြီးတော့ အရုပ်ရဲ့ နောက်မှာ သွားရပ်လိုက်ပြီး ခါးတစ်ဖက်ထောက်၍ ..၊

"ဒါကိုရော ဘာပြောချင်သေးသလဲ .."

"ခုထိ ကျွန်တော်တို့ ဘာမှမပြောရသေးပါဘူး၊ ဒါပေမယ့် ခင်ဗျား ပြောပြဖို့တော့ ကောင်းနေပြီ .."

"ဘာကိုလဲ .. ငါ့ကို ဘာပြောစေချင်တာလဲ .."



"ကျွန်တော်မိန်းမကို ခင်ဗျား ကြိမ်းမောင်းသွားတယ်၊ အခု လက်တွေ့ အကောင်အထည်ဖော်နေတယ် .. အဲဒါတွေက .."

"ငါက ကြိမ်းမောင်းမိတာနဲ့ ငါ့လက်ချက်လို့ပြောချင်တာလား.. မရှိမိုးနိုး မလှစုန်းပြိုးတဲ့ .."

"ခင်ဗျားကတော့ စုန်းပြိုးမှာကိုကြောက်မှာမဟုတ်ပါဘူး .."

"ဘာ ..."

ဒေါ်လှလှ ဒေါသမျက်နှာဖြစ်သွားသည်။ သို့သော် ..၊

"ဟား .. ဟား .. ဟား .."

မာထန်နေသည့် မျက်နှာကြီးနှင့် ရယ်နေတော့ ကြောက်မက်ဖွယ်ဖြစ်လာခဲ့၏။

"ငါ့ကိုမင်းက စုန်းလို့ ထင်နေတာပဲ .."

"မဟုတ်ဘူးလို့ ခင်ဗျားက ညာချင်လို့လား .."

"ဟွန်း .. ပညာဆိုတာ နင်တို့လို တက္ကသိုလ်ပညာပဲတတ်တဲ့ ငတုံးတွေ ဘာမှမသိပါဘူး၊ ငါက ပညာသည် စုန်းဆိုတာလောက်ကို စာဖွဲ့ဘူး .."

"ဒါဆို ခင်ဗျား ဝန်ခံပြီပေါ့ .."

"ဘာကိုလဲ .."

"ကျွန်တော့်မိန်းမကို ခင်ဗျား ဒုက္ခပေးနေတာ .."

"မဟုတ်ဘူး .. ပညာပေးတာ၊ နောက်နောင် လူတစ်ဖက်သားကို သေကြေပျက်စီးလောက်အောင် မစော်ကားမိဖို့ .."

ဒေါ်လှလှ က ရုပ်ထုရဲ့ ပခုံးတစ်ဖက်ပေါ်လက်တင်တာ တယုတယ..။

"ငါ့သားကို နင့်မိန်းမ ဒုက္ခပေးခဲ့တယ်၊ သူ့ကြောင့် ငါ့သားသေခဲ့ရတယ် .."

"ခင်ဗျား ဘာတွေပြောနေတာလဲ၊ သူနဲ့ ဗိုး နဲ့ ဘာမှမပတ်သတ်ဘူး၊ သေရသတ်ရလောက်အောင်လည်း ဘာမှမဖြစ်ခဲ့ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် .."

ဒေါ်လှလှ ဒေါသမာန်ဖီကာ ရုပ်ထုရဲ့ နောက်ကနေ ခြေလှမ်းကျဲနှင့် ထွက်လာ၏။

"နှင့်မိန်းမ အဲ့လိုပဲပြောသလား .. ငါ့သားလမ်းဆုံလမ်းခွမှာ ကားကြိတ်ခံရပြီး ရုပ်ပျက်ဆင်းပျက် အဖြစ်ဆိုးစွာ သေခဲ့တာကို တစ်ချက်လေးမှ ငဲ့ကြည့်ဖော်မရဘဲနဲ့ .."

သတင်း တအံ့တသြဖြစ်လာခဲ့လျက် ဘာကို ဘယ်လိုတွေးကြည့်ရမယ်မှန်းလည်းမသိ ..။

"အဲဒီတုန်းက ငါတို့သားအမိ အတူပြန်ကြဖို့ ငါ့သားရဲ့ အနီးအနားမှာ ငါရှိတယ်၊ မာယာကင်း ဆိုတဲ့ မာယာ မစင်တဲ့ ကောင်မကို စွဲလမ်းပြီး တကောက်ကောက်လိုက်နေခဲ့လို့ အသေဆိုးနဲ့ သေရရှာတယ် .."

ကင်း သူ့ကို ဒီအကြောင်းပြောပြခဲ့သေးသည်။ ဒါပေမယ့် နောက်ဆုံးတွေ့ခဲ့သည့်အကြောင်းပဲပြောခဲ့သည်။ သူ ဘာဖြစ်ကျန်ခဲ့တယ်ဆိုတာ ကင်း ကိုယ်တိုင် သိပုံမပေါ်ပေ ..။

ကင်း က နွဲ့ဆိုးဆိုးတတ်ပေမယ့် ကြောက်တတ်သည်။ ဒီလိုအဖြစ်ဆိုးမျိုးကို ဘာမှမဟုတ်ခဲ့သလို ဟန်ဆောင်နေနိုင်မှာမဟုတ်ပေ ..။

တကယ့်အဖြစ်က ကင်း ရဲ့ ကားနားကနေ ပထမတစ်ခါ လက်လွတ်ကျန်ခဲ့တည်းက ကားထွက်သွားသည့်အရှိန်ကြောင့် ဟန်ချက်ပျက်ပြီး ယိမ်းယိုင်ကျန်ခဲ့၏။

နောက်ကကား ပြေးတက်လာတော့ ထိတ်လန့်ဗျာများသွားကာ ရှောင်လိုက်ကာမှ ယိုင်နေသည့် ကိုယ်က ညွတ်ကျလဲပြိုသွားခဲ့၏။

ထိုအချိန်မှာပဲ လုတက်လာသည့်ကားက လှူကိုဖြတ်ကြိတ်ပြီးသားဖြစ်သွားတာဖြစ်သည်။ ဒေါ်လှလှ က မျက်ရည်တွေဝဲနေပေမယ့် ပါးပြင်ပေါ်တော့ ကျမလာခဲ့ပေ ..။

ဒါတွေကို ပြောပြရင်း အံကြိတ်လိုက် လက်သီးဆုပ်လိုက်နှင့်



ကြောက်စရာကြိမ်းဝါးနေခဲ့လျက် ..၊

"ငါ့သား အဲဒီနေရာမှာ ပွဲချင်းပြီးသွားခဲ့တယ်၊ ဒါပေမယ့် သူ့ရဲ့ စွမ်းတဲ့စိတ်ကြောင့် ကင်း ရဲ့ ကားနောက်ကို ချက်ချင်းထလိုက်တာ ငါ့ မျက်စိရှေ့တင် .."

ဘုရား .. ဘုရား ..၊

မင်းရန် မျက်လုံးတွေပြူးသွားကာ ဓာတ်တွေးမျိုချတော့ ကွိခနဲမြည်၏။

ထလိုက်တယ်ဆိုတာ ဘာလဲ ..၊ သွေးသံရဲရဲ လူသေကောင်ကြီးက ငေါက်ခနဲကျူးထပြီး ပြေးလိုက်တာလား ..။

ဝိညာဉ်က လိုက်နေတာလား ..၊

လူအများရဲ့ရှေ့မှာ လူသေကောင်ကြီးက ဖုတ်ပူးသလိုထလိုက်တာတော့ မဖြစ်နိုင်ပါ။ ဒါဆို ဝိညာဉ်ပေါ့။ ကျောထဲမှာ စိမ့်ခနဲအေးခနဲဖြစ်သွားမိသည်။

"ငါ့သား အဲ့လိုစွဲလမ်းနေမှတော့ သူ့ဆန္ဒပြည့်ဝအောင် ငါ လုပ်ပေးရမှာပေါ့ .."

သတင်း မျက်နှာက မင်းရန် လို အကြောက်တရားတွေ ဖြစ်မနေခဲ့ဘဲ တဖြည်းဖြည်း နီရဲခက်ထန်လာခဲ့သည်။ ဒေါ်လှလှက မျက်ရည်တွေပြည့်လျှမ်းနေသော မျက်ဝန်းတို့ဖြင့် ပြုံးလာခဲ့ရင်း ..၊

"ငါ့သားနဲ့အတူ ငါ ပြန်လာခဲ့တယ် .."

ဟင်!...

သတင်း ကို မင်းရဲ က ဖျတ်ခနဲလှည့်ကြည့်သည်။ သတင်း ရဲ့ အကြည့်တွေက ရုပ်ထုဆီမှာဖြစ်ကာ ..၊

"ဒါဆို ဟိုမှာ လာဒုက္ခပေးနေတာ ဓိုး ပဲပေါ့ .."

"ဟား .. ဟား .. ဟား .."

"ဒေါ်လှလှ .."

"ငါ့ကို မယ်ဂီရီ .. ဂါနီ နဲ့ မျိုးစုံခေါ်နေကြတာပါ၊ အားမနာတမ်း

www.burmeseclassic.com

www.burmeseclassic.com



ဓါလို့ရတယ်၊ လှလှ ဆိုတဲ့ နာမည် ငါလည်းကြိုက်ခဲ့တာ မဟုတ်ဘူး..."

"အဝိုတွေ ပြောမနေပါနဲ့ .. ခင်ဗျားရဲ့သား ဒုက္ခပေးလို့ ကင်းလည်း တော်တော်ဒုက္ခရောက်နေပြီ .."

"ငါ့သားကိုတော့ အရှင်လတ်လတ် ကားဘီးအောက်ရောက်အောင် လုပ်ခဲ့တာပဲ .."

"အဲဒါတွေ သူ ဘာမှမသိခဲ့ဘူး၊ သူ ကျွန်တော့်ကို ပြန်ပြောပြတာက .."

"သူ့မှာ အပြစ်ရှိတယ်ပြောရင် ဝိုင်းကဲ့ရဲ့ကြမှာပေါ့၊ အခု အဝိုတွေ ပြောနေတာက နင်ပဲ .. ငါ့အိမ်ထဲက ခုထွက်သွားမလား .. သေမယ့်ရောဂါ ယူပြီး ပြန်မလား .."

"ခင်ဗျား ခြိမ်းခြောက်တာလား .."

"နင်တို့က သွေးတိုးစမ်းချင်တယ်ထင်တယ် .."

"မစမ်းပါဘူး .. မလုပ်ပါနဲ့ .."

မင်းရန် က တားဆီးလိုက်ရင်း သတင်း ရဲ့လက်ကို ဆွဲ၍ ..၊

"လာပါ .. ငါတို့ တိုင်ပင်ပြီးမှ .."

"ဟော့ကောင် .. မင်း ကြောက်ရင်ပြန် .."

"ဟွန်း .."

သူတို့ဖြစ်နေကြတာကိုကြည့်၍ ဒေါ်လှလှ က မဲ့သည်။

"ဒေါ်လှလှ ခင်ဗျားလည်းအသက်ကြီးပါပြီ၊ လူတစ်ယောက်ကို ဒီလောက်ဒုက္ခပေးရရင် ကျေနပ်ဖို့ကောင်းပါတယ်၊ ပြီးတော့ ဖိုး ဘာဖြစ်ခဲ့တယ်ဆိုကာ ကင်း တကယ်မသိဘူးဆိုတာ ခင်ဗျားယုံစမ်းပါ .."

"ဘာပြောတယ် .."

"သူ မသိလို့ ဖိုး သူ့ကို အနိုင်ကျင့်တယ်၊ စော်ကားတယ်လို့ပဲအောင် နေတာ .. သေသွားပြီမှန်းသိခဲ့ရင် သူ သတိမလစ်ခင်က ဖိုး လို့အော်မှာ မဟုတ်ဘူး .. သေပြီးလူကို ထပ်တွေ့ရင် သရဲပဲ .."



"ဟုတ်လား .. ဖိုး တဲ့လား .. နတ်ဆိုး လို့ရော မအော်ဘူးလား .. ဒါ သူပေးတဲ့နာမည်ဆို .."

ဒေါ်လှလှ အားလုံးကိုသိနေသည်။ အလျှော့ပေးလာမည့်ပုံလည်း မရှိ ..။ သူမ ဘာလုပ်ထားတယ်ဆိုတာလည်း ကိုယ်ဘာမှမသိ ..။

စုန်းလောက်ကို စာမဖွဲ့ဘူးဆိုတော့ သူမက ဘယ်အဆင့်ထိ တတ်ကျွမ်းပေါက်မြောက်နေသူလဲ ..။

သတင်း ရဲ့ စိတ်တွေကြမ်းတမ်းလာလိုက် ကြောက်ခွဲထိန့်လန့်သွားခြင်းဖြင့် နူးညံ့ပျော့ကျသွားလိုက် ..၊

"ကင်း ကို ခင်ဗျား ဘာလုပ်ထားသလဲဆိုတာ ပြောပြပေးပါ .."

"အော် .. လေသံပြောင်းသင့်တယ်ဆိုတာတော့ နားလည်သွားပြီပဲ .."

"နောက်ထပ်ရှိသေးတယ် .. ခင်ဗျားရဲ့ ကလဲ့စားချေခန်းကို ရပ်တန့်ပေးမယ်ဆိုရင် ကျွန်တော်တို့နှစ်ရဲ့ အသက်ကလွဲရင် ကြိုက်တာကို တောင်းဆိုပါ .."

"ငါလိုချင်တာကို မင်းက ချန်လှပ်ထားမှတော့ ငါက ဘာကို တောင်းဆိုရမှာလဲ .. ဟောဒီတောထဲမှာ စားချင်တာ အဆင်သင့်သွားယူ စားရုံပဲ .. ဒီတောက ငါ့အတွက် စားသုံးမကုန်တဲ့ ပဒေသာပင်ကြီးပဲ၊ မြို့မှာ လောဘဇောတိုက်ပြီး အသေခံသွားဖို့ ဘယ်တုန်းကမှ စိတ်မကူး ခဲ့ဖူးဘူး .."

"လူသတ်ဖို့ကြံတာကတော့ လောဘဇောထက်ပိုကောင်းတယ် ပေါ့ .."

"ဒါ ငါ့ခံစားချက်နဲ့ ငါပါ .. ဟော့ .. မင်းတို့ အခု ထွက်သွားလို့ရတ် တော့ .."

စကားပြောရင်း လှမ်းကြည့်ရင်းနဲ့ သတင်း ရဲ့ မျက်လုံးတွေပြူး ပြောင်းသွားခဲ့သည်။ ပြီးတော့ ရုပ်ထုရဲ့ မျက်လုံးတွေကို သေချာကြည့်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီမျက်လုံးတွေကို သူသိနေသလို ခံစားမိလာခဲ့သည်။ ထိုစဉ် တစ်စုံတစ်ခုကို ဖျတ်ခနဲသတိရကာ ...၊

ဒါ ခိုး ရဲ့ မျက်လုံးတွေပဲ ...။

သတင်း မျက်လုံးတွေ လှုပ်ရှားသွားတာကြောင့် ဒေါ်လှလှ ကလည်း သိသည်။ ရုပ်ထုနဲ့ သတင်း ကိုတစ်ချက်စီကြည့်လိုက်ပြီး ...၊

"မင်းရဲ့ နောက်ထပ် သံသယတွေကို ငါက ဖြေရှင်းနေမှာမဟုတ်ဘူးနော် .. ငါ စိတ်ကောင်းဝင်နေတုန်း ထွက်သွားလိုက်ကြ .."

သတင်း ကတော့ နောက်ဆုတ်ဖို့မရည်ရွယ်ပေ ...။ ဗျတ်ကြီး ပြောသော သချိုင်းမှာ ညအိပ်ပြီး အစီအရင်တစ်ခုခုလုပ်ခဲ့သည်ထင်ရသော အဖြစ်ကိုလည်း တွေးလိုက်မိကာ ...၊

"ခင်ဗျား ခိုး ကို ဒီရုပ်ထဲမှာ ထည့်ထားတာလား .."

"ဟုတ်တော့ မင်းက ဘာလုပ်ချင်တာလဲ .."

"ခင်ဗျား ..."

"ငါ့သားကို ငါ့ဘာသာ ဘယ်မှာထားထား ငါ့အိမ်ထဲမှာ ဘာလုပ်လုပ် .."

"ဘာလုပ်လုပ်မရဘူး – အလောင်းကို ဘယ်လိုရအောင်ယူလာလာ ဒါ အလောင်းဖျောက်ဖျက်မှုပဲ၊ ငါ့အိမ်မှာပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ် ဘယ်နေရမှာမဆို ဥပဒေရှိတယ် .."

"ဟား – ဟား – ဟား –"

ဒေါ်လှလှ ဘာကိုသဘောကျသွားသည်မသိ ...။ သတင်း ရဲ့ စကားကြောင့် ဟားတိုက်ရယ်မောနေခဲ့သည်။ နေ့လယ်ခင်းပိုင်းကြီးမှာ ဘယ်ကဘယ်လို အလုပ်ရှုပ်ပြန်လာမှန်းမသိပေမယ့် မျက်နှာမော့ရယ်နေသော လည်တိုင်မှာ ချွေးနဲ့ရောသော ချေးညှော်တွေကို အရစ်လိုက်မြင်နေရ၏။

တစ်အိမ်လုံးလည်း အပုပ်နံ့တွေနဲ့ နံစော်ပွထနေသည်။ လူသည်လည်း ဖြစ်ကတက်ဆန်းနေ၏။ ဒီမိန်းမကြီး လူစိတ်များပျောက်နေပြီ



လား ...။

"မင်းလည်း ကိုယ့်အသက်ကို မနှမြောလောက်အောင် 'မ'စိတ်ဖွန်နေပြီပဲ ဂုဏ်သတင်း .. ဟား .. ဟား .. ဟား စိတ်မကောင်းစရာပဲ၊ ဒါပေမယ့် မင်းလည်း ငါ့သားနဲ့ ဂိုဏ်းဝင်ဖြစ်နေတဲ့အတွက် ပြောပြလိုက်မယ် မှတ်သွား၊ စကားပြောနိုင်တဲ့ အရုပ်တစ်ရုပ်ကို ဖန်တီးမယ်ဆိုရင် လူ့အစိတ်အပိုင်းတစ်ခုကိုတော့ စတေးရတာပဲကွ .."

ဟင်!...

မင်းရန် ထိတ်လန့်သွားသည်။ သတင်း ကို သတိပေးသည့်အနေနှင့် လက်မောင်းကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်၏။ သတင်း က လက်ကို လွှဲ၍ ရှန်းပစ်လိုက်ကာ ...၊

"ဒီ့ထက်ရှင်းအောင်ပြောစမ်းပါ .. ကျွန်တော်တို့က ခင်ဗျားလက်ထဲမှာ အသက်ကို စတေးထားရပြီဆိုရင်လည်း ဘာကိုထိန်ချန်ထားစရာလိုသလဲ .. မသေခင် ကုန်စင်အောင် သိသွားလို့မရဘူးလား –"

သတင်း မျက်နှာပေါ်က စိန်ခေါ်ခြင်းကြောင့် ဒေါ်လှလှ မျက်လုံးတွေ စူးစူးရဲရဲဖြစ်သွားသည်။ သူမ ဘယ်လိုပြောပြော သတင်း ဘက်က နောက်ဆုတ်သွားမှာမဟုတ်တာ သိလိုက်ရကာ ...၊

"အေး .. ပြောမယ် – ဒါပေမယ့် မင်းရဲ့ဘယ်လက်နဲ့ ဟိုစားပွဲပေါ်က ဆူးလုံးကိုအားစိုက်ပြီး ဆုပ်ကိုင်လိုက် –"

စားပွဲသည် နှစ်ပေလောက်ပဲရှိသော ကျွန်းစားပွဲဖြစ်ကာ ဟောင်းနွမ်းစုတ်ပြတ်ပြီး ခြေထောက်တစ်ဖက်လည်းမရှိတော့ပေ ...။ သို့သော် ...၊

ထိုခြေထောက်အောက်မှာ ပစ္စည်းဟောင်းအစုတ်တွေနဲ့ ဆင့်ခံကာ မျောက်ခေါင်းခွံသေးသေးလေးထက်မှာမှ စားပွဲစွန်းကို မှေးတင်ထားခဲ့၏။

ဆူးလုံးဆိုသည့်အရာက ဂေါ့ဖ်သီးလောက်ပဲရှိကာ ဒူးရင်းသီးလို ဆူးချွန်လေးတွေက ဒူးရင်းသီးနဲ့မတူဘဲ ချွန်မြနေ၏။ ထို့ပြင် ဆူးလုံးကို

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်သုတ်ထားသော ခွေးခေါင်းခွံ၏ ပါးစပ်ထဲမှာထည့်ထားသဖြင့် ခွေးက ကိုက်ချီထားသလိုမျိုး ...။

"ဒါကို ဆုပ်ကိုင်လိုက်ရင် ဘာဖြစ်မှာလဲ ..."

မင်းရန် က သတင်း လက်လှမ်းမည့်ရှေ့က ကွယ်ထားပြီး မေးလိုက်လျှင် စိတ်တိုသွားသည့် ဒေါ်လှလှ မျက်လုံးတွေက သူ့ဆီ တန်းခနဲ ရောက်လာခဲ့လျက် ...၊

"နင့်ပါးစပ်ကို ပိတ်ပြီး ငြိမ်ငြိမ်နေလိုက်စမ်း ... နင့်ကို စာရင်းထဲ မထည့်တာက ဒီသတ္တဝါကို ထမ်းပြန်မယ့်သူမရှိမှာစိုးလို့ ..."

မင်းရန် မျက်နှာပျက်သွားသည်။ သတင်း အတွက် စိတ်ပူခြင်းက ရင်ထဲမှာ ဗလောင်ဆူလျက် ...။

"ငါတို့ပြန်ရအောင် သတင်း ... ဒီလိုကိစ္စမျိုးကို ငါတို့ဖြေရှင်းနိုင်မှာမဟုတ်မှန်း သိရဲ့သားနဲ့ မမိုက်ချင်စမ်းပါနဲ့ကွာ ... သူက ဆရာမကြီးဖြစ်နေလည်း ငါတို့က ဆရာကြီးရှာကြရုံပေါ့ ..."

"ငါ ဒွဲဒါတွေလုပ်ပြီး အချိန်ဖြုန်းနေလို့မရဘူး ..."

သူတို့ပြောနေကြတာကို ဒေါ်လှလှ က စူးစိုက်နားစွင့်နေ၏။ ပြောတာတွေကို မကြားရပေမယ့် မင်းရန် က နောက်ဆုတ်ဖို့ပြောနေမှန်းတော့ နားလည်ကာ ...၊

"ခုမှ နောက်ဆုတ်လည်း အလကားပဲ ဂုဏ်သတင်း ... နင် ငါ့ကို စိန်ခေါ်ပြီးပြီ၊ နင်တို့ ကိုယ့်ခြေထောက်နဲ့ကိုယ်လျှောက်ပြီး ပြန်ထွက်သွားနိုင်လည်း ငါကတော့ လွတ်ငြိမ်းချမ်းသာခွင့်ပေးမှာမဟုတ်ဘူး ..."

"ခင်ဗျားဆီက လွတ်ငြိမ်းချမ်းသာခွင့်ကိုလည်း မမျှော်ကိုးဘူး ...၊ ဘာဖြစ်လာမှာလဲလို့ တွေးကြောက်နေစရာလည်းမလိုဘူး၊ ကင်း ကို ခင်ဗျား ဘာလုပ်ထားတာလဲ ... ဓိုး က ..."

"ဓိုး ဘယ်မှာလဲလို့ သိချင်နေတာလား ... လုပ်လေ အဲဒီဆူးကို မင်း အားစိုက်ဖျစ်လိုက်စမ်းပါ ..."



"သတင်း မလုပ်နဲ့နော် ... မင့်သွေးကို သူလိုချင်နေတာ၊ အဲဒါ ရသွားရင် ..."

"ငါပြောပြီးပြီပဲ ... ငါက မင်းတို့ထင်သလို စုန်းမဟုတ်ဘူး၊ မင်းတို့ကို ဒုက္ခပေးဖို့အတွက် သွေးရမှဖြစ်မှာလည်း မဟုတ်ဘူး၊ ဒါပေမယ့် တစ်ခုပေးရင် တစ်ခုရမှဖြစ်မှာပေါ့ ... မင်း သိချင်တာတွေ သိစေရမယ်၊ ငါလည်း မင်းကို မပင်မပန်းဒုက္ခပေးလို့ရမယ်၊ ပိုပြီး မျှတသွားအောင် ငါတစ်ခါတည်းပြောလိုက်မယ် ... မင်းရဲ့ သွေးကို ငါရထားတဲ့အတွက် မင်း အသက်က ငါ့လက်ထဲမှာပဲ ..."

"မင်း ကြားလား သတင်း ... သွေးယူတာက နောက်ဆုံးအဆင့် ထင်တယ် ... မင်းကို ..."

"ခင်ဗျားပြောမှာသာပြောစမ်းပါ ... ကျွန်တော့်ကို ခြိမ်းခြောက်မနေပါနဲ့ ..."

"သတင်း ... ဟေ့ကောင် ..."

မင်းရန် ကို ဖျတ်ခနဲတွန်းပစ်လိုက်ပြီး စားပွဲဆီ ချက်ချင်းရောက်သွားသည်။ ပြီးတော့ ခွေးပါးစပ်ထဲက ဆူးလုံးကို နှိုက်ယူလျှင် ...၊

"ဝုန်း ..."

"ဒုန်း ... ဒုန်း ..."

အားစိုက်ယူရတာမို့ ဆူးတွေက လက်ချောင်းထိပ်တွေကို မြန်ဆန်စွာ ဖောက်ဝင်သွားခဲ့လျက် စားပွဲကပါ တဒုန်းဒုန်းပြိုကျသွားခဲ့၏။

ထိုအခါ စားပွဲခုံခုထားသော ပစ္စည်းတွေနဲ့ စားပွဲပေါ်က ရှိသမျှ အတိုအထွာတွေက သတင်း ရဲ့ ခြေထောက်ပေါ်ကို အရှိန်နဲ့ ဖြုတ်ကျသလိုဖြစ်ကာ ဆူးလုံးကို ကိုင်လိုက်မိသည့် လက်အရှိန်ကိုလည်း ဆောင်းလိုက်နိုင် ...။

"အား ..."

"သတင်း ..."

www.burmeseclassic.com

www.burmeseclassic.com



မင်းရန် က ပစ္စည်းတွေကို ကန်ကျောက်ပစ်ရင်း သတင်း ရဲ့ ဘေးကို ရောက်သွား၏။ ယူကြည့်လိုက်တော့ သေွးတွေက အားကောင်းစွာစိမ့်ထွက်နေကြကာ လက်ဆန့်ချလိုက်တာနှင့် တထောက်ထောက်ကျကုန်၏။

"လက် ဒီတိုင်းထားလိုက် .."

"ဟ !..."

သွေးတွေ စွတ်ကျနေမှာစိုးလို့ မင်းရန် က ဆွဲယူလိုက်စဉ် နှစ်ယောက်၏ ပေါင်ကြားထဲကနေ တိုးထွက်လာတာ ဟိုအရင်က 'ဟန်းကော'ဟု ခေါ်သော ခါးသိမ်နှင့် ဒန်ခွက်လေးတစ်လုံး ..။

မင်းရန် လန့်သွားသည်။ သေချာငုံ့ကြည့်လိုက်တော့ ပိုဆိုးသွား၏။ နှစ်ပေခွဲသုံးပေနီးပါးလောက် အရပ်ပုပုလေးနှင့် မျက်နှာက နဖူးမောက်မောက် နာယောင်ကောက်ကောက်နှင့် အသက်ငါးဆယ်လောက် အရွယ်..။

ကောက်သည့်နှာခေါင်းက အပေါ်ကို တောင်ပို့တက်နေသလို ဦးမော့ချွန်ထွက်နေတာဖြစ်သည်။ ထို့ကြောင့် ရှေ့သွားတွေက အပြင်ကို အပြူးလိုက်ခေါ်ထွက်နေကြပြီး တော်တော်ကြည့်ရဆိုးလေသည်။

ထိုမျှ ရုပ်ဆိုးသော လူပုက ဟန်းကောကို သတင်း ရဲ့ လက်ချောင်းထိပ်တွေအောက်က ထိုးခံထားလိုက်ပြီး ..၊

"ငြိမ်ငြိမ်နေ .."

"ဟား .. ဟား .. ဟား .. ငါက သွေးတစ်စက်လောက်ပဲလိုတာပါ၊ မင်းက ကြောက်အားကြီးပြီး ဖိထုပ်ပစ်လိုက်တာကိုး .. ဟား .. ဟား .. ဟား.."

ခေါ်လူလုကြီး က မပြီးဆုံးနိုင်အောင် ဟားတိုက်ရယ်နေလျက်..။

"တော်ပြီ .. တော်ပြီ .. အဲ့လောက်မလိုဘူး ဘီလူး .. နင် သွားတော့.."

ဘီလူးအမည်နှင့် ဘီလူးပုံသဏ္ဍာန်ပေါက်နေသော ထိုလူကြီးက ဆူးလုံးကို ဒီတိုင်းကောက်ယူလိုက်၏။ ပုံစံက ဘောလုံးတစ်လုံးကို ကောက်လိုက်သလို ပေါ့ပေါ့ပါးပါး။

"ဟား .. ဟား .. ဟား .. အချစ်ကြောင့် ရူးတာ ငါ့သားတစ်ယောက်



တည်းမှ မဟုတ်တဲ့ သေချာကြည့်ထား သားရေ .. မင်းနဲ့ ဘယ်သူပိုချစ်သလဲ ပြိုင်မယ့်သူပေါ်လာပြီ .. မင်းရှေ့မှာပဲ .."

မင်းရှေ့မှာပဲဆိုတော့ သူတို့နှစ်ယောက်စလုံး ရုပ်ထုကိုကြည့်လိုက်မိကြသည်။

"ဘုရား .."

ခပ်စင်းစင်းကျနေသည့် မျက်တောင်ဖျားတို့နှင့် မျက်လုံးအစုံက သတင်း ကို စူးစိုက်ကြည့်နေလျက် ..။

www.burmeseclassic.com



## အခန်း(၂၉)

"ကျန်းမာရေးကိုပြောရရင်တော့ အခြေအနေ မကောင်းဘူးလို့ပဲ ပြောရမှာပဲ .."

ဆရာဝန်က မျက်နှာမကောင်းသည့်ကြားက သက်ပြင်းမောကြီး တစ်ချက် ချလိုက်ပြီး ..၊

"ပြီးတော့ ရှိသေးတာက လူနာမှာ ကိုယ်ဝန်ရှိတဲ့လက္ခဏာပြနေတယ်.."

"ဟယ် !..."

"မြတ်စွာဘုရား .."

ဒေါ်ညိုညို နဲ့ ဒေါ်ပျိုပျို ပါရှိနေသဖြင့် ညီအစ်မနှစ်ယောက်စလုံး တစ်ယောက်ကဝမ်းသာအားရ တစ်ယောက်က ထိတ်လန့်သွားခဲ့လျက်..။

"ဘာဖြစ်လို့လဲ ညို .. ငါတို့တွေ မျှော်လင့်နေခဲ့ရတာ အခု ဖြစ်လာပြီနော ..”

"မိပျို ရယ် .. ကင်း ကဖြင့် ထတောင်မထိုင်နိုင်တော့ဘူး၊ ဒီကိုယ်ဝန် ကို .. အို ဒုက္ခပါပဲ .."

"ဘာဖြစ်လို့လဲဟင် .."

နေရဲ နဲ့ မသူဇာတို့ အနားရောက်လာကြ၏။ ဘယ်သူကမှ မဖြေ



ရသေးမေမယ့် ဆရာဝန်စကားကြောင့် ..၊

"ဟုတ်တယ် လူနာဒီလိုအခြေအနေနဲ့ ကိုယ်ဝန်ကို မလွယ်သင့်ဘူး။ နိုင်တီပါစန့်က အန္တရာယ်ပဲ .."

ထိုအခါကျမှ ဒေါ်ပျိုပျို စိုးရိမ်ရမှန်းသိသည်။ နေရဲ တို့လည်း ရုက်လုံး ပြူးသွားကြ၏။

"ဘယ်လို ဒေါက်တာ .. ကိုယ်ဝန်ရှိနေပြီ ဟုတ်လား .."

ဆရာဝန်ကို အားနာဖို့မေ့ကာ .. ကင်း ရဲ့ အခန်းရှေ့ကနေ ကွယ်ရာ ကို ကမန်းကတန်းဆွဲခေါ်ခဲ့ရင်း ..၊

"ကင်း မှာ ကိုယ်ဝန်ရှိနေပြီလို့ ပြောလိုက်တာလား ဒေါက်တာ.."

"အဲ့ဒါလည်း နိုင်တီပါစန့် သေချာတယ် ကိုနေရဲ .. သေချာအောင် စစ်ကြည့်ရမယ် .. ဒါပေမယ့် လူနာက ဘယ်လိုစမ်းသပ်စစ်ဆေးမှုကိုမှ လက်ခံမှာမဟုတ်ဘူး .."

နေရဲ ခေါင်းညိတ်လိုက်ရင်း ရင်ထဲမှာ ဓားလံသွားသည်။ သတင်း တို့ ခရီးထွက်သွားတာလည်း ကိုးရက်ရှိနေပြီဖြစ်ကာ အိမ်ကို ဘာမှ မဆက်သွယ်ပေ ..။

ရဲအုပ်နေအောင် ကတော့ စခန်းမှူးဆီကို သတင်း တို့ ဖုန်းဆက် အကူအညီတောင်းသဖြင့် မြဝတီရဲစခန်းကို ကူညီပေးဖို့လည်း သူ့ထံ အကြောင်းကြားထားသည်လို့ ပြောပြ၏။

ဟိုကလူတွေလည်း ဘာတွေဖြစ်ကုန်ကြပြီလဲမသိ ..။ ဒီမှာလည်း ဘာတွေဆက်ဖြစ်လာမလဲဆိုတာ မသိနိုင် ..။

"မမညို .. ဆရာတော်ကြီးတို့ ကြွတော့မယ်တဲ့ .."

"ဟေ .. လာပြီ သူဇာ ရေ .."

ဆရာတော်ကြီးတွေကို နေ့စဉ် ငါးပါးပင့်၍ ဆွမ်းကပ်နေသည်။ မမွစကြာတရားတော်တွေ ပရိတ်တရားတွေ ရွတ်ဖတ်ရေးရှုသည်ပြီး မေတ္တာသုတ်ကို နေ့လယ်တစ်ခါ ညပိုင်းတစ်ခါ ရွတ်ဖတ်ပွားများခဲ့၏၊

ထို့ကြောင့် ကင်း ရဲ့ အခြေအနေ အနည်းငယ်ငြိမ်သက်သွားခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရေတောင်းသောက်ဖော်ရလာခဲ့၏။ ဒါပေမယ့် ညစဉ်အေးမြနေတာကိုတော့ မတားဆီးနိုင်ခဲ့ပေ ..။

"ဘာဖြစ်လို့ ဆရာတော်တွေရှေ့မှာ ငိုရတာလဲ ညို့ ရယ် .."

ဆရာတော်တွေ ပြန်ကြွသွားမှ ဒေါ်ပျိုပျို က ရှုံ့မဲ့ပြောရင်း ..၊

"ဒါ စိတ်ညစ်စရာပေမယ့် တွေးကြည့်ရင် ဝမ်းသာစရာပဲ .."

"ပျိုပျို .."

"မဟုတ်ဘူးလေ .. နင်က သရဲနဲ့ညားပြီး မွေးမယ်ထင်နေလို့လား.."

"ဟဲ့ .. ငါ နင့်လိုအများကြီးမတွေးသေးဘူး၊ ငါ့တူလေးလည်း ပြန်မလာနိုင်၊ ဒီကလူနာကလည်း အခြေအနေမကောင်းတော့ ငါတို့ တူကယ်ရာမဲ့ပြီထင်တယ် .."

"အေး .. ငါ ဖတ်ဖူးတဲ့စာအုပ်ထဲမှာတော့ အောက်လမ်းပညာတွေ အစွမ်းထက်လာရင် အရမ်းကြောက်ဖို့ကောင်းတယ်တဲ့ .."

"နင်ပြောမှပဲဟယ် .."

"ဒါပေမယ့် အခု ဟိုသရဲလည်း အရင်လိုမယုတ်မာနိုင်တော့ပါဘူး၊ ကင်း ကို အလကားခြောက်လှန့်နေတာ .."

"ဒီမှာ ရှိနေသေးတဲ့ သဘောပဲလေ .. ဘုန်းဘုန်းတို့ မရှိတာနဲ့ ဝင်သောင်းကျန်းမှာပဲ .."

"ကဲပါဟယ် .. ဒီခြံထဲမှာ နောက်ထပ် ဘုန်းကြီးကျောင်းတစ်ကျောင်း ထပ်ဆောက်ပြီး ဘုန်းဘုန်းတို့ကို .."

"တော်ပါတော့ .."

အားလုံး ရှုပ်ယှက်ခတ်နေသည့်ထဲမှာ ကင်း သည် အိပ်ရာထဲမှာ ပက်လက်လေးမှိန်းနေလျက် တစ်ခုခုလို့ချင်တိုင်း ..၊

"ကိုကိုရေ .." လို့သာ ခေါ်ပြီး တောင်းလေ့ရှိကာ ..၊



## အခန်း (၃၀)

"မင်းတို့က ငါ့ဒေါသကို ဆွပေးနေကြတာပဲ .."

"ဟာ .. စုန်းမကြီး လိုက်လာပြီဟ .."

"မင်း ပြေးတော့ မင်းရှုံး .. ငါလုပ်တာ ငါရှင်းမယ် .."

"ဘာလို့ပြေးရမှာတုန်းကွ .. လုပ် မြန်မြန်လုပ်.."

ဒေါ်လှလှကြီး မရှိခိုက်မှာ ရုပ်ထုကိုဝင်ယူပြီး မီးရှို့ပစ်နေတာဖြစ်သည်။ အချိန်က ညနေသုံးနာရီ ..။

ဒီအချိန်မှာ စုန်းကဝေတွေ အင်အားနည်းတတ်သည်လို့ ဆရာတစ်ယောက်က ပြောလိုက်သောကြောင့် ရုပ်ထုကို ဝင်ယူခဲ့တာဖြစ်သည်။

တကယ်တော့ ဆရာကလည်း ကြိုးစားကြည့်ပါသေးသည်။ ရဲကို အကူအညီခေါ်ပြီး အလောင်းဖျောက်ဖျက်မှုနှင့် ဒီအရုပ်ကို သိမ်းဆည်းဖျက်ဆီးပေးဖို့လည်း ကြိုးစားခဲ့ပြီးပြီ ..။

သို့သော် ဆရာကလည်း သူတို့ကို မကူညီရဲသဖြင့် ရဲကလည်း မပတ်သက်ချင် ..။

"ဘာမှ လက်ဆုပ်လက်ကိုင်မရှိတာကို ဥပဒေနဲ့ ဘယ်လိုအပြစ်

www.burmeseclassic.com

www.burmeseclassic.com



ဆေးရမလဲ .. မင်းတို့ပြောသလို ဒီရုပ်ထုကို သိမ်းလိုက်ပါပြီတဲ့၊ အထဲမှာ သစ်သားချည်းပဲရှိနေရင် ရဲက ပြည်သူလျှောင်ရယ်တာကို ခံရဦးမယ်၊ နောက်တစ်ခုက ငါတို့အလုပ်ပြုတ်မှာ ..” ဟုဆို၏။

ဆရာကြီးက ဒါတွေကိုသိပြီး စိတ်မကောင်းသော်လည်း ...၊

“မြဝတီမှာ အထူးသဖြင့် ခုလို နယ်စပ်ရှာသိမ်ရှာငယ်လေးတွေမှာ လူလေးတို့ ဒီလိုလှုပ်ရှားဖို့မလွယ်ဘူး၊ မှန်တာပြောရင် ခေါင်းခေါက်ခံရတတ်တော့ မပြောတာပဲ ကောင်းပါတယ်၊ ဒါကြောင့် ရဲရင့်မင်းဖြစ်ဆိုတဲ့စကားကို လက်ကိုင်ထားကွယ့် .. မင်းဖြစ်ဆိုတာ ရှင်ဘုရင်ဖြစ်မှာတော့ မဟုတ်ဘူး၊ မင်းဖြစ် မင်းခံပေါ့ .. အဲဒီတော့ အသက်ကို ဉာဏ်စောင့်သတဲ့ .. ကိုယ့်အသက်ကို ရှင်အောင်မွေးရင်း ကြိုးစားရမှာပဲ ..”

ဆိုပြီး ဒီနည်းကို သင်ပေးခဲ့တာဖြစ်သည်။ “သူ့အစိတ်အပိုင်းတစ်ခုခုမှာ ဝိညာဉ်ကို ကပ်တွယ်ခွင့်ပေးထားရင် အဲဒါကို မီးရှို့လိုက်တာနဲ့ သူ ဘဝကူးလိမ့်မယ် ..” တဲ့ ...။

ရုပ်တုက သစ်သားနဲ့ချည်းဖြစ်ကာ အတွင်းပိုင်းမှာတော့ သံတွေဝင်အောင် ဘယ်လိုရိုက်ထည့်ထားသည်မသိ ...။

ဒေါ်လှလှကြီး ရောက်လာတော့ လောင်လက်စ သစ်စများနှင့် သံတွေက ထိုးထိုးထောင်ထောင် ...။

“တောက် ...”

ဒေါ်လှလှ က မီးပုံကြီးကို နှမျောတသစွာ စီးမိုးကြည့်နေကာ တက်ခေါက်သံက ရှူးရှူးနေလျက် ...၊

“ဒီလိုလုပ်လိုက်ရင် ပြီးသွားပြီမှတ်နေတာလား .. ဟွန်း .. ငါဖန်တီးတဲ့ဝိညာဉ်ကို ငါ ပြန်မသိမ်းဘဲ ဘယ်လိုလုပ်လုပ် ဘယ်သူမှ မတားနိုင်စေရဘူး .. ဟား .. ဟား .. ဟား ..”

ဒေါ်လှလှ မျက်နှာကြီးမော့ရယ်သည်။ ပတ်ဝန်းကျင်တောတန်းထဲက ကျေးငှက်တို့ ဝုန်းခနဲပျံတက်သွားကြ၏။

ထိုစဉ်မှာပဲ ရယ်သံရပ်သွားကာ သူမ ခါးကြားထဲက တစ်စုံတစ်ခု



ကို ဆွဲထုတ်လိုက်၏။ လက်ထဲမှာ ယောက်ျားရုပ်တစ်ရုပ်ပါလာလျှင် မင်းရန် ထိတ်လန့်သွားသည်။

တစ်ထွာလောက်သာရှိသော ထိုအဝတ်ရုပ်လေးကို မြင်သည်နှင့် ကြားဖူးနားဝတွေအရ ဘာလုပ်တော့မည်ကို သိလိုက်ကာ ...၊

“ဒေါ်လှကြီး ခင်ဗျား ..”

“ဟား .. ဟား .. ဟား .. ရော့ ..”

“ဟာ !...”

“အား ...”

အရုပ်ကို မီးပုံထဲပစ်ထည့်လိုက်လျှင် သတင်း ခွေခနဲပစ်လဲသွားကာ ထွန့်ထွန့်လူးနေ၏။

“သတင်း ...”

“အား .. ပူတယ် ..”

“နေဦး .. ငါ ငြိမ်းမယ် ..”

မင်းရန် က အရုပ်ကို မီးပုံထဲက ကော်ထုတ်ဖို့ကြိုးစား၏။

“ဟား .. ဟား .. ဟား .. ကယ်လိုက် ရအောင်ကယ်ထား၊ ငါ့မှာ အရုပ်တွေအများကြီးရှိသေးတယ်၊ နောက်ထပ်နှိပ်စက်ဖို့နည်းတွေလည်း ကျန်သေးတော့ .. ဒီကောင်သေသွားရင် ပျင်းစရာကြီး .. ဟား .. ဟား .. ဟား .. ဟား .. ငါ့မှာ သွေးတွေရထားတာ အများကြီးလေ .. သုံးမကုန် ဖြုန်းမကုန် .. ဟား .. ဟား ..”

ဒေါ်လှလှ ၏ ရယ်သံကြီးဝေးလွင့်ပျောက်ကွယ်သွားသည်။ မီးပုံထဲကနေ အရုပ်ကိုပြန်ဆယ်ရလိုက်သော မင်းရန် မှာလည်း လက်တစ်ဖက်လုံး မီးမြိုက်ခံထားရကာ .. သတင်း သည် ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

သူ့မျက်လုံးတွေ ပွင့်လာတော့ ပတ်ဝန်းကျင်သည် မှောင်မိုက်နေခဲ့လျက် သူ့မျက်နှာထက်မှာ နက်ပြာရောင် ကောင်းကင်ကြီးက ငုံ့မိုးကြည့်နေ၏။

ကြယ်ရောင်တွေစုံနေပေမယ့် လက မသာ ...။

လှည်းဝင်ရိုးသံ တအီအီနှင့် သူ့ကိုယ်က လှုပ်ခုန်နေရာ ...၊

"အား .. ကျွတ် .. ကျွတ် .."

"မင်း သတိရလာပြီလား .."

"မင်းရန် .. ငါတို့ဘယ်ကိုသွားနေတာလဲ .."

"ဘယ်ကိုဆိုတာ မသိဘူး .. ဒါပေမယ့် ကွမ်းနှစ်ယာညက်အောင် ဆရာကြီးပြောတဲ့အတိုင်း မောင်းသွားပြီးရင်း ညာဘက်ခြမ်းကိုကြည့်တဲ့ ဘုန်းကြီးကျောင်းကိုရောက်မယ်တဲ့၊ အခု အဲဒီအတိုင်း ငါသွားနေတာ ကွမ်းတစ်ယာညက်သွားလို့ နောက်တစ်ယာထည့်ထားတယ် .."

"မင်း လက်တွေလောင်သွားတယ်မို့လား .."

"ငါ့ကို မမေးပါနဲ့ .. မင်းရဲ့ ပါးချိတ်တစ်ဖက်နဲ့ လည်ပင်းတွေ



လက်ဖျံတွေ လှပ်ကြည့်ဦး လှုပ်လို့ရရင်တောင် အမာရွတ်ကတော့ သေရာပါမှာပဲ .."

စိတ်မချမ်းမြေ့ဖွယ်စကားတွေပြောနေမိကြရင်း လှည်းက တကျွီကျွီ တခေါက်ခေါက်သွားနေလျှင် ...၊

"သစ်ပင်တွေထဲ တိုးသွားနေတာလား မင်းရန် .. လမ်းမဟုတ်ဘူးလား .."

"အေး .. ငါလည်း လမ်းမမြင်ဘူး၊ ဒါပေမယ့် နွားတွေကသိတယ်လို့ပြောတာပဲ .. နွားလျှောက်သာတဲ့လမ်းပေါ့ကွာ .."

ပတ်ဝန်းကျင်က ပိန်းပိတ်မှောင်နေသည်။ လှည်းကြမ်းခင်းကို အောက်က မာကြောသည့်တစ်စုံတစ်ရာတွေနဲ့ ထိခတ်နေသဖြင့် လှုပ်အိပ်နေသည့် သတင်း က သိနေသည်။

ကိုယ်တစ်ခြမ်းကို စောင်းထားရကာ ကွေးထားသည့်လက်ကိုလည်း ရုတ်တရက် မဆန့်နိုင်၊ ပါးချိတ်နဲ့ လည်းပင်တစ်ဝိုက်က မချိမဆန့်နာကျင်နေ၏။

"ငါ ဖန်တီးတဲ့ဝိညာဉ်ကို ငါပြန်မသိမ်းဘဲ ဘယ်သူမှ မတားနိုင်ဘူး .." တဲ့ ...။

"နောက်ထပ် ဒုက္ခပေးဖို့တွေရှိသေးတော့ ရအောင်ကယ်ပေးထားလိုက် .." လို့လည်း အော်သွားသည်။

ခုလောက်ဆို ကင်း ဘယ်လိုအဖြစ်ဆိုးနေပြီလဲ ...၊

သူ့ သေသွားရမယ်ဆိုရင်လည်း အသေခံပြီး လုယူနိုင်သည်။ ဒါပေမယ့် ကင်း အတွက်လည်း မကယ်တင်နိုင်ဘဲ သူပါ သေဆုံးသွားခဲ့ရင် ဘယ်လိုမျှော်လင့်ချက်နဲ့ ကင်း အသက်ရှင်မလဲ ...။

"မင်းရန် ဘုန်းကြီးကျောင်းကို ဆရာကြီးလွှတ်တာ မျှော်လင့်ချက်ရှိလို့လား .."

"အေး .. အဲဒီဘုန်းဘုန်းကျောင်းမှာ ရသေ့ကြီးတစ်ပါးရှိတယ်၊ သက်တော်တစ်ရာ့ရှစ်နှစ်ရှိပြီတဲ့၊ နောက် ထိုင်မယ်ကျောင်းထိုင်ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



လည်း မပေါ်ဘူး၊ ရသေ့ကြီးကလည်း ကျန်းမာနေဆဲပဲတဲ့ ..."

"ဒါနဲ့ ဆရာတော် ရသေ့ ရဟန်းတွေက အဲဒီလိုတွေလုပ်မပေးဘူး ဆို ..."

"ငါတို့ ကုရာကယ်ရာမဲ့နေတဲ့အကြောင်း ပြောပြရမှာပေါ့၊ နောက်ပြီး အဲဒီမှာ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဂန္ဓာရီဆရာကြီးတွေ အဝင်အထွက်ရှိကြတယ်တဲ့၊ သူကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်အပြည့်ရှိတဲ့ အထက်လမ်းဆရာကြီးပဲကွ .. သူ့တောင်မနိုင်တာ ငါတို့ ဒီမိန်းမကြီးကို ဘယ်လိုဆက်ရင်ဆိုင်မလဲ .."

မင်းရန် ဖွင့်မပြောဖြစ်သေးမယ့် ရင်လေးနေမိပါ၏။ သူတို့ ဒီတောထဲကနေ အသက်ရှင်လျက် ပြန်ထွက်ရဖို့ သိပ်မလွယ်တော့တာ အခြေအနေအကြောင်းကြောင်းက ဖော်ပြနေ၏။

ဒါက နောက်ဆုံးကျည်ဆံပဲဖြစ်သည်။ ဒီလိုပညာရပ်တွေကို လက်ဆုပ်လက်ကိုင်သက်သေဖြင့် စီရင်ချက်ချမှတ်သော ဥပဒေက ဘယ်လိုနည်းနဲ့ အရေးယူနိုင်မှာလဲ ..။

မပြောမဆိုကောင်း ဒါတွေသာ မြို့ကြီးပြကြီးတွေမှာ ကျယ်ပြန့်ထွန်းကားလာခဲ့ရင် လူတွေရဲ့ဘဝက 'မချစ်ရင် ပစ်မှာ' ဆိုတဲ့ ခြိမ်းခြောက်သံတောင် ကြားခွင့်ရလိုက်မည်မထင် ..။

ချစ်ရင်လည်း သတ်ကြ၊ မုန်းရင်လည်း သတ်ကြ၊ မတွေးရဲစရာပါလား ..။



## အခန်း(၃၂)

"မေတ္တာသည်သာ အောင်နိုင်ရာ၏' တဲ့ သူ့စိတ်နှလုံးကို ကိုယ့်မေတ္တာ စူးရောက်သွားနိုင်ဖို့ပဲ လိုတာပါ၊ ဒကာကြီးတို့ စိတ်မပျက်ကြနဲ့ .."

ရသေ့ကြီးရဲ့ မျက်နှာတော်က ဝါရွှေကြည်လင်နေကာ ခါးလည်းမကိုင်း လေးလံသည့် လှုပ်ရှားမှုမျိုးလည်းမဟုတ်ဘဲ သူတို့ရောက်သွားတာနှင့် သစ်ရွက်သစ်ခေါက်တို့ဖြင့် ကိုယ်တိုင်စီရင်ထားသော ဆေးဝါးတွေနဲ့ ဒဏ်ရာတွေကို လိမ်းကျံစေသည်။

သောက်ခိုင်းတာလည်းရှိကာ ..၊

"မကျန်းမာသေးမယ့် အသက်ကယ်ဖို့လည်း အားတင်ထားကြကွယ်..."

ရသေ့ကြီးက အင်မတန်ကြည်ညိုဖွယ်ကောင်းကာ ခြေတံရှည်ကျောင်းဆောင်တစ်ဆောင်နှင့် ခပ်လှမ်းလှမ်းမှာ သစ်လုံးကျောင်းဆောင်လေးလည်းရှိသည်။

အာဟာရအဖြစ် သစ်သီးတွေကိုသာ စားသုံးတော်မူခြင်း တရားအားထုတ်တာမို့ ရသေ့ကြီးရဲ့ မျက်နှာတော်အပြင် ကျောင်းဝင်ပတ်လည်ကပါ အေးချမ်းတိတ်ဆိတ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"**ဒီညမှာပဲ** ဒကာကြီးအစ်ခွာန်ပြုရမယ်၊ ကိုယ့်ရဲ့ ကိုယ်တွင်းကိုလည်း **ကုသရာရောက်**သလို သူ့အပေါ် ဖြန့်ကျက်မယ့်မေတ္တာစွမ်းအားလည်း **ပြည့်ဝရမယ်၊** ဒီဒကာမကြီးနဲ့ ရသေ့ တွေ့ဆုံဖူးပါတယ်၊ သူက ဗုဒ္ဓဘာသာမဟုတ်ပေမယ့် အရိုင်းစိတ်သက်သက်နဲ့လည်း မဟုတ်ဘူး.."

"ဒီလိုတောရွာကနေ မြို့ကြီးမှာ ကျောင်းလာတက်တာကိုတော့ တော်တော်အံ့ဩမိပါတယ် ဘုရား .."

"ဒါတွေကလည်း အဆန်းအပြားတော့မဟုတ်ပါဘူး .."

ရသေ့ကြီးက ဆက်လက်မမိန့်ခဲ့ပေမယ့် သူတို့မှာတော့ တွေးစရာတွေဖြစ်ခဲ့ပါ၏။

"ဒကာကြီးတို့ ရသေ့ခိုင်းတဲ့အတိုင်း အာရုံပြုပြီး စိတ်တန်းရမယ်၊ တစ်ယောက်က ဒီမှာထိုင် ဒကာကြီးက ဒီဘက်ကိုလှည့်ထိုင် .."

ဘုရားစင်ရှေ့ ကျောင်းသခ်ိန်းအပေါ်မှာ နေရာတကျထိုင်ကြရင်း ရသေ့ကြီးက ဖန်ခွက်ထဲမှာ ရေအပြည့်ထည့်၍ အသင့်ယူလာသည့် သစ်စ တစ်စမှာ တခြားသစ်စအချွန်တစ်ခုနဲ့ တစ်စုံတစ်ရာရေးခြစ်နေ၏။

ပြီးတော့ လက်အုပ်ချီပူဇော်သည့်လက်ထဲမှာ စာရေးထားသည့် သစ်စကို ထားပြီး ဘုရားရှိခိုး၏။

ည ကိုးနာရီလေးဆယ့်ငါးမိနစ်ကနေ ရှိခိုးခြင်းသည် ဆယ့်တစ်နာရီမှာ ပြီးဆုံးခဲ့လျက် ..၊

"ခဏ သက်တောင့်သက်သာနေကြ .."

လို့ ဆို၍ သစ်စကို ဖန်ခွက်ထဲက ရေကြည်ထဲမှာ အသာလေးထည့်လိုက်သည်။ မီးတုတ်မှ မီးညွန့်တို့ ယိမ်းယိုင်လှုပ်ရှားနေသည့်အတိုင်း ရေထဲမှာ ဧွစောင်းပေါ်လွင်နေသော သစ်စ၏အရိပ်ကလည်း လှုပ်ခုန်နေတာနှင့်တူ၏။

ပတ်ဝန်းကျင်ကလည်း တိတ်ဆိတ်ငြိမ်သက်နေခဲ့လျက် မျက်လုံးတွေမှိတ်၍ ရွတ်ဖတ်သရဇ္ဈာယ်နေသော ရသေ့ကြီး၏ နှုတ်ဖျားမှ လေဝင်လေထွက်သံသဲ့သဲ့ကိုသာ ကြားနေရ၏။



"အ ...."

သတင်း ကိုယ် တုန်ခနဲဖြစ်သွားကာ နှာခေါင်းထဲက ပူနွေးသော အရည်တွေစီးကျလာတာကို ခံစားမိသည်။ အသက်ရှူကျပ်လာခြင်း အောက်ခဲနာကျင်ခြင်းက မခံမရပ်နိုင်အောင်ပင် ..။

တောင့်ထား သတင်း .. ရသေ့ကြီးက ဘာဝေဒနာ ဘယ်လိုအနှောင့်အယှက်ပဲရှိနေနေ ဒေါ်လှလှ ကို စေတနာမှန်နဲ့ ခွင့်လွှတ်မေတ္တာထားခြင်း စိတ်နှလုံးကို မပျက်ပြားစေရဟု မှာထားသည်။

"ခွင့်လွှတ်ခြင်းသည် သူ့မေတ္တာကိုရယူခြင်း .."

"သူ့အပေါ် ကြင်နာသနားခြင်းသည်သာ သူ့ကို မေတ္တာထားခြင်းဖြစ်သည် .."

"ငရဲမကြောက် ဒုစရိုက်မကြောက် သတ်ဖြတ်ဖို့ ဝန်မလေးသော အသိစိတ်ပျောက်နေသူသည်သာ သနားဖွယ်ဖြစ်ကာ မိမိက ခွင့်လွှတ်နိုင်မှသာ မြင့်မြတ်သော စေတနာမေတ္တာရှင်ဖြစ်၏ .."

"အကြင်သူသည် သနားဖွယ်ဖြစ်၏ .."

"လောဘ ဒေါသ မောဟများဖြင့် ပူပြင်းလောင်ကျွမ်းနေသော အကြင်သူ၏ သောကသည် ထိတ်လန့်ဖွယ်တရားရှုဖွယ်ဖြစ်သည် .."

"ငါ သူ့လိုမဖြစ်ရအောင် သူက ပညာပြဆုံးမနေတာနှင့် တူ၏ .."

"သူ့ကို ဒေါသစိတ်နှင့် မတုံ့ပြန်သလဲ ကျေးဇူးရှင်ဟု သတ်မှတ်မည်။ သူ့ရဲ့ သောကဝေဒနာအတွက် ခွင့်လွှတ်ကြင်နာမည် .. မေတ္တာထားမည် .."

"ဒေါ်လှလှ ဒီသောက ဒေါသတွေ ငြိမ်းပါစေ .. အေးချမ်းပါစေ.. စိတ်ချမ်းသာ ကိုယ်ကျန်းမာရှိပါစေ .."

သတင်း စိတ်ထဲမှ ရသေ့ကြီးသင်ပြဆုံးမထားသည့်အတိုင်း စိတ်ကို ရည်မှန်း၍ မေတ္တာပို့နေမိသည်။ ဒေါ်လှလှ၏ နှုတ်ခမ်းတို့မှသည် နှလုံးအိမ်တွင်းသို့ ရည်မှန်း၍ ကိုယ့်စေတနာမေတ္တာကို ပို့နေခဲ့၏။

အချိန်တွေ ဘယ်လိုကုန်ဆုံးသွားခဲ့မှန်း မသိခဲ့ဘဲ ညဉ့်နှစ်နာရီတိတိ

www.burmeseclassic.com

www.burmeseclassic.com



မှာ လေပြင်းတစ်ချက်တိုးဝှေ့သွားခဲ့သည်။

တောထဲက တောခွေးတို့၏ အူသံတွေ နားကွဲမတတ် ဆူညံလာ၏။ ထိုစဉ် သစ်ရွက်တို့ကို နင်းဖြတ်လာခဲ့သော ခြေသံကို စတင်ကြားလိုက်ရကာ ..၊

"ကျွန်မ ရောက်လာပါပြီ ရသေ့ကြီး .."

ဒေါ်လှလှ ၏ တုန်ယင်နွမ်းလျသော စကားသံ ..။

ရသေ့ကြီးရဲ့ ချောင်းဟန့်သံကြားမှ သူတို့မျက်လုံးဖွင့်ကြည့်လိုက်လျှင် ဒေါ်လှလှ သည် လူက မောကြီးပမ်းကြီးဖြစ်နေသော်လည်း ရသေ့ကြီးရဲ့ မနီးမဝေးမှာ လေးဘက်ထောက်ခေါင်းငုံ့လျက် ငိုကြွေးနေလေသည်။

မေတ္တာသုတ်၏ ရူးရောက်ခြင်းသည် ဒေါသ အတ္တတွေ ဖုံးလွှမ်းနေသော မိစ္ဆာကဲ့သို့ ကြမ်းတမ်းရက်စက်နေသူကိုတောင် ခယဝပ်စင်းလာစေ၏ ။

မင်းရန် သတင်း ကို ပြေးမွေ့ရင်း အံ့သြနေတာကိုလည်း မဖျောက်နိုင် ..၊ ဒေါ်လှလှ ၏ ဒူးထောက်ခေါင်းစိုက်နေပုံသည် အားမတန်လို့ မာန်လျှော့လိုက်ရသည့် ဟန်အမူအပျင်းမရှိဘဲ မာန်စွန်ချ၍ ရိုကျိုးစွာ ဦးခိုက်လာခြင်းသာဖြစ်လေသည်။

ဒါဟာ အရာရာပြီးဆုံးသွားတော့မည့် နိမိတ်ပဲဖြစ်ရာ ညသည် မင်္ဂလာအပေါင်းနှင့် ခသျောင်းလျက် နံနက်မိုးသောက်ခြင်းကို ကြိုနေလေပြီ။



## အခန်း(၃၃)

"ဖြစ်ရလေ သားရယ် .. ကံကောင်းလို့ပါလား .."

"အေးလေဟယ် .. ကြည့်ပါဦး မီးလောင်ထားတာ၊ အမာရွတ်ထင်ကျန်ရင်တော့ မေးရိုးနားမှာ ကြည့်ရဆိုးပြီ .."

"ပျို့ပျို့ ရေ .."

"မဟုတ်ပါဘူး ညို့ ရယ် .. ငါ့သားက လူချောလေးဆိုတော့ .."

"မသေမပျောက်ပြန်လာနိုင်တာ ကံကောင်းအေ .. သွားရပြန်တဲ့ခရီးကပဲ နီးသလား .."

အားလုံး ပျာယာခတ်နေကြသည်။ ခရီးပမ်းသည့်အရှိန်နှင့် ဒဏ်ရာတွေနဲ့ရောကာ သတင်း က သတိတော့မလစ်ပေမယ့် စကားလည်းသိပ်မပြောနိုင် .. ဘာမှလည်း မစားနိုင်သေး ..။

"ကြီးကြီးရော .. ကင်း ရော .."

"ကင်း၊ က သားတို့ အဲဒီမှာ အဆင်ပြေသွားတဲ့ညလောက်ကပဲပေါ့ .. အဲဒီတည်းက လုံးဝမအော်တော့ဘူး၊ ဒါပေမယ့် သူကြောက်လို့တစ်ညလုံးမအိပ်ဘူး၊ အဲဒီမနက် မိုးလင်းသွားတည်းက အိပ်လိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



သားရယ် .. အိပ်ရာက နိုးလာရင် ရေပဲတောင်းတယ်၊ အဲဒါ သူ့ နိုးချိန် စောင့်ပြီး အိုဗာတင်းတို့ ဟောလစ်တို့ ဖျော်တိုက်တယ်လေ .."

"မကေ ရော .."

"ကေသီ လည်း စကားတွေဘာတွေပြန်ပြောနေပြီ၊ ဆရာဝန်က ပြောတယ် မကြာခင် မှတ်ဉာဏ်တွေပြန်ရလာမှာတဲ့၊ နောက်ထပ် အထိတ်တလန့်ဖြစ်ဆေမှာတွေမရှိအောင် သတိထားပေးမယ်ဆိုရင် တစ်လနှစ်လ အတွင်း ပြန်ကောင်းလာမှာတဲ့ .."

ပြန်ရောက်တာနဲ့ နေရဲ က အိမ်ကိုတန်းရောက်လာသည်။ မင်းရန် မှာလည်း ဒဏ်ရာရလာတာမို့ သူလည်း ဝိုင်းပြုစုပေးရန်ဖြစ်သည်။

"ငါ့မိန်းမကို မင်း စိတ်မပူနဲ့ သတင်း၊ မင်းတို့အဆင်ပြေလာတာ ကို ငါ ဝမ်းသာလို့ အိပ်လို့တောင်မပျော်ဘူး .."

"ကဲ .. ကဲ .. အကုသိုလ်တွေမရှိတော့ဘူးဆိုတော့ အိမ်ကို နံ့သာရေနဲ့ဆေးပြီး ရွှေရည်ငွေရည်လောင်းမယ်၊ ဘုရားကိုးဆူပူဇော်ပွဲလုပ်မယ်၊ ပရိတ်ကြီးဆယ့်တစ်သုတ်ဆယ့်တစ်ရက်တိတိ ရွတ်ဖတ်ပူဇော်မယ်၊ အဲဒါ တွေ ငါပဲ အားလုံးစီစဉ်မယ် .. ညို က နင့်သားနဲ့ သမီးကို စောင့်ရှောက်.."

ဒေါ်ညိုညို ထက် ဒေါ်ပျိုပျို က ပိုပြီးသွက်လက်သည်။ ဒေါ်တာ တောင် ငါ့တူလို့ခေါ်တာမဟုတ်ဘဲ ငါ့သားဆိုတာ ပါးစပ်ကမချ ..။

ကင်း မှာ ကိုယ်ဝန်ရှိနေမှန်း သိလိုက်တည်းက ညီအစ်မနှစ်ယောက် ရဲ့ အပျော်တွေက ဆိုဖွယ်ရာမရှိအောင်ဖြစ်နေခဲ့လျက် ..၊

"သမီးလေး နေကောင်းရဲ့လား သမီး .."

ကင်း နားကို ရောက်တိုင်း ကင်း အိပ်နေလည်း နဖူးလေးသပ်ပေး ရင်း ဒါပဲမေးနေတတ်ကာ ..၊

"ညို ရယ် .. ကင်း သနားပါတယ်နော် .. သရဲကပြိုးပြီး အနိုင်ကျင့် ခံရရှာတာ၊ ငါဖြင့် ကြားသာကြားဖူးတယ် မယုံနိုင်ပါဘူးဟယ် .."

"အေးလေ .. ငါတို့ကသာ မမြင်ရတာ၊ သူ့ခမျာ ဘယ်လိုကြီးမြင်



နေရလဲမသိဘူး .. ခုတော့ ပြီးသွားပါပြီ .."

"သူ့ကိုယ်က ဒဏ်ရာတွေတောင် အရောင်ဖျော့သွားသလိုပဲနော်.."

"ပျောက်သွားပါစေလို့ ဆုတောင်းရတော့မှာပဲ .."

ကင်း ကို ကြည့်တော့လည်း မျက်နှာလေးက အရှိုးကျုလုလုဖြစ်နေ သည်။ သတင်း ကလည်း ထမကောင်းကြွမကောင်း လူနာသာသာ ..။

ကင်း ကို လာကြည့်တာတောင် လူတွဲထားရသဖြင့် အိမ်မှာသိပ် တော့ မသာယာသေးပေ ..။ ထို့ပြင် ကင်း မှာ ကိုယ်ဝန်ရှိနေတာကိုလည်း ပြောပြဖို့ခက်နေကြ၏။ ကင်း ပုံစံလေးက ဘယ်လိုမှ ကိုယ်ဝန်ဆောင်နိုင် မည့်ပုံမပေါ်သည့်ပြင် လူများများနဲ့တောင် ရင်မဆိုင်ရဲသေး ..။

ပိုဆိုးတာက ဘယ်အချိန်ကျမှ အစားကောင်းကောင်းစားမလဲဆို တာပင် ..။

"သား ..."

"ပြောလေ ကြီးကြီး .. တစ်ခုခုပြောစရာရှိလို့လား .."

ဒေါ်ညိုညို တို့ ညီအစ်မက သတင်း ရဲ့ ဒရင်း(မ်)ဘက်(ဒ်)ဆောမှာ ထိုင်လိုက်ကြကာ ..၊

"သက်တောင့်သက်သာရှိရဲ့လား သား .."

"သက်သာပါတယ် .. မီးလောင်ခံရတာထက် သူနောက်ထပ် ဘာ လုပ်လိုက်မှန်းမသိတာက တော်တော်ခံရတာ .."

ရသေ့ကြီးဆီ ဒေါ်လှလှ ရောက်မလာခင် တစ်ခုခုတော့ တုံ့ပြန်လိုက် တာသိသည်။ အရှုံးမပေးချင်သည့် ဒေါ်သစိတ် အစွယ်မကျိုးမီ မေတ္တာ စွမ်းအားကို တုံ့ပြန်တိုက်ခိုက်လိုက်တာပဲဖြစ်နိုင်၏။

သူ့ရင်ထဲကို ကြီးမားသော ကျောက်ဆောင်ကြီးတစ်ခုလုံး ပြိုကျ လိမ့်ဝင်လာသလို အသက်ရှူရပ်သွားကာ မျက်လုံးတွေသည်းပြာသွား သည်။

ရင်ဝကနေ လည်ချောင်းထဲက တလိပ်လိပ်တက်လာသောအရာ

www.burmeseclassic.com

www.burmeseclassic.com



တွေဟာ သွေးတွေပဲဖြစ်နိုင်ကာ သူ ပါးစပ်မဖွင့်ဘဲ အံကြိတ်ထားမိသဖြင့် နှာခေါင်းတွေ နားပေါက်တွေကနေ လျှံတက်လာတာဖြစ်၏။

"အဲဒီမှာ ကျွန်တော်သိလိုက်တာက သူ အလွယ်လေးသတ်လို့ရရက်သားနဲ့ ကျွန်တော့်ကို ဒီ့ထက်နှိပ်စက်ပြီး တတိတိခံစားစေချင်တာ၊ အဲဒီအချိန်မှာ သူ့စိတ်နှလုံးကို ရသေ့ကြီးကသာ အောင်အောင်မြင်မြင်မတင်နိုင်ခဲ့ရင် ကျွန်တော် အသက်ပြန်ရှုနိုင်တော့မှာမဟုတ်ဘူး .."

"ဘုရား .. ဘုရား .."

"အဲဒါ ပဋ္ဌာန်းဆက်တွေပဲ သား .. ကြီးငယ်တို့က မရင့်သန်သေးပေမယ့် ကံ့ကံ၏ အကျိုးနဲ့ ပဋ္ဌာန်းဆက်တွေအပေါ်မှာတော့ နားလည်းလည်တယ်၊ ယုံလည်းယုံကြည်တယ်၊ အရင်ဘဝက ဆုတောင်းတွေကြောင့် မကျေနိုင်တဲ့ ပဋ္ဌာန်းဆက်တွေ ဖြစ်လာခဲ့တာ .."

"ဟုတ်တယ် .. ဒီဘဝမှာတော့ ဘာမှမသက်ဆိုင်ကြတဲ့လူတွေပဲ၊ ဒါပေမယ့် ရှေ့ဘဝမှာ အတုံ့အလှည့်ရန်ငြိုးတွေရှိခဲ့လို့သာ သတ်ချင်ဖြတ်ချင်လောက်အောင်မုန်းတီး နာကြည်းနေတာပေါ့၊ ကိုယ်ပေးဆပ်လိုက်ရတာကို တရားနဲ့ဖြေရမယ် သား .. မဖြေနိုင်ရင်တော့ သူငြိုးကိုယ်ငြိုးနဲ့ ဒီအတုံ့အလှည့်တွေ သံသရာပါမှာပဲ .."

"ကျွန်တော် မငြိုးပါဘူး .. ကျွန်တော်တို့ဘုရားရှင်ရဲ့ မေတ္တာဓာတ်အောက်မှာ သူတို့ရဲ့ ရန်ငြိုးတွေ အမုန်းတွေကို ခဝါချသွားနဲ့ဟာ မြင်ရလို့ အံ့လည်းအံ့ဩတယ်၊ ပြီးတော့ ကျေနပ်တယ် .. ကင်း ကိုပဲ ပြန်ပြီးကျန်းမာလာစေချင်တာ .."

ဒေါ်ညိုညို တို့ မျက်နှာကွက်ခနဲပျက်၏။ သတင်း ရဲ့ ပါးတစ်ဖက်အောက်မေးရိုးထောင့်မှာ လည်ပင်းထိ ရဲညိုနေသော မီးလောင်ကိုလည်း ကြည့်လိုက်မိကြသည်။

ပြီးတော့ လက်ဖျံနဲ့ တံတောင်ဆစ်တွေမှာ မီးသင့်ထားသဖြင့် ကြည့်ရဆိုးအောင် ညိုမည်းနေတာတွေလည်းရှိနေသေးသည်။ သို့သော် သေ



လောက်သည့်အန္တရာယ်ကနေ လွတ်မြောက်ခဲ့သည့်ပြင် ပြင်းထန်သည့် ဒဏ်ရာဆိုတာလည်း ပျောက်သွားခဲ့ပြီဖြစ်၏။

စိုးရိမ်ဖွယ်ရှိနေသေးတာက ကင်း ..၊

"ကင်း ကို ကျွန်တော် အားမရဘူး ကြီးငယ် .."

ဒေါ်ပျိုပျို က မသိမသာမျက်နှာလွှဲ၏။

"ကြီးကြီးလည်းပြောပါဦး ကင်း ရဲ့ အခြေအနေက ပြောကြသလို အမှန်ပဲလား .. မျက်နှာကလည်း မှတ်မိစရာတောင်မရှိတော့ဘူး၊ နောက်ပြီး မျက်လုံးတွေက ခုထိကြောင်စီစီနဲ့ .."

"ဒါကတော့ကွာ .."

နေရဲ ရဲ့ ယောက္ခမဖြစ်သည့် ဒေါ်စန္ဒာတို့ ဝင်လာကြ၏။ အိမ်ရှင်ဖြစ်သည့် ဒေါ်ညိုညို တို့က နေရာမှ ထရပ်လိုက်ကြကာ ..၊

"လာ .. မောင်နေရဲ .. ဒေါ်စန္ဒာလည်း ပါလာတာကိုး .."

"တရင်းတနှီး မစန္ဒာ ပဲ ခေါ်ပါရှင် .."

"ဟုတ်ပါပြီ .. ဟုတ်ပါပြီ စကားပြောကြဦးနော် .. ကျွန်မတို့ သမီးလေးဆီ သွားလိုက်ဦးမယ် .."

"ကင်း အိပ်နေတယ် ကြီးကြီး .."

နေရဲ တို့က ခုမှကြည့်လာကြတာမို့ပြောပြကာ ..၊

"ကင်း ကို ကေ က သိနေပြီ .."

"ဟင် .. ဟုတ်လား .."

ဒေါ်ညိုညို တို့ ဝမ်းသာသွားကြသည်။ ပြဿနာတွေပြီးသွားပြီပေမယ့် ထိုညက ဘာတွေဖြစ်ပျက်သွားခဲ့သည်ကို ကေသီ သာ အသိဆုံးဖြစ်ရာ ..၊

"ဘာတဲ့လဲ .. ကင်း ကို မေးဖော်ရလာပြီလား .."

"ဟုတ်တယ် ကြီးကြီး .. ကင်း အကြောင်းပြောနေကြတုန်း ကင်း ရဲ့ နာမည်ကိုခေါ်ပြီး ဝင်မေးတာ .."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမေးလဲဟင် .."

"ကင်း ဘာဖြစ်သွားတာလဲတဲ့ .. သူ့လိုပဲ သရဲခြောက်ခံရတာလားတဲ့ .."

"ဟင် .. ဒါဆို အားလုံးသိနေပြီပဲ .."

"ပြီးတော့ ပြောသေးတယ် မညို ရဲ့ .. အဲ့ဒါတွေကို ချိုချစ် ခေါ်လာတာတဲ့ .. လက်မှာ အမှတ်ကြီးပါတဲ့ သရဲတဲ့၊ ဒီနားမှာ အမှတ်ကြီးနဲ့ဆိုပြီး သေချာကိုင်ပြတာ .."

ဒေါ်စန္ဒာ က ညာဘက်လက်ခလယ်ကို ကေသီ ပြတဲ့ ပုံစံကိုင်ပြပြီး ပြောပြတဲ့အတိုင်း ပြန်ပြောရင်း ...।

"သူ ငေးငိုင်နေတာကလွဲရင် တစ်ခါတစ်ခါ သတိရလာတယ်သိလား .. တစ်ခါတစ်ခါကျတော့လည်း ဘာမှမေးမရပြန်ဘူး .."

"ခြော် ..."

"ဒါ သတင်းကောင်းပဲ .. အားလုံးအဆင်ပြေသွားကြမှာပါ .."

"ချိုချစ် ကတော့နော် .. သေသွားတာတောင် နာမည်တွင်ကျန်ခဲ့တယ်၊ ဂုဏ်ယူစရာဆိုလည်း ဟုတ်သေးတယ် .."

"သူလည်း သူများလုပ်ကြံခံရတာပါပဲ .."

ဟင်!...।

ဒေါ်ညိုညို က အံ့သြသွားသလိုလှည့်ကြည့်သည်။ ဒရင်းဘတ်(၅) မှာ လှဲနေသည့် သတင်း က ငုတ်တုတ်ထိုင်ဖို့ပြင်လျှင် နေရဲ က ကူညီပေးရင်း ...।

"သက်သက်သာသာ နေလေကွာ .."

"ငါ ရပါတယ် .."

ချိုချစ် အကြောင်းကို သူ ပြောပြချင်သည်။ ခု ရှိနေကြသည့်လူတွေကို သိစေချင်တာမို့ အားလုံးရှေ့မှာပင် ...।

"ကျွန်တော်တို့ သူ့အိမ်ကို ဝင်ရှာဖို့ ရဲနဲ့သွားဖို့ကြိုးစားတယ်၊ ရဲ



ကလည်း တာဝန်မယူနိုင်ဘူး .."

"ဟုတ်လား .."

"ဒါက လုံခြုံရေးလည်းမဟုတ်၊ အမှုအခင်းလည်းမဟုတ်နဲ့ သူတို့ဝင်ဖြေရှင်းရမယ့်ကိစ္စမျိုးလည်းမဟုတ်ဘူးတဲ့၊ အဲ့ဒီရွာနားက ဆရာတစ်ယောက်ပြောပြလို့ ဖိုး ရဲ့ အလောင်း ဒါမှမဟုတ် အစိတ်အပိုင်းတစ်ခုခုကို ဒေါ်လှလှ သိမ်းထားပြီး စီရင်တာမှန်ရင် ဒါက အလောင်းဖျောက်ဖျက်မှုမြောက်သလို ဖျက်ဆီးမှုနဲ့လည်း ငြိတာပဲ .."

ဒါကြောင့် ရှာဖွေသိမ်းဆည်းပေးဖို့ပြောပေမယ့် တာဝန်ရှိသူတွေက လက်မခံ ...။ ထို့ကြောင့် သူတို့ ဘယ်လိုစွန့်စားခဲ့ကြတာတွေကို ပြန်ပြောရင်း ဒေါ်လှလှ နဲ့ ရင်ဆိုင်တွေ့ကြရပုံတွေကို ပြောပြမိကာ ...।

"အဲဒါရော သိချင်သေးလား .. အေး ငါပြောပြမယ်၊ ခင်ချိုချိုချစ် ဆိုတဲ့ မိန်းကလေး သာယာမှုနောက်ထကောက်ကောက်လိုက်ရင်း အဲ့ဒီယောက်ျားရုပ်နဲ့ ငါ့ဆီရောက်လာတော့ .."

ဒေါ်လှလှ က သူ့စိတ်သူ့ဝါသနာအရ ဖျောက်ဖျက်မရနိုင်သော ဗီဇပါရမီကြောင့် တောရိပ်မလွတ်ကင်းရာမှာ အခြေချလိုသော်လည်း သားတစ်ယောက်အရွယ်ရောက်လာသည့်အချိန်မှာတော့ ဒီလိုဘဝနဲ့ မပြီးဆုံးစေချင်သည့် မိခင်မေတ္တာနဲ့ လွန်ဆွဲလာခဲ့သည်။

ထို့ကြောင့် ထိုဒေသကို အကြောင်းတစ်ခုနဲ့ ရောက်လာကြသည့် သူဌေးကြီးတစ်ဦးကို သူမရဲ့ ပညာရပ်တွေနဲ့ ဒုက္ခပေးခဲ့သည်။ ပြီးတော့ သူမကပဲ ကယ်တင်ရှင်ဖြစ်အောင်ကြိုးစားခဲ့၏။

ထိုနည်းဖြင့် သားဖြစ်သူက မြို့ကိုလိုက်ပါနိုင်ခဲ့ပြီး ပညာသင်ခွင့်လည်းရခဲ့လေသည်။ သူဌေးကြီးက သားတစ်ယောက်ရှိကာ မိသားစုသုံးယောက်အေးချမ်းစွာရှိခဲ့ကြလျက် ဖိုး ကိုတော့ ကျေးဇူးရှင်ရဲ့သားအဖြစ်လိုလေသေးမရှိ ကြည့်ရှုထောက်ပံ့ခဲ့ကြသည်။

ဒေါ်လှလှ ကလည်း အခွင့်ကောင်းကိုစောင့်နေခဲ့သည့်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



သားဆီကို အလည်သွားရင်း ဒီမိသားစုကို လှပ်ကြဲဖို့သာ အားထုတ်နေလေသည်။

နောက်ဆုံးတော့ လူ့ကံကြမ္မာဟာ နိမ့်တစ်ခါမြင့်တစ်လှည့်မို့ ကံနိမ့်ပါးသည့်အချိန်မှာ ဒေါ်လှလှ က အားလုံးကို ထိခိုက်ပျက်စီးအောင် ပညာကုန်သုံးခဲ့သည်။

ပြီးတော့ သူမတို့က သူဌေးတွေဖြစ်လာခဲ့တော့သည်။

"ဒါဆို သူက တောမှာ သွားပုန်းရုံလောက်ပဲနေတာပေါ့ .."

"သူ့သားအတွက် သူဌေးဖြစ်ဖို့လိုပေမယ့် သူ့အတွက် မလိုဘူးလေ၊ ဒါကြောင့် ဖိုး က သူဌေးလိုလို ဆင်းရဲသလိုလို ဟိုမရောက်ဒီမရောက်ပုံစံနဲ့ ကျင်လည်နေတာပေါ့ .. သူဌေးတွေရဲ့ နေရာကိုရပေမယ့် သားအမိနှစ်ယောက်စလုံး ဘာစီးပွားမှမလုပ်တတ်တာ .."

"ယုတ်မာလိုက်ကြတာ .."

ဒေါ်ပျို့ပျို့ က ရှုံ့မဲ့ကဲ့ရယ်၏။ နေရဲ က ခေါင်းညိတ်ကာ ..၊

"ဟုတ်တယ် .. အဲဒါကြောင့်လည်း ဖိုး ဆိုတဲ့ကောင် လူရုပ်မပေါ်တာ၊ ဟိုလိုလို ဒီလိုလိုသတင်းတွေထွက်ပြီး သူ့ဘဝ အစွန်းအစက ဖုံးမရဖိမရ အနံ့ထွက်နေတာပေါ့ .."

သတင်း က သူတို့ပြောနေကြတာကိုစောင့်ပြီးမှ ..၊

"အဲ့ဒါက ဖိုး နဲ့ သူ့အကြောင်းပါပဲ၊ ဖိုး သေသွားပေမယ့် ချိုချစ် Sex အရုပ်နဲ့ ပြန်ရောက်လာတော့ သူ ဝင်ထွက်ဖူးတဲ့ ဖိုး အိမ်ကိုပဲ ရောက်သွားခဲ့တယ် .."

မြဝတီမှာ အလှဆုံးတိုက်ကြီးကိုပိုင်ဆိုင်ခဲ့သော သူဌေးကြီးဦးဝယ်သာရဲ့ သားအဖြစ်ရှိနေခဲ့သော ဖိုး ကို ချိုချစ် က သူငယ်ချင်းရင်းအဖြစ်ထားသည်။

ပြောဆိုဆက်ဆံတော့ သူငယ်ချင်းမက ချစ်သူမကျအခြေအမျိုးထက် ပို၍ရင်းနှီးခဲ့၏။ အိမ်ထောင်ကျပြီးမှ ပြန်လာတော့ ထိုရင်းနှီးမှု



တွေနဲ့ပဲ ဖိုး အိမ်ကို အရင်ဆုံးဝင်ခဲ့တာဖြစ်သည်။

ထိုအချိန်မှာ ဒေါ်လှလှ က ချိုချစ် နဲ့အတူ သားရဲ့ အစွဲလမ်းကြီးတဲ့ ဝိညာဉ်ပါသွားနိုင်အောင် စီရင်ခဲ့သည်။ ရက်ပေါင်း လပေါင်းများစွာကြာခဲ့ပြီဖြစ်သော ဖိုး ရဲ့ ဝိညာဉ်ကလည်း နဂိုစွဲလမ်းစိတ်နှင့် ပိုမိုအားကြီးနေရကာ လူတွေကိုကောင်းကောင်းလှည့်စားနိုင်ခဲ့လေသည်။

"ဩော် .. ချိုချစ် သေခဲ့ရတာကတော့ သူ အသုံးချပြီး မလိုတော့တဲ့ အမှိုက်တစ်စကို လွှင့်ပစ်သလိုပေါ့နော် .."

"ဟုတ်တယ် .. အဲဒီ Sex အရုပ်ထဲမှာ ခေတ်မီနည်းစနစ်တွေအပြင် လူနဲ့မခြားအဆင်ပြေအောင် ဖုတ်သွင်းတဲ့နည်းတွေပါ သုံးလာကြတော့ လူကောင်းတွေဒုက္ခရောက်တာပေါ့ .. တကယ်ဆို သူ့လောတနဲ့သူ ရှိနေကြတာပဲ ကောင်းပါတယ်၊ လူက မြင့်မြတ်ပေမယ့် မကောင်းဆိုးဝါးကိုတော့ ရှုံးကြရတာပဲ .."

သတင်း မျက်နှာက စိတ်ဓာတ်ကျဆင်းနေသလို ချုံးချုံးကျမတတ်ရှိနေကာ ထိုအဖြစ်ကြောင့် အတော်လေး စိတ်ပန်းလူပန်းဖြစ်ခဲ့ရမှန်းသိသာနေ၏။

"မရှုံးပါဘူးကွယ် .. သူတော်ကောင်းတွေက မကောင်းတရားကိုမနိုင်ဘူးဆိုတာ မရှိပါဘူး၊ ဒါပေမယ့် အသက်ခန္ဓာတစ်ခုကို သတ်ဖြတ်ဖို့မပြောနဲ့ ညှင်းပန်းနှိပ်စက်ဖို့တောင် ဘယ်သူတော်ကောင်းမှ စဉ်းစားမှာမဟုတ်ဘူး .. မေတ္တာနဲ့ အနိုင်ယူဖို့ဆိုတာလည်း ပုထုဇဉ်စိတ်ထားနဲ့တော့ မဖြစ်နိုင်ဘူးလေ .."

"ဟုတ်တယ် တကယ် သီလ သမာဓိပြည့်ဝပြီး အကျင့်ထူးနဲ့ ပြည့်ဝထိုင်ကြတဲ့ သူတော်ကောင်းသူမြတ်လောင်းကလည်း လောကီသံသရာကို စွန့်ချင်တော့ ပုထုဇဉ်အရှုပ်အထွေးနဲ့ ဝေးရာမှာနေကြတာလေ၊ စာဆိုကိုက 'လူမိုက်တစ်သောင်းကဲ့ရယ်သော်လည်း လူလိမ္မာတစ်ယောက် ချီးမွမ်းသလောက် ခရီးမရောက်ဘူး' တဲ့ .. လူမိုက်တစ်သောင်း

www.burmeseclassic.com



လောက်မှာ လူလိမ္မာတစ်ယောက်တွေ့ဖို့ လွယ်လို့လား ..”

“ဒီပညာတွေ တတ်ချင်တော့လည်း မကောင်းဘူး၊ တတ်နေတဲ့လူတိုင်းလည်းမကောင်းဘူး .. ကောင်းသွားပါပြီဆိုရင်တောင် သူများကို ဒုက္ခပေးလို့အားရမှ ‘ဘုရားကယ်ပါ .. တရားကယ်ပါ’ နဲ့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကြတာ၊ ဒီပညာတတ်တဲ့လူတစ်ယောက် မြို့ပေါ်မှာ အခြေချလာရင်တော့ ‘ဝေသာဠီပြည် ဘီလူးကျတာ’ ထက် ဆိုးမှာပဲ ..”

“ဒါနဲ့ သားကို အန်တီ မေးကြည့်ချင်လို့ ..”

ဒေါ်စန္ဒာ စကားစလာကာ ..၊

“သားက ဒီလိုလူနဲ့ ရင်ဆိုင်ခံစားလာခဲ့ရတော့လေ အဲ့ဒီရသေ့ကြီးဆီမှာလာပြီး ဦးခိုက်တော့ ဒေါ်လှလှ တကယ်ပဲ အကျွတ်တရားရတဲ့ပုံရှိရဲ့လား ..”

“ကျွန်တော် ဘာမှမသိတော့ဘူး ..”

“ဟင်!...”

“အဲဒီအချိန်မှာ ကျွန်တော် သတိလစ်နေပြီ၊ မင်းရန် ပြန်ပြောတာတော့ ငိုလည်းငိုတယ်၊ ရသေ့ကြီးကိုလည်း ဦးခိုက်တယ်တဲ့၊ သူ့သားကို ပြန်ခေါ်ပြီး နောက်ထပ် ဘယ်သူ့ကိုမှ ဒုက္ခမပေးအောင်လည်း ထိန်းသိမ်းပါ့မယ်လို့ ပြောတယ်တဲ့ ..”

“အို .. ဒါ သေချာတာမှမဟုတ်တာ၊ ဒီထက်သေချာပြီးဆုံးတဲ့နည်းတစ်ခုခု ရသေ့ကြီးက အမိန့်မချခဲ့ဘူးလား ..”

“အဲဒါ မင်းရန် လည်း မသိဘူးထင်တယ်၊ သူ ကျွန်တော့်ကို ဒဏ်ရာကုဖို့ကြိုးစားနေရတာလေ၊ သူ့မှာလည်း ဒဏ်ရာတွေနဲ့ကိုး ..”

“ဆရာရသေ့ကြီး စီရင်မှာပါ မစန္ဒာ ရယ် .. သူတော်ကောင်းတွေကတော့ တစ်ပါးသူ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်လာမှာမျိုး ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး .. ဒါပေမယ့် စိတ်ချရလောက်ပါပြီ ..”



“ကျွန်တော်ကတော့ ကင်း အတွက် စိတ်ချရမှာပဲ စိတ်အေးနိုင်တော့မှာ ..”

သတင်း မျက်နှာကိုကြည့်၍ နေရဲ က လက်မောင်းကိုဖွဖွကိုင်လိုက်ရင်း ..၊

“ငါကိုယ်ချင်းစာပါတယ်ကွာ .. ကင်း ကို မင်းဘယ်လောက်ချစ်သလဲဆိုတာလည်း ငါတို့အားလုံးနားလည်နေပါပြီ၊ သူ ခံစားခဲ့ရတာနဲ့တွက်ရင် ငါတို့စိတ်ရှည်ဖို့တော့ လိုတယ်လေ .. မကြာခင် အဆင်ပြေသွားမှာပါ ..”

“ကျွန်တော် ကင်း နဲ့ စကားပြောချင်တယ် ..”

ပြောနေရင်း သတင်း က ထဖို့ကြိုးစားလျှင် ဒေါ်ညိုညို တို့ ပျာပျာသလဲဖြစ်သွားကာ နေရဲ က တွဲထူပေး၏။

“နေပါဦး သားရယ် .. အခု သူအိပ်နေတယ်မို့လား ..”

“အိပ်နေရင် ထိုင်ကြည့်ပြီး ပြန်လာမယ် ..”

ဒေါ်ညိုညို တို့ မျက်လုံးချင်းဆုံသွားကြသည်။ ကင်း က တဖြည်းဖြည်း ပိန်လှီလာတာမို့ ဒီရက်ပိုင်းမှာတော့ မမြင်စေချင်သေးပေ ..။

ထို့ပြင် အနားမှာရှိနေသည့် စပါယ်ရှယ်နာ့စ်က သိထားသမျှပိုတစ်စ ဒီတစ်စ ဝင်ပြောလိုက်ရင် သွားပြီ ..။

“တစ်အိမ်တည်းမှာပဲ သားရယ် .. သားလည်း ကျန်းမာတာမဟုတ်ဘူး .. ကြီးကြီး ပြောချင်တာက သူ သားကို မသိဘူးဆိုရင် သားပဲ ..”

“ကျွန်တော် နားလည်ပါတယ်၊ သူ့ပါးစပ်ထဲမှာ ကိုကိုဆိုတာ အမြဲရှိနေတယ်၊ ကျွန်တော့်မျက်နှာသွင်ပြင်ကို သူ မသိပေမယ့် သူ့စိတ်ထဲမှာ ကျွန်တော်ရှိနေတာပဲ .. သူ ကျွန်တော့်ကို သတိရမှုဖြစ်မယ် ..”

“သားရယ် ..”

“ကျွန်တော် ကင်း အနားသွားဖို့ပြောတိုင်း ဘာဖြစ်လို့ အလွယ်တကူခွင့်မပြုချင်တာလဲ ကြီးကြီး .. ကင်း မှာ ကျွန်တော် မသိသေးတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆိုးရွားမှုတွေ ဘာတွေဖြစ်နေလို့လဲ .."

အောင်မလေး မေးလိုက်တာ တန်းခနဲပါလား ..။

လူငယ်တွေပါးနပ်လွန်းကာ လူကြီးတွေက ဟန်မဆောင်တတ်တော့ အိုးနင်းခွက်နင်း ..။

"သူ ခံစားနေရတာကို ကျွန်တော် ခံစားနေရတာထက် ပိုပြီးနာကျင်တယ်၊ သူ့ကို ဒီပုံစံနဲ့ ဆက်မြင်နေရရင် သူ ပြန်ကောင်းလာရင်တောင် ကျွန်တော် ရူးသွားနိုင်တယ် .."

"အေးပါ .. အေးပါ သားရယ်၊ မနက်ဖြန်တော့တွေ့နော် .. ဒီနေ့ မိုးလည်းချုပ်တော့မယ်၊ သူ့စိတ်ကယောက်ကယက်ဖြစ်ခဲ့ဖူးတဲ့အချိန်မို့လို့ ယောက်ျားတစ်ယောက်ကို မြင်လိုက်ရတာမျိုး မဖြစ်စေချင်လို့ပါ.."

နှုတ်ကိုလည်း မှာထားရမည်။ ကင်း ကိုလည်း လှလှပပလေး တတ်နိုင်သမျှ ပြင်ဆင်ပေးထားချင်သည်။ ဒါတွေက သူ့အတွက်ပါပဲ။ ကင်း ရဲ့ အခြေအနေဆိုးနေသရွေ့ သတင်း ရဲ့ ကျန်းမာရေးမကောင်းနိုင်ဘူးဆိုတာ သိထားကြတာမို့ အခြေအနေဆိုးတစ်ခုကို မကျော်လွှားနိုင်သေးခင် မမြင်စေချင် ..။

ပြီးတော့ ကင်း မှာ ကိုယ်ဝန်ရှိနေတဲ့အကြောင်း ..၊

တစ်နေ့နေ့တော့ သိလာမှာဖြစ်သော်လည်း ..၊



## အခန်း(၃၄)

"ကိုကိုရေ .. အား .."

"ကင်း .. ကိုကို ရှိတယ်လေ .. ကိုကို့ကို ကိုင်ထား .."

မိုက်က လစေ့နေပြီဖြစ်ကာ ဂျူးဒိတ်က မပြည့်သေး ..။

ဒါပေမယ့် ကင်း မချိမဆန့်နာနေသဖြင့် သတင်း ပျာယာခတ်လျက် ခြေမကိုင်မိ လက်မကိုင်မိတွေလည်းဖြစ်ကာ ..၊

"ကြီးကြီး လုပ်ပါဦး .. ဆရာဝန်ပြောတော့ အမွေးသင်တာဆို.."

"ဟုတ်တယ်တဲ့ .. ကြီးကြီးလည်း မသိဘူး .."

ဆေးရုံမှာ အပျိုကြီးနှစ်ယောက်စလုံးရှိနေကြကာ နေရဲ တို့လည်း ရှိသည်။ ကေသီ က လူကောင်းပကတိဖြစ်နေပြီဖြစ်လျက် ကင်း သတိပြန်ရအောင် သူမပဲ အများဆုံးကူညီခဲ့တာဖြစ်သည်။

သို့သော် စိတ်အေးချမ်းသွားပေမယ့် လုံးလုံးတောင်းသွားတာလည်း မဟုတ်ပေ ..။

ခုကျမှ မိုက်နာသည်းလာလေ 'ကိုကိုရေ' ခေါ်သံက အဆက်မပြတ်ဖြစ်လာလေ ..။

ပြီးတော့ ကိုကို ခေါ်တိုင်း သတင်း ရဲ့ မျက်နှာကိုပဲကြည့်ခေါ်တာဖြစ်လျက် လက်ကိုတစ်ခါနှစ်ခါ လွှတ်ထွက်သွားပြီးမှ နောက်ထပ်တစ်

www.burmeseclassic.com

www.burmeseclassic.com



ချက်လေးမှ ပေးမလွှတ်တော့ဘဲ သတင်း ကို မျက်စိအောက်က အပျောက် မခံတော့ပေ ..။

“ကြီးကြီးရေ .. ကင်း ပြန်ကောင်းသွားပြီထင်တယ် ..”

“ဟုတ်တယ် .. သားကို သူ မှတ်မိသွားပြီ ..”

“ကြီးကြီးရေ လုပ်ပါဦး .. ကင်း အရမ်းနာတယ် .. ဟင့် .. ဟင့်..”

“အေးပါ သမီးလေးရယ် ..”

သူမကိုယ်သူမ ‘ကင်း’ လို့ မပြောခဲ့တာလည်း ကြာပြီမို့ ကိုယ့်ကို လည်း ‘ကြီးကြီး’ လို့ လှမ်းခေါ်လိုက်တော့ ဒေါ်ညိုညို အပြေးတစ်ပိုင်း ရောက်သွားလေသည်။

“သမီး ကင်းလေး တောင့်ထားနော် .. သမီးကို တတ်နိုင်ဆုံး သက် တောင့်သက်သာမွေးဖွားနိုင်အောင် ကြီးကြီးတို့ စီစဉ်ထားတယ် ..”

“အရမ်းနာတယ် ကြီးကြီးရဲ့ .. အား .. ကိုကို့ နာတယ် ..”

“ကျွတ် ..”

လက်တစ်ဖက်ကို ဖိညှစ်ဆုပ်ထားပြီး ချွေးဒီးဒီးကျအောင် အော်နေ တော့ ဘာလုပ်ပေးရမှန်းလည်း မသိဘဲ သတင်း ကိုယ့်ကိုယ်ကိုယ် မချင့် မရဲ စုတ်သပ်မိသည်။

ပြီးတော့ ကင်း ရဲ့ နဖူးလေးကို ပွတ်သပ်ပေးမိကာ ..။

“ကင်း ရယ် .. သားသမီးမွေးဖွားရင် ဒီလိုပဲနာကြတာပဲ၊ မခံစား နိုင်တော့ဘူးဆိုတဲ့ စိတ်နည်းနည်းလေးမှ မဝင်နဲ့နော် .. အားတင်းထား ကိုကို ခု ပြန်လာခဲ့မယ် ..”

“ဟင့်အင်း .. ဟင့်အင်း .. ကိုကို့ ..”

အတင်းထထိုင်ပြီး လိုက်ဆွဲတော့တတ် ကင်း က ကလေးလိုအော် ပြီး ကျန်ရစ်ခဲ့၏။

“ဒေါက်တာ .. ကျွန်တော့်မိန်းမကို ခွဲစိတ်ခန်းသွင်းဖို့အတွက်က..”

“ဟာ .. ဂုဏ်သတင်း ..”

ဆရာဝန်ကြီးတွေကလည်း အတတ်နိုင်ဆုံး ရှင်းပြကြသည်။



“ဒါက မွေးချိန်မဟုတ်သေးဘဲ ..”

“ဟာဗျာ .. မွေးချိန်ရောက်လို့ ဒီလောက်အော်နေတာပေါ့၊ ကျွန်တော့် မိန်းမရဲ့ ကျန်းမာရေးအရ ဒီလောက်ထိ သူ တောင့်ခံနိုင်မှာမဟုတ်ဘူး၊ သမားရိုးကျ ဖြစ်ခဲ့တာတွေထားလိုက်ပြီး အသက်ကယ်ပေးပါ သူ့မှာ ဒါကိုရင်ဆိုင်ဖို့ ..”

သူ ဆက်မပြောနိုင်ဘဲ မျက်ရည်တွေဝေ့တက်လာသည်။ နှာခေါင်း ဖျားတွေရဲတွတ်လာ၏။

မျက်နှာလွှဲပစ်လိုက်ပေမယ့် အက်ရှတိမ်ဝင်သွားသည့်စကားသံ ကြောင့် ဆရာဝန်ကြီးတွေရော ပြေးရောက်လာသည့် နေရဲ တို့ပါ စိတ် မကောင်းဖြစ်သွားကြလျက် ..။

“သမားတော်ကြီးတွေ ဝိုင်းဝိုင်းလည်နေအောင် ဂရုစိုက်ထားကြ တာပဲကွာ .. မင်းအရမ်းစိတ်ပူနေတာကို လျှော့လိုက်ပါ ..”

“နေရဲ ..”

“ငါ နားလည်ပါတယ် ..”

“မင်း နားမလည်ဘူး .. ငါကိုယ်ငါတောင် နားမလည်နိုင်ဘူး၊ ဒီကိုယ်ဝန်ကို .. ဒါကို .. ငါ .. ကျွတ် ...”

“သတင်းရာ .. ရှိလာတဲ့ အသက်တစ်ချောင်းကိုလည်း ငါတို့မှ ကျော်ဖြတ် နိုင်တာ၊ မင်း ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေတာလဲ ..”

“မဟုတ်ဘူး .. အဲ့ဒါ .. ငါ ..”

ဧည့်သည်ထိုင်ခုံတစ်လုံးမှာ သွားထိုင်ချလိုက်ပြီး မျက်နှာကို လက် ဝါးနှစ်ဖက်ထဲထည့်၍ ဖိကပ်ပွတ်သပ်နေမိသည်။

ငိုချင်နေတာကို ကာကွယ်နေခဲ့သော်လည်း ဘယ်နှစ်ကြိမ်ဘယ်နှစ်ခါ ဖျက်ချပေမယ့် မျက်လုံးတွေကို ပွတ်လိုက်တိုင်း စိုစွတ်နေခဲ့သည်သာရှိလျက်..

“ငါပြောနေတာ ကလေးကို ငြိုငြင်လို့မဟုတ်ဘူး၊ ဒီပြဿနာတွေ ကြောင့် ဖြစ်လာတာလည်း မဟုတ်ဘူး ..”

“ဘာကြောင့်မှ ခံစားမနေပါနဲ့တော့ကွာ .. ဒီလိုတွေသာဖြစ်မလာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရင် မင်းတို့အိမ်ထောင်ရေးလောက် သာယာချမ်းမြေ့ဖွယ်ဖြစ်တာရှိပါဦးမလား ..."

"ဟုတ်တယ် .. ငါ ကလေးလိုချင်ခဲ့တယ်၊ ကင်း နဲ့ ငါ သာယာတဲ့ မိသားစုဘဝလေး ဖန်တီးချင်ခဲ့တာလည်း အမှန်ပဲ၊ ဒါပေမယ့် ကင်း ကို ငါ ကလေးမယူခိုင်းသင့်ဘူး .."

"သတင်း ရာ မင်းကလည်း .."

"အဲ့ဒါ ဒီကိစ္စတွေ ဘာမှမဖြစ်ခင် ငါ လေဆိပ်ကို ဆင်းလာခဲ့တဲ့ အချိန်တည်းက ဖြစ်လာခဲ့တဲ့နောင်တ .."

သတင်း မျက်နှာက မျိုသိပ်ချုပ်တီးခြင်း စိုးရိမ်ခြင်းတို့နှင့် နောင်တ တရား၏ အနာတရတွေပြည့်သိပ်နေခဲ့လျက် ..၊

"ဒီကိုယ်ဝန်ကြောင့်သာ သူ့တစ်ခုခုဖြစ်သွားခဲ့ရင် .."

"ဟာကွာ .. လှုပ်လီလှုပ်လဲ့လေးကနေ ကိုယ်ဝန်လစေ့တဲ့အထိ ကျန်းကျန်းမာမာလွယ်ခဲ့နိုင်ပြီလေ၊ မွေးခါနီးရင် လူတိုင်းဖိုက်နာကြတာ ပါပဲ သတင်း ရာ .."

ဘာပြောပြော ခေါင်းခါနေမိသည်။ ကြီးကြီးတို့ ပြောပြတုန်းက လည်း ဖြုတ်ခနဲဆို သူ ပျော်သွားခဲ့သေးသည်။ ဒါ တရားပါသလား ..။

ငါ့ကြောင့်ဆိုသည့် ချောက်ချားခြင်းကို သတင်း ဖျောက်လို့မရပေ..။

သူ့မခများ စိတ္တဇဝေဒနာသည်ဘဝနှင့် ဒီကိုယ်ဝန်ကို လွယ်ခဲ့ရရှာသည်။ အကယ်၍သာ 'ငါတို့နောက်တစ်နှစ် သို့မဟုတ် နှစ်နှစ်ကြာမှ ကလေးယူကြမည်' လို့ တိုင်ပင်ဆုံးဖြတ်ခဲ့ကြရင် ဒီနေ့လို ကြေကွဲဖွယ်တွေ ဖြစ်လာမှာမဟုတ် ..။

"နောက်ပြီးတော့ သတင်း .. မင်းအတွက် အဆိုးထဲကအကောင်း ပေါ့ကွ .. ဆေးရုံပေါ်ရောက်လာမှ ကင်းက မင်းကိုသိလာတာမို့လား .. ကိုယ်ဝန်ဆောင်မိခင်တွေ မွေးဖွားပြီးရင် သွေးလေပြောင်းလဲသွားတတ် ကြတယ်ဆိုတာ အမှန်ပဲထင်တယ်၊ ဒါ မွေးတောင်မမွေးရသေးဘူးနော်.."

နေရဲ က အားတက်ဖွယ်တွေ လာပြောပြနေသည်။ သူ ကင်း ရဲ့



အားကို ပြန်ရောက်လာတော့ ကင်း က အနားသက်သာပြီး မျက်တောင် ဖျားလေးတွေ မွေးစင်းနေ၏။

နဖူးပြင်နဲ့ လည်တိုင်ကြိုကြားမှာ ချွေးတို့စိုကပ်နေလျက် မျက်ဝန်း ထောင့်မှ မျက်ရည်စက်တွေ စီးကျခဲ့သည့်ခြေရာတို့ကိုမြင်နေရသေးသည်။

"ကင်း ..."

ပဝါလေးနဲ့ ချွေးသုတ်ပေးရင်း နဖူးလေးကို ငုံ့နမ်းမိသည်။ ကင်း ရဲ့ မျက်ဝန်းလေးတွေ ပွင့်လာသည်။ သို့သော် မျက်ရည်တွေဝေ့ဝဲနေခဲ့လျက်..၊

"ကိုကို .."

"ဘာလို့ မျက်ရည်တွေနဲ့လဲ ကင်း ရယ် .. မငိုပါနဲ့ကွာ .. ကိုကို ဘာလုပ်ပေးရမလဲ အရမ်းနာနေလို့လား .. ဟင် .."

ကင်း က ခေါင်းလေးခါ၍ ..၊

"ဟင့်အင်း .."

သူ့ရဲ့ လက်တစ်ဖက်ကို ဖိဆုပ်ထားခဲ့လျက် ..၊

"ကင်း ဘာဖြစ်လို့ ကလေးမွေးရမှာလဲဟင် .."

"ကင်း ..."

သူ ချောက်ချားသွားမိသည်။ ကင်း ရဲ့ မျက်နှာလေးကိုလည်း အလန့်တကြားကြည့်လိုက်မိကာ ..၊

"ဘယ်လိုမေးလိုက်တာလဲ ကင်း ရယ် .. ကိုကိုတို့ ရင်သွေးလေး ကို ကင်း မလိုချင်ဘူးလားဟင် .."

ကင်း က မျက်ရည်တွေကို မျက်တောင်တို့နှင့် ပုတ်ခတ်ပြီးဆင်း သွားစေကာ ..၊

"အဲ့ဒါ .. အဲ့ဒါ ကိုကို့ကို ကင်း က မေးချင်တာ .."

"ဘာဖြစ်လို့လဲ .."

သူတို့ စကားပြောနေတုန်း ဒေါ်ညီညို နဲ့ ကေသီ တို့ ရောက်လာ ကြသေးသည်။ ကင်း မျက်နှာလေးကို အကောင်းတိုင်း ခံစားပြောဆိုနေ တာ မြင်လိုက်ကြသဖြင့် အသာလေးပြန်ထွက်သွားကြတာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကင်း ကြည့်နေတာကတော့ သတင်း မျက်နှာကိုသာ ...။

"ကင်း ကို ဖိုး .. ဖိုး က စော်ကားခဲ့ .."

"မဟုတ်ဘူး .."

"ဟုတ်တယ် ကိုကို .. ကင်း မှတ်မိနေပြီ၊ သူ .. သူ ကင်း ရဲ့ အိမ်ထဲထိ ဝင်ပုန်းနေပြီး ကင်း ကို .."

"ကိုကိုပြောမယ် .. အဲဒါတွေ ကင်း ကို ရှင်းပြလို့ရမယ့်အချိန် အားလုံး မျိုသိပ်နေခဲ့ကြတာ .."

"ဘယ်လိုစကားလုံးနဲ့ နှစ်သိ့ မလို့လဲ ကိုကို .. ကင်းလေ .. ကင်း ရဲ့ အသိစိတ်တွေ ဒီအချိန်ကျမှ ပြန်လည်လာလို့ ဒီကိုယ်ဝန်လွယ်ရမယ့် အချိန်တည်းကသာသိရင် .."

"ဘာတွေပြောနေတာလဲ ကင်း .. မင်း အရမ်းအားနည်းနေတာကို ခုလို ဝမ်းနည်းအားငယ်စိတ်တွေနဲ့ ဘယ်လိုမွေးဖွားမှာလဲ .."

ကင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာနေခဲ့လျက် ...၊

"ကင်း သေသွားပါစေ ကိုကို .. ခုမသေလည်း ကင်း ဒီကလေးကို.."

"ကင်း ..."

သူ ကင်း ရဲ့ မေးဖျားလေးကို သူ့မျက်နှာအောက်မှာ မော့လာအောင် ဆွဲယူလိုက်ရင်း ...၊

"မင်း လွယ်ထားတာ ကိုကို့ ရင်သွေးလေးလေ .. ဖိုး က .."

သူ တစ်ချက်တော့ တွန့်သွားမိသည်။ သို့သော် ...၊

"ဖိုး က သေသွားခဲ့တာကြာပြီ .."

ဟင်!...

ကင်း ရဲ့ မျက်ရည်တို့နှင့် လှုပ်လီလှုပ်လဲ့လှုပ်ရှားနေသော မျက်ဝန်းလေးတွေ ရပ်တန့်သွားသည်။

"အဲဒါတွေက အိပ်မက်ဆိုးတွေပါ၊ သူ မင်းကို စွဲလမ်းခဲ့တယ်၊ ပြီးတော့ မုန်းသွားတယ်၊ အဲဒါကြောင့် သူ့စိတ်စွဲလမ်းမှုက မင်းရဲ့ ဖိုဝိညာဉ်ကို လှည့်စားပြီး အိပ်မက်ဆိုးတွေမက်ဖြစ်အောင် ဖန်တီးခဲ့တာပဲ.."



"အိပ်မက်မက်ခဲ့တာ ..."

မဟုတ်ဘူး ...၊

ကင်း ခေါင်းခါဖို့ပြင်သည်နှင့် သူမ မျက်နှာလေးကို သတင်း က တယုတယကိုင်ပြီး ငုံ့မိုးကြည့်ကာ ...၊

"မင်း မိုက်နာတာတွေ သက်သာသွားပြီလား .."

ကင်း က ခေါင်းညိတ်၏။ သူ ကင်း ရဲ့ မျက်နှာလေးနဲ့ ထိကပ်မတတ် လက်ထောက်ပြီး ရှေ့တိုးလိုက်ရင်း ...၊

"မင်းနဲ့ သူ ကျောင်းပြီးတော့ နှုတ်ဆက်ခဲ့ကြတယ်လေ၊ အဲဒီနောက်ရက်မှာ သူ သေဆုံးခဲ့တာ .."

သူမရဲ့ ကားနောက်ကို ဖိုး ပြေးလိုက်ခဲ့သည်။ သူမလေးက ပြောချင်ရာပြောပြီး မောင်းထွက်ခဲ့၏။ ဖိုး ခြေလှမ်းပျက်ပြီး လဲကျကာ နောက်ကားတက်ကြိတ်ပြီး ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။

ဒီအဖြစ်ဆိုးတွေကိုတော့ သူ မပြောဘဲ ချန်လှပ်ထားခဲ့မိလျက် ...။

"ပြောပါဦး .. သေသွားပြီးတဲ့လူက မင်းဆီ ဘယ်လိုလာနိုင်မှာလဲ .."

ကင်း မျက်နှာလေးက နားမလည်စွာ တွေဝေနေဆဲ ...။

သူမရဲ့ လက်ဖဝါးလေးကို ယုယစွာ ထွေးဆုပ်ထားမိကာ ...၊

"ကိုကိုတို့ ကလေးလေးကို မငြိုငြင်နဲ့နော် .. ကိုကိုကလေ ညီမလေးက အသက်လည်းငယ်သေးတယ်၊ ကျန်းမာရေးကလည်း မကောင်းတော့ အိမ်ထောင်ဦးမှာ ကလေးတန်းယူမိတဲ့ ကိုကို့ကို .."

"ဟင့်အင်း .."

ကင်း မျက်နှာလေး ပင်ပန်းနွမ်းနယ်နေသည့်ကြားက ပြုံးယောင်သမ်းလာခဲ့သည်။

"ကိုကို့ကို ကင်း အရမ်းချစ်တယ် .."

သတင်း မျက်နှာတစ်ပြင်လုံး ဝင်းထိန်ကြည်လင်သွား၏။ ကင်းကလည်း သူမ ဆုပ်ကိုင်ထားသည့် သတင်း ရဲ့ လက်ကို နှုတ်ခမ်းမှာ ကပ်လိုက် ပါးလေးနဲ့ ကပ်ထားလိုက် နမ်းနေရင်း ...၊

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို .."

"ဟင် .."

"ချိုချစ်ရော ဟင် .."

ချိုချစ် သေသွားပြီလို့ သူမကိုပြောပြခဲ့ဖူးသည်။ သို့သော် ...၊

"သူ ပြန်သွားပြီ .."

"ကိုကို သူ့ကို .."

"ကိုကို ဘာမှမပြောဘူး .. ပြောဖို့လည်းမလိုဘူး၊ ပြဿနာတွေတက်တာနဲ့ လစ်ပြေးသွားတာ .. သူ့အရုပ်ကြီးကြောင့် မင်းစိတ်တွေ စွဲလမ်းကြောက်လန့်ပြီး ဒါတွေဖြစ်ကုန်တာ ဘယ်သူက ခွင့်လွှတ်မှာလဲ .."

သူငယ်ချင်းအတွက် ကင်း စိတ်ကောင်းပုံမပေါ် ...၊

သတိမကောင်းစဉ်က 'ချိုချစ် ယုတ်မာတာ .. ဖိုး ကို ခေါ်လာတာ' ဆိုတဲ့ သူမကိုယ်တိုင်ပြောခဲ့တဲ့ စကားတွေကိုလည်း မေ့သွားခဲ့လျက်...။

"တကယ် အိပ်မက်တွေလားဟင် .. ကိုကို .."

"စိတ်စွဲလမ်းလာရင် သစ်ကိုင်းခြောက်ကတောင် လမ်းထလျှောက်လာသလို ထင်ကြတာလေ .. အားလုံးကိုမေ့လိုက်တော့နော် .."

ကင်း မျက်နှာလေးကြည်လင်နေကာ သူမရဲ့ ပူဖောင်းနေသည့် ဗိုက်လေးကိုပွတ်၍ ...၊

"အားလုံးအိပ်မက်ဆိုးတွေဖြစ်နေရင်တောင် ကင်း တို့ရဲ့ ကလေးလေးကိုတော့ မေ့မပစ်နိုင်ပါဘူး .."

ကင်း ရဲ့ မေးဖျားလေးကို မချင့်မရဲကိုင်လှုပ်မိကာ သတင်း ပြုံးလိုက်မိသည်။ ခုနကပဲ သူ ငိုချင်မိခဲ့သည်။ ခုတော့ ကင်း ရဲ့ အခြေအနေလေး ပြန်လည်လင်းလက်နေပြီမို့ ပျော်သွားမိသည်။

နောက်ထပ် ငိုရဖို့မကြုံချင် ...၊



## အခန်း(၃၅)

'အမွေးသင်' သည် ဆိုသော လူးလိမ့်နာကျင်ခြင်းပြီးမြောက်ခဲ့ပြီ။ ကိုးရက်မြောက်နေ့မှာ နေ့စေ့လစေ့မွေးရက်သို့ရောက်ခဲ့၏။

"အား .. ကျွတ် .. ကျွတ် .."

"ခဏလေး ကင်း .. သမားတော်ကြီးတွေလာရင် ခွဲခန်းဝင်ရတော့မှာ .."

"ကိုကို လိုက်ခဲ့နော် .."

"လိုက်မှာပေါ့ .. ကိုကို့ လက်ကို ဒီတိုင်းဆုပ်ကိုင်ထားပြီး မွေးရမှာ .."

"အား .. နာတယ် .. အား .."

"ကင်း .. ကင်း သတိထားနော် .. တောင့်ထား .."

"သမီးရေ .. သမီးလေး ဘာမှမဖြစ်ဘူးသိလား .."

ခွဲစိတ်ပါရဂူကြီးတွေလည်း စုံသည်။ လူနာရှင်တွေလည်း ပြည့်နှက်များပြားနေကာ ကင်း ကို ခွဲစိတ်နေစဉ်မှာ ကိုယ်စီအာရုံပြုရွတ်ဖတ်နေကြရင်း ဆုတောင်းနေခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား .. ဘုရား .. မိခင်က ကျန်းမာရေးမကောင်းလို့များ .."

"ကောင်းနေပါပြီ မိပျိုရယ် .. ငါတို့မြေးလေး ဘာမှမဖြစ်ဘူး၊ တောက်လျှောက်စစ်ဆေးစောင့်ရှောက်လာခဲ့တာ စင်းဂွဲးချောအကောင်းကြီး၊ ဘာမှဖြစ်ဖို့မရှိဘူး .."

"ဟုတ်ပါတယ် ကြီးငယ်ရဲ့ .. ကျွန်မတော့ မေတ္တာသုတ်ပဲရွတ်နေရတယ်၊ အင်္ဂုလိမာလသုတ်မရလို့ .."

ကေသီ ကလည်း ကင်း အတွက် နှုတ်ခမ်းတလှုပ်လှုပ်နှင့် ရွတ်ဖတ်ဆုတောင်းနေရှာ၏။

"မွေးပြီ .. မွေးပြီ .. ကြားလား ကလေးငိုသံ .."

"အေးဟဲ့ .."

ဒေါ်ညိုညို တို့ ညီအစ်မက အကဲဆုံးဖြစ်ကာ တံခါးဝကနေ တန်းစီစောင့်နေကြ၏။ ဆရာဝန်ထွက်လာတော့ ပြုံးပြကာ ..၊

"ကွန်ဂရက်ကျူလေးရှန်းဗျာ .."

"ဒေါက်တာ ဘာလေးလဲဟင် .."

"ယောကျ်ားလေး .."

"ဟယ် .. ကလေးနဲ့မိခင် ကျန်းမာရဲ့လားဟင် .."

"ကျန်းမာပါတယ် .. မိခင်ကတော့ .."

"ဒေါက်တာ .."

စိုးရိမ်တကြီး အသံထွက်လာသူက သတင်း ဖြစ်လျက် ..၊

"မိခင် ဘာဖြစ်လို့လဲ .. ကျွန်တော် ဝင်ကြည့်ပါရစေ .."

ယောကျ်ားကြီးမတန်မယ့် သတ္တိကြောင်တယ်လို့ ကဲ့ရဲ့ကြလည်း မတတ်နိုင် ..။

ကင်း ကို မေ့ဆေးပေးပြီး သူမ သတိလစ်သွားတာနှင့် သတင်း အပြင်ထွက်ခဲ့မိသည်။ တခြားလူနာသာဆို ရပ်ကြည့်နေနိုင်ပေမယ့် ကိုယ့်ဇနီးနဲ့ ကိုယ့်ရင်သွေးကျတော့ တစ်ကိုယ်လုံးတုန်အောင် လှုပ်ခုန်နေသော ... ကိုယ်ဝါမ ရပ်ကြည့်မနေနိုင်ခဲ့ပေ ..။



"သိပ်တော့ မစိုးရိမ်ပါနဲ့ မွေးလူနာက အရမ်းအားနည်းနေတော့ အရေးပေါ် သွေးသွင်းဖို့ လိုအပ်တယ်၊ သွေးက ဘီသွေးဆိုတော့ အဆင်ပြေမှာပါ .."

"ကျွန်တော် ဝင်ကြည့်လို့ရမလား ဒေါက်တာ .."

"ခဏတော့ စောင့်ပါ .. လူနာအတွက် စိတ်ချရရင် လာခေါ်ပါလိမ့်မယ် .. ခဏပါပဲ .."

စောင့်ရခြင်းသည် အရှည်ကြာဆုံးဖြတ်သန်းရသည့်အချိန်ပဲဖြစ်လေသည်။ ပြောခဲ့သည့်အတိုင်း ဆရာဝန်တွေထွက်လာကြလျှင် ..၊

"ခဏကြာရင် တွေ့လို့ရပြီ ကိုဂုဏ် .."

"အခု .."

"အဟွန်း .."

သတင်း ခြေလှမ်းပြင်တော့ ဆရာဝန်က ရယ်ကာ ..၊

"နာ့စ် လာပြောပါလိမ့်မယ် .."

ဆရာဝန်ထွက်သွားတော့ ဒေါ်ညို မကျေမနပ် ရေ့ဆုံးမှာသွားရပ်ကာ ..၊

"ငါတို့ မြင်ဖူးတာတော့ ကလေးကိုတော့ ထုတ်လာပြကြတာပါပဲ.."

"အေးလေ .. လူနာအတွက် စိတ်ချရရင်လည်း ကလေးကိုတော့ကြည့်ချင်တာပေါ့ .."

"ငါ့မြေးလေးက ဘယ်သူနဲ့တူတူ လှမှာပဲ .. ဟွန်း .. ဟွန်း .."

"ဒီမှာရှင် .."

သူတို့တွေ လက်တပြင်ပြင် ခြေလှမ်းတပြင်ပြင်နှင့် ပြုးပျော်နေကြဆဲ နာ့စ်တစ်ယောက်ထွက်လာကာ ..၊

"ကလေးကို အပြင်ခေါ်လို့မရသေးဘူးလေ .."

နာ့စ်ကပြောရင်း သူတို့အားလုံးလက်ထဲမှာ ကလေးမရှိတာတွေ့မှ ..၊

"ဘယ်ထိခေါ်သွားတာလဲ .. ဒုက္ခပါပဲ၊ ဒေါက်တာသိရင်တော့

www.burmeseclassic.com

www.burmeseclassic.com



ဆူတော့မှာပဲရှင် ..."

"ဟဲ့ .. ဘယ်သူက ခေါ်တာလဲ၊ ငါတို့က ကလေးချီချင်လွန်းလို့ ဒီမှာ အသည်းတယားယားနဲ့ တန်းစီနေရတာ .."

"ရှင်!..."

သူမကပဲ မျက်မှောင်ကုတ်လို့ ..။

"အာ .. ကလေးအဖေဝင်လာပြီး တောင်းလို့ ကျွန်မလက်ထဲကနေ ပေးလိုက်ရတာကို .."

"ဘာ!..."

ဘုရားရေ ..၊

"ဆရာမ .. ဆရာမ တစ်ခုခုမှားနေပြီ၊ ကျွန်တော်က ကလေးရဲ့ အဖေ ဂုဏ်သတင်း ပါ .."

နှာစ်က သတင်း မျက်နှာကိုကြည့်ပြီးမှ တစ်ကိုယ်လုံးကိုဝေ့ကြည့်ပြီး နှုတ်ခမ်းတွေပွင့်ဟသွား၏။ ပြီးတော့ ချာခနဲပြန်လှည့်ဝင်သွားသည်။

သတင်း ဘယ်လိုမှ သည်းမခံနိုင်တော့ဘဲ နောက်ကလိုက်ဝင်ခဲ့လျှင် ဒေါ်ညိုညို တို့နဲ့ ကေသီ ပါ လိုက်ဝင်လာခဲ့ကြ၏။

နှာစ်က အထဲဝင်သွားပြီး နံရံမှာကပ်နေသည့် စားပွဲရှည်ကြီးနဲ့ အခန်းထောင့်ဘက်ကို ပစ္စည်းတစ်ခုခုရှာသလိုလို လိုက်ကြည့်နေကာ..၊

"ရှင်ပဲ ကျွန်မနောက်နားကနေ လာရစ်ပြီး ကျွန်တော့်ကလေး ပေးပါလို့ပြောတာ .."

"မဟုတ်ဘူး .. ခေါက်တာက ပေးမဝင်သေးလို့ ကျွန်တော် အပြင်မှာပဲရှိနေတာ .."

နှာစ်က ဖျတ်ခနဲပြန်လှည့်ကြည့်ပြီး ..၊

"ကျွတ် .. ဒုက္ခပါပဲ .."

သူမ မျက်စိမျက်နှာပျက်ကာ အပြင်ကိုပြေးထွက်မတတ် ခြေလှမ်းပြင်လိုက်လျှင် ..၊

"ငဲ့ .. ငဲ့ .. အဲ့ .."



ကလေးအသံလေးကို အားလုံးကြားလိုက်ရ၏။ လှည့်ကြည့်လိုက်တော့ ကင်း ရဲ့ ဘေးမှာ ကလေးက အနီးဖြူဖြူလေးနဲ့ လှုပ်စိလှုပ်စိ ..။

"ဟိုမှာ ငါ့မြေး .."

"မြေးလေး .."

သားလို့ ရင်ထဲက မြည်ဟီးသွားပေမယ့် ရုတ်တရက်နှုတ်မှမထွက်ခဲ့ဘဲ အားလုံးထက်နောက်ကျပြီးမှ ကလေးနားကို သူ ရောက်သွားသည်၊

ဝမ်းသာလွန်းလို့ ကျတဲ့မျက်ရည်ဆိုတာ ကိုယ်တိုင်ငိုချင်လာရ ခံစားတတ်ခဲ့သည်။ ဖွေးဥနုရဲ့နေသော ကလေးငယ်လေးရဲ့ မျက်နှာလေးကို မြင်လိုက်ရချိန်မှာ ရင်ထဲမှာ ဘယ်လိုကြည်နူးသာယာသွားသည်ဆိုတာ ပြောမပြောတတ်အောင်ပင် ..။

"ကြည့်စမ်း .. သား .. မင်္ဂသားလေး .. ဖအေတူသားလေး .."

"ဟုတ်ပ ညိုရယ် .. နှာတံကြီးကို စင်းနေတာပဲ၊ မဟာထောင့်လေးတွေပေါ်နေတဲ့ နဖူးကလည်း ဖအေနဲ့ တစ်ပုံတည်းပဲ .."

"နှုတ်ခမ်းလေးက မအေနဲ့တူတာဟဲ့ .. ပန်းငုံလေးလိုပဲ .."

"ဟုတ်တယ် ကြီးကြီး .. ဒီမှာ သတင်း မျက်နှာကြီးကို ကြည့်ဦး .. ဝမ်းသာလွန်းလို့ ငိုချတော့မလားပဲ .."

"ဟုတ်တယ် .."

သတင်း ဝန်ခံလိုက်မိသည်။ ပြီးတော့ သားကို လက်ပြောင်းလိုက်ရင်း ခြေလေးလက်လေးတွေကို ခပ်ကြမ်းကြမ်းဖိကိုင်မိမှာစိုးလျှ မချီတတ် ချီတတ် ကတုန်ကယင်တွေဖြစ်နေရှာ၏။

ကေသီက ရယ်နေရင်း ကင်းကို လှမ်းကြည့်ကာ ..၊

"ဟိုမှာ ကင်း မျက်လုံးတွေပွင့်လာပြီ သတင်း .."

"ဟုတ်ပ .. သွား .. သွား .. ငါ့ချွေးမလေးကို အားပေးလိုက်ဦး တော်တော်ပင်ပန်းသွားပြီ .."

ဒေါ်ညိုညိုက ကလေးကိုပြန်ပြောင်းချီဖို့ လက်ပြင်စဉ် ဒေါ်ရွှေ က အတင်းလုခေါ်လျှင် ..၊

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ .. ဖအေချီပါဆေဦး သားလို့တောင် မခေါ်ရဲသေးဘူး၊ ရှက်နေတာ .."

"နင်ပဲ လက်ကြီးတပြင်ပြင်လုပ်နေတာလေ .."

နင်ခေါ်ရင် ငါလည်းခေါ်မှာပဲဆိုသည့် မျက်စောင်းကြီးနှင့် အပျိုကြီးနှစ်ယောက် ကလေးကြောင့် ရန်မီးပွားဖွယ်ရှိနေကြကာ ..၊

"အဟွန့် .. ဖအေချီလိုက်တာ ဘယ်လောက်လိုက်ဖက်လဲ၊ သားအဖကြည့်ပါဦး .. တူမှတူ .."

"ဟုတ်ပ .. သေးသေးလေးရှိသေးတာတောင် တူမှန်းသိသာနေတာနော် ..!"

ကေသီ ကလည်း ဝမ်းမြောက်ဝမ်းသာတွေဖြစ်နေခဲ့၏။ ထိုစဉ်နာ့စ်က လူနာအတွက် လိုအပ်တာတွေလုပ်ကိုင်ပေးပြီး ဒီဘက်လှည့်လာကာ ..၊

"ပြန်ထွက်ပေးကြပါရှင် .. လူနာတွေ့လို့မရသေးလို့ပါ .."

"ခဏ .. ခဏလေးပါ .."

ကင်း ရဲ့ တိုးလျှသည့် အသံလေးထွက်လာခဲ့လျက် ..၊

"ကိုကို .."

"ကင်း .. ကိုကိုရှိတယ်၊ သားကို ကြည့်နေတာ .."

သူ ကလေးချီ၍ ကင်း ရဲ့ ဘေးမှာ ကပ်ပြလိုက်ရင်း ..၊

"ကြည့်ပါဦး .. ကိုကိုတို့နဲ့ အရမ်းတူတဲ့ သားလေး .."

ကင်း ကို ပါးချင်းကပ်ပေးလိုက်တော့ ဖြူဖျော့နွမ်းယှဲနေသော ကင်း ရဲ့ မျက်နှာလေးက သားရဲ့ မျက်နှာလေးဘက်ကို ငဲ့လာပြီး ..၊

"နမ်းချင်တယ် ကိုကို .."

"ရတာပေါ့ .."

ကလေးရဲ့ မျက်နှာလေးနဲ့ ကင်း ရဲ့ နှာတံချွန်ချွန်ထိအောင်ကပ်ပေးလိုက်တော့ အားလုံးသဘောတွေကျနေကြ၏။

"ကိုကို ပျော်လားဟင် .."



"ပျော်တာပေါ့ ကင်း ရယ် .. ဒါပေမယ့် မင်းလည်း ကျန်းမာမှ ပိုပျော်စရာကောင်းမှာ၊ ကိုကိုတို့ မိသားစုဘဝလေးကို ပိုင်ဆိုင်ခွင့်ရပြီ ကျန်းမာအောင်နေနော် .."

"အင်း ..."

ကင်း မျက်ဝန်းမှာ မျက်ရည်ကြည်လေးတွေ ဝဲတက်လာတော့ သူ တယုတယ သုတ်ပေးမိသည်။ ကေသီ က သူ့ရင်ခွင်ထဲက ကလေးကို အသာလေးပြောင်းချီလိုက်ပြီး ဒေါ်ညိုညို့ လက်ထဲ ထည့်ပေးလိုက်၏။

"လာ .. လာ .. တို့အပြင်ထွက်မယ် .."

"ဒီမှာ အန်တီ .. ကလေးကို အပြင်ခေါ်သွားလို့မရသေးလို့ပါနော်၊ ကလေးနဲ့ မိခင်ရဲ့ ကျန်းမာရေးအတွက်ပါ .."

ဒေါ်ညိုညို တို့ မပေးချင်ပေးချင် ဖြစ်နေကြတာကို လှည့်ကြည့်ပြီး သတင်း က ရယ်ကာ ..၊

"တွေ့လား ကင်း .. မကြာခင် အပျိုကြီးတွေ ကိုယ်တို့သားကို လုကြတော့မှာ .."

"ကင်း က မပေးနိုင်ပါဘူး .."

"ဟား .. ဟား .. ဟား .."

သူ ကင်း ရဲ့ ပါးပြင်လေးကို ဖွဖွလေးပုတ်၍ နဖူးလေးကို နမ်းမိသော ..၊

"ကိုကို ခဏထွက်ပေးရဦးမယ်၊ ဒီတိုင်းလေးနေနော် .. စိတ်ညစ်စရာတွေ မတွေးနဲ့တော့ .. ကိုကိုတို့ မိသားစုသုံးယောက် နောက် ခြောက်လဆိုရင် ခရီးထွက်ပြီး ပျော် ..."

"ဟယ် .. ကလေးရဲ့ လက်ခလယ်မှာ အမှတ်ကြီးနဲ့တော့ .. ဒါ .. ဒါမျိုး ဒီအမှတ်ကြီးမျိုး .. ကျွန်မ .."

ကေသီ့ စကားသံက အလန့်တကြားကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာကာ ပြတ်တောက်ပျောက်ကွယ်သွားခဲ့၏။

သတင်း ထိတ်ခနဲဖြစ်သွားသည်။ ကင်း ကို ပြန်ကြည့်လိုက်တော့

www.burmeseclassic.com

www.burmeseclassic.com



အားနည်းနေသည့် မျက်နှာလေးမှာ ပို၍ သွေးဆုတ်ဖြူဖက်သွားခဲ့လျက်..၊

"မ .. မဟုတ်ဘူး .."

"ကင်း .."

"အဲဒါ မဟုတ်ဘူး .. ကင်း ဆီ မလာပါနဲ့ .. ဟင့်အင်း .."

"ကင်း .."

"သမီးလေး .."

ကင်း သူ့လက်ကို ဖိဆုပ်ထားရင်း အသံလေးတိတ်ကျသွားသည်။

"ကင်း ညီမလေး အဲဒါ ဘာမှမဟုတ်ဘူး၊ ကင်း .. ဆရာမ ဒေါက်တာ ခေါ်ပါ .. လုပ်ကြပါဦးဗျာ .."

"ဒေါက်တာ .. ဒေါက်တာ အမြန်လာပါ .."

ဒေါ်ညိုညို လက်အုပ်ချီဆုတောင်းရင်း အသားဆတ်ဆတ်တုန်၏။ သတင်း အံကြိတ်ထားရင်း ကင်း ရဲ့ ဆံနွယ်လေးတွေကို ပွတ်သပ်တင်သည်။ ပြီးတော့ ကိုယ့်နဖူးကိုယ်ပွတ်၍ ဆံပင်တွေကို ဖွမိ၏။

ဒါတွေ မပြီးဆုံးနိုင်တော့ဘူးလား ..။

မဟုတ်ဘူး .. အားလုံးပြီးပါပြီ ..။ ကင်း ရဲ့ စိတ်အစွဲတွေပြေပါစေ။ ကလေးနဲ့ အမှတ်အသားက ပြီးခဲ့တဲ့အဖြစ်အပျက်တွေနဲ့ မသက်ဆိုင်ဘူးဆိုတာ ကင်း နားလည်ပါစေ ..။

နားလည်ပါ့မလား ..၊

နားလည်စမ်းပါ ကင်း ရယ် ..။

လရောင်ကျူးရင့်

www.burmeseclassic.com